တက္ကသိုလ်

# နေလင်းအောင်

မိုးနဂါးမောင်

စာစဉ်–၁

စာမူခွင့်ပြုချက်အမှတ် ၇၈၈ / ၂၀၀၄ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၂၁ / ၂၀၀၄ ( ၉ )

၂၀၀၄-ခုနှစ်၊
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း၊
မိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိဒါန်း

တရုတ်ပြည်တွင် မင်မင်းဆက်သည် နှစ်ပေါင်းသုံးရာနီးပါး အုပ်စိုးခဲ့သည်။ မင်မင်းများအုပ်စိုးသောကာလသည် ယေဘုယျအားဖြင့် အေးချမ်းသောကာလဖြစ်ပေသည်။

မင်းဆက်တစ်ခုတည်ထောင်ရာ၌ အစကနဦး အထွတ်အခေါင်အဖျားနှင့်အကျအဆင်းဟူ၍ အပိုင်းသုံးပိုင်းရှိရာ မင်မင်းဆက်တို့သည် ပထမအဆင့်နှင့်ဒုတိယအဆင့်တို့တွင် အောင်မြင်စွာ အုပ်စိုးနိုင်ခဲ့ကြပေသည်။ တတိယအဆင့်ကား တရုတ်မင်းဆက်တိုင်း ကြုံခဲ့ရသည်ဖြစ်၍ မင်မင်းဆက်လည်း ထိုအဆင့်မှထူး၍ ရှောင်တိမ်းခြင်း မပြုနိုင်ခဲ့ချေ။

တစ်ချက်ပိုဆိုးသည်မှာ မင်မင်းဆက်အား တတိယအဆင့်ကြုံတွေ့စေခဲ့သည်မှာ တရုတ်မင်းဆက်မဟုတ်ဘဲ တရုတ်ပြည်မ၏ အရှေ့မြောက်ဘက်အရပ်မှ မန်ချူးများဖြစ်နေခြင်းပင်တည်း။

မင်မင်းဆက်၏ပထမအဆင့်နှင့် ဒုတိယအဆင့်ကာလများ၌ ကိုးကွယ်သောအယူဝါဒများ၌လည်းကောင်း၊ စာပေအနုပညာများ၌လည်းကောင်း၊ သိသာစွာတိုးတက်မှုမရှိသော်လည်း လက် မှုပညာ

များ၌မူ များစွာတိုးတက်ခဲ့ပေသည်။

အထည်ရက်လုပ်သည့်ပညာ၌ များစွာတိုးတက်ခဲ့ပြီး ကြေးဝါလုပ်ငန်းလည်း နာမည်ကျော်ခဲ့သည်။ အတိုးတက်ဆုံး လက်ရာအမြောက်ဆုံးလုပ်ငန်းကား ကြွေထည်မြေထည်လုပ်ငန်းဖြစ်သည်။

မင်ခေတ်ကြွေထည်များသည် အနောက်ဥရောပသို့ ရောက်သည်အထိကျော်ကြားခဲ့သည်။ သို့ရာတွင် တတိယဆင့်ကာလတွင်မူ **မန်ချူး**တို့သည် တရုတ်ပြည်ကို စတင်ထိပါး ကျူးကျော်လာကြ၏။

အကျအဆင်းကာလဖြစ်၍ မင်မင်းဆက်သည် တိုင်းပြည်စည်းရုံးမှုကိုမထိန်းသိမ်းနိုင်တော့ပေ။

ထို့ကြောင့် **မန်ချူး**တို့ တစ်စထက်**တစ်စအတင့်ရဲလာကာ** တရုတ်ပြည်မြောက်ပိုင်းနယ်မြေများကို **တဖြည်းဖြည်းဝါးမျိုလာ၏။**

တရုတ်ပြည်ကြီး ထိပါးခြင်းခံရသော်လည်း **ပြည်သူထုထု၏** သွေးကား ပန်းရောင်မဟုတ်ပေ။ **ရဲရဲနီခဲ့၏။**

သို့ရာတွင် **မန်ချူး**တို့၏အင်အားမှာ လွန်စွာတိုးတက်လာသဖြင့် တရုတ်ဘုရင်၏စစ်တပ်များသည် တဖြည်းဖြည်း နောက်ဆုတ်ပေးကြရသည်။

တရုတ်တပ်များဆုတ်ခွါတိုင်း **မန်ချူး**တပ်များရှေ့သို့သိမ်းပိုက်ရာ **မန်ချူး**တို့သည် တရုတ်ပြည်**မကြီးတစ်ဝက်ကို** သိမ်းပိုက်မိသွားလေသည်။ ထိုအခြေအနေ၌ **တရုတ်မျိုးချစ်များနှင့်မန်ချူး**တို့ အားပြိုင်ကြတော့သည်။

**မန်ချူး**တို့က တရုတ်ပြည်မြောက်ပိုင်းကို သိမ်းပိုက်ထားပြီး တောင်ပိုင်းကိုဆက်လက်သိမ်းပိုက်ရန် အားထုတ်ကြိုးစား၏။



တရုတ်မျိုးချစ်များက တောင်ပိုင်း၌ကြံ့ကြံ့ခံပြီး မြောက်ပိုင်းကိုပြန်လည်**ရရှိရန်** ကြိုးစားသည်။

**မန်ချူး**တို့က တရုတ်တို့၏ကြိုးစားမှုကိုချေဖျက်လို၏။ တရုတ်ပြည်တောင်ပိုင်းသို့သူလျှိုဒလန်များစေလွှတ်၍ တောင်ပိုင်း၏အခြေအနေများကိုသိရန် ကြိုးစားသည်။

တောင်ပိုင်းတရုတ်ပြည်တွင်နေထိုင်ပြီး တစ်ဦးတည်း ကြီးပွါးချမ်းသာရေးကိုလိုလားသည့် **မန်ချူး**တို့ကိုသစ္စာခံမည့် တရုတ် သစ္စာဖောက် အသားထဲကလောက်ကောင်များကိုမွေးမြူသည်။ ထို့ကြောင့် တရုတ်ပြည်တောင်ဘက်အခြမ်းတွင်ပင် တရုတ်မျိုးချစ်များ၊ သစ္စာဖောက် သူလျှိုဒလန်များ၊ အသားထဲကလောက်များ၊ **မန်ချူး**လိုလားသူများ၊ အေးဆေးစွာနေထိုင်လိုသဖြင့် ကြားနေသူများဖြင့်ရှုပ်ထွေးနေပေသည်။

ယင်းအချိန်ကာလကား တောင်ပိုင်းတရုတ်ပြည်သူပြည်သားများအတွက် လုံးဝအေးချမ်းမှုမရှိသောကာလဖြစ်ပေသည်။ သူ့လည်းကိုယ်မယုံ၊ ကိုယ့်လည်းသူမယုံသောကာလဖြစ်သည်။

**ထိုသို့သော**အခြေအနေကြောင့် တစ်ဦးတည်းကျန်ရှိခဲ့သည့် **တရုတ်ဘုရင်၏**သားတော်မင်းသားလေးကို လူယုံတော်များက **တောင်ထုထပ်**ပြီး လူသူအရောက်အပေါက်နည်းပါးလှသည့်နေရာ တစ်ခုသို့ လျှို့ဝှက်ပို့ထားခဲ့ကြရပေသည်။ တောင်ပိုင်း၌ လူသူစုဆောင်းပြီး ဘုရင့်သားတော်မင်းသားလေးကို ဦးဆောင်စေကာ **မန်ချူး**တို့လက်**ထဲမှမြောက်ပိုင်း**တရုတ်ပြည်ကို ပြန်သိမ်းယူစေမည်ဟု စီစဉ်ထားကြ**ခြင်းဖြစ်သည်။**

မန်ချူးများကလည်း ယင်းသတင်းကိုရရှိထားသည်။

မျိုးချစ်သိုင်းသမားများသည် သူတို့အရှင်သခင်မင်းသားလေးကို မန်ချူးတို့ရှာဖွေဖမ်းဆီးနိုင်သည့်နေရာ၌ မထားရှိပေ။

ခက်ခဲသောနေရာ၌ လျှို့ဝှက်ထားလိုက်ကြသည်။

မန်ချူးများနှင့်မန်ချူးအလိုတော်ရိများကလည်း တရုတ်ဘုရင်၏သားတော်မင်းသားလေးကို အပတ်တကုတ်ကြိုးစားရှာဖွေကြလေသည်။ ထိုအခြေအနေတွင် သိုင်းလောကကို အုတ်အုတ်ကျက်ကျက်ဖြစ်စေသောသတင်းတစ်ပုဒ် ထွက်ပေါ်လာသည်။

ထိုသတင်းကား ....

နေလတား ပေါ်ထွက်လာပြီဟူသောသတင်းပင် ဖြစ်ပေတော့သတည်း။

✿

## နေလတား

နွေဦးရာသီ ....

နွေဦးရာသီသည် အလွန်တရာ သာယာသောရာသီဖြစ်သည်။ တိမ်မင်တိမ်သားကင်းစင်ကာ ပြာလွဲ့သောကောင်းကင်ကို လူတိုင်းတွေ့မြင်နိုင်ခွင့်ရှိသော ရာသီဥတုဖြစ်သည်။

ထိုရာသီတွင် ညင်းညှဲသောလေပြည်လေညင်းကလေးများလည်းတိုက်ခတ်သည်။ တေးသံကျူးရင့်တတ်သည့်မိုးစွေငှက်ကလေးများကလည်း မြူးတူးဝဲပျံကြသည်။

မွေးကြိုင်သင်းပျံ့သောပန်းမျိုးစုံတလည်း အစွမ်းကုန်ဖူးပွင့်ဝေဆာနေကြသည်။ ထိုရာသီကို ကဗျာဆရာများကအမျိုးမျိုးရေးသားဖွဲ့ဆိုကြပေသည်။ သို့သော် ...

ယခုအချိန်၌မူ တရုတ်ပြည်တောင်ပိုင်းနှင့်မြောက်ပိုင်းရှိ ဟန်တရုတ်များမှာမူ ထိုရာသီ၏အလှအပကိုမခံစားနိုင်ကြပေ။

မန်ချူးများနှင့် ပြဿနာရှုပ်ထွေးနေချိန်၌ တိုင်းရေးပြည်ရေးကိုစိတ်ဝင်စားသော မည်သည့်ဟန်တရုတ်မျှ သဘာဝ၏အလှအပကို ခံစားနိုင်ကြလိမ့်မည်မဟုတ်ပေ။

အထူးသဖြင့် သိုင်းလောကသားများသည် နွေဦးရာသီ၏ အလှအပကို ပို၍မခံစားနိုင်ကြပေ။

မြောက်ပိုင်းတရုတ်ပြည်ထဲ၌ မန်ချူးဩဇာခံသိုင်းသမားများ ရှိနေသကဲ့သို့ တောင်ပိုင်းတရုတ်ပြည်ထဲ၌လည်း မန်ချူးဩဇာခံ သစ္စာဖောက်သိုင်းသမားများရှိနေသည်။

ထိုအပိုင်းနှစ်ပိုင်းလုံးရှိ မျိုးချစ်သိုင်းသမားများသည် သစ္စာဖောက်သိုင်းသမားများအား မျက်ခြည်မပြတ် တိုက်ခိုက်တွန်းလှန်နေရသဖြင့် နွေရာသီ၏အလှအပကို ခံစားနိုင်ခွင့်မရရှိကြခြင်းဖြစ်နေသည်။ ရှုပ်ထွေးသောယင်းအခြေအနေ၌ သိုင်းလောကကြီးတစ်ခုလုံး ပွက်လောရိုက်သွားစေသည့်နေလဓားသတင်း ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

နေလဓား ...

ယင်းဓားသည် လွန်ခဲ့သောအနှစ်နှစ်ရာခန့်က နာမည်ကျော် ပန်းပဲဆရာ'လုံအမ်း' ပြုလုပ်ခဲ့သည့်ဓားဖြစ်သည်။

ထိုဓားပေါ်၌ အလွန်ထူးဆန်းသောဓားကွက်ရှစ်ကွက်ရှိသည်ဟူ၍လည်းကောင်း၊ ဆယ့်ခြောက်ကွက်ရှိသည်ဟူ၍လည်းကောင်း၊ သုံးဆယ့်နှစ်ကွက်ရှိသည်ဟူ၍လည်းကောင်း၊ တစ်ယောက်တစ်ပေါက် အမျိုးမျိုးပြောဆိုကြသည်။

ထိုဓားကွက်များကိုတတ်မြောက်လျှင် သိုင်းလောက၌ ဓားသိုင်းအရာတွင် ပြိုင်စံရှားဖြစ်ပြီဟု တစ်ဆင့်စကား တစ်ဆင့်နား ပြောဆိုကြပေသည်။ သို့ရာတွင် နေလဓားကို မည်သူမျှ ပိုင်ပိုင်နိုင်နိုင် ပိုင်ဆိုင်ခြင်းမရှိခဲ့ကြပေ။



ခွန်းလွန်တောင်သို့ရောက်ရှိသွားသလိုလို ဟူတန်းတောင်သို့ရောက်ရှိသွားသလိုလို ကောလာဟလသတင်းများသာ ပျံ့နှံ့ခဲ့ပြီး ဓားလည်း စုပ်စမြုပ်စပျောက်ကွယ်သွားခဲ့သည်။

ယခု မန်ချူးများနှင့်ပြဿနာပေါ်လာချိန်တွင်မှ နေလဓားသတင်း ပြန်လည်ထွက်ပေါ်လာခြင်းဖြစ်သည်။

လူစုစုအုပ်အုပ်စကားပြောနေသည်ကို မတွေ့လိုက်နှင့် ထိုသူများပြောဆိုနေသည့်သတင်းသည် နေလဓားအကြောင်းမှလွဲ၍ အခြားအကြောင်းအရာမဖြစ်နိုင်ကြောင်း။ မြေကြီးလက်ခတ်မလွဲ သေချာလှပေတော့သည်။

ယခင်က နေလဓားမည်သည့်နေရာတွင်ရှိကြောင်း မည်သူမျှမသိရှိကြချေ။ ယခုမူ မိုးနဂါးတောင်တွင် နေလဓားရှိသည်ဟု ကောလာဟလသတင်းများထွက်ပေါ်နေပေသည်။

ထိုသတင်းသည် ခိုင်လုံသောသတင်းမဟုတ်ပေ။ သို့သော် လူတိုင်းသည် မိုးနဂါးတောင်သို့သွားရန် တာစူနေကြပေသည်။ အနယ်နယ်အရပ်ရပ်မှသိုင်းသမားများသည် ကိုယ့်အုပ်စုနှင့်ကိုယ် မိုးနဂါးတောင်သို့ချီတက်စပြုနေကြပေပြီ။

ထို့ကြောင့် မိုးနဂါးတောင်သို့ပေါက်ရောက်သည့် မည်သည့်လမ်းမဆို၌ လူအများခြေရှုပ်လျက်ရှိနေကြပေသည်။

မိုးနဂါးတောင်သည် သစ်ပင်ထူထပ်သောလျှိုမြောင်ချောက်ကြား တောင်ကုန်းတောင်တန်းများနှင့်ပြည့်နှက်နေသည်။

သို့ရာတွင် ထိုတောလမ်းတောင်လမ်း အကြိုအကြား၌ပင် တည်းခိုခန်းကလေးများ၊ စားသောက်ဆိုင်ကလေးများ ပေါ်ထွက်လာ

ကြပေသည်။ အရက်ပါတွဲဖက်ရရှိသော ထိုဆိုင်ကလေးများသည် သိုင်းသမားများ၏အိတ်ထဲမှပိုက်ဆံများကို နှိုက်ယူလျက်ရှိကြပေသည်။ အလွန်တရာခရီးလမ်းပန်းကြမ်းတမ်းသည့် ထိုနေရာများ၌ စွန့်စွန့်စားစားလာရောက်စီးပွါးရှာသူများ၏သတ္တိကား ချီးကျူးဖွယ်ရာကောင်းလှတော့သည်။

သမာသမတ်စိတ်ထားရှိကြသော သိုင်းသမားများသည် ထိုစားသောက်ဆိုင်လေးများကို အလွန်တရာကျေးဇူးတင်ကြ၏။

ဤမျှခရီးလမ်းပန်းခက်ခဲလှသည့်နေရာ၌ ထိုဆိုင်ကလေးများ၏လုံခြုံရေး ကောင်းမှကောင်းပါမည်လောဟု တွေးစရာရှိသည်။ အကယ်ပင်လုံခြုံရေးကောင်းလှပါသည်။ ထိုဆိုင်ကလေးများကို မည်သူမျှအန္တရာယ်မပေးကြပါ။

တစ်ခါတစ်ရံ၌သာ ရမ်းကားသောသိုင်းသမားအချို့ အရက်မူးလွန်ပြီး ဖျက်လိုဖျက်ဆီးလုပ်တတ်ကြသည်။ ထိုအချိန်မျိုးကလည်း လွန်စွာနည်းပါးလှသဖြင့် စားသောက်တည်းခိုဆိုင်လေးများသည် စိတ်ချလက်ချပင် လာရောက်စီးပွါးရှာခဲ့ကြပေသည်။

နေလစားရှာဖွေလိုသည့်လူများသည် တစ်စုချင်း၊ တစ်ဖွဲ့ချင်း၊ တစ်ယောက်ချင်း အလိုက်သင့်ပင်ခရီးထွက်လာကြသည်။

ထို့ကြောင့် မိုးနဂါးတောင်ခရီးလမ်း၌ လူမပြတ်တော့ဘဲ စည်စည်ကားကားဖြစ်လာသည်။

ထိုအုပ်စုများထဲမှ တစ်စုတွင် အပြာရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့်လူငယ်တစ်ဦးသည် အခြားလူများထက် ထူးခြားသောရုပ်ရည်ရှိနေသည်။



ထူထဲသောမျက်လုံး၊ မတ်စောက်ကျယ်ပြန့်သည့်နဖူး၊ ပြာလဲ့ကြည်လင်သောမျက်လုံး၊ ပိပြားသောနှုတ်ခမ်းနှင့် အချိုးအဆစ်ပြေပြစ်လှသောခန္ဓာကိုယ်တို့က အခြားသူများအလယ်တွင် တစ်မူထူးခြားနေပေသည်။

ထိုလူငယ်သည် အသက်နှစ်ဆယ့်သုံးနှစ်ခန့်သာရှိပြီး အပြောအဆိုအပြုအမူကလည်း လွန်စွာသိမ်မွေ့နူးညံ့လှပေသည်။

ထိုလူငယ်သည် သိုင်းလောက၏ထိပ်သီးသိုင်းသမားမဟုတ်သလို အညတရသိုင်းသမားလည်းမဟုတ်ပေ။ နာမည်အထိုက်အလျောက်ရှိသည့် သိုင်းသမားလူငယ်တစ်ဦးသာဖြစ်သည်။

မိုးနဂါးစားသမား ...

ထိုနာမည်သည်ကား လူငယ်၏နာမည်ပင်ဖြစ်သည်။ မိုးနဂါးစားသမားသည် ကျော်ကြားလှသောသိုင်းသမားမဟုတ်ပါ။ သို့သော်မသိသူရှားလှသည်လည်းမဟုတ်ပါ။

ထိုလူငယ်၏နာမည်ရင်းမှာမူ 'လျှံယင်းချုံ'ဖြစ်ပေသည်။

လျှံယင်းချုံသည် စားသမားတစ်ဦးဖြစ်သည်နှင့်အညီ နေလစားကိုတပ်မက်သည်။ နေလစားကိုရလျှင် သိုင်းလောက၏ ထိပ်သီးတစ်ဦးဖြစ်လာမည်ဟု မျှော်လင့်သည်။ နေလစားဖြင့် တရုတ်ပြည်၏ရန်သူများကို တွန်းလှန်နိုင်မည်ဟုယူဆ၏။ သူသည် မျိုးချစ်သိုင်းသမားတစ်ဦးသာဖြစ်၏။ ဤသို့ဖြင့် လျှံယင်းချုံသည် မိုးနဂါးတောင်သွားခရီးသွား တစ်ဦးဖြစ်လာပေတော့သတည်း။

✿

## အသုံးအဖြုတ် ပြင်ဆင်ခြင်း

ပန်းတစ်ရာကျေးရွာ ...

ပန်းတစ်ရာကျေးရွာဆိုသည်မှာ **မိုးနဂါးတောင်ခြေ** မိုးနဂါးတောင်ထိပ်နှင့် ဗိုခုံလောက်ဆိုင်တည်ရှိသော ကျေးရွာကလေးဖြစ်သည်။ တောင်ခြေမှအနည်းငယ်တက်ပြီး ဘေးသို့ဖဲ့ထွက်ကာ ဆယ်မိုင်မျှလျှောက်လျှင် ပန်းတစ်ရာကျေးရွာသို့ရောက်နိုင်သည်။

မိုးနဂါးတောင်ခရီးစဉ်တစ်လျှောက်၌ လျှံယင်းချိုနှင့်မျက်နှာသိဖြစ်သောသိုင်းသမားများသည် ပြုံးပြုံးရွှင်ရွှင်ဖြင့်နှုတ်ဆက်ဂါရဝပြုကာ ခရီးဆက်ကြသည်။

လျှံယင်း**ချိုကိုယ်တိုင်**လည်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေသည်။ **အကြောင်း**မှာ ပန်းတစ်ရာကျေးရွာ၌ သူ၏ချစ်သူ နေထိုင်သောကြောင့်ပေတည်း။ သူ၏ချစ်သူ မိန်းကလေးအမည်မှာ ဝေဝေဖြစ်သည်။

လျှံယင်းချိုအနေဖြင့် မိုးနဂါးတောင်သို့မတက်မီ ပန်းတစ်ရာကျေးရွာသို့ဝင်မည်ဟု ယခင်ကတည်းက ကြိုတင်စိတ်ကူးခဲ့ပြီးဖြစ်ပေသည်။



**ပန်းတစ်ရာကျေးရွာရှိ ဝေဝေတို့၏**အိမ်၌ တစ်ညတာ တည်းခိုပြီးမှ **နေလစာအတွက် မိုးနဂါးတောင်သို့သွား**မည်ဖြစ်၏။

**လျှံ**ယင်းချိုသည် လမ်းခွဲ**တစ်ခုမှနေ၍** ပန်းတစ်ရာတောင်ဘက်သို့ခွဲထွက်လိုက်သည်။ ကိုယ်ဖော့ပညာ**သုံး၍**ပြေးလွှားခဲ့ရာ နေဝင်ရီတရော ညနေဆည်းဆာအချိန်၌ ပန်းတစ်ရာကျေးရွာသို့ ဆိုက်ရောက်လာလေတော့သည်။

ပန်းတစ်ရာကျေးရွာသည် အချက်အချာကျသည့်ရွာတစ်ရွာမဟုတ်သော်လည်း လူနေအိမ်ခြေအတော်များသည့်ကျေးရွာကြီးဖြစ်သည်။ လျှံယင်းချိုသည် တစ်ခုတည်းသော ရွာအဝင်လမ်းထဲသို့ တစ်ဦးတည်းဝင်လာသည်။

သူသည် အိမ်သုံးလုံးကိုဖြတ်ကျော်လာပြီးနောက် စတုတ္ထမြောက်အိမ်သို့ဆိုက်ရောက်လာသည်။ ထိုအိမ်ကလေးမှာ ကြီးမားခြင်းမရှိပါ။ သာမန်အိမ်တစ်လုံးမျှသာဖြစ်ပါသည်။

"ဒေါက်...ဒေါက်...ဒေါက်"

"ကျွီ"

တံခါးခေါက်သံနှင့်**မရှေးမနှောင်း**ပင် အိမ်တံခါးပွင့်လာ၏။

"ဟင်- အစ်ကို"

တအံ့တဩဝမ်းသာအားရရေရွတ်သံနှင့်အတူ ဝင်းပလုပသောမျက်နှာပိုင်ရှင်ကလေးတစ်ဦးကို တွေ့လိုက်ရတော့သည်။

မိန်းကလေးကား ဝေဝေမှတစ်ပါး မည်သူမှမဖြစ်နိုင်တော့ပေ။ လျှံယင်းချိုက မည်သည့်စကားမျှ မပြောဘဲ ပြုံးနေလေသည်။

ဝေဝေက....

"ဘာပြုံးနေတာလဲ- အိမ်ထဲကိုဝင်လေ၊ ဒီလိုပဲရပ်နေတော့မှာလား"

ဝေဝေက မျက်စောင်းလေးခဲ၍ပြောလိုက်သည်။ လျှံယင်းချုသည် အိမ်ထဲသို့ဝင်လာသည်။

"အိမ်ကို ဘယ်ကလှည့်လာတာလဲ"

"ညီမဆီကိုပဲ"

"မဖြစ်နိုင်ဘူး... တစ်လတစ်ခေါက်တောင် အစ်ကို ရောက်အောင် မလာတဲ့ဥစ္စာ"

"ဟုတ်ပါတယ်ညီမရဲ့၊ အခု ညီမဆီကိုလာတာပဲ"

"မယုံပါဘူး"

လျှံယင်းချုရယ်နေလေသည်။ မှန်သည်။ သူသည် ဝေဝေကိုချစ်သော်လည်း ဝေဝေ့ထံသို့ တစ်လတစ်ခေါက်ပင် မှန်မှန်ရောက်သူ မဟုတ်ချေ။

"အစ်ကိုက မိုးနဂါးတောင် သွားမလို့ပါ"

"ဟင်- အခုပေါ်ပြီ၊ ညီမဆီသက်သက်လာတာလို့ ညာပြောသေးတယ်"

ဝေဝေက စိတ်ကောက်သည့်လေသံဖြင့် ပြောလေသည်။

"ညီမဆီသက်သက်လာတာမဟုတ်လို့ ဘာလဲ၊ မိုးနဂါးတောင်ကမြောက်ဘက်မှာ ညီမပန်းတစ်ရာရွာက အနောက်ဘက်မှာ အနောက်ဘက်ကို သက်သက်မဲ့ဆင်းလာခဲ့တာ ညီမဆီကို လာချင်လို့ပေါ့ကွယ်"

ဝေဝေ စိတ်ပြေသွားသည်။

"အစ်ကိုလဲ နေလဒေးကိုသွားရှာမလို့ပေါ့ ဟုတ်လား"

"ညီမလဲ ဒီသတင်းကိုကြားထားပြီးပြီလား"

"မကြားဘဲ ဘယ်နေပါ့မလဲအစ်ကိုရယ်၊ ဒီနေလဒေးအကြောင်း လူတကာပြောနေကြတာပဲ၊ ဒီရွာထဲကရွာသားအချို့တောင် မိုးနဂါးတောင်ခြေမှာ အရက်ဆိုင်သွားဖွင့်ကြတယ်လေ၊ သိုင်းသမားတွေ အများကြီးလာကြတယ်ဆိုပဲ"

"ဟုတ်တယ်"

"နေလဒေးက တကယ်ပဲအစွမ်းထက်လို့လားဟင်"

"အစ်ကိုဘယ်သိပါ့မလဲ၊ ဒါပေမယ့် သိုင်းလောကမှာတော့ တကယ်ကျော်ကြားတယ်လေ၊ သိုင်းလောကမှာ ကျော်ကြားတဲ့အရာတွေဟာ တကယ်ပဲအမှန်အကန်ဖြစ်တတ်ပါတယ်"

ဝေဝေက ခေါင်းညိတ်သည်။

"အစ်ကို ဒီဓားကိုမရှာဘဲ မနေနိုင်ဘူးလားဟင်"

လျှံယင်းချုက ဝေဝေ့ကို ကြင်နာစွာကြည့်သည်။

"ဘာဖြစ်လို့လဲညီမရယ်"

"ဒီဓားအတွက် ညီမအတော်စိတ်လေးတယ်၊ ဒီဓားကြောင့် လူတွေတော်တော်များများသေကြလိမ့်မယ်လို့ ညီမထင်နေတယ်"

"ဘာဖြစ်လို့သေရမှာလဲ၊ ဓားရှိတယ်ဆိုတဲ့သတင်းပဲ ကြားရတာပါ။ ဓားက ဘယ်နေမှန်းတောင် သိသေးတာမဟုတ်ပါဘူး"

"ဓားမရသေးလို့ပေါ့အစ်ကိုရယ်- ဓားသာရရင် ဒီလူတွေဒီလိုအေးအေးဆေးဆေး ဘယ်နေတော့မလဲ၊ ဓားရတဲ့လူကိုသတ်ပြီး ဓားကိုလုကြမှာပေါ့၊ တစ်ယောက်ကိုတစ်ယောက်သတ်ပြီး ဓားကို

လုနေကြတော့မှာပေါ့"

ဝေဝေ့စကားကမှန်နေသဖြင့် လျှံယင်းချို ဆက်မပြောနိုင်တော့ပေ။ သိုင်းလောကသားများသည် အလွန်သွေးဆာနေကြ၏။ သိုင်းကျမ်း၊ ရတနာမြေပုံ၊ ရှားပါးသောဓားစသည့် အရာတစ်ခုခုကို ရှာဖွေကြပြီဆိုလျှင် တရားသည်၊ မတရားသည်မတွက်တော့ဘဲ အပြန်အလှန်သတ်ဖြတ်လုယက်ကြသည်မှာ သိုင်းလောကထုံးစံတစ်ခုလို ဖြစ်နေပေပြီ။

လျှံယင်းချို **အတွေးဖြင့် ငေးမောနေမိလေသည်။** ဝေဝေ့ကို ပင် စကားပြန်မပြောမိတော့ချေ။ **အတန်ကြာမှ** သက်ပြင်းတစ်ချက်ချ နိုင်သည်။

"ညီမပြောတာ ဟုတ်တယ်မဟုတ်**လား။** နေလဓားကို အစ်ကို လိုက်မရှာတော့ဘူးမဟုတ်လား၊ ရှာမနေပါနဲ့တော့ အစ်ကိုရယ်... အန္တရာယ်များလှပါတယ်၊ နော် ... နော်"

ဝေဝေ တောင်းပန်သလိုပြောလိုက်သည်။

လျှံယင်းချို အခက်တွေ့သွားသည်။ သူသည် ပထမဦး နေလ ဓားကို လက်ရောက်ပိုင်ဆိုင်လိုသည်။

ပိုင်ဆိုင်လိုခြင်းမှာ သူ့အတွက်သက်သက်ချည်းမဟုတ်ပေ။ ဤဓားဖြင့် တိုင်းတစ်ပါးသားရန်သူများကို တွန်းလှန်နိုင်ရန် ရည်ရွယ် ခြင်းဖြစ်သည်။

"နေပါဦးလေ ဖြည်းဖြည်းစဉ်းစားကြတာပေါ့"

ထိုညဉ့် လျှံယင်းချိုသည် ဧည့်ခန်းဆောင်ပင် အိပ်စက်လိုက် လေသည်။



**ဝေဝေသည်** လျှံယင်းချိုအား နံနက်စာပြင်ဆင်ကျွေးမွေးပြီး **ရှားထိပ်သို့** လိုက်လံပို့ဆောင်ပေးသည်။

လမ်းလျှောက်ရင်း ဝေဝေကတောင်းပန်သည်။

"အစ်ကို ဓားကိုလိုက်မရှာတော့ဘူးမဟုတ်လား"

လျှံယင်းချိုက သူ့အနေဖြင့် ဓားကိုမည်သည့်အတွက်လိုချင် **နေကြောင်း** အပြည့်အစုံရှင်းပြသည်။ ဝေဝေက သက်ပြင်းချ၏။

"အစ်ကိုရယ်၊ ဒီကိစ္စကတခြားစီပါ၊ ဒီနေလဓား မရလို့ တိုင်း တစ်ပါးရန်သူတွေကို မတွန်းလှန်နိုင်ဘူးလို့ ဘယ်သူက ပြောသလဲ၊ အစ်ကို့ဆီမှာရှိနေတဲ့ဓားနဲ့ ခုခံတွန်းလှန်ရင်လဲ ရနိုင်တာပါပဲ၊ ညီမ ပြောတာ ဟုတ်တယ်မဟုတ်လား"

လျှံယင်းချိုငိုင်သွားသည်။

"ညီမပြောတာကို **အစ်ကို လေးလေး**နက်နက်စဉ်းစားစမ်းပါ၊ မိုးနဂါးတောင်ခြေမှာ **အရက်ဆိုင်သွားဖွင့်**နေတဲ့ ညီမတို့ရွာသားတွေက ပြောကြပါတယ်၊ နေလဓားရှာတဲ့သိုင်းသမားတွေကအ များကြီးပဲတဲ့၊ ဓားတွေ့လို့လုယက်ကြရင် သေလိုက်ကြမယ့်အမျိုးတဲ့၊ သွေးချောင်း စီးမယ့်ကိန်းပဲလို့ ပြောကြပါတယ်၊ တော်ကြာ နေလဓားမရဘဲ ဒီကိစ္စ ထဲမှာ ရောသေသွားလို့ တိုင်းတစ်ပါးသားရန်သူတွေကို တွန်းလှန်ခွင့် တောင် မရဘဲ ဖြစ်နေပါဦးမယ်အစ်ကိုရယ်"

ဝေဝေ၏စကားများမှာ သဘာဝကျသဖြင့် လျှံယင်းချိုငိုင်နေ ရတော့သည်။ ဝေဝေက ဆက်ပြောသည်။

"ဒီဓားက ဘယ်လောက်များ အစွမ်းထက်မှာမို့လဲ၊ ဒီဓားကို ဘယ်သူမှမရပါစေနဲ့လို့တောင် ညီမဆုတောင်းနေတာပါ၊ ဒီဓားကြောင့်

သိုင်းသမားတွေ စိတ်ဝမ်းကွဲကုန်မှာမြင်ယောင်သေးတယ်"

ဝေဝေသည် ရှာထိပ်သို့ရောက်သည်နှင့် အေးချမ်းစိုပြည်လှသော သူမ၏ရွာကလေးကို လက်ညှိုးထိုးပြလေသည်။

"တွေ့လား- ညီမတို့ပန်းတစ်ရာရွာမှာ သိုင်းသမားတစ်ယောက်မှမရှိဘူး၊ ဘယ်လောက်အေးချမ်းသလဲ၊ အစ်ကိုတို့ သိုင်းလောကသားတွေကတော့ ပူလောင်ဆူပွက်နေကြတာပဲ၊ ညီမနဲ့အစ်ကို လက်ထပ်ပြီး အေးအေးဆေးဆေးနေဖို့ကိုလဲ အစ်ကို မစဉ်းစားတော့ဘူးလား"

လျှံယင်းချုံတွေးနေသည်။ ဓားရှာရန်ကိစ္စကို သံသယပွားနေလေပြီ။ ခု နေလဓားပေါ်လာသည့်သတင်းမှာ အစစ်အမှန်လည်းဖြစ်နိုင်သည်။ ကောလာဟလလည်းဖြစ်နိုင်သည်။

ကောလာဟလသတင်းများကြောင့် သိုင်းသမားများ အကြိမ်ကြိမ် ခြေကုန်လက်ပန်းကျခဲ့ရသည်မှာ အမှန်တကယ်ပင်။

"ဟင်း ..."

လျှံယင်းချုံသက်ပြင်းချလိုက်သည်။ ဝေဝေက အရေးတကြီးမေးလေသည်။

"ဓားရှာဖို့ကိစ္စကို အစ်ကို လက်လျှော့လိုက်ပြီလားဟင်"

လျှံယင်းချုံက ဝေဝေ့အား စိုက်ကြည့်ကာ-

"ဟုတ်တယ်၊ အစ်ကိုဆုံးဖြတ်လိုက်ပြီ"

"ဘယ်လိုဆုံးဖြတ်တာလဲ"

"မိုးနဂါးတောင်ကို အစ်ကိုမသွားတော့ဘူး"

ဝေဝေသည် ဆွေ့ဆွေ့ခုန်ဝမ်းသာသွားလေတော့သည်။



"ဒါပေမယ့် ...."

လျှံယင်းချုံ၏နောက်ဆက်တွဲစကားကြောင့် ဝေဝေ အခုန်ရပ်သွားသည်။

"ဘာဒါပေမယ့်လဲအစ်ကို၊ ဘာဖြစ်လို့လဲ"

"ဒီအကြောင်းတွေကို အစ်ကို့မိဘတွေဆီသွားပြောရဦးမယ်၊ အစ်ကိုက ဒီဓားကို မရရအောင်ရှာယူခဲ့ရမယ်လို့ပြောခဲ့တာ"

"ကြော်. ."

လျှံယင်းချုံ ဝေဝေ့ကိုပြောသည်။

"အခု အစ်ကိုပြန်မယ်၊ ညီမ အစ်ကိုနဲ့လိုက်ခဲ့ပါလား"

ဝေဝေက ခေါင်းညိတ်လိုက်သည်။

"လိုက်ခဲ့မယ်လေ"

ဝေဝေသည် သူမ၏မိဘများကို ပြန်လည်အကြောင်းကြားရန်မလိုပါ။ အဘယ့်ကြောင့်ဆိုသော် သူမ၏ မိဘနှစ်ပါးမရှိတော့သောကြောင့်ဖြစ်ပါသည်။

သို့သော် ဝေဝေသည် သူမကိုယ်သူမ အလွန်ထိန်းသိမ်းတတ်ပါသည်။ လျှံယင်းချုံနှင့် သူမသည် တစ်ယောက်လက်ကို တစ်ယောက်တွဲ၍ ပန်းတစ်ရာရွာမှ ပြေးထွက်လာကြလေတော့သည်။

သူတို့သည် မြင်မြင်သမျှအရာအားလုံးကို အလှအပချည်းထင်နေသည်။ နှစ်ယောက်စလုံး၏စိတ်ထဲ၌ လွန်စွာစိတ်ကြည်နူးနေကြသည်။

လျှံယင်းချုံကဝေဝေ့ကိုချစ်သလို ဝေဝေကလည်း လျှံယင်းချုံကို အလွန်ချစ်ပါသည်။

သူတို့သည် တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်ပြေးလွှားလာကြသည်။ ဝေဝေသည် သိုင်းပညာမတတ်ပါ။ သို့သော် ကြိုးစား၍ပြေးလိုက်ပါသည်။

လျှံယင်းချုံကလည်း ညာညာတာတာပြေးပါသည်။ မပြေးနိုင်သည့်အခါ လမ်းလျှောက်ကြသည်။ သူတို့၏ဦးတည်ရာအရပ်မှာ လျှံယင်းချုံ၏ မိဘများတည်ရှိရာအရပ်ပင်ဖြစ်ပါသည်။

သူတို့သည် မကြာမီ **'စီမင်း'** တည်းဟူသော မြို့ငယ်ကလေးတစ်မြို့ကိုလှမ်းမြင်ကြရလေသည်။ သူတို့သွားနေသည့် ခရီးလမ်းကြား၌ရှိသဖြင့် သူတို့သည် ထိုမြို့**ကလေးသို့** မဝင်မဖြစ် ဝင်ကြရမည်ဖြစ်သည်။

အကယ်၍သာ ....

ထိုမြို့ကလေးသို့ဝင်မိသဖြင့် **သူတို့နှစ်ယောက်၏** ချမ်းမြေ့ပျော်ရွှင်မှုပျက်စီးသွားလိမ့်မည်ကို သူတို့ကြိုတင်သိထားလျှင် ထိုမြို့လေးကို ကွေ့ရှောင်သွားကြမည်သာဖြစ်ပါလေသည်။

✿

ဓာတာ၁

နိုင်ဖုန်းမြို့သည် မန်ချူးတို့ ကြီးစိုးသည့် မြောက်ပိုင်းတရုတ်ပြည်တွင်တည်ရှိသည်။ ထိုမြို့သည် အချက်အချာကျသဖြင့် ကုန်စည်ရောင်းဝယ်ဖလှယ်မှုဖြင့် စည်ကားသည်။

မန်ချူးတို့အနေဖြင့် ထိုမြို့ကိုသိမ်းပိုက်စဉ်ကာလက အတော်ကလေး အကျအဆုံးများခဲ့သည်။

ဤမြို့၏အချက်အချာကျပုံကို တရုတ်များကလည်း သဘောပေါက်ခဲ့သည်။ ထို့ကြောင့် ထိုမြို့မကျစေရန် ခွပ်ခွပ်ချွံချွံခုခံတိုက်ခိုက်ခဲ့ကြသည်။

ယခုမူ ထိုမြို့သည် မန်ချူးတို့၏မြို့ဖြစ်နေပေပြီ။ မန်ချူးတို့၏အုပ်စိုးမှုအောက်မှာပင် တရုတ်တို့သည် ကုန်စည်ရောင်းချဖလှယ်နေကြပေပြီ။

မိမိတို့၏အမြတ်အစွန်းရရှိရေးအတွက် မန်ချူးတို့ကို ဦးညွှတ်ဂါရဝပြုနေကြပေပြီ။ မန်ချူးတို့အား ထိုက်သင့်သမျှသော အခွန်ဘဏ္ဍာဂါရဝပြုနေကြရပေပြီ။

မန်ချူတို့အား ထိုက်သင့်သမျှသောအခွန်ဘဏ္ဍာတို့ကို ဆက်သနေရပေပြီ။ မည်သို့ပင်ဖြစ်စေ တရုတ်ကုန်သည်များအနေဖြင့် သူတို့အမြတ်အစွန်းရရှိနေသမျှ သူတို့၏အသက်အန္တရာယ်ကို မထိခိုက်ဘဲရှိနေသမျှ ခိုင်ဖုန်းမြို့သို့ လာရောက်ကူးသန်းရောင်းဝယ်ကြမည်မှာ သေချာလှသည်။

ထိုစဉ် ခိုင်ဖုံးမြို့၏ကြီးမားလှသောမြို့တံခါးအပြင်ဘက်သို့ လူစုစုအုပ်အုပ်ကြီးတစ်ခုထွက်လာသည်ကို တွေ့မြင်ကြရပေသည်။

ကုန်သည်ပွဲစားများမဟုတ်ကြပါလေ။ မြင်ရသမျှသည် သက်သာသည်မဟုတ်ပါ။ လူနှစ်ယောက်ကို သံကြိုးဖြင့် လက်ပြန်ကြိုးတုတ်လျက် ခေါ်ဆောင်လာသည့်မြင်ကွင်းသာဖြစ်သည်။

ထွက်ပြူစနေရောင်အောက်တွင် စိတ်ချမ်းမြေ့ဖွယ်ရာမြင်ကွင်းကိုကြည့်မြင်ရမည့်အစား စိတ်မသက်သာဖွယ်ရာမြင်ကွင်း မြင်နေကြရသည်။

သံကြိုးဖြင့် ချည်နှောင်ခြင်းခံရသည့်လူနှစ်ယောက်အနက် တစ်ယောက်မှာအသက်နှစ်ဆယ့်နှစ်နှစ်ခန့်သာရှိသေးပြီး တစ်ယောက်မှာ အသက်သုံးဆယ်ခန့်သာရှိနေသည်။

ထိုလူနှစ်ယောက်အားဖမ်းဆီးလာသူများမှာ မန်ချူးစစ်သားများပင်ဖြစ်သည်။ အအုပ်စိုးခံလူများမှာ တရုတ်များသာဖြစ်၍ တရုတ်များသည် ထိုအဖြစ်အပျက်ကိုကြည့်ရှုရန် အုပ်စုကြီးဖြင့် လိုက်ပါလာကြလေသည်။

အသက်နှစ်ဆယ့်သုံးနှစ်ခန့်ရှိသည်ဆိုသောလူငယ်မှာ လျှံယင်းချုံပင်ဖြစ်သည်။ သူ့မျက်နှာ၌ ကြောက်ရွံ့သည့်အမူအရာ လုံးဝမရှိပေ။ ကြောက်ရွံ့မှုမရှိရုံမျှမက မျက်နှာထားကလည်း တင်းမာခက်ထန်နေပေသေးသည်။

မန်ချူးများ၏ဖမ်းဆီးခြင်းခံရသူများသည် အခြေအနေကောင်းလှေမရှိပါ။ ထို့ကြောင့် မန်ချူးအဖမ်းခံရသူများသည် အကြီးအကျယ် မျက်နှာပျက်လေ့ရှိကြပါသည်။

လျှံယင်းချုံသည် ပတ်ဝန်းကျင်အရပ်ရှစ်မျက်နှာကို မသိမသာအကဲခတ်ရင်း လိုက်ပါသွားသည်။ သူ့အနေဖြင့် အခွင့်သာပါက ထွက်ပြေးရမည်ဖြစ်သည်။

ထွက်မပြေးက သူ့ဘဝလမ်းဆုံးသွားပေမည်။ သူ့အတွက် ချမှတ်ထားသောအပြစ်ဒဏ်မှာ သေဒဏ်ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

လျှံယင်းချုံနှင့်ဘဝတူအဖော်တို့သည် မြို့ပြင်ကွက်လပ် လွင်ပြင်ကြီးထဲသို့ရောက်ရှိလာကြသည်။ ထိုကွက်လပ်လွင်ပြင်ကြီးမှာ လယ်ကွင်းပြင်မဟုတ်ပါ။

စင်မြင့်များ၊ ဒေါက်တိုင်များ၊ သံကြိုးများဖြင့်ပြည့်နှက်နေသဖြင့် လူသတ်ကုန်းဖြစ်ကြောင်းသိသာပေသည်။

အနောက်ဘက်၌ ခိုင်ဖုံမြို့ရိုးကြီးကိုမြင်နိုင်သည်မှအပ ကျန်ဒေသမှာ လွင်ပြင်လယ်ကွင်းများသာဖြစ်နေပါသည်။

အဖမ်းဆီးခံရသူများ၏ကံကြမ္မာကို ကြည့်ရှုမည့်လူအုပ်ကြီးမှာလည်း နည်းနည်းနောနောလူအုပ်ကြီးမဟုတ်ပါချေ။ သို့ရာတွင် ထိုလူများသည် ဟန်တရုတ်များသာဖြစ်ကြသည်။

ထိုသူများအနေဖြင့် အခွင့်ရလျှင် သူတို့၏သွေးရင်းသားရင်း

လျှံယင်းချုံနှင့် ကြမ္မာဆိုးသူ့အပေါ်ကို ကူညီကြမည်သာဖြစ်သည်။

ယခုမူ အခွင့်မရသဖြင့် သည်အတိုင်းပင် ကြည့်နေကြရရှာ၏။ မန်ချူးစစ်ဗိုလ်တစ်ယောက်သည် ခေါင်းဖြတ်သတ်သည့်စင်မြင့်ပေါ် သို့ခုန်တက်သွားသည်။ အကျဉ်းသားနှစ်ဦး၏အပြစ်နှင့် ပြစ်ဒဏ်များကို ကျယ်လောင်စွာအော်ဟစ်ဖတ်ပြပြီး အကျဉ်းသားနှစ်ဦးကို ခေါင်းဖြတ်သတ်ရန် အမိန့်ပေးတော့သည်။

လျှံယင်းချုံဘေးမှ အကျဉ်းသားခမျာ မန်ချူးတို့၏တွန်းထိုးဆွဲငင်ခေါ်ဆောင်ခြင်းကိုခံရပြီး တဖြည်းဖြည်း စင်မြင့်ပေါ် ရောက်ရှိသွားသည်။

ခေါင်းဖြတ်သတ်မည့်ပါးကွက်အာဏာသားမှာ လွန်စွာထွားကျိုင်းလှသည့် မန်ချူးတစ်ယောက်ပင်ဖြစ်သည်။

စစ်သားများနှင့်ပွဲကြည့်ပရိသတ်များ၏အာရုံသည် ထိုစင်မြင့်ပေါ်၌ရောက်နေခိုက် လျှံယင်းချုံစတင်လှုပ်ရှားတော့၏။

"အင့်"

လျှံယင်းချုံက သူ့ဘေးမှစစ်သားကို ဦးခေါင်းဖြင့်ထိုးတိုက်လိုက်ရာ ထိုစစ်သားမှာသတိလက်လွတ်ဖြစ်နေသဖြင့် အင့်ခနဲ တစ်ချက်သာအော်နိုင်ပြီး လဲကျသွားသည်။

ကျန်တစ်ဘက်မှစစ်သားမှာမူ လျှံယင်းချုံ၏ခြေကန်စာ မိသွား၏။

"မြောင်း"

"အား. . ."

စစ်သားများ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။



ဘေးမှဝိုင်းနေကြသည့် ဟန်တရုတ်များကလည်း စစ်သားအုပ်ကြီးထဲသို့ တိုးဝင်လာသည်။

တဟေးဟေးတဟားဟားဖြင့် ပြာသံပေးအော်လာသံများကြောင့် မန်ချူးစစ်သားများမှာ ဘာလုပ်၍ဘာကိုင်ရမည်မသိဘဲ ဖြစ်ကုန်ကြသည်။

ထိုလူအုပ်ကြီးထဲမှ တစ်ရှိန်ထိုးထွက်ပြေးသွားသူကား လျှံယင်းချုံပင်ဖြစ်တော့သတည်း။

"ပြေးပြီ- အကျဉ်းသားပြေးပြီ၊ လိုက်ကြ"

စင်မြင့်ပေါ်မှမန်ချူးစစ်ဗိုလ်က အသံကုန်အော်၍ အမိန့်ပေးလိုက်သည်။ မန်ချူးစစ်သားများသည် ရှန်းရင်းဆန်ခတ်ဝင်တိုးကြသော ဟန်တရုတ်များကို ဓားပြားဖြင့်ရိုက်ဖယ်လျက် လျှံယင်းချုံ၏နောက်သို့ လိုက်လေတော့သည်။

ဟန်တရုတ်များမှာ တကယ်တမ်းရိုက်နှက်သောအခါ မန်ချူးများကို တကယ်အနှောင့်အယှက်မပေးနိုင်တော့ပေ။ မန်ချူးများ၏ ဓားလွတ်ရာသို့ ရှောင်တိမ်းပေးကြရလေတော့သည်။

မန်ချူးများသည် တရုတ်များ၏နှောင့်ယှက်မှုကြောင့် လျှံယင်းချုံနောက်သို့ ရုတ်တရက်ချက်ချင်းပြေးမလိုက်နိုင်ကြပေ။

ထို့အတွက် လျှံယင်းချုံမှာ အတော်ကလေးခရီးရောက်သွားသည်။

သို့သော် ရှေ့ဆုံးမှလိုက်သည့် မန်ချူးသုံးယောက်သည် အလွန်လျင်မြန်ကြသဖြင့် လယ်ကွင်းထဲ၌ တစ်ရှိန်ထိုးပြေးလွှားနေသော လျှံယင်းချုံနောက်သို့ အမီလိုက်လာကြလေသည်။

မန်ချူးသုံးယောက်သည် လျှံယင်းချုံအား ဖိုခုံလောက်ဆိုင် ဝိုင်းပတ်လိုက်သည်။

လျှံယင်းချုံအခက်တွေ့လေပြီ။ မန်ချူးသုံးယောက်မှာ ဓား ကိုယ်စီနှင့်ဖြစ်သည်။ သူကလက်နက်မဲ့ရုံတင်မကသေး၊ လက်နှစ်ဖက် ပါ သံကြိုးဖြင့်အချည်နှောင်ခံနေသေးသည်။

သို့သော် မန်ချူးတစ်အုပ်လုံးထက်စာလျှင် ဤသုံးယောက် မှာ များစွာတော်ပေသေးသည်။ ဤသုံးယောက်ကို အချိန်မီလဲ့သိပ် နိုင်ပါက မန်ချူးတို့၏လက်မှ လွတ်မြောက်နိုင်ပြီဟုတွေးသည်။

သူသည် မာန်တင်းလိုက်သည်။ လက်နှစ်ဖက်ဖြင့် မတိုက် နိုက်နိုင်သဖြင့် သူအရှုံးပေးရတော့မည်လော။ သူ့၌ခြေနှစ်ဖက် ရှိ ပေသေးသည်။

"ဗိုး. . ."

လျှံယင်းချုံခုန်ကန်လိုက်သည်။ မန်ချူးစစ်သားက အချိန်မီ ရှောင်တိမ်းလိုက်နိုင်သည်။

"ဝုန်း"

"အား. . ."

ထိုမန်ချူးမှာ လျှံယင်းချုံ၏ကန်ချက်ကို ရှောင်တိမ်းနိုင် သော်လည်း သံကြိုးများဖြင့်ပူးတွဲနေသည့်လက်ရိုက်ချက်ကိုမူ လုံးဝ မရှောင်နိုင်တော့ချေ။

လျှံယင်းချုံက ခြေထောက်ဖြင့်ခုန်ကန်ပြီးသည်နှင့် လက်နှင့် ရိုက်ချလိုက်ခြင်းဖြစ်သည်။ ဤမန်ချူးနှစ်ယောက် ကြက်သေသေသွား သည်။ လျှံယင်းချုံ၏သိုင်းပညာကို လေးစားကြောက်ရွံ့သွားကြ၏။



အနှောင်အဖွဲ့ရှိနေ၍သာတော်တော့သည်ဟု တွေးကြ၏။

"ရှမ်း - ရှမ်း -"

သူတို့ဓားများကို လေထဲ၌ဝှေ့ယမ်းလိုက်ရာ တရှမ်းရှမ်းမြည် သံထွက်ပေါ်လာသည်။ နေရောင်ဟပ်သဖြင့် ပြိုးပြက်သော အလင်း တန်းများထွက်ပေါ်လာသည်။

ထိုအသံများက မန်ချူးနှစ်ယောက်ကို အားမာန်တက်စေ၏။ မန်ချူးတို့က တက်ညီလက်ညီဝင်ပိုင်းကြသည်။

လျှံယင်းချုံက လေထဲ၌ကျွမ်းပစ်ရှောင်တိမ်းသွားသည်။

ထိုပညာကား 'လေဝဲကတော့' သိုင်းပညာဖြစ်၏။ အရှောင် အတိမ်းပညာသက်သက်ဖြစ်၍ လျှံယင်းချုံအဖို့ ထိုပညာကိုသာ အထပ် ထပ်သုံးရမလိုဖြစ်နေသည်။

"ရှမ်း - ရှမ်း - ရှမ်း"

"ဒိုး"

မန်ချူးနှစ်ယောက်ခုတ်ထစ်ကြပြန်သည်။

လျှံယင်းချုံ ရှောင်တိမ်းရပြန်သည်။

"ဒိုး...."

တစ်ကြိမ်တွင် မန်ချူးတစ်ယောက်၏ဓားက သူ့အင်္ကျီလက် စရှည်ကို အလျားလိုက်ထိုးခွဲသွား၏။ ကံသီပေလို့သာပဲ။ နို့မဟုတ်ရင် လက်မောင်းရင်းမှ တစ်ချောင်းလုံးပြတ်ကျသွားနိုင်သည်။

လျှံယင်းချုံကို မန်ချူးနှစ်ယောက်က ကျားချောင်းချောင်း သလို ဝိုင်းပတ်နေကြသည်။

ထိုစဉ် အဝေးမှ အော်ဟစ်သံများကို ကြားစပြုလာရသည်။

**လှိုင်ယင်းချို့**သည် လက်တလော အသက်ဘေးကြုံတွေ့နေရ ခြားသော်**လည်း** အဝေးမှအသံများကို လျစ်လျူပြုမထားချေ။ **တန်း**ကင်းသေမင်းနှင့်အဝေးမှသေမင်းတို့ကို အစဉ်သတိထား နေခဲ့သည်သာဖြစ်သည်။

"အင်း- ဒီနှစ်ကောင်ကိုအမြန်ဆုံးရှင်းပစ်မှပဲ"

လှိုင်ယင်းချို့ အကွက်ချောင်းနေသည်။

"ဗိုး"

မန်ချူးနှစ်ယောက် တစ်ပြိုင်နက်ဝင်ခုတ်စဉ်တွင် သူသည် ဓားချက်ကိုလွတ်သည်ဆိုရုံမျှရှောင်တိမ်းပြီးနောက် မန်ချူးတစ်ယောက် ၏လက်မောင်းရင်းသို့ လျှိုဝင်လိုက်သည်။

မန်ချူးက ကြောက်အားလန့်အားဖြင့် ပြန်လှည့်ရန်ကြိုးစား ခိုက် သံကြိုးချည်ခံထားရသည့်လက်အစုံဖြင့် လက်ဝဲဘက်နံရိုးသို့ ပြင်း ထန်စွာရိုက်ချလိုက်သည်။

"ဝုန်း"

"အား"

မန်ချူးခမျာ တစ်ချက်သာအော်နိုင်သည်။ ဝုန်းခနဲလဲကျသွား ရာမှ တဆတ်ဆတ်တုန်ပြီးငြိမ်ကျသွားသည်။

လှိုင်ယင်းချို့၏ရိုက်ချက်ကား ပြင်းထန်လှချေတကား။

ကျန်မန်ချူးသည် လှိုင်ယင်းချို့အား သွေးရူးသွေးတန်းဖြင့် ဝင် ခုတ်လေတော့သည်။ တစ်ယောက်ချင်း တိုက်ရသည့်တိုက်ပွဲကို လှိုင် ယင်းချို့မကြောက်ပါ။ တစ်ဘက်ရန်သူက သူ့အား ကမူးရှူးထိုးတိုက် ပေ၁ သူသဘောကျလေဖြစ်ပါသည်။



"ဗိုး- ဝှစ်- ဝှစ်"

"ဖြောင်း"

"အား"

မန်ချူးခမျာ လှိုင်ယင်းချို့၏ကန်ချက်ကို **ထိထိမိမိကြီး**ခံလိုက် ရသည်။ ဝုန်းခနဲလွင့်စဉ်သွားကာ ငြိမ်သက်သွားသည်။

"ဟေး…ဟေး…ဟေး"

"မပြေးနဲ့- မပြေးနဲ့"

အဝေးမှအော်သံများကို ပီပီသသကြားလာရသည်။

လှိုင်ယင်းချို့ မနေသာတော့ပေ။

တစ်ရှိန်ထိုးထွက်ပြေးရလေတော့သည်။

"ဟင်- မောင်မင်းကြီးသားသုံးကောင်ရဲ့ကျေးဇူးကြောင့် ဟို ကောင်တွေမီလာတော့မယ်၊ ငါမြန်မြန်ပြေးမှ"

လှိုင်ယင်းချို့သည် ပြေးရင်းလွှားရင်းစဉ်းစားသွားသည်။ ဤ ကွင်းပြင်ထဲလျှောက်ပြေးနေပါက နောက်မှရန်သူများသည် သူ့အား အမြဲတမ်းမြင်နေမည်သာဖြစ်သည်။

မျက်ခြည်မပြတ်နိုင်သဖြင့် နောက်ဆုံး ရန်သူ့လက်တွင်းသို့ သက်ဆင်းသွားနိုင်သည်။

"နိုင်ဖုံးမြို့ထဲကိုပြန်ပြေးရမယ်၊ လူတွေကြားမှာပြန်နိုမှ ငါ **ကိုယ်ရောင်ဖျောက်**နိုင်မယ်၊ ကွင်းထဲမှာလျှောက်ပြေးနေလို့ကတော့ **ဘယ်လိုမှ** သူတို့လက်ထဲကလွတ်မှာမဟုတ်ဘူး" –

လှိုင်ယင်းချို့သည် နိုင်ဖုန်းမြို့တံခါးဆီသို့ဦးတည်ပြေးလေ တော့သည်။ ရန်သူ့နယ်ထဲပြေးဝင်ခြင်းမှာ အန္တရာယ်ပင်ဖြစ်သော်

လည်း လတ်တလောအားဖြင့်မူ ကွင်းပြင်ထဲပြေးခြင်းထက် လုံခြုံမှုရှိသည်မှာအမှန်ဖြစ်သည်။ လျှံယင်းချုံအတွက် တစ်ခုက်ကောင်းသွားသည်မှာ သူ မြို့တံခါးဝရောက်နေချိန်၌ အစောင့်စစ်သားများရှိမနေခြင်းပင်ဖြစ်တော့သည်။

ထို့ကြောင့် သူသည် မြို့ထဲသို့အလွယ်တကူပြေးဝင်နိုင်ခဲ့ပေတော့သည်။ မြို့ပြင်မှ မန်ချူးများကလည်း ဖွဲ့နပဲကြီးစွာလိုက်လာကြသည်။

လျှံယင်းချုံစဉ်းစားရတော့သည်။ လက်နှစ်ဖက်၌ သံကြိုးချည်နှောင်ထားလျက်နှင့် လျှောက်ပြေးနေပါက တစ်ချိန်မဟုတ်တစ်ချိန်မန်ချူးများနှင့်တိုးတော့မည်ကို တွေးမိသည်။

ထို့ကြောင့် အကြံယူသည့်သဘောမျိုးဖြင့် သစ်ပင်ကြီးတစ်ပင်အကွယ်၌ ခေတ္တဝင်နိုလိုက်သည်။ ထိုစဉ် ရှေ့၌မန်ချူးစစ်သားအဝတ်အစားဝတ်ဆင်ထားသော စစ်သားငါးဆယ်၊ နောက်၌ ငါးဆယ်ခြံရံထားသော ဝေါယာဉ်ကြီးတစ်ခုသည် သူနှင့်မလှမ်းမကမ်းအရပ်မှ ဖြတ်သန်းလာသည်ကို တွေ့လိုက်ရတော့သည်။

လျှံယင်းချုံဦးခေါင်းထဲ၌ ဖျတ်ခနဲလင်းလက်သွားသည်။ သူသည် တုံ့နေးခြင်းမရှိတော့ဘဲ ဝေါယာဉ်ပေါ် သို့လှစ်ခနဲခုန်တက်လိုက်သည်။ ဝေါယာဉ်ထမ်းလာသည့် စစ်သားများသည် အံ့အားသင့်သွားပြီး ရုတ်တရက်ရပ်တန့်လိုက်ကြလေသည်။

လျှံယင်းချုံသည် ဝေါယာဉ်ထဲမှ ခန့်ညားသောလူကြီး၏ခေါင်းကို လက်နှစ်ဖက်ဖြင့်စွပ်ချကာ ညှပ်လိုက်သည်။

လက်ကောက်ဝတ်၌ သံကြိုးချည်ထားသဖြင့် သူ၏လက်



နှစ်ဖက်သည် လူကြီး၏လည်ပင်းကို ကိုင်ညှပ်ထားသည် ညှပ်သဖွယ်ဖြစ်သွားတော့၏။ လျှံယင်းချုံက တီးတိုးအမိန့်ပေးလိုက်သည်။

"ခင်ဗျား မသေချင်ရင် ခင်ဗျားလူတွေကို ဂရုမစိုက်ဘဲ ဆက်သွားဖို့ အမိန့်ပေးလိုက်ပါ"

ဝေါယာဉ်ထဲမှပါလာသည့်လူကြီးကား လျှံယင်းချုံပေးသည့်အမိန့်ကိုမူ နာခံလေသည်။

"ဟေ့- ဘာရပ်နေကြတာလဲ၊ ဆက်သွားလေ"

စစ်သားများသည် တွေဝေနေကြရာမှ ရုတ်တရက်လှုပ်ရှားသွားကြလေတော့သည်။ သူတို့၏အရှင်သခင်က အမိန့်ပေးနေပြီဖြစ်၍ ရပ်နေခြင်းငှါ မဝံ့တော့ပေ။

ဤသို့ဖြင့် မန်ချူးစစ်သားတစ်ရာခြံရံထားသော မန်ချူးအရာရှိကြီးတစ်ဦးဦး၏ဝေါယာဉ်ဖြစ်ဟန်တူသော ယင်းလိပ်ကာရံထားသောဝေါယာဉ်သည် တငြိမ့်ငြိမ့်ဖြင့်ရှေ့သို့တိုးသွားလေတော့သတည်း။

✿

## လွတ်မြောက်ခြင်း

လျှံယင်းချုံသည် သူ့လက်ထဲရောက်နေသည့်အကျဉ်းသားကို အကဲခတ်လိုက်သည်။ မန်ချူးအဝတ်အစားများကို ဝတ်ဆင်ထားသည့် အမတ်ကြီးတစ်ယောက်ဖြစ်နေကြောင်း တွေ့ရသည်။

"အင်း- ဒီအမတ်ကြီးကိုဓားစာခံလုပ်ပြီး ငါ့အသက်ဘေး လွတ်မြောက်အောင်ကြံဆောင်ရမှာပဲ"

လျှံယင်းချုံတွေးနေဆဲမှာပင် အမတ်ကြီး၏ဝေါယာဉ်သည် မြို့ပြင်မှ မြို့ထဲသို့ပြေးဝင်လာသောမန်ချူးစစ်သားများနှင့် ပက်ပင်းတိုးလေတော့သည်။

ဝေါယာဉ်ရှေ့မှစစ်သားများနှင့် အပြင်မှပြေးဝင်လာသော မန်ချူးစစ်သားများထိပ်တိုက်တိုးသောအခါ အမတ်ကြီး၏ဝေါယာဉ်လည်း တန့်ခနဲရပ်သွားလေတော့သည်။

လျှံယင်းချုံအား ဦးဆောင်ဖမ်းဆီးခဲ့သော မန်ချူးစစ်ဗိုလ်သည် ဝေါယာဉ်အနီးသို့လျှောက်လာသည်။



ဒူးထောက်အရိုအသေပြုပြီးမှ မေးမြန်းလိုက်သည်။

"အမတ်ကြီးခင်ဗျာ - ကျွန်တော်တို့လက်ထဲက တရားခံတစ်ယောက် ထွက်ပြေးလွတ်မြောက်သွားပါတယ်၊ အမတ်ကြီးများ တွေ့မြင်ခဲ့ပါသလားခင်ဗျာ"

ဝေါယာဉ်အားကာရံထားသည့် ယင်းလိပ်များ လှုပ်ရှားသွားသည်။

သို့သော် ယင်းလိပ်များမှ ပွင့်လှပ်လာခြင်းမရှိပါ။

"တွေ့တယ်- အနောက်ဘက်ကိုပြေးသွားတယ်၊ လက်မှာ သံကြိုးချည်နှောင်ထားတယ်မဟုတ်လား"

ဝေါယာဉ်ထဲမှ ခန့်ညားရည်မွန်သောအသံတစ်သံ ထွက်ပေါ်လာသည်။ မန်ချူးစစ်ဗိုလ်ကဦးညွှတ်အရိုအသေပေးပြီး ထရပ်လိုက်လေသည်။

"တရားခံပြေးကိုလိုက်ဖမ်းဖို့ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ"

ဝေါယာဉ်ထဲမှ အသံပေါ်လာပြန်သည်။

"သွားပါ- တာဝန်ကျေပွန်ပါစေ"

မန်ချူးစစ်ဗိုလ်သည် သူ့စစ်တပ်များကိုအချက်ပြကာ နောက်ဘက်သို့ပြေးလိုက်သွားလေတော့သည်။

တင်းထိမ်ကာရံထားသောဝေါယာဉ်ထဲမှ လျှံယင်းချုံသည် သက်ပြင်းရှည်ကြီးချလိုက်သည်။

လွတ်မြောက်ပေါ့သည်တစ်ခါ...

ဝေါယာဉ်ထဲမှအမတ်ကြီးကား အေးအေးဆေးဆေးပင်။

လျှံယင်းချုံတစ်ယောက် သူ့ဝေါယာဉ်ထဲ၌ ရှိနေသည်ဟုပင် ထင်ဟန်မတူချေ။

အမတ်ကြီးကပြုံးနေလေလေ လျှံယင်းချုံက အမတ်ကြီးကို မသင်္ကာလေလေဖြစ်လာသည်။

မှားရည်သုတ်ထားသောသင်ခုန်းစေးသွားကို လျှံယင်းချုံ ကြောက်သည်။ ပြုံးချိုသောအမတ်ကြီး၏ မျက်နှာနောက်ကွယ်၌ လျှို့ ဝှက်ကောက်ကျစ်မှုများ၊ ပြည့်လွှမ်းနေမည်ဟု သူထင်သည်။

ထို့ကြောင့် သူသည် အမတ်ကြီးကိုပြန်လည်ပြုံးမပြခဲ့ပေ။

သူ့လက်နှစ်ဖက်ကိုညှပ်၍ညှစ်လိုက်သဖြင့် အမတ်ကြီးမှာ လည်ပင်းအစ်သွားသည်။ ခေါင်းမော့သွားသည်။ အသက်ကို ပြင်းထန် စွာရှူနေရသည်။

"ခင်ဗျားဉာဏ်မများနဲ့၊ ဉာဏ်များရင်တော့အသေပဲ"

လျှံယင်းချုံက ကြိမ်းမောင်းပြီးမှ လက်ကိုအသာလျှော့ချပေး လိုက်သည်။

ထိုအခါမှ အမတ်ကြီးမှာ အသက်မှန်မှန်ရှူနိုင်တော့သည်။

လျှံယင်းချုံက -

"ကျုပ်ရဲ့အခြေအနေကို ခင်ဗျားသိပြီးပြီပဲ၊ ကျုပ်လွတ်မြောက် ရေးအတွက် ခင်ဗျားကို ဓားစာခံအဖြစ်သုံးသွားမယ်၊ ခင်ဗျား အော် ဟစ်အမိန့်ပေးလို့ရတယ်၊ ခင်ဗျားအသက်ကို မနှမြောရင်တော့ ကြိုက် သလိုလုပ်ပါ၊ ကျုပ်သေရင် ခင်ဗျားလဲအသေပဲ"

အမတ်ကြီးက အသာအယာခေါင်းညိတ်ပြီး သူ့လူများကို အမိန့်ပေးလိုက်သည်။



"ဟေ့- မြောက်ဘက်တံခါးကထွက်မယ်"

လျှံယင်းချုံသည် အမတ်ကြီး၏စကားကြောင့် အကြီးအ ကျယ်မျက်နှာပျက်သွားသည်။

နိုင်ဖုံးမြို့တော်၏မြောက်ဘက်တံခါးသည် တံခါးပေါက်များ အနက် မန်ချူးစစ်သည် အထူထပ်ဆုံးဖြစ်ပေသည်။

လျှံယင်းချုံ၏မျက်နှာသည် ချက်ချင်းပင်တင်းမာသွားသည်။

"ကျုပ် မြောက်ဘက်တံခါးကမထွက်ချင်ဘူး၊ တောင်ဘက် တံခါးကထွက်မယ်၊ ခင်ဗျား ဘာမှဆင်ခြေပေးမနေနဲ့၊ တောင်ဘက် တံခါးကထွက်ဖို့ အမိန့်ပေးပါ"

အမတ်ကြီးက အံ့ဩစွာမေးသည်။

"ဘာဖြစ်လို့လဲ"

"ကျုပ်ပြောတဲ့အတိုင်းသာ သွားပါ၊ ဘာမှ စောဒကမတက် နဲ့လို့ ကျုပ်ပြောထားတာပဲ"

"ကျုပ်က စောဒကတက်တာမဟုတ်ပါဘူး၊ မောင်ရင် ခြိမ်း ခြောက်နေလို့ ကျုပ်ကလိုက်ပြီးလုပ်ပေးနေတာလဲမဟုတ်ဘူး၊ ကျုပ် အကြောင်းနဲ့ကျုပ်ပါ"

"ဘာအကြောင်းလဲ"

"အဲဒီအကြောင်းကို အဆင်ပြေတဲ့တစ်ချိန်ချိန်မှာ ပြောပြပါ့ မယ်၊ မောင်ရင် မြောက်ဘက်တံခါးက ဘာကြောင့်မထွက်ချင်တာလဲ ဆိုတာကိုသာ ပြောပါ"

လျှံယင်းချုံစဉ်းစားလိုက်သည်။ ဖြေသင့်မဖြေသင့် အတန် ကြာစဉ်းစားပြီးမှ-

"မြောက်ဘက်တံခါးမှာ မန်ချူးတွေထပ်ချထားတယ်၊ ဒါကြောင့် မထွက်ချင်တာဘဲ"

အမတ်ကြီးက-

"ကျုပ် မြောက်ဘက်တံခါးက ထွက်မယ်ပြောတာက အဲဒီမြောက်ဘက်တံခါးမရောက်ခင် **တစ်မိုင်အလိုလောက်မှာ** ပန်းပဲဆရာကြီးတစ်ဦးရှိတယ်၊ **ကျုပ်ယုံကြည်စိတ်ချရတဲ့လူပါ၊** မင်းလက်ကသံကြိုးတွေကို **သာမန်ပစ္စည်းကိရိယာနဲ့** ဖြတ်တောက်လို့မရနိုင်ဘူး"

**လျှံယင်းချုံမှဲ့**ပြုံးပြုံးလိုက်သည်။ ကျားကသက်သတ်လွတ်**စားသည့်အဖြစ်မျိုး။**

မန်ချူးတစ်ယောက်၏ စေတနာရေစီးကမ်းပြိုလိုက်မှုကို တွေ့နေရပေပြီ။

"မလိုချင်ဘူး၊ ကျုပ်ပြောတဲ့အတိုင်း တောင်ဘက်တံခါးကပဲထွက်မယ်။ အဲဒီဘက်ကိုသွားပါ"

အမတ်ကြီးက စိတ်ပျက်စွာသက်ပြင်းချလိုက်သည်။

"ကောင်းပြီ- ကျုပ်က မင်းအတွက်စေတနာနဲ့ပြောတာပဲ၊ ဒါကိုမှ မင်းကလက်မခံဘူးဆိုတော့လဲ ကျုပ်ဘာတတ်နိုင်မှာလဲ၊ မင်းသဘောအတိုင်းပဲပေါ့၊ ကျုပ်တောင်ဘက်**တံခါး**ကပဲ ထွက်ပါတော့မယ်"

လျှံယင်းချုံသည် **အမတ်ကြီးစကားကြောင့်** ရင်ထဲ၌ တစ်မျိုးတမည်ခံစားလိုက်ရသည်။

ထို့ကြောင့် အမတ်ကြီး၏မျက်နှာကို အသေအချာအကဲခတ်လိုက်သည်။



သူ့စိတ်ထဲ၌ အမတ်ကြီး၏မျက်နှာသည် ပကတိမျက်နှာမဟုတ်ဟုထင်လာသည်။

ထားတော့-

မျက်လုံးများကိုကြည့်ပြန်သည်။ မျက်လုံးများကား ကြင်နာမှုဖြင့် ပြည့်လျှမ်းနေပေသည်။

အမတ်ကြီး၏စကားများသည် အသည်းနှလုံးထဲမှလာသောစကားများဖြစ်လိမ့်မည်ဟု ရုတ်တရက်ခံစားသိရှိလိုက်မိသည်။

"ကျုပ်လက်ကသံကြိုးတွေက သိပ်အခက်အခဲမရှိပါဘူး"

လျှံယင်းချုံက အဆက်အစပ်မရှိဘဲပြောလိုက်မိသည်။

အမတ်ကြီးက-

"ဘာဖြစ်လို့အခက်အခဲမရှိရမှာလဲ၊ တိုက်တဲ့ခိုက်တဲ့အခါမျိုးကိုမပြောနဲ့တော့၊ ရှောင်ပုန်းတဲ့အခါမျိုးမှာတောင် မင်းလက်ထဲကသံကြိုးက အခက်အခဲရှိနေတယ်၊ အဲဒီသံကြိုးကြီးရှိနေသမျှ မင်းဟာ **တရားခံပြေးတစ်ယောက်**ဖြစ်တယ်ဆိုတာ သက်သေပြနေတာပဲ၊ **တကယ်လို့** သံကြိုးမရှိရင် ဘယ်ဟန်တရုတ်ကြားမှာဖြစ်ဖြစ် မင်း ဝင်**ပုန်းလို့ရတယ်"**

**လျှံယင်းချုံ**သည် အမတ်ကြီး၏စကားကိုအံ့ဩစွာနားထောင်**နေသည်။**

**မန်ချူးတစ်ယောက်၏နှုတ်မှ** ထွက်လာသောစကားများဟုတ်မှဟုတ်ပါလေ၏လောဟု တွေးနေမိလေသည်။

သူသည် အမတ်ကြီး၏မျက်နှာကို နောက်တစ်ကြိမ် စိုက်ကြည့်လိုက်ပြီးနောက်-

အမတ်ကြီးပြောသည့်အတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပါပြီအမတ်ကြီး၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်လိုက်နာပါ့မယ်၊ မြောက်ဘက်တံခါးကသွားဖို့ ကျုပ်သဘောတူပါ ပြီ"

အမတ်ကြီးက ဘာမှပြန်မပြောချေ။ သူ့လူများကိုသာ ပြတ်သားစွာအမိန့်ပေးလိုက်သည်။

"တို့ မြောက်ဘက်တံခါးကထွက်မယ်ဟေ့- ပြန်လှည့်ကြ"

ဝေါယာဉ်နှင့်မန်ချူးစစ်သားတန်းကြီးသည် တဖြည်းဖြည်းနှင့် မြောက်ဘက်တံခါးဆီသို့ နီးကပ်လာကြလေသည်။

မြောက်ဘက်တံခါးတွင် မန်ချူးများခြေချင်းလိမ်နေသည်။ အဝင်အထွက်များကို သေချာစွာစစ်ဆေးနေလေသည်။

အမတ်ကြီးက မြို့တံခါးဆီတိုက်ရိုက်မသွားပေ။ သူ့လူများအား ၊ပန်းပဲဖိုရှိရာသို့သွားရန် အမိန့်ပေးလိုက်သည်။

ဝေါယာဉ်သည် ပန်းပဲဖိုရှိရာသို့ကွေ့သွားလေတော့သည်။

မကြာမီ ပန်းပဲဖိုရှေ့သို့ဆိုက်ရောက်လာသည်။ ဝေါယာဉ် မြေပေါ်သို့ကျသည်နှင့် အမတ်ကြီးကပြောလေသည်။

"ငါလည်ပင်းကိုညှစ်ထားတဲ့မင်းလက်တွေကို ဖယ်တော့၊ ဒီပုံစံနဲ့သွားလို့ကတော့ မင်းကို ဘယ်သူကမှလက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး....

ငါ့လူတွေကို စိုးရိမ်လို့ပြောနေတာမဟုတ်ဘူး၊ ပတ်ဝန်းကျင်အမြင်မှာ ထူးဆန်းနေမှာစိုးလို့သတိပေးတာ၊ နောက်ပြီး သံကြိုးကိုဖြတ်တဲ့အချိန်မှာလဲ မင်းက ငါ့ကိုဓားစာခံအဖြစ်ဖမ်းထားနိုင်မှာလဲ မဟုတ်ဘူး၊ မင်းလက်တွေကို ပေတုံးပေါ်တင်ပေးထားရမှာ၊ မင်းသေသေချာချာစဉ်းစားပါ"

အမတ်ကြီး၏စကားများမှာ လွန်စွာ သဘာဝကျလှသည်။ သူ့ကိုယုံလျှင် ဓားစာခံအဖြစ်မှလွတ်၊ သို့မှသာ လက်မှသံကြိုးများကိုဖြတ်နိုင်မည်ဖြစ်သည်။

မယုံလျှင် မလွတ်နှင့်၊ သံကြိုးလည်းဖြတ်နိုင်မည်မဟုတ်ဟုဆိုလိုရင်းဖြစ်ပေသည်။

လျှံယင်းချုံက အမတ်ကြီးမျက်လုံးများကို တစ်ချက်ကြည့်လိုက်ပြီး...

"ကောင်းပြီ- ကျုပ်အမတ်ကြီးရဲ့စကားတွေကို နာခံပါ့မယ်၊ ဖြစ်လိုရာဖြစ်စေတော့"

အမတ်ကြီးက ပြုံးလိုက်သည်။

"ကျုပ်ကြောင့် ဘယ်သူမှဒုက္ခမရောက်စေရပါဘူး၊ ကျုပ်ရဲ့အစီကရန်သူတွေကလွဲရင်ပေါ့လေ၊ မောင်ရင်က ကျုပ်ရဲ့ရန်သူ မဖြစ်နိုင်ပါဘူး၊ ကဲ- ဟောဒီပုဝါတစ်ထည်ကိုယူပြီး မောင်ရင့်လက်ကို အုပ်ထားလိုက်၊ ကျုပ်နောက်က ဣန္ဒြေရရသာလိုက်ခဲ့၊ မောင်ရင့်လက်က သံကြိုးတွေကို ဒီနားပတ်ဝန်းကျင်ကလူတွေ မမြင်ရင် ပြီးတာပဲ"

အမတ်ကြီးသည် တင်းတိမ်ကိုဖယ်ရှားပြီးဝေါယာဉ်ထဲမှထွက်လိုက်သည်။ စစ်သားများသည် ဓားနိုးများပေါ်လက်တင်ပြီး အေးစက်စွာစောင့်ကြည့်နေကြသည်။

အမတ်ကြီးက သူ့စစ်သားများကို ဘာမျှမလုပ်နှင့်ဟူသော အမှတ်အသားကိုပြပြီး ပန်းပဲဖိုထဲသို့ဝင်ရန်ဟန်ပြင်လိုက်သည်။

"**အာ-** အမတ်ကြီးကိုယ်တိုင်ကြွလာတာပါလား၊ ကြွပါ ခင်ဗျာ- ကြွပါ"

ဈေးများစိုခွဲနေသည့် ကြံ့ခိုင်ကြီးထွားလှသော ပန်းပဲဆရာကြီးက အပေါက်ဝမှထွက်ကြိုလာသည်။

အမတ်ကြီးက ဘာမျှမပြောချေ။ ခေါင်းညိတ်ရုံသာ ညိတ်ပြီး အိမ်ထဲသို့ဝင်သွားသည်။

အိမ်ထဲရောက်သောအခါမှ ပန်းပဲဆရာကြီးအားပြောသည်၊

"တောဒီလူရဲ့လက်က သံကြိုးတွေကိုကြည့်စမ်းပါ"

လျှံယင်းချုံကပဝါကိုချပြီး သံကြိုးများကိုပြသည်။ ပန်းပဲဆရာကြီး၏မျက်လုံးများ ပြူးကျယ်သွားသည်။

သို့သော် သူသည်တွေတွေရာရာမပြောဘဲ သံကြိုးများကိုသာ စစ်ဆေးသည်၊

"ဒီသံကြိုးတွေက အတော်ခိုင်ခံ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့် **လက်ထဲကစိုးနဲ့** တုရဲဖက်ကိုတော့ ဒီသံကြိုးတွေမခံနိုင်ပါဘူး"

"**ကောင်းပါလေရဲ့ဗျာ၊** ကိုင်း- အဲဒီသံကြိုးတွေကို အမြန်ဆုံးပြတ်အောင် **ဖြတ်တောက်ပေတော့**"

ပန်းပဲ**ဆရာကြီး**သည် လျှံယင်း**ချုံ၏**လက်ကို ပေပေါ် တင်ကာ စတင်ဖြတ်တောက်လေတော့သည်။ တစ်နာရီခန့်ကြာသောအခါမှ လျှံယင်းချုံမှာ အနှောင်အဖွဲ့မှလွတ်မြောက်သွားသည်။

အမတ်ကြီးက ထိုင်ရာမှထလိုက်သည်။

"ကိုင်း- ကျုပ်သွားတော့မယ်"

ပန်းပဲဆရာကြီးက အမတ်ကြီးအားဂါရဝပြုသည်။



"ကောင်းပါပြီအမတ်ကြီးခင်ဗျာ၊ **နောင်-** ကျွန်တော့်ကို အသုံးလိုရင်...."

အမတ်ကြီးက ဖြတ်ပြောသည်။

"စိတ်ချ- စိတ်ချ"

အမတ်သည် ဝေါယာဉ်ပေါ် သို့တက်လေ၏။

လျှံယင်းချုံမှာ ဝေါယာဉ်အေး၌ဒူးထောက်ထိုင်ကာ အမတ်ကြီးအား ဂါရဝပြုသည်။

"အမတ်ကြီးဟာ ကျွန်တော့်အသက်သခင် ကျေးဇူးရှင်ပါ၊ အခုကျွန်တော်...."

အမတ်ကြီးက ဖြတ်၍မေးမြန်းလေ၏။

"မောင်ရင် အခု သွားတော့မလို့လား၊ တရုတ်တွေကြားထဲမှာ ကိုယ်ယောင်ဖျောက်နိုင်တာမှန်ပေမယ့် သူတို့မောင်ရင့်ကို တစ်ချိန်မတွေ့ တစ်ချိန်တွေ့ကြမှာပဲ၊ အဲဒီအခါမှာ တိုက်ဟယ်ခိုက်ဟယ် ဖြစ်ကြဦးမယ်"

"ကျွန်တော့်အဖို့ ဒီကြားထဲကလွတ်အောင်ကြိုးစားရတော့မှာပဲ၊ တခြားနည်းလမ်းမှမရှိတော့တာ"

"ကိစ္စမရှိပါဘူး မင်းကျုပ်ကိုယုံရင် ကျုပ်ရဲ့ဝေါထဲက **လိုက်ခဲ့**ပေါ့၊ မြောက်ဘက်မြို့တံခါးကပဲ အပြင်ထွက်မယ်၊ အပြင်**ရောက်ရင်** မင်းလွတ်မြောက်ပြီပေါ့"

လျှံယင်းချုံ ခေတ္တမျှစဉ်းစား၏။

"အမတ်ကြီးကို ကျွန်တော် မယုံစရာမရှိပါဘူး၊ အဲ- အဲ- မယုံနိုင်ဘဲဖြစ်ရတဲ့အချက်ကတော့ အမတ်ကြီးဟာ မန်ချူး- မန်ချူးဖြစ်နေ

လျက်နဲ့ ...."

အမတ်ကြီးက တဟားဟားရယ်ပြီးလက်ကာပြသည်။

"ဒါတွေ ခုပြောစရာမလိုသေးပါဘူး၊ အခု ကျုပ်သွားတော့မယ်၊ လိုက်မလား၊ နေခဲ့မလား၊ ဒါပဲပြောပေတော့"

လှံ့ယင်းချုံအနေဖြင့် အခြားစကားပြောရန်မလိုတော့ပေ။

"ကောင်းပါပြီ၊ ကျွန်တော်လိုက်ခဲ့ပါမယ်"

အမတ်ကြီးသည် ပန်းပဲဖိုတံခါး၌ရပ်နေသည့် ပန်းပဲဆရာကြီးအား တစ်ချက်လှမ်းကြည့်လိုက်ရာ ပန်းပဲဆရာကြီးသည် ခန္ဓာကိုယ်နှင့်မလိုက်အောင် သွက်လက်လျင်မြန်စွာဖြင့် ချဉ်းကပ်လာလေ၏။

အမတ်ကြီးအား ဦးထောက်ဂါရဝပြုပြီးမေးမြန်းလေသည်။

"အမတ်ကြီးခင်ဗျား- ကျွန်တော် ဘာများအကူအညီပေးရဦးမလဲခင်ဗျာ၊ လိုသမျှအမိန့်ရှိပါ"

အမတ်ကြီးသည် လှံ့ယင်းချုံအားမေးငေါ့ပြပြီး-

"သူ့အတွက် ဓားကောင်းတစ်လက်လောက် ပေးလိုက်စမ်းပါ၊ လောလောဆယ်ဆယ် သူ့မှာ ဓားတစ်လက်လိုနေတယ်"

ပန်းပဲဆရာကြီးသည် အမတ်ကြီးအားဂါရဝပြုပြီးနောက် သူ့ပန်းပဲဖိုအတွင်းသို့ လျင်မြန်စွာလှည့်ဝင်သွားသည်။

မကြာမီပင် သူ ပြန်ထွက်လာ၏။ သူ့လက်ထဲတွင် ဓားအိမ်နှင့်တကွသော ဓားတစ်ချောင်းပါလာ၏။

သူသည် လှံ့ယင်းချုံအား လှမ်းပေးပြီး-

"မောင်ရင်- ဒီဓားဟာ ကျုပ်ဆီမှာ လုပ်ပြီးသမျှဓားတွေထဲမှာတော့ အကောင်းဆုံးဓားပါပဲ"



လှံ့ယင်းချုံက ပန်းပဲဆရာကြီးအား ဂါရဝပြုလိုက်သည်။

"ကျေးဇူးအနန္တပါပဲခင်ဗျာ"

ထိုစဉ် အမတ်ကြီးကဆော်ဩလိုက်လေ၏။

"ကဲ- ကဲ- ကျုပ်တို့ သွားဖို့အချိန်တော်ပြီ၊ မောင်ရင်လဲ ကျုပ်ဝေါ်ပေါ်ကို တက်ပေတော့"

လှံ့ယင်းချုံသည် ဝေါ်ပေါ်သို့တက်လိုက်သည်။ ချက်ချင်းလိုလိုပင် ဝေါနှင့်စစ်သားများ စတင်ခရီးထွက်ကြတော့သည်။

မကြာမီ သူတို့သည် မြောက်ဘက်တံခါးဆီသို့ဆိုက်ရောက်လာကြလေတော့၏။

မြို့စောင့်စစ်သားများသည် အမတ်ကြီး၏စစ်သားများကို တားမြစ်တော့၏။

မြို့စောင့်ဗိုလ်သည် အမတ်ကြီး၏ဝေါယာဉ်ဆီသို့ လျှောက်လာသည်။

အမတ်ကြီးက တင်းတိမ်ကိုဖယ်သည်ဆိုရုံမျှဖယ်ကာ ခေါင်းပြူထွက်ပြီး မေးလိုက်၏။

"ဟေ့- မင်းတို့ ဘာရှာနေကြတာလဲ"

မန်ချူးစစ်ဗိုလ်က အရိုအသေပေးပြီး-

"ကျွန်တော်တို့ တရားခံပြေးတစ်ယောက်ကိုရှာနေတာပါ"

"မနက်ကတည်းက ထွက်ပြေးတဲ့တရားခံလား"

"ဟုတ်ပါတယ် အမတ်ကြီး"

"ခုထိ မမိသေးဘူးလား"

"မမိသေးပါဘူးခင်ဗျာ"

"ရှာကြ- ရှာကြ၊ ကျုပ် ဝေါယာဉ်ကိုကော ရှာကြဦးမလား"

မန်ချူးစစ်ဗိုလ်က ပျာပျာသလဲခေါင်းခါသည်။

"ဟာ- မဟုတ်တာခင်ဗျာ၊ အမတ်ကြီးကို ဒီလိုမစော်ကားရဲပါဘူးခင်ဗျာ"

"ကဲ- ဒါဖြင့် ကျုပ်သွားတော့မယ်၊ **အားလုံး ဂရုစိုက်အလုပ်**လုပ်ကြ"

"အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်ခင်ဗျာ"

ဝေါယာဉ် စတင်ထွက်ခွာတော့သည်။

အမတ်ကြီး၏စစ်သားများသည် ညီညာဖြောင့်တန်းစွာဖြင့် မြောက်ဘက်မုခ်တံခါးကို ကျော်ဖြတ်သွားကြ၏။

ဝေါယာဉ်ထဲမှလျှံယင်းချုံသည် ရင်တထိတ်ထိတ်လိုက်ပါသွားရသည်။

မြို့တံခါးအပြင်သို့ ကျွတ်ကျွတ်လွတ်လွတ်ရောက်သောအခါမှ လျှံယင်းချုံသည် ဟင်းခနဲသက်ပြင်းရှည်ကြီး ချမိတော့သည်။

စစ်သားများနှင့်ဝေါယာဉ်များသည် ဣန္ဒြေမပျက်ပင် ချီတက်သွားကြသည်။

အချိန်ရင့်လာသည်နှင့်အမျှ ဝေါယာဉ်သည် မြို့စောင့်စစ်သားများ၏အမြင်၌ မှုန်မှိုင်းဝိုးဝါးသွားသည်။ နောက်ဆုံး လုံးဝပျောက်သွားလေတော့၏။

✿

# မဟာ

## တစ်ခါကယ်ဖူး သူ့ကျေးဇူး

ထင်းရှူးတောကြီးသည် ထူထပ်နက်ရှိုင်းစွာပေါက်နေသည်။ နေပြောက်ပင် မထိုးနိုင်ချေ။

ထိုထင်းရှူးတောစပ်သို့ ဝေါယာဉ်နှင့်မန်ချူးစစ်သားများ ရောက်ရှိလာကြသည်။

မန်ချူးစစ်သားများသည် ဝေါယာဉ်ကိုချကာ ယာယီတဲစခန်းများထိုးကြသည်။

အမတ်ကြီးအတွက် သင့်တင့်သောတဲတစ်လုံးကို အလျင်ဦးစွာဆောက်လုပ်ကြသည်။

လျှံယင်းချုံသည် အမတ်ကြီးကို မည်သည့်စကားမျှမပြောဘဲ အခြေအနေကိုစောင့်ကြည့်နေ၏။

ယာယီတဲပြီးစီးသောအခါ အမတ်ကြီးသည် ယာယီတဲအတွင်းသို့ဝင်၏။

လျှံယင်းချုံကိုလည်း လှမ်းခေါ်သည်။

စစ်သားများက အမတ်ကြီးနှင့်လျှံယင်းချုံတို့အတွက် သင့်တင့်မျှတသောရိက္ခာခြောက်များကို ရှိသေစွာလာပေးသည်။

အမတ်ကြီးက-

"စားပါမောင်ရင်- ဒီလို တောထဲတောင်ထဲမှာတော့ ဒီလိုရိက္ခာခြောက်ဟာ အကောင်းဆုံးအစားအစာပါပဲ"

လျှံယင်းချုံမှာ လွန်စွာအားနာသွား၏။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ သုံးလေးရက် အစားမစားဘဲနေနိုင်ပါတယ်"

"ဟား- ဟား- ဟား- ကျုပ်တို့ကတော့ မနေနိုင်ဘူးကွယ့်၊ ကဲ- ကဲ- နေနိုင်တာ မနေနိုင်တာ အသာထားပြီး ကျုပ်ပေးတာကို စားလိုက်ပါဦး"

အမတ်ကြီးက ရယ်ရယ်မောမောပြောပြီး စားသောက်နေသဖြင့် လျှံယင်းချုံလည်းမငြင်းသာတော့ဘဲ စားသောက်လိုက်ရတော့သည်။

လျှံယင်းချုံသည် စစ်သားများထံမှရေကို သွားရောက်ယူငင်ကာ အမတ်ကြီးအား ရိုသေစွာပေးလေ၏။

အမတ်ကြီးသည် ရေသောက်ရင်း လျှံယင်းချုံ၏လည်ပင်းမှဆွဲကြိုးပြားကလေးကို ရုတ်တရက်မြင်လိုက်ရပြီး မျက်လုံးများပြူးကျယ်သွားလေသည်။

အမတ်ကြီးသည် ရေဘူးကို အောက်သို့အသာချလိုက်ပြီးမေးလိုက်၏။

"မောင်ရင့်လည်ပင်းက လည်ဆွဲပြားဟာ ဘယ်သူ့လည်ဆွဲပြားလဲ"

လျှံယင်းချုံသည် ရုတ်တရက် သူ့လည်ဆွဲပြားကို ဆုပ်ကိုင်မိလေ၏။

"ခင်ဗျာ- လည်ဆွဲပြားဟုတ်လား"

"ဟုတ်တယ်- အခု မင်းကိုင်ထားတဲ့လည်ဆွဲပြားလေ"

"ဒီလည်ဆွဲက ငယ်ငယ်တုန်းက မွေးနေ့ပွဲလုပ်တုန်းက လက်ဆောင်ရထားတဲ့လည်ဆွဲပါ ခင်ဗျာ"

အမတ်ကြီးက ပြုံးလိုက်၏။ သူ ပြုံးခြင်းမှာ မဆန်းပါ။ ဤလည်ဆွဲသည် တစ်ချိန်က သူပိုင်လည်ဆွဲဖြစ်ပါသည်။

သူ့မိတ်ဆွေတစ်ယောက်၏သား မွေးနေ့တွင် သူက လက်ဆောင်ပေးခဲ့ခြင်းဖြစ်ပါသည်။

အမတ်ကြီးသည် လျှံယင်းချုံ၏သွင်ပြင်လက္ခဏာကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် သူ့နားထင်စပ်ကို လက်မဖြင့်စမ်းသပ်ပြီးနောက် ဆွဲခွာလိုက်၏။

မျက်နှာတုသည် ပြေခနဲကွာထွက်သွားသည်။

ထိုအခါ အလွန်တရာခန့်ညားရည်မွန်သော ဟန်တရုတ်ကြီးတစ်ယောက်၏မျက်နှာသည် ပီပြင်စွာထွက်ပေါ်လာသည်။

အသက်ကား ခြောက်ဆယ်ခန့်ရှိနေလေပြီ။

"ဟာ- အမတ်ကြီး- အမတ်ကြီး-"

လျှံယင်းချုံက အထိတ်တလန့်ရေရွတ်လေ၏။ အမတ်ကြီးကပြုံးသည်။

"ဟုတ်တယ် အမတ်ကြီးပါပဲ၊ တကယ်တော့ ငါဟာ သာမန်မန်ချူးအမတ်ကြီးမဟုတ်ပါဘူး၊ ဟန်တရုတ်အမတ်ကြီးပါ၊ အကြောင်းရှိလို့ရုပ်ဖျက်ပြီး မန်ချူးဩဇာလွှမ်းမိုးတဲ့နယ်ထဲကို ဖြတ်သန်းနေရတာပါ၊ ကဲ- မင်းကို ငါဘာကြောင့်ကယ်တင်ရတယ်ဆိုတာ ရှင်းပြဖို့ လိုသေးသလား"

လျှံယင်းချုံသည် ဒူးထောက်လျက် အကြိမ်ကြိမ်ဂါရဝပြုမိလေတော့၏။

အမတ်ကြီးက-

"ငါ့စစ်သားတွေအားလုံးလဲ ဟန်တရုတ်တွေချည်းပါပဲ၊ သူတို့အားလုံးလဲ ရုပ်ဖျက်ပေးထားရတာပါပဲ"

လျှံယင်းချုံသည် တဲနှင့်မနီးမဝေးတွင် စခန်းချထားသော စစ်သားများကို အကဲခတ်လိုက်သည်။

အားလုံး ဟန်တရုတ်များချည်းသာဖြစ်သည်။ သူတို့၏မျက်နှာဖုံးစွပ်များကို ခွာချလိုက်ပြီးကြလေပြီ။

"ငါ့နာမည်ကစုဘူးဝှက်ပဲ၊ တောင်ပိုင်း တရုတ်ပြည်က အမတ်ကြီးတစ်ပါးပါပဲ"

လျှံယင်းချုံက ဂါရဝပြုပြီး-

"ကျွန်တော့်နာမည်က လျှံယင်းချုံပါ"

အမတ်ကြီးသည် လျှံယင်းချုံ၏ဖခင်အကြောင်း မမေးမြန်းတော့ပါ။ လျှံယင်းချုံ၏ဖခင်သည် အမျိုးကိုအလွန်ချစ်သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သူသိထားပြီးလေပြီ။

"မင်း ဘယ်လိုအဖမ်းခံရတာလဲ"



လျှံယင်းချုံ၏မျက်နှာတွင် ကြေကွဲမှုများပေါ်လာသည်။ သို့သော် ထိုကြေကွဲမှုများသည် တဒင်္ဂသာဖြစ်သည်။ ထိုကြေကွဲမှုများအစား ဒေါသများက အစားထိုးဝင်လာလေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချသည်။

"ကျွန်တော် အဖမ်းခံရတာက ဒီလိုပါအမတ်ကြီး"

✿

လျှံယင်းချုံနှင့် ဝေဝေတို့သည် စီမင်းမြို့ကလေးသို့ ဆိုက်ရောက်လာသည်။

စီမင်းမြို့ကလေးတွင် တည်းခိုခန်းများ၊ အရက်ဆိုင်များ၊ အသင့်အတင့်ရှိသည်။ ခရီးဝေးလာရောက်သူများအနေဖြင့် တည်းခိုရန်အခက်အခဲရှိလှသည် မဟုတ်ချေ။

သူတို့သည် ကြောင်နက်အမည်ရှိသော ဆိုင်တစ်ဆိုင်သို့ ဝင်ကြလေ၏။

အလွန်ဆာလောင်နေကြသဖြင့် စားကောင်းသောက်ဖွယ်များကို မှာယူစားသောက်ကြသည်။

လျှံယင်းချုံနှင့်ဝေဝေတို့သည် ဖျားရည်ဆမ်းခရီးထွက်ကြသည့် ကြင်စဦးဇနီးမောင်နှံနှယ် လွန်စွာကြည်နူးပျော်ရွှင်နေကြ၏။

သူတို့ပျော်ရွှင်ကြည်နူးမှုမှာ တာရှည်မခံချေ။ မကြာမီပင် ပြိုကွဲသွားခဲ့ရသည်။

ပြိုကွဲစေသည့်အကြောင်းကား ....

ကြောင်နက်စားသောက်ဆိုင်အတွင်းသို့ လူတစ်စုဝင်ရောက်လာကြသည်။

ထိုလူစုကား မန်ချူးစစ်သားများဖြစ်သည်။

မန်ချူးစစ်သားများကိုဦးဆောင်လာသူမှာ အသက်သုံးဆယ်ခန့်ရှိသော ဟန်တရုတ်တစ်ယောက်ဖြစ်လေ၏။

သို့သော် သူသည် မန်ချူးအရာရှိအဆောင်အယောင်များကို ပြည့်စုံစွာဝတ်ဆင်ထားသည်။

ဟန်တရုတ်များသည် ထိုလူများကို မန်ချူးနောက်လိုက် ခွေးများဟု ကွယ်ရာတွင်ခေါ်ကြ၏။

နှုတ်ခမ်းမွေးစစနှင့် မန်ချူးနောက်လိုက်ခွေးသည် မန်ချူးများနောက်မလိုက်ဘဲ မန်ချူးများကိုဦးဆောင်ခေါ်ငင်ကာ ကြောင်နက်စားသောက်ဆိုင်ထဲသို့ ဝင်လာတော့သည်။

ထိုနောက်လိုက်ခွေး၏အမည်မှာ 'စီးတိန့်ကု'ဖြစ်သည်။

စီးတိန့်ကုသည် ရုပ်ရည်နှင့်လိုက်ဖက်အောင် ကောက်ကျစ်သူဖြစ်ပေသည်။

ဟန်တရုတ်များကို အမျိုးမျိုးဒုက္ခပေးနေသည့် အသားထဲကလောက်ကောင်ဖြစ်သည်။

မန်ချူးများသည် လွတ်နေသည့်စားပွဲကုလားထိုင်များ၌ ဝင်ထိုင်လိုက်ကြသည်။



စီးတန့်ကုကား ချက်ချင်း ဝင်မထိုင်ပေ။ ဆိုင်ထဲသို့ မျက်လုံးဝင့်ကြည့်လိုက်သည်။

သူ့မျက်လုံးများသည် ချက်ချင်းပင် ဝေဝေ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

သားကောင်ကိုမြင်သော်ကျား၏ မျက်လုံးများသည် အရောင်တပြောင်ပြောင်ဝင်းလက်လာသကဲ့သို့ စီးတိန့်ကု၏မျက်လုံးများလည်း ဝင်းလက်တောက်ပြောင်လာသည်။

သူသည် ဝေဝေ့ကိုမြင်မြင်ချင်းသဘောကျသည်။ သူ့မျက်နှာ၌ တဏှာရာဂနှင့်ယှဉ်သောအပြုံးတစ်ခုပေါ်လာသည်။

သို့သော် သူ့မျက်လုံးများသည် ချက်ချင်းလိုလိုပင် လျှံယင်းချျ၏မျက်နှာပေါ်သို့ ရောက်ရှိသွားပြန်သည်။

စီးတိန့်ကု၏နဖူးကြောများ ရှုံ့တက်သွားသည်။ သူသည် တစ်စုံတစ်ခုကို ကြံစည်နေသည်။

မကြာမီ အကြံဉာဏ်တစ်ခုရသွားသည့်အလား ကောက်ကျစ်သောအပြုံးတစ်ခုကို ပြုံးလေတော့သည်။

သူသည် လျှံယင်းချျနှင့်ဝေဝေတို့ ထိုင်နေသည့်စားပွဲနှင့် မလှမ်းမကမ်းစားပွဲတွင် ဝင်ထိုင်သည်။ သူ့နေရာမှကြည့်လျှင် ဝေဝေနှင့် မျက်နှာချင်းဆိုင် မြင်နိုင်ပေသည်။

ဝေဝေမှာမူ စီးတိန့်ကု၏စားမတတ်ဝါးမတတ်ကြည့်နေသောအကြည့်ကြောင့် မျက်လွှာချခေါင်းငုံ့သွားလေသည်။

လျှံယင်းချျသည် ဝေဝေ၏မျက်နှာအမူအရာကို ချက်ချင်းရိပ်မိလိုက်သည်။

"ညီမ ဘာဖြစ်လို့လဲ"

"ဘာ- ဘာမှမဖြစ်ပါဘူး"

လျှံယင်းချိုု လူအ,မဟုတ်ပါ။ လှည့်ကြည့်လိုက်သည်။ ဘီလူးသတက်ကဲ့သို့ စားမတတ်ဝါးမတတ်ကြည့်နေသည့် စီးတိန့်ကုအား မြင်သောအခါ ထောင်းခနဲဒေါသထွက်သွားသည်။

လျှံယင်းချိုုက ဒေါသကိုထိန်း၍မေးလိုက်သည်။

"ညီမ အဲဒီလူကိုသိသလား"

"မသိဘူး- လူစိမ်းပဲ၊ ကြည့်ရတာ မန်ချူးနောက်လိုက်ခွေးပဲဖြစ်မယ်"

"အင်း- အဲဒီခွေးတွေ သိပ်သောင်းကျန်းလာတာ ခက်တယ်၊ ဒီခွေးတွေကို များများသတ်ပစ်မှဖြစ်မယ်"

စီးတိန့်ကုသည် လျှံယင်းချိုု၏စကားများကို မကြားပါ။ ဝေဝေ့ကိုသာ ပိုင်ဆိုင်လိုစိတ်ဖြစ်ပေါ်နေသည်။ ကာမမီးလျှံများ တရှိန်ရှိန်ထနေသည်။

သူစိတ်ဝင်စားနေသည့်မိန်းကလေးနှင့် တစ်စားပွဲတည်း ထိုင်နေသည့်လူငယ်သည် ထိုမိန်းကလေးနှင့် တစ်စုံတစ်ရာပတ်သက်သူဖြစ်ကြောင်း သူရိပ်မိသိရှိပေသည်။

ထို့ကြောင့် ထိုလူငယ်အား ပထုတ်ပစ်ရန်စိတ်ကူးနေသည်။

မကြာမီ အကြံတစ်ခုရသွားသည်။ စားပွဲမှထကာ သူ့နောက်လိုက်မန်ချူးစစ်သားများဆီသို့လျှောက်သွားပြီး တီးတိုးပြောသည်။

မန်ချူးစစ်သားများကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကြလေသည်။



ထို့နောက် စီးတိန့်ကုသည် စပ်ဖြဲဖြဲနှင့် သူ့စားပွဲတွင်ပြန်ထိုင်သည်။

ဝေဝေသည် စိတ်အနှောင့်အယှက်ဖြစ်နေသဖြင့် စောစောက လို ပျော်ပျော်ရွှင်ရွှင်စားသောက်နိုင်ခြင်း မရှိတော့ချေ။

ထိုစဉ် မန်ချူးစစ်သားတစ်ယောက်သည် ဒယီးဒယိုင်ထကာ လျှံယင်းချိုုတို့စားပွဲဆီသို့ လျှောက်လာတော့သည်။

"ဟင်- ဒီကောင်စုတ်က ပန်းကလေးလိုလှတဲ့မိန်းကလေးကို မှတ်လို့ပါလားကွဟေ- မတန်မရာပါလား"

လျှံယင်းချိုု၏မျက်လုံးများ မီးကျီးခဲကဲ့သို့ တရဲရဲတောက်ပလာလေသည်။

ဝေဝေက လျှံယင်းချိုု၏လက်ကိုဖိကိုင်ကာ သတိပေးသည်။

"အစ်ကို စိတ်မဆိုးနဲ့၊ သူတို့ တမင်တကာထလာပြီး ရန်စနေကြတာ"

ထိုစဉ် နောက်ထပ်မန်ချူးစစ်သားတစ်ယောက်က ထရပ်လာပြန်လေသည်။

"အမယ်- မင်းက မိန်းမလှလေးရှေ့မှာမို့ အစွမ်းပြချင်နေသေးလို့လား၊ အလကား သွေးမရှိတဲ့ကောင်တွေ၊ သတ္တိမရှိဘဲနဲ့လူစွာလုပ်ချင်သေးတယ်"

ပထမမန်ချူးက-

"ဒီပန်းလိုလှတဲ့မိန်းကလေးက မင်းလို အနုတ်စုတ်ဂုတ်စုတ်နဲ့ မတန်ဘူးကွ၊ ငါတို့အရာရှိနဲ့မှလိုက်လျောညီထွေရှိတာကွ"

လျှံယင်းချိုု၏မျက်နှာမှာ ရဲရဲနီလာလေတော့သည်။

ထိုစဉ် စီးတိန့်ကုက ဝေဝေ့အားလှမ်းခေါ် လေသည်။

"ညီမ- ဒီစားပွဲကိုလာခဲ့ပါလား၊ အစ်ကို့စားပွဲက အေးချမ်းပါ တယ်ကွ"

လျှံယင်းချုံ ဝုန်းခနဲထရပ်လိုက်သည်။

"မင်းတို့က..."

လျှံယင်းချုံ စကားကို ဆုံးအောင်ပြောနိုင်ပါ။ ဝေဝေက အ တင်းဆွဲထိုင်ခိုင်းသဖြင့် လျှံယင်းချုံပြန်ထိုင်ကျသွားသည်။

စီးတိန့်ကုက လျှံယင်းချုံကိုကြည့်ကာသဘောကျနေလေ၏၊ လျှံယင်းချုံ ဒေါသထွက်လေလေ သူ့အတွက် ကောင်းလေလေပင် မဟုတ်ပါလား။

ခိုက်ရန်ဖြစ်ပွါးသည်နှင့် သူသည် လျှံယင်းချုံကိုဖမ်းဆီးနိုင်ပေ တော့မည်။

စီးတိန့်ကုသည် အရက်ခွက်ကိုကိုင်ကာ လျှံယင်းချုံတို့၏ စားပွဲဆီသို့လျှောက်လာသည်။

သူက လျှံယင်းချုံကိုမောက်မာစွာပြောသည်။

"ဟေ့ကောင်- ဒီစားပွဲကနေ ဖယ်ပေးစမ်း၊ ငါဒီမိန်းကလေးနဲ့ ဆွေးနွေးစရာရှိသကွ"

ဝေဝေသည် လျှံယင်းချုံ ဒေါသမထိန်းနိုင်ဘဲ တစ္ဆတ်ထိုးလုပ် မည်ကိုစိုးရိမ်သဖြင့် ရှေ့မှထွက်ရပ်လိုက်သည်။

"ရှင်တို့နဲ့ကျွန်မတို့ ဘာမှသိတာလဲ မဟုတ်ဘဲနဲ့၊ ဘယ့်နှယ် လာနှောင့်ယှက်နေကြတာလဲ၊ ကိုယ့်လမ်းကိုယ် သွားကြစမ်းပါ"

စီးတိန့်က သဘောကျစွာရယ်မောလိုက်လေသည်။



"ဟား- ဟား- ဟား- ငါတို့က နှောင့်ယှက်တာမှမဟုတ်တာ ပဲကွာ"

သူကလျှံယင်းချုံဘက်လှည့်ကာ မောက်မာစွာပြောပြန်၏။

"ငါ ဘာကောင်လဲဆိုတာမသိတာ မင်းတို့အတွက် အတော် ဆိုးတဲ့ကိစ္စပဲ"

လျှံယင်းချုံသည် ဝေဝေအား ဘေးသို့ဆွဲဖယ်လိုက်၏။

"ခင်ဗျားဘာကောင်ပဲဖြစ်နေနေ ကျုပ်ဂရုမစိုက်ဘူး၊ တစ်ခုပဲ ရှိတယ်၊ ကျုပ်တို့ကို အကြောင်းမဲ့တော့လာမနှောင့်ယှက်နဲ့"

"မင်းမကြားဖူးဘူးလား၊ စီးတိန့်ကုဆိုတဲ့နာမည်ကို၊ ဒီနာမည် ဟာ ဒီနယ်တစ်လွှားမှာ မကြားဘူးတဲ့သူ မရှိဘူးကွ"

လျှံယင်းချုံသည် စီးတိန့်ကု၏နာမည်ကို မကြားဘူးပေ။

"အေး- စီးတိန့်ကုမကလို့ စီးတိန့်ကုရဲ့အဘပဲဖြစ်ပါစေ၊ ကျုပ် ဂရုမစိုက်ဘူး၊ ကြားလဲမကြားဖူးဘူး"

"ဗွမ်း. . ."

စီးတိန့်ကုသည် သူ့ဒေါသကိုမထိန်းနိုင်တော့သဖြင့် လျှံယင်း ချုံ၏မျက်နှာကို အရက်ဖြင့်လှမ်းပက်လိုက်တော့သည်။

လျှံယင်းချုံမှာ ဒေါသထွက်နေသူဖြစ်၍ လုံးဝရှောင်တိမ်းခြင်း မပြုနိုင်လိုက်ပေ။

သူလှုပ်ရှားမည်ကြံခိုက်တွင် ဝေဝေက နူးညံ့တကြိုးဖြင့် လက် နှစ်ဖက်ဖြင့်သိမ်းပိုက်လိုက်ရာ လျှံယင်းချုံမှာ ရုတ်တရက် အချုပ်ခံ လိုက်ရသလိုဖြစ်သွားသည်။

"ဖြန်း. . ."

စီးတိန်ကုသည် ထိုအခိုက်အတန့်၌ လျှံယင်းချုံအား ပါးရိုက်လိုက်သည်။

လျှံယင်းချုံမှာ ဆတ်ဆတ်ခါသွားတော့သည်။ ဝေဝေအားတွန်းဖယ်လိုက်ပြီး လျှပ်တစ်ပြက် လေဝှေ့လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

"ဝုန်း"

**စီးတန်ကု**သည် သိုင်းသမားတစ်ယောက်ဖြစ်သည်။

**သာမန်အ**ချိန်များ၌ဆိုလျှင် လျှံယင်းချုံ၏လက်သီးမျိုးကို **တောင်းရှာရှောင်**နိုင်ပေသည်။

**ယခုမူ** စိတ်ကြိုက်အရက်နှင့်ပက်ရခြင်း၊ စိတ်ကြိုက် ပါးရိုက်**ရခြင်းတို့ကြောင့်** သူ့**တို့ လျှံယင်းချုံ၏**အစွမ်းကို လျှော့တွက်ကာ သတိ**လက်လွှတ်နေနေမိသည်။**

ထိုအခိုက်အတန့်တွင် **လျှံယင်းချုံ၏**လက်သီးတစ်လုံး ပြေးလာသည့်အခါတွင် သူ မရှောင်တိမ်းနိုင်တော့ပေ။

လက်သီးမှာပြင်းထန်လှသဖြင့် စီးတိန့်ကုမှာ တလိမ့်ခေါက်ကွေးလွင့်စဉ်သွားရှာသည်။

ဆိုင်ပိုင်ရှင်မှာ အကြီးအကျယ်မျက်နှာပျက်နေသည်။

သူ့ဆိုင်ထဲမှ ပစ္စည်းများ ကျိုးပဲ့ပျက်စီးကုန်တော့မည် မဟုတ်ပါလား။

**မကြာမီ** စီးတိန့်ကုနှင့်လျှံယင်းချုံတို့ အပြန်အလှန်တိုက်ခိုက်**ကြတော့သည်။**

**လျှံယင်းချုံ**သည် ပထမတွင် စီးတိန့်ကုကိုအထင်သေးသည်။



မန်ချူးတို့၏အာဏာဖြင့် ဗလာချီမောက်ကြွနေသူဟု ထင်ခဲ့မိသည်။

လက်တွေ့တိုက်ခိုက်မှ သူအထင်မှားသွားကြောင်းသိရတော့သည်။ စီးတိန့်ကု၏သိုင်းပညာမှာ အတော်ကောင်းမွန်သည်။

သည်ကြားထဲ မန်ချူးစစ်သားခြောက်ယောက်ပါ စီးတိန့်ကုဘက်မှဝင်တိုက်သဖြင့် လျှံယင်းချုံမှာ အကြီးအကျယ်ခုခံတာကွယ်နေရတော့သည်။

မန်ချူးစစ်သားများသည်လည်း စစ်သား**မည်ကာမတ္တ** မဟုတ်ကြချေ။

သိုင်းပညာ အတိုက်အလျော်**တတ်သူ**များ ဖြစ်နေပြန်သဖြင့် လျှံယင်းချုံအဖို့ ဒုက္ခရောက်လာ**သည်။**

အချိန်ကြာလာသည်နှင့်အမျှ **လျှံယင်းချုံ** လက်ပန်းကျလာသည်။

"မင်း သိုင်းသမားကောင်းမဟုတ်**ဘူးကွ**"

လျှံယင်းချုံက တိုက်ခိုက်ရင်း**အော်သည်။**

"ဟား- ဟား- ဟား- မင်းက ဘယ်**လိုများ** စစ်တမ်းထုတ်ထားလို့လဲကွ"

စီးတိန့်ကုက အော်ဟစ်ရယ်မောပြီးမေးသည်။

"အများနဲ့တစ်ယောက်တိုက်တာ တရားတဲ့တိုက်ပွဲလို့ ဘယ်သူကပြောသလဲ"

"ဟား- ဟား- ဟား- အခု မင်းကြောက်နေပြီ မဟုတ်လား။ ငါတို့ အများနဲ့တိုက်မယ်ဆိုတာ မင်းစောစောတည်းက သိဖို့ကောင်း

တယ်၊ ငါ့ကိုအခံချင်တဲ့ကောင် အသေသတ်ပစ်မယ်"

လျှံယင်းချံသည် အံကြိတ်၍ခုခံရတော့သည်။ တကယ်တမ်း အများနှင့်တိုက်ရသောအခါ သူရဲကောင်းစိတ်ရှိသူလည်း မခံနိုင်ပါ၊

ကိုယ့်ကိုယ်ကိုသတ်သေရုံမှတစ်ပါး အခြားနည်းလမ်းမရှိနိုင်တော့ပါ။

မန်ချူးများကိုလှည့်၍ခုခံနေခိုက် စီးတိန့်ကုသည် လျှံယင်းချံ၏လွတ်နေသောကျောပြင်ကို အားပါပါရိုက်ချပစ်လိုက်သည်။

"ဝုန်း-"

"အား-"

လျှံယင်းချံပစ်လဲကျသွားသည်။

လျှံယင်းချံသည် စားပွဲစွန်းတစ်ခုကိုကိုင်၍ ထရန်ကြိုးစားသည်။

"ဖြောင်း-"

မန်ချူးစစ်သားတစ်ယောက်က လျှံယင်းချံအား တစ်စုံတစ်ခုဖြင့် ထပ်မံရိုက်ချလိုက်သဖြင့် လျှံယင်းချံမှာ အမှောင်တိုက်ကြီးဖုံးလွှမ်းသွားရာတော့သည်။

သူသတိရသောအခါ စီမင်းမြို့ထဲ၌မဟုတ်တော့ဘဲ နိုင်ဖုန်းမြို့ထဲသို့ရောက်နေကြောင်း တွေ့လိုက်ရလေတော့သည်။

❖



လျှံယင်းချံ သက်ပြင်းချလိုက်သည်။

"နောက်တစ်နေ့မှာ ကျွန်တော့်ကို အချုပ်ခန်းထဲကခေါ်ထုတ်ပြီး မြို့ပြင်ကိုဆွဲခေါ်လာတာပဲ၊ လူသတ်ကုန်းမှာ အခွင့်အရေးရတုန်း ခြုန်းဆို ကျွန်တော်လွတ်ပြေးလာရာက အမတ်ကြီးနဲ့ တွေ့တာပါပဲ၊ အခုနောက်ပိုင်း ကြုံတွေ့ရတာတွေကတော့ အမတ်ကြီးသိတဲ့အတိုင်းပါပဲ"

လျှံယင်းချံသည် သူ့အဖြစ်အပျက်များကို မကွယ်မဝှက်ဘဲ အမှန်အတိုင်း ပြောပြလိုက်တော့သည်။

အမတ်ကြီးစုဘူးဝှက်သည် သက်ပြင်းချသည်။ အမတ်ကြီး၏မျက်နှာပေါ်၌ စိတ်မကောင်းသည့်အမူအရာများ အထင်းသားပေါ်နေ၏။

လျှံယင်းချံသက်ပြင်းချပြီး-

"အမတ်ကြီး ကျွန်တော့်ကိုခွင့်ပြုပါတော့၊ အမတ်ကြီးရဲ့ကျေးဇူးကို တစ်သက်မမေ့တော့ပါဘူး၊ အမတ်ကြီးဟာ ကျွန်တော့်အသက်သခင်ပါ"

အမတ်ကြီးက-

"ခု မင်းဘယ်ကိုသွားမှာလဲ"

"ဝေဝေ့ကိုလိုက်ရှာရဦးမယ်"

"ဝေဝေက ဘယ်မှာမို့လို့လဲ၊ သူရှိတဲ့နေရာ မင်းသိလို့ လား"

လျှံယင်းချံကခေါင်းခါလိုက်၏။

"သူဘယ်မှာလဲဆိုတာ ကျွန်တော်မသိပါဘူး၊ ကျွန်တော့်ခန့်မှန်းချက်ကိုယ် စီမင်းကနေ နိုင်ဖုန်းကို ဘယ်လိုရောက်သွားတယ်ဆိုတာ

မသိလိုက်ရပါဘူး"

"ဝေဝေ ဘယ်မှာမှန်းမသိဘဲ မင်းဘယ်လိုရှာမလဲ၊ တရုတ်ပြည်ကြီးက အကျယ်ကြီးပဲ"

လျှံယင်းချိုက မချိုပြုံးပြုံးလိုက်သည်။

"သူ ဘယ်ကိုပဲရောက်နေပါစေဗျာ၊ မတွေ့ တွေ့အောင် ကျွန်တော်ရှာပါ့မယ်၊ သူဟာ ကျွန်တော့်ကိုအားကိုးပြီးလိုက်လာတာပါ၊ ခု သူဒုက္ခရောက်နေပြီ၊ သူ့ကိုမရရအောင် ကျွန်တော်ကယ်ပါမယ်"

အမတ်ကြီးက သက်ပြင်းချသည်။

လျှံယင်းချိုအား ကရုဏာသက်သောအကြည့်ဖြင့် ကြည့်ကာ ညင်သာစွာပြောလေသည်။

"ကျုပ် စကားတစ်ခွန်းလောက်ပြောလိုက်ပါရစေ"

"ဟုတ်ကဲ့- ပြောပါခင်ဗျာ"

"ဝေဝေ့ကိုရှာဖို့ဆိုတာ အတော်ခက်ခဲတဲ့ကိစ္စပါ၊ မတွေ့ဘူးလို့ မဆိုလိုပါဘူး၊ တွေ့ကောင်းတွေ့နိုင်ပါတယ်၊ ဒါပေမယ့် တွေ့ဖို့ ရာနိုင်နှုန်း အလွန်ပဲနည်းပါတယ်၊ အဲဒီမှာအချိန်ကုန်မယ့်အစား ကျုပ်ဆီမှာ အမှုထမ်းပြီး တိုင်းပြည်အကျိုးကိုဆောင်ရွက်ပါလား"

လျှံယင်းချိုခေါင်းငုံ့နေသည်။ သူသည် တိုင်းပြည်ကို မချစ်မဟုတ်ပါ။ ချစ်ပါသည်။

သို့သော် ယခု သူ့ခေါင်းထဲ ချစ်သူဝေဝေကိုရှာရန်ကိစ္စသာ တစီစီပြည်နေပါသည်။ ချစ်သူဝေဝေကို မရှာ၍မဖြစ်ပါ။

လျှံယင်းချို ခေါင်းငုံ့နေသည်ကို ကြည့်ပြီး အမတ်ကြီး သက်ပြင်းချပြန်သည်။



"အင်း- မင်းကို အခုလိုတားတာ နည်းနည်းတော့ မတရားသလိုဖြစ်သွားတယ်၊ မင်းဟာငယ်သေးတယ်၊ မင်းချစ်သူအတွက် အများကြီးပူပန်နေမယ်ဆိုတာ ငါတွေးဖို့ကောင်းပါတယ်၊ ကဲ- ကဲ- မင်းရှာလိုတဲ့ကိစ္စကိုရှာပါတော့၊ တစ်ခုတော့ရှိပါတယ်၊ မင်းရဲ့ဝေဝေကို မတွေ့ရင် ငါ့ဆီပြန်လာပြီးအမှုထမ်းပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

လျှံယင်းချို ဘာမျှမပြောပါ။

ခေါင်းငိုက်စိုက်ချပြီးသာ ငိုင်နေပါသည်။

အတန်ကြာမှ လျှံယင်းချိုသည် အမတ်ကြီးစုဘူးဝှက်ကို ဦးခိုက်ဂါရဝပြုလိုက်သည်။

"အမတ်ကြီးအပေါ် အစောပိုင်းကာလက နိုင်းနိုင်းစိုင်းစိုင်း ဆက်ဆံမိတဲ့အပြစ်တွေကို ခွင့်လွှတ်ပါ၊ ခုနောက်ပိုင်းမှာတော့ အမတ်ကြီးဟာ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ ကျွန်တော့်ကိုယ်တွေ့နဲ့ပဲ သိလိုက်ရပါပြီ၊ ကျွန်တော်အခွင့်သင့်ရင် အမတ်ကြီးဆီကို ပြန်လာခဲ့ပါမယ်ခင်ဗျာ"

လျှံယင်းချို၏အသံမှာ လွန်စွာ နုံးညံ့လှသည်။ အမတ်ကြီး၏ မေတ္တာစေတနာတုံ့ပြန်မှုကို ခံစားခဲ့ရသဖြင့်လည်း မျက်ရည်များ ဝိုင်းလာသည်။

အမတ်ကြီးက ဖြည်းညင်းစွာခေါင်းညိတ်သည်။

"ကျုပ်ဟာ ရန်ချုံမြို့မှာအမြဲတမ်းနေတယ်၊ အဲဒီမြို့မှာ အမတ်ကြီးစုဘူးဝှက်ကို မသိတဲ့လူမရှိဘူး၊ ငါ့ဆီမှာ အမှုထမ်းချင်သည် ဖြစ်စေ၊ မထမ်းချင်သည်ဖြစ်စေ ကြုံရင်တော့ ဝင်ဖြစ်အောင် ဝင်ခဲ့ပါ၊ ငါ့အနေနဲ့ မင်းကို အခြားအကူအညီတွေ ပေးကောင်း ပေးနိုင်ပါ

လိမ့်မယ်"

အမတ်ကြီးသည် လျှံယင်းချို၏ဖခင်နှင့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြောင်း ထုတ်မပြောပါ။

"ကဲ- မင်းသွားပေတော့၊ ဒီတောထဲမှာတော့ မန်ချူးခွေးတောင်တွေနဲ့ မတွေ့နိုင်တော့ပါဘူး"

လျှံယင်းချိုသည် ထိုင်ရာမှထလိုက်သည်။ သူ့နောက်ကျောတွင် ပန်းပဲဆရာကြီးပေးလိုက်သည့်ဓားက ရှိနေသည်။

ဓားကိုစမ်းသပ်ကြည့်ပြီး အမတ်ကြီးရှေ့မှထွက်ခွာသွားလေတော့သည်။

✿

## လျှို့ဝှက်တပ်သား

မိုးနဂါးတောင် .....

မိုးနဂါးတောင်ဟုပြောနေကြသည့်တောင်ကြီးသည် တစ်လုံးတည်းသောတောင်မဟုတ်ချေ။

နဂါးကြီးတစ်ကောင်ခွေအိပ်နေသကဲ့သို့ ရှည်လျားသောတောင်တန်းကြီးဖြစ်ပါသည်။

တောင်ကြီးသည် ရှည်လည်း ရှည်လျားသည်၊ မြင့်လည်းမြင့်မောက်သည်။

ထို့ကြောင့် ဤတောင်ကြီးသို့ လူသူအရောက်အပေါက်နည်းပါးခဲ့ခြင်းဖြစ်ပေသည်။

နဂါးကြီးတစ်ကောင်ကဲ့သို့ ရှည်လျားခြင်း၊ မိုးထိတော့မည့်အလား မြင့်မောက်နေခြင်းတို့ကြောင့် ဤတောင်တန်းကြီးကို မိုးနဂါးတောင်ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

မိုးနဂါးတောင်သည် သဘာဝအလှရတနာတစ်ပါးဖြစ်သည်။

သို့သော် ခရီးလမ်းပန်းခက်ခဲကြမ်းတမ်းခြင်းကြောင့် မုဆိုး

များ၊ သစ်ခုတ်သမားများမှအပ မိုးနဂါးတောင်၏အလှအပကို မခံစားနိုင်ကြချေ။

ထို့ပြင် မိုးနဂါးတောင်၏**ထူးခြားချက်**တစ်ခု ရှိနေပေသေးသည်။

ထိုထူးခြားချက်မှာ **သဘာဝထူးခြားချက်** မဟုတ်ချေ။ လူတို့ကြောင့်ဖြစ်ပေါ်လာသည့် **ထူးခြားချက်ဖြစ်**တော့သည်။

ထူးခြားချက်ကား **မိုးနဂါးတောင်** ပတ်ဝန်းကျင်ဒေသတစ်ခုလုံးသည် မန်ချူးဆန့်ကျင်ရေးအင်အားစုများ စုစည်းနေသည့်အချက်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် ....

မန်ချူးဘက်တော်သားများ၊ မန်ချူးတို့၏ သူလျှိုဒလန်များသည် မိုးနဂါးတောင်ပတ်ဝန်းကျင်တွင် ရှိနေကြရပြန်ပေသည်။

မန်ချူးတို့သည် တရုတ်ပြည်တောင်ပိုင်းကို ဆက်လက်သိမ်းပိုက်ရန် ကြိုးစားနေကြသူများဖြစ်ရာ တရုတ်ပြည်တောင်ပိုင်းမှမျိုးချစ်အင်အားစုများ၏သတင်းကို ထောက်လှမ်းရမည့်တာဝန်မှာလည်း သူတို့၏ပခုံးပေါ်သို့ အလိုအလျောက်ရောက်ရှိနေလေတော့သည်။

မန်ချူးတို့၏ပဉ္စမတပ်**သားများသည်** မိုးနဂါးတောင်တန်း၌ အလျှိုလျှိုပေါ်ထွန်းနေသည့် မျိုး**ချစ်အင်အားစုများကို လျှို့ဝှက်**တိုက်ခိုက်ရန် ကြိုးစားခဲ့ကြဖူးသည်။

**မျိုးချစ်တပ်သားများ၏**စခန်းများကိုကား မတွေ့။ **သူတို့**သည်သာ ပြောက်ကျားတိုက်ခိုက်မှုများနှင့်ဆုံတွေ့ကာ ခွက်ခွက်လန်ရှုံးနိမ့်ခဲ့ကြဖူးလေ၏။



ထိုမှနောက်ပိုင်းတွင် **မန်ချူးများနှင့် မန်ချူး**ဘက်တော်သားများသည် မိုးနဂါးတောင်၏**လျှို့ဝှက်ရာမှုများကိုသာ** စောင့်ကြည့်နေလေတော့သည်။

ကိုယ်ထိလက်ရောက်တိုက်ခိုက်ခြင်းမျိုး မရှိတော့ချေ။

မိုးနဂါးတောင်တွင် အင်အားစုတစ်စုရှိသည်။ ထိုအင်အားစု၏ခေါင်းဆောင်မှာ ဗိုလ်မှူးကြီးကြူးဆိုသူဖြစ်လေသည်။

ထိုဗိုလ်မှူးကြီးကြူးသည် ပြောက်ကျားပရိယာယ်ကောင်းသည်။

မိုးနဂါးတောင်၏ သစ်ပင်နှင့်ကျောက်ဆောင် ထူထပ်မှုကိုကောင်းစွာအသုံးချနိုင်သည်။

သူ စုဆောင်းထားသူများ၏သစ္စာရှိမှုကို အပြည့်အဝခံယူရရှိသည်။

ထို့ကြောင့် မန်ချူးနှင့်မန်**ချူးဘက်တော်သားများ** ဤတောင်၌ ခြေကုပ်မရနိုင်ကြခြင်းဖြစ်**ပေသည်**။

ထို့ပြင် ....

ဗိုလ်မှူးကြီးကြူး၌ **အလွန်**တရာကြီးလေးလှသော တာဝန်ကြီးတစ်ခုရှိနေပေသေးသည်။

ထိုတာဝန်ကို လူတိုင်းသိကြသည်မဟုတ်ပါ။

မန်ချူးများနှင့်တိုက်ခိုက်ခဲ့သော တရုတ်ဧကရာဇ်သည် တိုက်ပွဲတွင်ကျဆုံးခဲ့ရသည်။

ထိုဘုရင်၏သားတော်မှာ ငယ်ရွယ်လှသဖြင့် ထီးနန်းသိမ်းပိုက်ခြင်း မပြုနိုင်ခဲ့ပေ။

ထိုအခြေအနေ၌ ဘုရင့်ဆွေမျိုးတော် မင်းသားတစ်ပါးက ထံ
နန်းကိုအရယူပြီး တောင်ပိုင်းကိုဆက်လက်ထိန်းထားခြင်းဖြစ်သည်၊

တောင်ပိုင်းနှင့် မြောက်ပိုင်းနှစ်ခြမ်းစလုံးမှ တရုတ်များ အလ
ရှိသည့်ဘုရင်မှာ ကျဆုံးသွားသော ဧကရာဇ်၏သားတော်ကလေးဖြ
ပေသည်။

ထိုသားတော်ကလေးကို အရွယ်ရောက်သည်အထိပြုစုပျိ
ထောင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းပြုလုပ်ခဲ့သူမှာ ဗိုလ်မှူးကြီ
ကြူးပင်ဖြစ်သည်။

ဗိုလ်မှူးကြီးကြူး၏တာဝန်သည် ဤမျှမကသေးချေ။ တောင်
ပိုင်းတရုတ်ပြည်၏စည်းလုံးမှုကိုရယူကာ မြောက်ပိုင်းတစ်ခြမ်းလုံး ဟန်
တရုတ်ဘုရင်၏လက်အောက်သို့ ပြန်လည်ရောက်ရှိရေးကို သူ စီစဉ်
ပေးရမည်ဖြစ်သည်။

မြောက်ပိုင်းတစ်ခြမ်းလုံး ပြန်လည်ရရှိရေးအတွက် အဓိက
အရေးကြီးသူမှာ ဘုရင့်သားတော် မင်းသားကလေးပင်ဖြစ်ပါတော့
သည်။

ဗိုလ်မှူးကြီးကြူးသည် ရှုပ်ထွေးနေသော တောင်ပိုင်းအခြေ
အနေကို အားမရချေ။ ထို့ကြောင့် သူ၏ဘုရင့်သားတော်ကို ပွဲမထုတ်
ရဲချေ။

အခြေအနေ စည်းလုံးညီညွတ်ခြင်းမရှိဘဲ ဘုရင့်သားတော်
ကိုပွဲထုတ်မိပါက မန်ချူးသစ္စာဖောက်၊ သူလျှိုဒလန်များ၏လုပ်ကြံခြင်း
ကို ဘုရင့်သားတော်ခံသွားရနိုင်သည်။

ထို့ကြောင့် သူ၏မိုးနဂါးတောင် ပတ်ဝန်းကျင် ကျစ်လျစ်



သိပ်သည်းရေးကိုသာ သူပို၍ဂရုစိုက်နေရတော့သည်။

ဤသည်မှာ ....

ဗိုလ်မှူးကြီးကြူး၏ အမြော်အမြင်ကြီးမှုသာဖြစ်ပါသည်၊

တရုတ်ပြည်တောင်ပိုင်း၏အခြေအနေများကို ဗိုလ်မှူးကြီး
ကြူးသည် သူ့အထောက်တော်များထံမှ အဆက်မပြတ်ရယူလျက်ရှိ၏။

မျိုးချစ်မှူးမတ်ကြီးများရှိသကဲ့သို့ သစ္စာဖောက် အလိုတော်ရိ
မှူးမတ်များရှိနေခြင်း၊ ဘုရင့်သစ္စာခံသိုင်းသမားများရှိသကဲ့သို့ မန်ချူး
သစ္စာခံသိုင်းသမားများရှိနေခြင်းစသည်တို့ဖြင့် ရှုပ်ထွေးနေသည့်
သတင်းများကိုသာအဆက်မပြတ်ရရှိနေသဖြင့် သူသည် ဘုရင့်သား
တော်ကလေးကို တရုတ်ပြည်တောင်ပိုင်းပြည်သူများအလယ်သို့ မပို့ရဲ
အောင်ရှိနေတော့သည်။

❖

မိုးနဂါးတောင်တန်းရှိ လျှို့ဝှက်ဂူစခန်းတစ်ခု....

သဘာဝကျောက်ဂူကို လူတို့၏လက်ဖြင့် ပြုပြင်ထားသဖြင့်
ကျောက်ဂူကြီးသည် နေချင့်စဖွယ်ဖြစ်နေပေသည်။

ထိုဂူထဲ၌ အသက်ခြောက်ဆယ်ခန့်ရှိပြီး သန်မာထွားကျိုင်း
သည့်လူကြီးတစ်ဦးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ထိုအဘိုးအို၏ခါး၌ ဓားရှည်ကြီးတစ်လက်ချိတ်ဆွဲထား၏။

ထိုအဘိုးအို၏နဖူးပြင်ကျယ်ခြင်း၊ မျက်လုံးများတောက်ပ
ခြင်းတို့ကြောင့် သွင်ပြင်လက္ခဏာအားဖြင့် အသိဉာဏ်ကြီးမားသူ

ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

ထိုအဘိုးကိုကား မိုးနဂါးတောင်ရှိ လျှို့ဝှက်အင်အားစုများ၏ခေါင်းဆောင် ဗိုလ်မှူးကြီးကြူးပင်ဖြစ်လေတော့သည်။

ဗိုလ်မှူးကြီးသည် တမင်လမ်းလျှောက်နေခြင်းမဟုတ်ပေ၊ တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေခြင်းသာဖြစ်ပါသည်။ မည်သည့်ကိစ္စ တွေးတောနေခြင်းဖြစ်သည်ကိုမူ မည်သူမျှမသိနိုင်ပါ။

ဗိုလ်မှူးကြီးကြူးနှင့် မလှမ်းမကမ်းကျောက်တုံးတစ်တုံးပေါ်တွင် အသက်နှစ်ဆယ်ခန့်ရှိသောလူငယ်တစ်ဦး ထိုင်နေသည်။

ထိုလူငယ်သည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည်၊ သန့်ပြန့်သောရုပ်ရည်ရှိသည်။

ခါးတွင် ဓားတစ်ချောင်းချိတ်ဆွဲထားပြီး အဝတ်ခါးပတ်တစ်ခုပတ်ထားသည်။

ဗိုလ်မှူးကြီးကြူးသည် စကြံလျှောက်နေရာမှ တန့်ခနဲ ရပ်သွားပြီး ကျောက်စားပွဲတစ်လုံး၌သွားထိုင်နေသည်။

သူသည် ကျောက်စားပွဲပေါ်မှ မင်အိုးကလောင်တံနှင့် စက္ကူများကိုယူပြီး တစ်စုံတစ်ခုကိုရေးခြစ်လေတော့သည်။

သူ စာတစ်စောင်ရေးခြင်းဖြစ်ပါသည်။ ဗိုလ်မှူးကြီးသည် သူရေးပြီးသောစာကို တစ်ခေါက်ပြန်ဖတ်လိုက်သည်။

စိတ်ကျေနပ်လောက်အောင် ဖတ်ပြီးသောအခါမှ ထိုင်နေသည့်လူငယ်အား လှမ်းခေါ်လိုက်သည်။

"မောက်ချမ်း"

ဝတ်စုံဖြူဝတ်ဆင်ထားသောလူငယ်သည် လျှင်မြန်စွာထရပ်လိုက်ပြီး အသင့်အနေအထားဖြင့် ပြောလာမည့်စကားကိုနားခံလိုက်လေသည်။

ထိုအခါ ဗိုလ်မှူးကြီးကြူးက သူ့အား လှမ်းခေါ်လိုက်လေသည်။

"လာဦး"

ဗိုလ်မှူးကြီးကြူးက လှမ်းခေါ်လိုက်သဖြင့် သူသည် အနီးသို့လျှောက်သွားလေသည်။

မောက်ချမ်းသည် လူစိမ်းမဟုတ်ပေ၊ မိုးနဂါးတောင်မျိုးချစ်အင်အားစုထဲမှ တပ်သားတစ်ယောက်ဖြစ်သည်။ ဗိုလ်မှူးကြီး၏ယုံကြည်စိတ်ချရသော ကိုယ်ရံတော်ဖြစ်သည်။

ဗိုလ်မှူးကြီးက-

"မောက်ချမ်း- မင်းကို အရေးကြီးတဲ့တာဝန်တစ်ခုပေးအပ်စရာရှိတယ်"

"ဟုတ်- ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ"

"ဒီတာဝန် သိပ်အရေးကြီးတဲ့အတွက် အသက်နဲ့လဲပြီး ထမ်းဆောင်ရမယ်၊ အသက်သာအသေခံ တာဝန်တော့အပျက်မခံနဲ့"

"ဟုတ်ကဲ့- စိတ်ချပါခင်ဗျာ၊ ဗိုလ်မှူးကြီးအတွက် ဘုရင့်သားတော်အတွက် တိုင်းပြည်အတွက် ကျွန်တော့်အသက်ကိုပေးလှူဖို့အသင့်ရှိပါတယ်"

"အေး- ကောင်းတယ်"

ဗိုလ်မှူးကြီးကြူးသည် သူ၏လက်ထဲမှစာကို မောက်ချမ်းအား လှမ်းပေးလိုက်လေသည်။

မောက်ချမ်းက-

"ဗိုလ်မှူးကြီး- ဒီစာကို ဒီထက်လုံခြုံအောင် ဆိတ်သားရေ အိတ်နဲ့ယူသွားရင် ကောင်းမလားခင်ဗျာ"

ဗိုလ်မှူးကြီးကြူးက ခေါင်းခါ၏။

"မကောင်းဘူး၊ အိတ်နဲ့ဘာနဲ့သယ်ဆောင်သွားရင် ဒီစာဟာ သိပ်အရေးကြီးတဲ့စာလို့ ရန်သူတွေ ယူဆကောင်းယူဆနိုင်တယ်၊ ဒီ အတိုင်းသယ်သွားတော့ သာမန်အရေးမကြီးတဲ့စာလို့ ထင်သွားနိုင် တယ်"

မောက်ချမ်းခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ သဘောပေါက်ပါပြီ"

ဗိုလ်မှူးကြီးကြူးက ထွက်ခွါခွင့် မပေးသေးသဖြင့် မောက် ချမ်းခမျာ ရပ်နေရသေးသည်။

ဗိုလ်မှူးကြီးကြူးက-

"ဒီစာထဲမှာ ဘာတွေပါသလဲသိသလား"

"မသိပါဘူးခင်ဗျာ"

"အေး သိမထားတဲ့အတွက် ပေါ့ဆသွားနိုင်တယ်၊ ဒါကြောင့် သိထားအောင် ငါပြောပြလိုက်မယ်"

"ဟုတ်ကဲ့"

"ဘုရင့်သားတော်လေးဟာ သက်တော်နှစ်ဆယ်ကျော်နေပြီ၊ ပြည်သူလူထုနဲ့ထိတွေ့ဖို့ကောင်းနေပြီ၊ မင်းသိထားတဲ့အတိုင်း တောင် ပိုင်းအခြေအနေတွေကလဲ မငြိမ်မသက်ဖြစ်နေတယ်၊ ဘုရင့်သားတော် လေးကို တရုတ်ပြည်တောင်ပိုင်းကိုခေါ် သင့် မသင့်၊ သင့်ရင်လဲခေါ်ဖို့



အမတ်ကြီးစုဘူးဝှက်ဆီကိုရေးတဲ့စာပဲ၊ ဒီလိုစာမျိုး ရန်သူ့လက်ထဲ ရောက်သွားလို့ဖြစ်ပါ့မလား မောက်ချမ်း"

"ဘယ်ဖြစ်မလဲခင်ဗျာ၊ စိတ်ချပါ၊ ကျွန်တော် အသက်နဲ့လဲ ပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်"

"မန်ချူးတွေဟာ တောင်ဘက်ကိုနယ်ချဲ့ဖို့ ကြံစည်နေကြပြန် ပြီ၊ ဒါကို ငါတို့တားရမယ်၊ မြောက်ပိုင်းကိုပြန်တိုက်ရမယ်၊ မန်ချူးတွေ ကို တိုက်ခိုက်တွန်းလှန်တဲ့နေရာမှာ တခြားလူတွေ တွန်းလှန်တာထက် ဘုရင့်သားတော်ကလေးဦးဆောင်တွန်းလှန်တာက ပို ပြီးညီညွတ်မှုရ မယ်၊ ပိုပြီးစိတ်ဓာတ်တက်ကြွမယ်၊ မင်းသဘောပေါက်တယ်မဟုတ် လား"

"ကျွန်တော် သဘောပေါက်ပါတယ်ဗိုလ်မှူးကြီး"

"တောင်ပိုင်းအခြေအနေဟာ ခုဆိုရင် ငြိမ်သက်ဖို့ကောင်း နေပြီ၊ ခုထက်ထိ မငြိမ်သက်သေးဘူး၊ ဘုရင့်သားတော်ရောက်သွား ရင် အခြေအနေငြိမ်သက်သွားကောင်း ငြိမ်သက်သွားနိုင်တယ်"

"ဟုတ်ကဲ့"

"အခု ငါပေးလိုက်တဲ့စာကို အမတ်ကြီးစုဘူးဝှက်ရဲ့လက်ထဲ အရောက်ထည့်ပါ"

"ဟုတ်ကဲ့"

"ဒါပေမယ့် မင်းသတိထားရမယ့်အချက်တစ်ချက်ရှိတယ်"

"ဘာများလဲခင်ဗျာ အမိန့်ရှိပါ"

"ဒီစာကို အမတ်ကြီးစုဘူးဝှက်ရဲ့လက်ထဲ မထည့်ခင် အမတ် ကြီးဟာ နတ်ရွာစံဧကရာဇ်ကြီးကို သစ္စာစောင့်သိတဲ့လူ ဟုတ်မဟုတ်၊

**မန်ချူးလိုလား**သူ ဖြစ်မဖြစ် အလျှင်စုံစမ်းပါ၊ ကေရာဇ်ကို သစ္စာရှိတဲ့လူ၊ မျိုးချစ်တဲ့သူ၊ အမန်ချူးဆန့်ကျင်တဲ့လူဖြစ်မှ ဒီစာကို သူ့လက်ထဲ ထည့်ပါ"

"အဲဒီအမတ်ကြီးဟာ မန်ချူးလိုလားတဲ့လူ ဖြစ်နေရင်ကော"

ဗိုလ်မှူးကြီးက မာကျောစွာပြောလိုက်သည်။

"ဒီစာကို မီးရှို့ပစ်လိုက်ပါ"

"ဟုတ်ကဲ့"

'ငါ နောက်ဆုံးပြောချင်တာက ဟောဒီ လျှို့ဝှက်စခန်းမှာ ဘုရင့်သားတော်ရှိနေတာကို သတင်းမပေါက်ကြားစေချင်တာပဲ"

"ကျွန်တော်နှုတ်လုံပါတယ် ဗိုလ်မှူးကြီး"

ဗိုလ်မှူးကြီးက မောက်ချမ်း၏ပခုံးကို အသာအယာပုတ်လိုက်သည်။

"ကဲ- မင်းသွားနိုင်ပြီ"

မောက်ချမ်းက ဗိုလ်မှူးကြီးအား ရှိသေစွာဦးညွှတ်လိုက်၏။

"ကျွန်တော့်တာဝန်ကို အသက်နဲ့လဲပြီး ထမ်းဆောင်ပါမယ်လို့ ကျွန်တော် **ထပ်မံကတိပြုပါတယ်"**

**ဗိုလ်မှူးကြီးကြူး**က ခေါင်းညိတ်ပြလိုက်သည်။

**မောက်ချမ်း**လည်း ချာခနဲလှည့်ထွက်သွားလေတော့သည်။

**မိုးနဂါးတောင်**၏ သစ္စာရှိတပ်သားတစ်ယောက်သည် တိုင်းပြည်အကျိုး**ဆောင်ရွက်**ရန် အားမာန်အပြည့် ဇွဲသတ္တိအပြည့်ဖြင့် မိုးနဂါးတောင်မှ ထွက်ခွာသွားလေတော့သည်။

✿

## မြွေကြွက်သိုင်းသမား

လျှို့ဝှက်ချက်....

လျှို့ဝှက်ချက်ဟူသည် သတ်မှတ်ထားသည့်အတိုင်းအတာ**အတွင်း** အသိနည်းမှသာ လျှို့ဝှက်ချက်ဟူ၍ခေါ်နိုင်သည်။

သတ်မှတ်ထားသည့်အတိုင်းအတာထက် လူပို၍သိသွားလျှင် လျှို့ဝှက်ချက်ဟု မခေါ်နိုင်တော့ပေ။

ဘုရင့်သားတော်အတွက် လျှို့ဝှက်စာယူဆောင်သည့်ကိစ္စတွင် ဗိုလ်မှူးကြီးနှင့်မောက်ချမ်းတို့သာ သိကြပေသည်။

သို့ရာတွင်မောက်ချမ်းတစ်ယောက် မိုးနဂါးတောင်ဒေသမှ လွန်မြောက်သွားသည်နှင့် ထိုစာသတင်းသည် သိုင်းလောက၌ အကြီးအကျယ်ပြန့်နှံ့သွားလေတော့သည်။

**အဘယ်သို့နည်း...**

**အဘယ့်ကြောင့်** ဤသို့သတင်းပေါက်ကြားရသနည်း။

ဗိုလ်မှူးကြီးကြူးကလည်း မည်သည့်နည်းနှင့်မျှ **သူ့သတင်း**ကို ဖော်ထုတ်မည်မဟုတ်ပါ။

မောက်ချမ်းကလည်း ကိုယ့်သေတွင်း ကိုယ်တူးမည့်ကိစ္စဖြစ်၍ ဤသတင်းကိုဖြန့်ချီမည်မဟုတ်ပါ။

ဖြစ်နိုင်သည့်ကိစ္စတစ်ရပ်မှာ နေလဓားသတင်းကို အမှီပြုပြီး မိုးနဂါးတောင်ခြေဒေသ၌ ထမင်းဆိုင်များ၊ အရက်ဆိုင်များရှိရာ ထိုဆိုင်များမှလူအချို့သည် မောက်ချမ်းဆင်းသက်သွားသည်ကို တစ်နေရာမှ တွေ့ရှိသွားနိုင်သည်။

မောက်ချမ်းကဲ့သို့ ဝတ်စုံဝတ်ဆင်ထားသူများကို မျိုးချစ် အင်အားစုထဲမှမှန်း သိရှိထားကြသဖြင့် ထိုလူငယ်ဆင်းသွားလျှင် တစ်စုံတစ်ခုသော ထူးခြားသည့်သတင်းပါရှိသွားပြီဟု စိတ်မှန်းနှင့်ပြောကြားရာမှ ထိုကောလာဟလသတင်းဖြစ်ပေါ်ခဲ့ပုံရလေသည်။

ထိုသတင်း မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ထိုသတင်းကြောင့် မန်ချူးများ၊ မန်ချူးဘက်တော်သားများ၊ မန်ချူးအလိုတော်ရိများ၊ သစ္စာဖောက်သူလျှိုဒလန်များ၊ ဧကရာဇ်သားတော်ကို အလိုမရှိသူများသည် ထူးခြားသည့်ဆက်သားနောက်သို့ အရိပ်ပမာကပ်လိုက်ကြတော့သည်။

မောက်ချမ်းနောက်သို့လိုက်သူများအားလုံး တိုင်းပြည်ချစ်သူတစ်ယောက်မျှမပါဝင်ပေ။ ငွေကြေးနှင့်ရာထူးဌာနန္တရလိုချင်သူချည်းသာပါဝင်ကြသည်။

မိုးနဂါးတောင်နှင့် ရန်ချုံမြို့ခရီးမှာ နီးလှသောခရီးမဟုတ်ချေ။ အလွန်ဝေးကွာသည်။

ထိုသို့ဝေးကွာလေ မောက်ချမ်းအတွက် အန္တရာယ်များလေဖြစ်နေတော့သည်။



မောက်ချမ်းမှာမူ သူ့အတွက် အန္တရာယ်ရှိသည်ဟု ကြိုတင်သိရှိထားသော်လည်း လက်တွေ့ဘဝလောက် အန္တရာယ်ရှိမည်ဟုကား တွေးမထားမိခဲ့ချေ။

မောက်ချမ်းသည် သူ့အန္တရာယ်အတိုင်းအဆကို အမှန်အတိုင်း မသိမြင်သဖြင့် မှန်တန်းပင်ခရီးထွက်လာသည်။

အကယ်၍ ဗိုလ်မှူးကြီးကြူးသာ ယခုထက်ပို၍အမြော်အမြင်ရှိခဲ့ပါလျှင် မောက်ချမ်းအတွက် အကူတစ်ယောက်ကို ထည့်ပေးမိခဲ့မည်မှာသေချာပေသည်။

ယခုမူ လုံခြုံမှုမရှိသောမောက်ချမ်းသည် အရေးကြီးသောစာကိုသယ်ဆောင်လျက် ခရီးသွားနေပေပြီ။

ခရီးထွက်လာပြီး ပထမတစ်ရက်တွင် မောက်ချမ်းအနှောင့်အယှက်နှင့်မတွေ့ကြုံရပေ။ ဒုတိယတစ်ရက်တွင်လည်း မောက်ချမ်းအနှောင့်အယှက်မကြုံရပေ။

တတိယရက်တွင်ကား...

မောက်ချမ်းသည် တောလမ်းအတိုင်း ပြေးလာနေသည်။ သည်တောမှာ သစ်ကြီးဝါးကြီးများထူထပ်သောတော မဟုတ်သဖြင့် လမ်းနှင့်ပန်းနှင့် ပနံတင့်နေပေသည်။

သဘာဝအလှ၊ ပတ်ဝန်းကျင်အလှကို မောက်ချမ်းမငေးမောနိုင်ပါ။ ပတ်ဝန်းကျင်ကိုသာ ကျီးကန်းတောင်းမှောက် ကြည့်လျက် မောက်ချမ်း ပြေးနေပါသည်။

လူသွားလူလာနည်းပါးသောတောဖြစ်၍ မောက်ချမ်းသည် သုံးရက်လုံးလုံး လူသူဟူ၍မတွေ့ခဲ့ချေ။

မတွေ့လေကောင်းလေဟု သဘောထားပြီး သူ့ခရီးသူဆက်ခဲ့လေသည်။

သူ၌ ရိက္ခာခြောက်များအပြည့်အစုံပါသည်။ ထို့ကြောင့် လူသူအများနှင့်တွေ့ရန်လည်း မလိုတော့ချေ။

ဤသို့ဖြင့် တောပန်းတောင်ပန်းရနံ့သင်းသော တောကလေးကို ဖြတ်ကျော်နိုင်ခဲ့သည်။

"ဟင်. . . "

မောက်ချမ်း လန့်သွားသည်။ သူ့ရှေ့မှာ အဘွားအို တစ်ယောက် လမ်းလျှောက်နေသည်မဟုတ်ပါလား။

အသက်ခုနစ်ဆယ်ခန့်ရှိသောအဘွားအိုသည် အဘယ်ကြောင့် လူသူမရှိသောဤတောထဲသို့ ရောက်ရှိလာပါသနည်း။

အဘွားအိုသည် မောက်ချမ်းကို သတိပြုမိဟန်မရှိပေ။ ကုန်းကုန်း ကုန်းကုန်းနှင့် ရှေ့မှလျှောက်သွားနေပေသည်။

မောက်ချမ်းအမြန်သွားလိုလျှင် အဘွားအိုကိုကျော်ဖြတ်ရပေမည်။ မောက်ချမ်း ရင်ထိတ်သွားသည်။

အဘွားအိုကို များစွာသံသယဝင်သွားသည်။

လူသူမနီးသော တောလမ်းခရီး၊ အသက်ခုနစ်ဆယ်ခန့်ရှိသော အဘွားအို၊ အရေးကြီးသောစာကို သယ်ဆောင်လာသည့်မိမိ၊ ဤတိုက်ဆိုင်မှုများမှာ သွေးနိုးသားနိုးတိုက်ဆိုင်မှုဖြစ်နိုင်ပါမည်လော။

မောက်ချမ်း ဘာလုပ်ရမည်နည်း။

သူ ဘာမျှမတတ်နိုင်ပါ။ အဘွားအိုကို သံသယရှိသည်မှာ မှန်သည်။ မည်မျှသံသယရှိစေ၊



ဖြတ်ကျော်ရမည်ကတော့ အသေအချာပင်။

အဘွားအိုနောက်မှ တုံ့နှေး တုံ့နှေးလိုက်နေလျှင် အလုပ်ဖြစ်မည်မဟုတ်ချေ။

အဘွားအိုကိုဖြတ်ကျော်သည်နှင့် အဘွားအိုက မိမိအား တစ်စုံတစ်ခုပြုလုပ်နိုင်သည်မှာလည်း အသေအချာပင်။

မောက်ချမ်းသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

ဓားရိုးပေါ် လက်တင်လိုက်သည်။

မည်သည့်နည်းနှင့်ဖြစ်စေ ရန်ချုံမြို့သို့အရောက်သွားမည်ဟု သူသန္နိဋ္ဌာန်ချထားသည်။

သူသည် အတွင်းအားထုတ်လိုက်သည်။ အဘွားအိုကို ကျော်ဖြတ်နိုင်ရန် အားသွန်ပြေးသည်။

မောက်ချမ်း ချွေးဒီးဒီးထွက်လာသည်။

အံ့လည်း အံ့ဩလာသည်။

အဘယ့်ကြောင့်ဆိုသော် ....

သူ့အနေဖြင့် မည်မျှအပြေးနှုန်းတင်စေကာမူ အဘွားအိုသည် သူ့ရှေ့၌ရှိနေသောကြောင့်ပေတည်း။

မောက်ချမ်း အကြီးအကျယ်မျက်နှာပျက်သွားသည်။

မကြာမီ သူ၌ပြဿနာကြီးဖြင့်ကြုံတော့မည်ဖြစ်ကြောင်း အလိုလိုသိလာသည်။ ဤအဘွားအို၏သိုင်းပညာသည် သူ့ထက် ထက်မြက်ကြောင်း သံသယရှိရန်မလိုတော့ပေ။

ဤအဘွားအိုသည် တစ်နည်းနည်းဖြင့် သူ့ထံမှစာကို လုယူပေတော့မည်။

မောက်ချမ်းအံ့ကြိတ်သည်။

အဘွားအိုကိုဖြတ်ကျော်နိုင်ရန် ထပ်မံကြိုးစားသည်။

သို့သော် မောက်ချမ်း ခြေကုန်လက်ပန်းကျသွားခဲ့ရပေပြီ။

အဘွားအိုသည် သူ့ထက်ကိုက်ရာပေါင်းများစွာ ပို၍ဝေးသွားသောကြောင့်ဖြစ်ပါသည်။

"ဒီအဘွားကြီးဟာ ငါ့ကို ဒုက္ခပေးမယ့်သူ ဟုတ်ချင်မှဟုတ်မယ်၊ သူငါ့ကိုခွါပြေးနေတာ ဘာသဘောလဲ၊ ငါမှန်မှန်ပြေးကြည့်ဦးမယ်"

မောက်ချမ်းသည် မှန်မှန်ပြေးပြန်၏။ အဘွားအိုကလည်း မှန်မှန်ပြေးနေပြန်သည်။

အဘွားအိုနှင့် မောက်ချမ်းတို့၏အကွာအဝေးမှာ ပိုနေမြဲကျားနေမြဲအတိုင်း ကွာဝေးနေသည်သာဖြစ်သည်။

"ငါကျော်တက်ဖို့ ကြိုးစားဦးမယ်"

မောက်ချမ်း ကိုယ်ဖော့ပညာသုံး၍ပြေးရန် ဟန်ပြင်လိုက်လေသည်။

သို့ရာတွင် မောက်ချမ်း မပြေးနိုင်တော့ပါ။ ဟယ်ခနဲဖြစ်ပြီး လုံးဝရပ်တန့်သွားတော့သည်။

အဘယ့်ကြောင့်နည်း။

မောက်ချမ်း၏ရှေ့ဘက်တောလမ်းတစ်ခုတွင် အခြားလူစိမ်းတစ်ယောက် ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

မောက်ချမ်းသည် ရှေ့မှအဘွားအိုကို လှမ်းမျှော်ကြည့်လိုက်မိသည်။



အဘွားအိုမရှိတော့ပေ။

အဘွားအိုအစား ဤဧည့်သည်သစ်က ရောက်ရှိလာခြင်းဖြစ်ပေသည်။

ယခု သူ့ရှေ့၌ရပ်နေသူမှာ အညိုရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဝတ်စားဆင်ထားခြင်းလည်းမရှိပေ။

ရုပ်လက္ခဏာကလည်း စုတ်ချွန်းချွန်းဖြစ်နေတော့သည်။

မျက်လုံးကလည်း ပြူးသေး၏။

နှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင်နှင့်ရှိနေသော ထိုလူ၏ရုပ်လက္ခဏာမှာ မြေကြွက်တစ်ကောင်နှင့်ပိုတူပေသည်။

မောက်ချမ်းသည် ခရီးကြား၌ဟန့်တားလာသော မြေကြွက်ပုံစံနှင့်လူကို အသေအချာကြည့်လိုက်သည်။

ကြွက်နှင့်တူသောလူက လက်ဖြန့်လေ၏။

မောက်ချမ်း ဒေါသထွက်သွား၏။ သူ့အား ဤသို့အနိုင်အထက်လုပ်၍ ရရိုးလား။

"ဘာလဲ ခင်ဗျားကသူတောင်းစားလား"

ကြွက်နှင့်တူသောလူသည် ရှုံ့ရှုံ့ရှားရှားဖြစ်သွားလေသည်။

အေးစက်သောစကားသံ ထွက်လာသည်။

"ပေးစမ်း"

မောက်ချမ်းရင်ထိတ်သွား၏။

"ဘာပေးရမှာလဲ"

"မင်းဆီမှာပါတဲ့ ပစ္စည်းပေါ့ကွာ"

"ကျုပ်ဆီမှာ ဘာပစ္စည်းမှမပါဘူး"

"ပါကို ပါရမယ်"

"ဟား- ဟား- ဟား- ကျုပ်ဆီမှာပစ္စည်းပါတယ်လို့ ဘယ်သူပြောသလဲ"

ကြွက်နှင့်တူသောလူ၏နှုတ်ခမ်းများ **ရွန့်ထွက်လာသည်။**

မျက်လုံးများကလည်း ပိုမှေးသွား**သည်။ ထိုတခါကျမှ ကြွက်**နှင့်ပိုတူသွားတော့သည်။

"မိုးနဂါးတောင်ကထွက်ကထည်းက မင်းဆီမှာ ပစ္စည်းပါသွားတယ်ဆိုတာ လူတိုင်းသိတယ်"

မောက်ချမ်းအံ့ဩသွား၏။ လျှို့ဝှက်သတင်းသည် လျှင်မြန်စွာပေါက်ကြားသွားပါကလား။

မောက်ချမ်းက ရောယောင် သွေးသောက်လုပ်လိုက်၏။

"ဩော်- ကျုပ်ဆီမှာ နေလဓားပါတယ်ဆိုတဲ့ကိစ္စလား"

"ထို့- "

မြေကြွက်နှင့်တူသောလူက **တွိခနဲထွေးလိုက်သည်။**

"တော်စမ်းပါ၊ မင်းဆီမှာလား **နေလဓားပါမှာ၊ မင်းဆီမှာ** နေလဓားပါလာရင် တရုတ်ပြည်တစ်ပြည်လုံးက **သိုင်းသမားတွေ** မင်းနောက်ကို တန်းစီလိုက်လာမှာပေါ့ကွ၊ မင်း ခုလို သုံးရက်**တောင်** ပြေခွင့်ရမှာမဟုတ်ဘူး"

"တဲ- ဒါဖြင့် ကျုပ်ဆီမှာ ဘာပါသလဲ၊ ခင်ဗျားသိရင် ပြောစမ်းပါ"



"ဘာပါရမလဲကွ၊ စာတစ်စောင်ပေါ့၊ အင်မတန်အရေးကြီးတဲ့ **စာတစ်စောင်**ပါတယ်"

မောက်ချမ်းရင်ထဲ လှိုင်းထသွားသည်။

**မိမိထံ** စာတစ်စောင်ပါလာသည်ကို သူတို့ အပ်ချမတ်ချသိနေကြပါကလား။

မောက်ချမ်းသည် မြေကြွက်နှင့်တူသောလူကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးခဲ့ပါ။

ယခင်က တွေ့ခဲ့ဖူးလျှင်လည်း ရှောင်သွားမည်မှာသေချာပါသည်။

ဤလူ၏ရုပ်သွင်လောက် ရွံ့ရှာဖွယ်ကောင်းသောရုပ်ရည်မျိုးကို သူ ယခင်ကတစ်ကြိမ်မျှမတွေ့ခဲ့ဘူးပါ။

မောက်ချမ်းသည် မြေကြွက်နှင့်တူသောလူကို စက်ဆုပ်စွာလှမ်းကြည့်လိုက်ပြီး-

**"ခင်ဗျားက ဘယ်သူလဲ"**

"ငါ **ဘယ်သူလဲဆိုတာ** မင်းသိဖို့လိုသေးလို့လား"

**"ကျုပ်နဲ့တွေ့တဲ့လူတိုင်း** ဘယ်သူလဲဆိုတာ သိဖို့ အင်မတန်**အရေးကြီးတာပေါ့ဗျာ"**

မြေကြွက်နှင့်တူသောလူက တဟီးဟီးရယ်ပြီး ပြောကြားလိုက်သည်။

"ငါက မြေကြွက်သိုင်းသမားပါ"

မောက်ချမ်း တုန်လှုပ်သွား၏။

သူသည် သိုင်းလောက၌ လှုပ်ရှားကျင်လည်နေသူတစ်ဦး

မဟုတ်ပါချေ။

မိုးနဂါးတောင်ရှိ ဘဝတူရောင်းရင်းများဖြင့် လေ့ကျင့်နေရာမှာ မြေကြွက်သိုင်းသမားဆိုသောနာမည်ကို ကြားဖူးခဲ့လေသည်၊

ငါက မြေကြွက်သိုင်းသမားပါတဲ့။

✿

## မောက်ချမ်း၏ ဂွေသတ္တိ

"သိုင်းလောကမှာ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ သိုင်းသမားတွေရှိသကွ၊ အဲဒီသိုင်းသမားတွေကို အောက်လမ်းသိုင်းသမားတွေလို့ ခေါ်ကြတယ်၊ အဲဒီထဲမှာ တော်တော်ဆိုးတဲ့သိုင်းသမားတွေကတော့ မြေကြွက်သိုင်းသမား၊ ယမ်းမီးသိုင်းမား၊ ကြေးမုံသိုင်းသမားတဲ့၊ အဲဒီသိုင်းသမားသုံးယောက်ဟာ အတော်ကလေးနာမည်ဆိုးတယ်၊ လှုပ်ရှားတဲ့နေရာမှာ သုံးယောက်စလုံးပူးတွဲလှုပ်ရှားတတ်သတဲ့"

မောက်ချမ်း၏သွေးသောက်ရဲဘော်တစ်ယောက်က သိုင်းလောကအတွေ့အကြုံများကို ဗဟုသုတအဖြစ်ပြောကြားခဲ့သည်။

ထိုစကားများကို မောက်ချမ်းတစ်ယောက် ပြန်လည်ကြားယောင်လာသည်။

"ဟင်း- ဒီလိုဆိုရင် မြေကြွက်သိုင်းသမားအပြင်၊ ယမ်းမီးသိုင်းသမားနဲ့ ကြေးမုံသိုင်းသမားတို့လဲ ရှိကြဦးမှာပေါ့၊ သုံးယောက်တစ်ယောက်ဆိုတော့ ငါ့အဖို့ခက်ပြီ"

မောက်ချမ်း စိတ်ထဲမှတွေးလိုက်မိ၏။

သူ သေရမည်ကို မကြောက်ပါ။ သူ့တာဝန်ပျက်ကွက်မည်ကိုသာ ကြောက်သည်။

သူမသေမီ စာကို မည်သို့ဖျက်ဆီးရမလဲဟု သူတွေးသည်။

မောက်ချမ်းချွေးပြန်လာသည်။ သူ့သိုင်းပညာမှာ သာမန်မျှသာဖြစ်၍ မြေကြွက်သိုင်းသမားကို သူယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သူ့ဘာသာ သိနေပါသည်။

ဟန်ကိုယ်ဖို့မာန်သူဖို့ဆိုသည့်စကားကို မောက်ချမ်း မမေ့ပါ။

ဟန်နှင့်ပန်နှင့် စားလက်ကိုင်ပေါ်သို့ သူ့လက်ကိုတင်လိုက်သည်။ မြေကြွက်သိုင်းသမားသည် ဖြန့်ထားသည့်လက်ကို ယခုတိုင်မရုပ်သိမ်းသေးချေ။

မောက်ချမ်း ဓားရိုးပေါ်သို့လက်တင်သည်ကို မြင်သောအခါ ခပ်ထေ့ထေ့ ပြုံးသည်။

သူမည်သို့ပြုံးပြုံး ရုပ်ဆိုးသည်သာဖြစ်သည်။

သိုင်းလောကတွင် မြေကြွက်သိုင်းသမားလောက် ရုပ်ဆိုးသူ ရှိလိမ့်မည်မဟုတ်ဟု မောက်ချမ်းတွေးလိုက်မိသေးသည်။

"ကောင်လေး- မင်းက ငါ့ကိုယှဉ်ချင်လို့လား၊ ငါတော့ မထင်ပါဘူးကွာ၊ ကလေးနဲ့လူကြီးတိုက်ရသလို ဖြစ်နေမှာသေချာပါတယ်၊ မင်းအသက်ကို အလကားအဆုံးရှုံးမခံပါနဲ့၊ မင်းဆီမှာပါတဲ့စာကို ထုတ်ပေးပါ"

မောက်ချမ်း မဲ့လိုက်၏။

"ဘာစာမှ ထုတ်မပေးနိုင်ဘူး"



"မင်း ငယ်ပါသေးတယ်၊ အကြောင်းမဲ့အသေမခံပါနဲ့"

"ကျုပ်က အကြောင်းမဲ့မသေချင်ပါဘူး၊ ကျုပ်ဆီမှာ ဘာစာမှမရှိတော့ ကျုပ်က ဘာကိုထုတ်ပေးရမှာလဲ"

"မင်း ဒီအချိုးမျိုး ချိုးနေရင်တော့ မင်းကိုသတ်ပြီး စာကိုယူရမှာပဲ"

"ကျုပ်သေတောင် ခင်ဗျားတို့ရမှာမဟုတ်ဘူး"

"မင်း သေမှတော့ရပြီပေါ့ကွာ၊ ဘာခက်တာမှတ်လို့၊ လူသေဆိုတာ ဘာမှပြန်မလုပ်နိုင်ဘူးကွ"

"ကျုပ်ဆီမှာ စာရှိတယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ"

"ငါတို့ သတင်းရထားပြီးပါပြီ"

"ငါတို့ဆိုတော့-"

"အေး- ငါတစ်ယောက်တည်း မဟုတ်ဘူးပေါ့ကွာ၊ ငါနဲ့ အပေါင်းပါတွေဆိုပါတော့"

"တခြားလူတွေကော"

"တခြားလူတွေ သတင်းရမရတော့မသိဘူး၊ အခုအတိုင်းဆိုရင်တော့ ငါတို့က သူများထက်သတင်းဦးရလို့ မင်းကိုမသေကောင်းမပျောက်ကောင်းတွေ့နေရတယ်လို့ ယူဆရမှာပဲ၊ ကဲ- စာကိုထုတ်ပေးပေတော့"

မောက်ချမ်းက ဆွဲထုတ်လိုက်ပါသည်။ စာတော့ မဟုတ်ပါ။ ဓားတစ်လက်သာဖြစ်ပါသည်။ ဓားသည် ရွှမ်းခနဲအသံမြည်ဟည်းထွက်လာပြီး ဝင်းခနဲလက်ခနဲ ဖြစ်သွားသည်။

"ခင်ဗျား ဒါပဲရမယ်"

မောက်ချမ်းက အားမာန်အပြည့်ဖြင့်တိုက်ခိုက်သည်။

သူ၏ပညာမှာ သာမန်မျှသာဖြစ်သော်လည်း ရဲစွမ်းသတ္တိရှိခြင်း၊ တာဝန်ကိုသိခြင်းတို့ကြောင့် သူ့ဓားချက်များသည် အရှိန်အဟုန်ပြင်းစွာဖြင့် ရန်သူအား လွှမ်းခြုံသွားတော့သည်။

"ထန်း- ထန်း-"

သံသံချင်း ထိခတ်သည့်အသံများ ထွက်ပေါ်လာပြီးနောက် မောက်ချမ်းမှာ နောက်သို့လန်ထွက်လာသည်။

မြေကြွက်သိုင်းသမားက သူ့ဓားအား ဆွဲထုတ်ခုခံလိုက်သောကြောင့်ပေတည်း။

"မင်းက အတော်လာတာကိုး"

"ခင်ဗျားက ကျုပ်ကို အတော်အထင်သေးတာကိုး"

မောက်ချမ်းကခုန်ဝင်ပြီး တိုက်ခိုက်ပြန်သည်။ သူ့ဓားကွက်များသည် အလွန်စိပ်သည်။

ရန်သူ၏သေကွင်းသေကွက်များဆီသို့ အကြိမ်များစွာ တိုးဝင်သည်။

မြေကြွက်သိုင်းသမားသည် မောက်ချမ်း၏ဓားကွက်များကို ဂရုစိုက်ဖယ်ထုတ်နေရသည်။

ဓားဆိုသည်မှာ ပေါ့ဆ၍ရသောအရာမဟုတ်ပေ။ တစ်ချက်ကောင်းမိသွားသည်နှင့် အသက်ပါသွားနိုင်သည်။

အမှန်စင်စစ် မြေကြွက်သိုင်းသမား လက်ကုန် မထုတ်သေးပါချေ။

မောက်ချမ်း၏ပညာကို စမ်းသပ်နှိုက်ထုတ်ကြည့်နေခြင်းသာ ဖြစ်သည်။ မောက်ချမ်း၏ဓားသိုင်းပညာမှာ မညံ့ပါ။

ဗိုလ်မှူးကြီးကြူးသင်ပေးထားသည့် ဓားသိုင်းပညာသည် အဆင့်မြင့်ပညာတစ်ရပ်ဖြစ်သော်လည်း အတွင်းအားပညာ မပါသဖြင့် စွမ်းသင့်သလောက် မစွမ်း၊ ထိရောက်သင့်သလောက် မထိရောက်ဘဲ ဖြစ်နေခြင်းပင်။

မောက်ချမ်းသည် အားအားရှိတိုင်း ဓားရေးကိုသာလေ့ကျင့်သူဖြစ်၍ သူ့ဓားချက်များသည် လွန်စွာတိကျသည်။

လွန်စွာအားပါသည်။

လက်ကောက်ဝတ်တစ်ချက်လောက် လှုပ်သည်နှင့် ဓားများသည် ရန်သူသွေးကြောများဆီသို့ ဆယ့်နှစ်ချက်ခန့် ဆတ်ခနဲ ဆတ်ခနဲ ဝင်သွားသည်။

မြေကြွက်သိုင်းသမား မျက်မှောင်ကုပ်သွားသည်။

ဤကောင်လေးကို ပေါ့ပေါ့ဆဆ သဘောထား၍မရတော့ဟု မှတ်ချက်ချလိုက်သည်။

မြေကြွက်သိုင်းသမားသည် ဓားချက်များ ဆတ်ခနဲ ဆတ်ခနဲ ဝင်လာတိုင်း ခုခံဖျက်ထုတ်သည် မဟုတ်ပါ။ အခြေအနေအရ နောက်ဆုတ်ရှောင်တိမ်းတန် ရှောင်တိမ်းပါသည်။

ထို့ကြောင့်ပင် မောက်ချမ်းကအသာစီးရကာ အကွက်စီးဖြင့် အပေါ်မှ ဖိတိုက်လာတော့သည်။ နောက်ဆုတ်ရှောင်တိမ်းပေးခြင်း၏ အကျိုးပေတည်း။

မောက်ချမ်း အားတက်လာလေပြီ။

ထို့ကြောင့် တစ်ရှိန်တိုး ထိုးတိုက်လာတော့၏။

တရွှမ်းရွှမ်း တစီးစီးမြည်သောစားသံများ၊ စားစားချင်း တထန်းထန်းရိုက်ခတ်သည့်အသံက တောလမ်းကလေးကို လွှမ်းခြုံသွားလေသည်။

မြကြွက်သိုင်းသမား မဲ့လိုက်သည်။ သူ၏အရေးပါသော သိုင်းကွက်များကို ထုတ်သုံးလာသည်။

မြကြွက်သိုင်းသမား၏စားစက်ဝိုင်းက မောက်ချမ်းအား တဖြည်းဖြည်း ဖုံးအုပ်လာသည်။

သိုင်းပညာအဆင့်မြင့်မှုက ဤတွင်ပင် စကားပြောလာသည်။

မြကြွက်သိုင်းသမားက စားသိုင်းကွက်အသစ်များထုတ်လာသော်လည်း မောက်ချမ်းက စားသိုင်းပညာအသစ် မထုတ်နိုင်သဖြင့် တဖြည်းဖြည်း နောက်ဆုတ်ပေးလာရတော့သည်။

တိုက်ပွဲ**အခြေအနေ**သည် ပြောင်းလဲသွားသည်။

**စောစောက အကွက်စီး**တိုက်ခိုက်သူမှာ မောက်ချမ်းဖြစ်၏။

ယခု **မောက်ချမ်းကခံစစ်**ဖြစ်နေလေပြီ။

မြကြွက်သိုင်း**သမားက** အသာစီးအကွက်စီးဖြင့် တိုက်ခိုက်နေလေပြီ။

တိုက်ပွဲ**သည် စောစောကထက်ပြင်းထန်လာ၏**။ မြကြွက်သိုင်းသမားသည် **အားကုန်**ထုတ်ကာ တိုက်ခိုက်လာသောကြောင့်ဖြစ်ပေသည်။

မောက်ချမ်းမှာ တဖြည်းဖြည်းနောက်ဆုတ်ပေးနေရသည်။

တိုက်စစ်ထက် မိမိကိုယ်ကို မထိအောင် ခံစစ်ကိုပို၍အားပြုလာရသည်။



**တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင်** မြကြွက်သိုင်းသမား၏ စား**ချက်မိပေတော့မည်**။

**မောက်ချမ်း၊ ဇောချွေးပြန်လာပေပြီ**။ ခုမှ တကယ်ဇောချွေးပြန်ခြင်းဖြစ်သည်။

သူ့အနေဖြင့် အလွန်ဆုံးခံနိုင်လှ နောက်ထပ်သိုင်းကွက် ငါးဆယ်ခန့်သာဖြစ်တော့မည်။

မောက်ချမ်း အံကြိတ်လိုက်သည်။

**သေပါစေ။ အသက်**သာ အသေခံမည်။

**တကိုတော့ အသက်**ရှင်လျက် တယ်တော့မှမပေးဟု မာန်တင်း**လိုက်သည်**။

**မောက်ချမ်း၏**သူ့သေကိုယ်သေစိတ်ဓာတ်က မြကြွက်သိုင်းသမား အနိုင်ရရှိနိုင်သည့်အချိန်ကို ပို၍ကြန့်ကြာသွားစေသည်။

အကွက်ငါးဆယ်ခန့်အတွင်း အနိုင်ရနိုင်သည့်အချိန်ကို အကွက်တစ်ရာခန့် ထပ်မံယှဉ်ပြိုင်ရမလိုဖြစ်သွားစေသည်။

တကယ်တမ်းအားဖြင့် မောက်ချမ်းသည် မြကြွက်သိုင်းသမားကို မည်သို့မျှမယှဉ်ပြိုင်နိုင်ပေ။ အချိန်ကြာလာသော် လက်ပန်းကျလာသည်။

မြကြွက်သိုင်းသမားသည် မောက်ချမ်း အရှုံးပေးတော့မည်ဟုယူဆပြီး သူ့သိုင်းကွက်ကိုရုပ်သိမ်းကာ နောက်သို့ခုန်ဆုတ်လိုက်လေသည်။

"ကဲ- မင်းအရှုံး ...."

မြကြွက်သိုင်းသမားက ကဲ- မင်းအရှုံးပေးတော့မလားဟု

ပြောရန်ဟန်ပြင်လိုက်သည်။

သူစကားမဆုံးမီ မောက်ချမ်းကခုန်လိုက်ပြီး ဓားဖြင့်ပိုင်းခု လိုက်သည်။

"ရွှမ်း-"

"ဗြဲ-"

ကြောင်အမ်းအမ်းဖြစ်သွားသည့် မြေကြွက်သိုင်းသမားသည် သေလုမြောပါးရှောင်တိမ်းလိုက်ရာ အသက်ဘေးမှ လက်မတင်လေး လွတ်မြောက်သွားသည်။

သူ၏နံစောင်းမှအင်္ကျီမှာမူ မောက်ချမ်း၏ဓားချက်ဖြင့် တစ်ပေခန့်ကွဲထွက်သွားသည်။

ရင်ကွဲမည့်အစား အင်္ကျီကွဲသွားခြင်းဖြစ်တော့သည်။

မောက်ချမ်း ရင်ထိတ်သွားသည်။

မြေကြွက်သိုင်းသမား ခုန်ထွက်သွားသည်။ အဓိပ္ပါယ်ကို သု ကောင်းစွာသိသည်။

သူ လိုက်လံတိုက်ခိုက်ခြင်းသည် တရားရာမကျဟုလည်း နား လည်သည်။

သူ့၌ တာဝန်တစ်ရပ်ရှိနေသဖြင့် တရားသည် မတရားသည် မတွက်တော့ဘဲ အလစ်လုပ်ကြံလိုက်ခြင်းဖြစ်သည်။

ယခု သူ့လုပ်ကြံမှုမှာ မအောင်မြင်တော့ချေ။ သူ့အသက်ခံရ ပေတော့မည်။

မြေကြွက်သိုင်းသမား၏မျက်နှာသည် မည်းမှောင်လျက်ရှိနေ လေပြီ။



လွန်စွာ တင်းမာခက်ထန်သွားသည်။

သူသည် မောက်ချမ်းအား ခက်ထန်စွာစိုက်ကြည့်လိုက်၏။

"မင်းက တကယ်ပဲသေချင်နေတာကိုး"

သူသည် စကားဆုံးသည်နှင့် မောက်ချမ်းထံသို့ခုန်ဝင်လိုက် လေသည်။

သူ၏တိုက်ကွက်များမှာ ပြင်းထန်လှသဖြင့် မောက်ချမ်းမှာ အကြီးအကျယ် ကာကွယ်နေရသည်။

"ဝုန်း-"

မောက်ချမ်း သတိတစ်ချက်လစ်သွားသည်နှင့် မြေကြွက် သိုင်းသမားက ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်ရာ မောက်ချမ်း လွင့်စဉ်သွားရတော့သည်။

မောက်ချမ်း လူးလဲထသည်။

သည်တစ်ကြိမ်ကား မြေကြွက်သိုင်းသမားသည် တကယ့် အပေါ်စီးမှတိုက်တော့သည်။

ဓားချက်တစ်ချက်လွတ်သွားသည်နှင့် မောက်ချမ်းကို ဘယ် လက်ဝါးဖြင့် ရိုက်ချလိုက်ပြန်သည်။

"ဝုန်း"

မောက်ချမ်း လွင့်စဉ်သွားပြန်သည်။

သည်တစ်ကြိမ် တော်တော်နှင့်မထနိုင်ပေ။ ဝေါ့ခနဲ ထိုးအန် လိုက်ရာ သွေးများအခဲလိုက်ထွက်လာသည်။

မြေကြွက်သိုင်းသမားသည် မောက်ချမ်းအား ဓားဖြင့်ချက် ချင်းထိုးမသတ်ဘဲ လက်ဝါးဖြင့်နှိပ်စက်ပြီးမှ သတ်ရန်ကြံစည်ထားပုံရ

သည်။ မောက်ချမ်း လူးလဲထလာသည်။

သူ့လက်ထဲမှဓားသည်ပင် အပေါ်သို့ သိပ်မမြှောက်ချင်တော့ပေ။ သို့သော် ဖွဲတော့ရှိသည်။ ဓားအင်ချည့်နဲ့နေသော်လည်း ဖွဲ့နပဲ့နှင့် မြေကြွက်သိုင်းသမားအား ဝင်ခုတ်သည်။

သို့သော်- သူ့တိုက်ခိုက်မှုမှာ လုံးဝအရာမထင်ပါ။

မြေကြွက်သိုင်းသမားအဖို့ ကလေးငယ်တစ်ယောက်နှင့် တိုက်ခိုက်ရသကဲ့သို့ ရှိနေပါတော့သည်။

မြေကြွက်သိုင်းသမားသည် မဲ့ပြုံးပြုံးပြီး ဓားကိုသိမ်းဆည်းလိုက်၏။

ညာဘက်လက်ဝါးဖြင့် မောက်ချမ်းကို ရိုက်ချလိုက်ပြန်သည်။

"ဝုန်း"

မောက်ချမ်း မြေပေါ်သို့လွင့်စဉ်သွားပြန်၏။ ခက်ခဲစွာ ထရပ်လာပြန်သည်။ မာန်ကတော့ မလျှော့သေး။

သူ့ဓားဖြင့် မြေကြွက်သိုင်းသမားကိုချိန်ရွယ်ထားဆဲပင် ရှိပေသေးသည်။

"ခင်- ခင်ဗျား- ကျွပ်- ကျွပ်သေမှ-"

မောက်ချမ်း၏စကားမဆုံးမီ လူရိပ်တစ်ရိပ်သည် အုံ့ဩဖွယ်ရာအရှိန်နှုန်းဖြင့် မောက်ချမ်းရှေ့သို့ရောက်လာသည်။

မောက်ချမ်းအား အပြီးတိုင် သုတ်သင်အံ့ဟူသော ခြေလှမ်းဖြင့်ရှေ့တိုးလာသည့် မြေကြွက်သိုင်းသမားသည် လျှပ်စစ်အလားရောက်ရှိလာသည့်လူစိမ်းကို အံ့အားသင့်စွာကြည့်မိသည်။

"ခင်- ခင်ဗျား-"



"ဘာ- ခင်ဗျားလဲ"

"ဝုန်း"

မြေကြွက်သိုင်းသမားသည် လူစိမ်း၏လက်ဝါးရိုက်ချက်ကို အသေအလဲ ခုန်ရှောင်သွားရလေတော့သည်။

မောက်ချမ်းသည် မိမိ၏အသက်သခင်အား ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်၏။

မောက်ချမ်း မျက်လုံးပြူးသွားသည်။

အကြောင်းကား သူ့အား လာရောက်အကာအကွယ်ပေးသူမှာ စောစောကအထင်မှားနေခဲ့သည့် အဘွားအိုဖြစ်နေသောကြောင့်ပေတည်း။

အဘွားအိုက သူ့အား မယုံနိုင်သောမျက်လုံးများဖြင့် ပြူးကြည့်နေသည့်မောက်ချမ်းအား ပြုံးပြလိုက်သည်။

မောက်ချမ်းက-

"အဘွား- အဘွား-"

အဘွားအိုက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ငါပါပဲ၊ ငါ သူ့ကိုတားလိုက်မယ်၊ မင်းမှာ ပြေးနိုင်တဲ့အင်အားတော့ ကျန်သေးတယ်မဟုတ်လား"

မောက်ချမ်း အားတက်သွားသည်။ သူက လက်အုပ်ချီ၍ဂါရဝပြုလိုက်သည်။

"ကျန်ပါသေးတယ်အဘွား၊ ကျွန်တော် အမောဆို့ပြီးဗုန်းဗုန်းလဲသွားမှသာ ကျွန်တော် အပြေးရပ်မှာပါအဘွား"

"ကောင်းတယ်၊ ယောကျာ်းဆိုတာ အဲဒီလိုမာန်မျိုးရှိရတယ်၊

ကဲ- ပြောပေတော့"

မောက်ချမ်းလည်း ဘာမျှထွေထွေထူးထူးပြောမနေတော့ဘဲ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

သို့သော် သူ စောစောကလိုမပြေးနိုင်တော့ချေ။

မြေကြွက်သိုင်းသမားက သူ့ကို အင်အားများစွာ ဆုတ်ယုတ်သွားစေခဲ့သည် မဟုတ်ပါလား။

❁

## ရန်သူကြားမှာ

ကိုးဝက်ပါလိုဏ်ဂူ ....

နာမည်ကဆန်းသည်။ အမည်ဆန်းသလောက် ဂူကလည်း ရှုပ်ထွေးနေသည်။

လိုဏ်ဂူတိုးခု....

ထိုလိုဏ်ဂူကိုးခုက တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်။

သာမန်ဆက်စပ်ခြင်းမဟုတ်ပေ။ ဝက်ပါသဖွယ် ရှုပ်ထွေးစွာ ဆက်စပ်နေခြင်းသာဖြစ်ပေသည်။

ထို့ကြောင့် ကိုးဝက်ပါလိုဏ်ဂူဟု အမည်တွင်နေခြင်းဖြစ်ပါသည်။

ထိုကိုးဝက်ပါလိုဏ်ဂူထဲသို့ သိုင်းသမားများ ရဲရဲဝံ့ဝံ့မဝင်ရဲကြပါ။

အဘယ့်ကြောင့်ဆိုသော် ကိုးဝက်ပါလိုဏ်ဂူသည် ကိုးဝက်ပါဂိုဏ်း၏ဌာနချုပ် ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

ကိုးဝက်ပါဂိုဏ်းသည် **ညွှန်ဖျင်းသည့်**သိုင်းဂိုဏ်းတစ်ခု မဟုတ်ပါချေ။

သိုင်းလောက၌ နာမည်ရှိသောသိုင်းဂိုဏ်းတစ်ခုဖြစ်သည်၊

ကိုးဝက်ပါဂိုဏ်းချုပ်သည် အသက်ငယ်သည့်လူငယ်တစ်ယောက်သာဖြစ်သည်။ အသက်ငယ်သော်လည်း သိုင်းပညာမငယ်ပါချေ။

လူတကာတ လေးစားလောက်သည့်သိုင်းပညာရှိသည်။

သို့သော် ကိုးဝက်ပါဂိုဏ်းချုပ်ကို လူတိုင်းတွေ့ဖူးကြသည်မဟုတ်ပေ။

ထိုဂိုဏ်းချုပ်၌ လက်ရုံးနှစ်ယောက်ရှိသည်။

နှစ်ယောက်စလုံး မိန်းကလေးများချည်းဖြစ်၍ ကျင်းကူးနှင့်ယင်းကူးဟု ခေါ်ကြသည်။

**မိန်းကလေးများ**ဖြစ်ကြသော်လည်း ကျင်းကူးနှင့်ယင်းကူးသည် အလွန်**တရာအားကိုး**ရသူများဖြစ်သည်။

**ကိုးဝက်ပါ**ဂိုဏ်းချုပ်ကလည်း ကျင်း**ကူးနှင့်ယင်းကူး**ကို အားထားယုံကြည်သည်။

အရေးကြီးသည့်ကိစ္စမှန်သမျှ **နှီးနှောတိုင်ပင်ပြီး အကြံဉာဏ်**ယူသည်။ ပေးသည့်အကြံဉာဏ်များကို **လေးလေးစားစားပင် လက်ခံ**စဉ်းစားသည်။

ယခုလည်း ကိုးဝက်ပါဂိုဏ်းချုပ်က သူ၏လက်ရုံးနှစ်ယောက်ကို ခေါ်ယူဆွေးနွေးနေလေပြီ။

ထိုလက်ရုံးနှစ်ယောက်ကလည်း သူတို့၏ဂိုဏ်းချုပ်ကြီးကိုအလွန်ရိုသေကိုင်းရှိုင်းကြသည်။ ဂိုဏ်းချုပ်ကြီး၏အမိန့်မရမချင်း မည်သည့်စကားမျှမပြောကြပေ။

ဂိုဏ်းချုပ်ကြီးနှင့်လက်ရုံးများဟုခေါ် ဆိုကြသော်လည်း စင်စစ်ဆက်တူရွယ်တူများသာဖြစ်ကြသည်။

**ဂိုဏ်းချုပ်** ကြီးသည် ဆက်ဆံသည့်အခါတွင်မူ ဌာန္တရအရ**အဆင့်အတန်းခွဲခြား**ဆက်ဆံပေသည်။

"**ကျုပ် သတင်း**တစ်ခုကြားလာရတယ်"

**ကျင်းကူးရော** ယင်းကူးပါ ဂါရဝပြုပြီးမေးသည်။

"**ဘာသတင်းထူးများ**ပါလဲရှင်"

ဂိုဏ်း**ချုပ်ကြီးက-**

"ကျုပ်**ကြားထား**တဲ့သတင်းကို မင်းတို့လဲ တစ်စွန်းတစ်စကြား**ကောင်း**ကြားနိုင်တာပဲ၊ အခုရက်အတော်အတွင်း မင်းတို့ ဘာသတင်းမှမကြားဘူးလား"

ကျင်းကူးက ခေါင်ငုံ့၍ဖြေသည်။

"ဘုရင့်သားတော်အကြောင်းတော့ ကြားမိပါတယ်"

ယင်းကူးကလည်း ခေါင်းငုံ့၍ဖြေသည်။

"ဘုရင့်သားတော်နဲ့ပတ်သက်တဲ့ စာတစ်စောင်အကြောင်းဟာ သိုင်းလောကထဲမှာ အတော်ကလေးပြန့်နှံ့နေပါတယ်၊ ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းချုပ်ကြီးကအားရကျေနပ်စွာဖြင့် သူ့လက်ရုံးများကိုကြည့်လိုက်သည်။

"အေး- မင်းတို့မဆိုးပါဘူး၊ သိုင်းလောကထဲမှာ ဘာတွေ

ထူးခြားနေသလဲဆိုတာ အမြဲအကဲခတ်နေရမယ်"

ယင်းကူးက-

"ဂိုဏ်းချုပ်ကြီးက အဲဒီစာကိုလိုချင်တဲ့ဆန္ဒများ ပေါ်နေလို့လားရှင်"

ဂိုဏ်းချုပ်ကြီးက သူ့သဘောကိုမပြောသေးဘဲ လက်ရုံးများ၏သဘောထားကို ပြန်မေးနေသေးသည်။

"မင်းတို့ကော ဘယ်လိုသဘောရသလဲ၊ ဒီစာဟာ ကျုပ်တို့အတွက် အကျိုးရှိနိုင်မလား"

ယင်းကူးက-

"အင်း- စာရထားလို့ကတော့ အကျိုးမယုတ်နိုင်ပါဘူး၊ အကျိုးရှိချင်ရင်သာ ရှိနိုင်မှာပါ"

ကျင်းကူးကလည်း-

"ကျွန်မကလဲ ဒီစာကိုလုယူထားစေချင်ပါတယ်"

"ဘာ့ကြောင့်လဲ"

"ဒီစာဟာ သိုင်းလောကအတွက် အကျိုးရှိတာမရှိတာ အပထား၊ ကျွန်မတို့ဂိုဏ်းအတွက်တော့အကျိုးရှိမှာပါ၊ ဒီစာကို မန်ချူးဘုရင်ဟာ သိပ်လိုချင်နေမှာပဲ၊ သူတို့အတွက် အရေးကြီးတာကိုး၊ ဒီစာအတွက် လူတစ်ကိုယ်စာ ကျောက်မျက်ရတနာတွေ ရနိုင်ပါတယ်၊ နောက်ပြီး ..."

ဂိုဏ်းချုပ်ကြီးက တောက်ပေးလိုက်သည်။

"ပြီးတော့ ဘာဖြစ်သလဲ"

ကျင်းကူးက-



"ပြီးတော့ ကျွန်မတို့ဂိုဏ်းထဲက တစ်ယောက်ယောက်ဟာ မြောက်ပိုင်းမှာဖြစ်ဖြစ် တောင်ပိုင်းမှာဖြစ်ဖြစ် ရာထူးကြီးကြီးတစ်ခုလက်ခံရနိုင်ပါတယ်"

ဂိုဏ်းချုပ်ကြီးက-

"မြောက်ပိုင်းက မန်ချူးနယ်ဆိုတော့ အဲဒီနယ်မှာ ရာထူးရတာထားပါတော့၊ တောင်ပိုင်းမှာ ဘယ်လို..."

ကျင်းကူးက ဖြတ်၍ပြော၏။

"တောင်ပိုင်းမှာ မန်ချူးဩဇာကိုတိတ်တဆိတ်ခံယူနေတဲ့ အမတ်ကြီးတွေရှိနေတာပဲ၊ သူတို့ဆီမှာ ရာထူးကောင်းကောင်းရနိုင်ပါတယ်ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းချုပ်ကြီးက ခေါင်းခါ၏။

"မင်းတို့ပြောတာတွေလောက်ကို ငါစိတ်မဝင်စားဘူး"

ကျင်းကူးရော ယင်းကူးပါစိတ်ပျက်သွားကြသည်။

"ဂိုဏ်းချုပ်ကြီးက ဒီစာကိုစိတ်မဝင်စားဘူးပေါ့"

"စိတ်မဝင်စားဘူးလို့ ငါမပြောခဲ့ပါလား၊ မင်းတို့ပြောသလောက်အကျိုးတွေကို ငါစိတ်မဝင်စားဘူးလို့ပြောတာပဲ"

ကျင်းကူးနှင့်ယင်းကူးတိတ်ဆိတ်စွာ နားထောင်နေကြသည်။

"ဘုရင့်သားတော်သလင်းနဲ့ ပတ်သက်တဲ့စာဟာ ငါတို့လက်ထဲရောက်ရမယ်၊ ဒီစာပေါ်ကအကြောင်းအရာကိုကြည့်ပြီး ငါတို့ ဘာလုပ်သင့်တယ်ဆိုတာစဉ်းစားကြရမယ်၊ ဘုရင့်သားတော်ကိုလက်ရဖမ်းနိုင်ရင် တောင်ပိုင်းမှာ ငါဘုရင်မလုပ်နိုင်ဘူးလို့ ဘယ်သူပြောမလဲ"

ကျင်းကူးနှင့်ယင်းကူးမှာ ကိုးဝက်ပါဂိုဏ်းချုပ်ကြီး၏အကြံ

ကြီးလှပုံကို ကြားသိရသောအခါ လွန်စွာထိတ်လန့်သွားကြလေ၏။

သူတို့၏အမူအရာကို ကိုးဝက်ပါဂိုဏ်းချုပ်က သတိမပြုမိပါ။ သူ့အကြံအစည်ကို သူ့ဘာသာသဘောကျနေသည်။

"ဟား- ဟား- ဟား ဘုရင်ဖြစ်ဖို့ခက်တယ်၊ ဒါပေမယ့် အခွင့်ကောင်းတစ်ချက်ကြုံရင်တော့ ချက်ချင်းဘုရင်ဖြစ်နိုင်တာပါပဲ"

ကိုးဝက်ပါဂိုဏ်းချုပ်ကြီး၏ရယ်သံသည် သူတို့ဌာနချုပ် လိုဏ်ဂူထဲ၌ ကျယ်လောင်စွာပဲ့တင်ထပ်နေလေသတည်း။

✿

လွင်ပြင်မဟုတ်၊ ကန္တာရမဟုတ်။

ဆူးပင်၊ ချုံပုတ်၊ တောပန်းများဖြင့် ပြည့်နေသည့် ချုံတောလမ်းငယ်ကလေးသာဖြစ်သည်။

ထိုတောလမ်းထဲ၌ လူငယ်တစ်ယောက် လမ်းလျှောက်နေသည်။ ထိုလူငယ်ကား **မောက်ချမ်းပင်တည်း။**

သူအင်အား လျော့ပါးနေသည်**၊ ဒဏ်ရာလည်း** ရထား၏။ သူရှေ့ဆက်ရမည့်ခရီးမှာ မနီးသေးချေ။ **ထို့ကြောင့် အနားယူရန်** အားဖြည့်ရမည်ကို စဉ်းစားမိသည်။

"ငါ ဒီပုံစံအတိုင်းဆက်ပြေးလို့ ဘယ်နှစ်မိုင်ပြေးနိုင်မှာလဲ၊ အလျင်လို လမ်းအိုလိုက်ဆိုတဲ့စကားလဲ ရှိသားပဲ၊ ရှေ့ခရီးဆက်နိုင်အောင် ငါ့ခန္ဓာကိုယ် အနားပေးရမယ်"



မောက်ချမ်းသည် သတ္တိဗျတ္တိနှင့်ပြည့်စုံသော လူငယ်ဖြစ်၍ **ဆင်ခြင်တုံတရား**ရှိသည်။ မိုက်ရူးရဲလူငယ်တစ်ယောက် မဟုတ်သဖြင့် **တွေးတောစဉ်းစား**ပြီးမှ လုပ်သင့်သည်ကိုလုပ်သည်။

**သူသည်** ကြီးမားသောသစ်ပင်ကြီးတစ်ပင်ကို ရှာဖွေကာ ထို**သစ်ပင်အောက်**၌ထိုင်ကာ အတွင်းအားလေ့ကျင့်လေသည်။

အတွင်းအားကောင်းသူမဟုတ်သဖြင့် အတော်ကြာလေ့ကျင့်ရသည်။

မြေကြွက်သိုင်းသမား၏လက်ဝါးဒဏ် အလွန်ပြင်းလေသည်။ ထိုဒဏ်ကိုပျောက်ကင်းသည်အထိ မကုစားနိုင်သော်လည်း **အတော်အသင့်**သက်သာစေရန်ကား ကုစားနိုင်ခဲ့သည်။

သူသည် ဒဏ်ရာသက်သာသည်နှင့် လေ့ကျင့်ရာမှထသည်။ **အဘွားအို၏**ကျေးဇူးကို ပြန်လည်သတိရသည်။ စိတ်ထဲမှ ဦးညွှတ်မှိုးမိလေသည်။

ထို့နောက် ရှေ့ခရီးသို့ဆက်ပြေးတော့သည်။

နောက်သို့ လုံးဝလှည့်မကြည့်တော့ပေ။

အတွင်းဒဏ်ရာကုစားသဖြင့် ကုန်ဆုံးသွားသည့်အချိန်ကို ထေမိစေရန် သူပြေးပေတော့မည်။

ဤသို့ဖြင့် **သာယာလှပ**သည့်တောအုပ်ကလေးကို ကျော်လွန်လာခဲ့သည်။

**သည်တစ်ကြိမ် တွေ့**ရသည့်အရပ်ကား မြက်ရိုင်းလွင်ပြင်**ကြီးဖြစ်သည်။**

**ထိုမြက်ရိုင်း**လွင်ပြင်ကြီးမှာ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှ

သမြင့် ကြည့်ရှုဖြင့်ရင်မောစရာကောင်းလှသည်။

သို့သော် မောက်ချမ်းကတော့ ရင်မမောပါ။ ဒွဲမာန်အပြည့်နှင့် စတင်ဖြတ်ကျော်တော့သည်။

မနားတမ်းပြေးနေသည့်မောက်ချမ်းတစ်ယောက် ရုတ်တ ရက်ရပ်တန့်သွားလေသည်။

မျက်နှာလည်း အကြီးအကျယ်ပျက်သွားသည်။ ခြေလှမ်း နှစ် လှမ်းသုံးလှမ်းခန့်ပင် နောက်ဆုတ်သွားမိသည်။

ရှေ့၌လူတစ်ယောက်တားဆီးနေသည်ကို မြင်တွေ့လိုက်ရ သောကြောင့်တည်း။

ထိုသူကား ယမ်းမီးသိုင်းသမားတည်း။

မောက်ချမ်းသည် ထိုလူနှင့် အချိန်ကုန်ခံ၍ တိုက်ခိုက်မနေ လိုတော့ပေ။

အချိန်လည်းကုန်မည်။ လူလည်းရှုံးနိုင်သည်။ ထို့ကြောင့် ညာဘက်သို့ ကွေ့ပြေးပြန်လေသည်။

အကြောင်းမှာ-

ညာဘက်ပြေးလမ်းထိပ်တွင်လည်း လူတစ်ယောက် တားဆီး နေပြန်သောကြောင့်တည်း။ .

ထိုလူကား ကြေးမုံသိုင်းသမားမှလွဲ၍ အခြားသူ မဖြစ်နိုင် တော့ပေ။

ရန်သူနှစ်ယောက်၏တားဆီးမှုကို ခံလိုက်ရသဖြင့် လွတ် မြောက်ထွက်ပြေးရန် အကြံဉာဏ်ကို မောက်ချမ်းလက်လျှော့လိုက်ရ တော့သည်။



တိုက်ခိုက်ထွင်းဖောက်ရန် နည်းလမ်းမှတစ်ပါး အခြားမရှိ တော့ပေ။

ထို့ကြောင့် သူ့ဓားရိုးပေါ်သို့ လက်တင်လိုက်ရတော့သည်။ ကြေးမုံသိုင်းသမားက ရယ်ရင်းရွှေ့တိုးလာသည်။ မောက်ချမ်းက ဓား ရိုးကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ကြေးမုံသိုင်းသမားကို စောင့်ကြည့် နေသည်။

ကြေးမုံသိုင်းသမားက-

"မင်းဘယ်လိုမှ ပြေးမလွတ်တော့ပါဘူးကွာ၊ ဒီအထိ ပြေး လာနိုင်တဲ့အတွက်တောင် မင်းကို အတော်ချီးကျူးဖို့ကောင်းနေပါပြီ၊ ကဲ- ကဲ- မင်းသိမ်းထားတဲ့စာကို ထုတ်ပေးပေတော့"

မောက်ချမ်း ဘာမျှမပြောပါ။ ဤလူတွေနှင့် စကားပြောနေ လျှင် လေကုန်ရုံသာရှိတော့မည်။

တိုက်မည်။

သေလျှင်မြေကြီး ရှင်လျှင်ရွှေထီးပေပဲ။

ထို့ကြောင့် ဓားရိုးကိုသာ တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။

ယမ်းမီးသိုင်းသမားကလည်း ရှေ့တိုးလာသည်။

သူတို့သည် မောက်ချမ်းကို ညှပ်ပူးညှပ်ပိတ် ပိတ်ဆို့ပြီး တက် လာခြင်းဖြစ်သည်။

သူက-

" မင်း အသက်ငယ်ပါသေးတယ်၊ မင်းရဲ့သိုင်းပညာကလဲ နုပါသေးတယ်၊ ဒီတော့ ငါတို့ကို မင်း ဘယ်လိုမှမယှဉ်နိုင်ပါဘူး၊ စာကို အေးအေးဆေးဆေးသာ ထုတ်ပေးပေတော့"

မောက်ချမ်း စကားမပြောပါ။

ဓားကို ရွှမ်းခနဲဆွဲထုတ်ပြီး နှစ်ယောက်စလုံးကို **ရင်ဆိုင်ရန်** ဟန်ပြင်သည်။

ယမ်းမီးသိုင်းသမားက ခေါင်းတယမ်းယမ်းဖြင့်ပြောသည်။

"မင်း အတော်မိုက်တာပဲ၊ ကျောက်တောင်ကို ခေါင်းနဲ့တိုက်ရမလား"

"အပိုတွေ ပြောမနေကြနဲ့တော့၊ ကျုပ် လွယ်လွယ်နဲ့ထုတ်မပေးဘူးဆိုတာ ခင်ဗျားတို့သိသားပဲ၊ ကဲ- တက်ခဲ့ကြ၊ နှစ်ယောက်စလုံးတက်ခဲ့ကြ"

မောက်ချမ်းက ဒါပဲပြောသည်။

ယမ်းမီးသိုင်းသမားက-

"ပြောရခက်ပါလား၊ ကဲ- မင်းကပဲ စတိုက်ပေတော့ ဒါဟာ တို့ရဲ့ညှာတာခြင်းပဲ"

မောက်ချမ်းသည် ပထမဦးစွာ ယမ်းမီးသိုင်းသမားဆီသို့ ခုန်ဝင်သည်။ ဓားချက်အမျိုးမျိုး ထိုးသွင်းသည်။ လေပြင်းမုန်တိုင်း တိုက်သကဲ့သို့ တိုက်ခိုက်သည်။

ယမ်းမီးသိုင်း**သမားက** ပြန်လှန်မတိုက်ခိုက်ချေ။

ရှောင်တိမ်း**သည်။**

နည်းအမျိုးမျိုးဖြင့်ရှောင်တိမ်းသည်။ ဤကား ယမ်းမီးသိုင်း**သမား၏**ပရိယာယ်ပင်ဖြစ်တော့သည်။

မောက်ချမ်းကို မောပန်းအောင်လုပ်ခြင်းဖြစ်သည်။ နောက်ဆုံး သူ့အလိုလိုဒူးထောက်အောင် လုပ်နေခြင်းဖြစ်တော့သည်။



"ဖယ်ဟေ့- ငါသူနဲ့ တစ်ချက်လောက် ကစားကြည့်ဦးမယ်"

ကြေးမုံသိုင်းသမား၏အော်သံကြောင့် **ယမ်းမီး**သိုင်းသမားခုန်ထွက်သွားသည်။

မောက်ချမ်းသည် ကြေးမုံသိုင်း**သမားကိုလည်း** ပထမနည်းအတိုင်း တရကြမ်းတိုက်ခိုက်သည်။

ကြေးမုံသိုင်းသမားသည် မောက်ချမ်း**၏ပြင်းထန်သော** ဓားတွက်ကို ကိုယ်တိုင်ကြုံတွေ့ရသောအခါ မျက်လုံး**မျက်ဆန်ပြူး**သွားတော့သည်။

"အင်း- ဒီကောင်လေးရဲ့ဓားပညာက **မဆိုးပါလား။ ဓား**တွင်းအား သိပ်မကောင်းပေလို့ပဲ၊ နို့မို့ရင် မလွယ်ဘူး"

မောက်ချမ်း၏ဓားကွက် ပြင်းထန်ခြင်းအဓိကအကြောင်းရင်းမှာ သူ့ကိုယ်သူ သေလူဟုသဘောထားပြီး တစ်ဘက်လူကို သေရွာသို့အပါခေါ်ရန် တိုက်ခိုက်သည့်အတွက်ပင်ဖြစ်တော့သည်။

ကြေးမုံသိုင်းသမားမျက်နှာပျက်သွားသည်။ ပေါ့ပေါ့ဆဆ မရှောင်တိမ်းရဲတော့ပေ။

အလေးဂရုပြုပြီး ရှောင်တိမ်းရတော့သည်။

ကြေးမုံသိုင်းသမားက လှမ်းအော်သည်။

"ဟေ့- ယမ်းမီး ငါတို့ အချိန်ဆွဲနေလို့ဖြစ်ပါ့မလား၊ တော်ကြာ ကြားထဲကအနှောင့်အယှက်တွေပေါ်လာရင် ကိစ္စမပြတ်ဘဲ ဖြစ်နေဦးမယ်"

ယမ်းမီးသိုင်းသမားသည် ထိုအခါကျမှ အခြေအနေမှန်ကို သဘောပေါက်သွားသည်။

မောက်ချမ်းတစ်ယောက်တည်းက အကြောင်းမဟုတ်။ သူ့ကို သွန်လိုသွန်၊ မှောက်လိုမှောက်နိုင်သည်။ ကြားလူတစ်ယောက်ယောက်ဝင်လာလျှင် ထိုသို့လုပ်နိုင်တော့မည်မဟုတ်။

သိုင်းလောကဟူသည် ထူးဆန်းသည်။

ကယ်တင်ရှင်များသည် မမျှော်လင့်ဘဲနှင့် ကိုယ်ပျောက်တစ္ဆေများလို ရောက်ရောက်လာတတ်ကြပေသည်။

ယမ်းမီးသိုင်းသမားက-

"ကောင်းပြီ၊ ငါလဲဝင်တိုက်ပြီ၊ မင်းလဲ ရှောင်ရုံရှောင်မနေနဲ့တော့၊ ဒီကောင်လေးကို မြန်မြန်လက်စသတ်ပေတော့"

ယမ်းမီးသိုင်းသမားနှင့်ကြေးမုံသိုင်းသမားတို့သည် ချက်ချင်းပရိယာယ်ပြောင်းလိုက်သည်။

နှစ်ဘက်ညှပ်တိုက်ခိုက်ကြတော့သည်။ မောက်ချမ်းခမျာအကျဉ်းအကျပ်ကျသွားသည်။

ညှပ်ပူးညှပ်ပိတ်တိုက်နေသော သိုင်းသမားနှစ်ဦးအား အသေအလဲ ခုခံနေရတော့သည်။

မြက်ရိုင်းလွင်ပြင်ထဲ၌ ဆူညံသောတိုက်ခိုက်သံများ ထွက်ပေါ်လာပေပြီ။

မာန်သွင်းသံ၊ အော်ဟစ်သံတို့သည် မြက်ရိုင်းတောထဲမှ ငှက်ကလေးများကိုလန့်ပျံစေကုန်သည်။

ယမ်းမီးသိုင်းသမားနှင့်ကြေးမုံသိုင်းသမားတို့သည် မောက်ချမ်းကိုတိုက်ခိုက်ရာ၌ ဘေးထုတ်တိုက်ခိုက်ကြသဖြင့် မောက်ချမ်းအဖို့ မချောင်ချေ။



ရန်သူများ၏တိုက်ကွက်တိုင်းသည် သူ့အသက်ဇီဝိန်ကို ခြွေနုတ်သွားစေနိုင်သည့်တိုက်ကွက်များဖြစ်နေသဖြင့် သူ့ခမျာ ချွေးဒီးဒီးကျနေရတော့သည်။

အချိန်ကြာလာသည်နှင့်အမျှ မောက်ချမ်း လက်ပန်းကျလာသည်။ ထိုးဖောက်ထွက်နိုင်ရန်မပြောနှင့်၊ သူ့ထံသို့တိုးဝင်လာသည့်အချက်များကိုပင် မနည်းရှောင်နေရသည်။

ယမ်းမီးသိုင်းသမားက ဒေါသဖြင့်အော်သည်။

"ခွေးကောင်လေး အခုမှကြောက်ပါပြီလို့ အော်လို့မရဘူးကွ၊ မင်းသာ စောစောစီးစီးကစာထုတ်ပေးရင် မင်းအသက်ကို ငါတို့ကချမ်းသာခွင့်ပေးမှာကွ၊ ခုတော့ မရတော့ဘူး၊ မင်း စာကိုထုတ်ပေးလဲ မင်းကိုသတ်ပြီးမှ ကျေနပ်နိုင်မှာကွ"

ကြေးမုံသိုင်းသမားကလည်း ထိုနည်းလည်းကောင်းပင်။

"ဟုတ်တယ်၊ ဒီခွေးကောင်လေးကိုသတ်ပြီးမှ စာကိုရှာယူမယ်ကွ၊ ဒီကောင်လေးက စိတ်ချရတာမဟုတ်ဘူး၊ သေတာတောင်တို့ကို တစ်ခုခုဒုက္ခပေးသွားမယ့်ကောင်ကွ"

မောက်ချမ်းအဖို့ မျှော်လင့်ချက်ကင်းမဲ့သည်ထက် ကင်းမဲ့သွားလေသည်။

ထိုစဉ် အော်သံတစ်သံကြားလိုက်ရလေသည်။

"ငါလာပြီဟေ့- မြွေကြွက်သိုင်းသမားလာပြီဟေ့"

ထိုအသံကြောင့် မောက်ချမ်းခမျာ လဲသေချင်မတတ်ဖြစ်သွားလေသည်။

သွားပြီ၊ ငါတော့ ရှုံးပြီဟုရေရွတ်မိလိုက်သည်။

မြွေကြက်သိုင်းသမားသည် အခြေအနေဆိုးနေပြီဖြစ်သော မောက်ချမ်းကို ဓားဖြင့် မတိုက်ခိုက်တော့ချေ။

လက်ဝါးဖြင့်သာဝင်ရိုက်သည်။

"သတ္တိခဲကြီး သွားပေရော့ကွာ"

"ဝုန်း-"

**မြွေကြက်**သိုင်းသမား၏လက်ဝါးက မောက်ချမ်း၏ကျောပြင်သို့ **ထိထိမိမိပင်ထိ**သွားသည်။

**မောက်ချမ်း** လွင့်စဉ်သွားသည်။

အောက်လမ်းသိုင်းသမားသုံးယောက်၏ တိုက်ခိုက်မှုလည်း ချက်ချင်းရပ်စဲသွားသည်။

မောက်ချမ်းထရပ်ရန် ကြိုးစားသည်။ သူအားအင်များစွာကုန်ခန်းနေပါပြီ။

ထရန် လွန်စွာခက်ခဲနေပါပြီ။

ဒူးထောက်ထိုင်နိုင်ရန်ပင် ခက်ခဲစွာကြိုးစားနေရပါလေပြီ။

မြွေကြွက်သိုင်းသမားသည် မောက်ချမ်းအား မုန်းတီးစွာဖြင့်ကြည့်လိုက်ပြီး ရှေ့သို့တိုးလာလေသည်။

ကြွက်နှင့်တူသော်လည်း သူသည်ကျားဟိန်းသံဖြင့်အော်ဟစ်ငေါက်ငမ်းလိုက်သည်။

"ဟေ့- ဒီတစ်ခါ ပြေးပါဦးလားကွဟ၊ မင်းလွတ်နိုင်သေးရဲ့လား၊ ငါ့ထက်ကလွတ်နိုင်သေးရဲ့လား"

မောက်ချမ်းသည် သူ့အနီး၌လာရပ်သည့် မြွေကြွက်သိုင်းသမား၏ခြေထောက်ကို မြင်နေရသည်။



**လက်**နှင့်လှမ်းကိုင်လျှင်ပင် ထိနိုင်သည့်အနေအထားသို့ **ရောက်နေပေပြီ**။

မြွေကြွက်သိုင်းသမားက မောက်ချမ်း၏ဦးခေါင်းကို စခန်းသိမ်း ရိုက်ခွဲရန် လက်ကိုမြှောက်လိုက်သည်။ သူ့လက် အောက်သို့ကျလာသည်နှင့် မောက်ချမ်းဇီဝိန်ကြွေရတော့မည်။

ထိုစဉ်-

"ဟေ့- ရပ်စမ်း"

လေထဲ၌ ဟိန်းထွက်လာသောအသံကြောင့် မြွေကြွက် သိုင်းသမားမှာ သူ့လက်ကိုရိုက်မချနိုင်ဘဲ လေထဲ၌တန်းလန်းမြှောက်ထားနေရသည်။

"သူ့ဆံပင် တစ်ပင်ကျွတ်တာနဲ့ မင်းလဲသေချင်းဆိုးနဲ့သေရမယ်၊ နားလည်ရဲ့လား"

ခြိမ်းခြောက်သံက ဆက်ပါလာလေသည်။

မြွေကြွက်သိုင်း**သမား**၊ ယမ်းမီးသိုင်း**သမား**နှင့် ကြေးမုံသိုင်းသမားတို့သည် **အသံရှင်ကိုကြည့်လိုက်ကြသည်**။

အဘွားအိုတစ်**ဦးပေတည်း**။ **မြွေကြွက်သိုင်း**သမား မျက်နှာရှုံ့သွားသည်။

သည်အဘွားအိုသည် သူ့အားတားဆီးခဲ့သည့် အဘွားအိုဖြစ်ကြောင်း သူသိလိုက်သည်။

"အဘွားကြီး ခင်ဗျားဝင်ရှုပ်ပြန်ပြီလား"

အဘွားအိုက ပြုံးတုံ့တုံ့ဖြင့် လက်တစ်ဖက်မြှောက်ပြ၏။

သူ့လက်ထဲ၌ အရာဝတ္ထုတစ်ခုရှိနေ၏။

"ဟော့- မင်းတို့ အသေအလဲလိုချင်နေကြတာ ဒီစာရွက်လေး မဟုတ်လား"

အဘွားအိုသည် မြှောက်ပြထားသောစာကို သူ့ရင်ခွင်ထဲသို့ ရှိသေစွာ ပြန်ထည့်လိုက်၏။

"မင်းတို့လိုချင်ရင် ငါ့ဆီကယူကြကွ၊ ဟား- ဟား- ဟား- ငါက မင်းတို့ထက်ဦးအောင် သူ့ဆီကယူထားတာဟေ့၊ သူ့ဆီမှာ စာတစ်စောင်တော့ရှိလိမ့်မယ်၊ အဲဒီစာက ငါထည့်ထားတဲ့အတုကြီးပဲ"

အဘွားအိုသည် တဟားဟားရယ်ရင်း လှည့်ပြေးသွားတော့၏။ အောက်လမ်းသိုင်းသမားသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

မြေကြွက်သိုင်းသမားက-

"သူ ညာပြောတာဖြစ်ချင်ဖြစ်မယ်"

ယမ်းမီးသိုင်းသမားက ခေါင်းခါ၏။

"မဖြစ်နိုင်ဘူး၊ ဒီကောင်လေးဆီမှာ စာအစစ်ရှိရင် ဒီကောင်လေးကို ဘယ်နည်းနဲ့မှ တို့လက်ထဲထားခဲ့မှာမဟုတ်ဘူး၊ သူ့ဆီမှာ စာအစစ်ရှိလိမ့်မယ်"

ကြေးမုံသိုင်းသမားက သဘောတူလိုက်သည်။

"ကဲ- ဘာဖြစ်လို့ အချိန်ဖြုန်းနေတာလဲ၊ အဘွားကြီးနောက် လိုက်ကြစို့"

သိုင်းသမားသုံးယောက်သည် မောက်ချမ်းကို လှည့်ပင်မကြည့်တော့ဘဲ အဘွားအိုပြေးရာနောက်သို့ တရှိန်ထိုးပြေးလိုက်သွားကြလေတော့သည်။



မောက်ချမ်း ကြောင်အမ်းအမ်းဖြစ်နေသည်။

သူ့အိတ်ထဲမှ စာကိုစမ်းသပ်ကြည့်သည်။ စာကရှိနေသည်။

သူသည် မဝံ့မရဲဖြင့် စာကိုထုတ်ကြည့်လိုက်သည်။

စာကား ဗိုလ်မှူးကြီးကြူးပေးခဲ့သည့်စာအစစ်မှ စာအစစ်ပေတည်း။

အဘွားအို တစ်ကြိမ်ကူညီပြန်ပြီဟု နားလည်လိုက်သဖြင့် သူသည် အချိန်မဖြုန်းတော့ဘဲ ဒယိမ်းဒယိုင်ဖြင့်ထပြေးလေတော့၏။

❁

## အခန်းဆက်တာဝန်

ချန်းနီဆိုသည်မှာ မိန်းကလေးတစ်ယောက်၏အမည်ဖြစ်ပါ၏။ ချန်းနီသည် အလွန်ချောမောလှပသည်။

ယခင်က သူမနှင့် သူမ၏မိဘများသည် တရုတ်ပြည်မြောက်ပိုင်း စီလိုရွာတွင်နေထိုင်ခဲ့သည်။ စီလိုရွာသားများသည် လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်သူများဖြစ်သော်လည်း ဇွဲသတ္တိ ရှိကြသူများဖြစ်သည်။

သိုင်းပညာလည်း တော်တော်တတ်မြောက်ကြသည်။

မန်ချူးများတိုက်ခိုက်လာသောအခါ စီလိုရွာသားများသည် ကြံ့ကြံ့ခိုင် ခုခံခဲ့ကြသဖြင့် မန်ချူးများ **အလွယ်တကူအနိုင်မရပေ။**

သို့သော်- ရေရှည်တွင် **စီလိုရွာသားများမခုခံနိုင်ပေ။**

နောက်ဆုံး မန်ချူးများ**အနိုင်ရသောအခါ** စီလိုရွာသားများ အမြောက်အမြားအသတ်ခံရ၏။

ချန်းနီ၏မိဘများသည် ထို**အထဲတွင်**ပါသွားတော့သည်။



သူမသည် တောင်ပိုင်းတရုတ်ပြည်၌ ကြီးစားပမ်းစား ဝမ်းစာရှာစားနေသည်။

မန်ချူးများကိုမုန်းသည်။ ထို့ကြောင့် မန်ချူးများကို မည်သို့လက်စားချေရမည်ကိုသာ **တွေးနေသူကလေး**ဖြစ်သည်။

**ယနေ့ သူသည် တော**ထဲသို့ထင်းခုတ်ဝင်သည်။ ထင်းခုတ်ရင်း **စားကောင်းသည့်သစ်သီး**သစ်ဖုများကို ရှာဖွေသည်။

**ဤအလေ့အကျင့်**များစွဲခဲ့သည်မှာ နှစ်နှစ်ခန့်ပင်ရှိခဲ့လေပြီ။

"**အား**- ကျွတ်- ကျွတ်-"

သူမ တောထဲတောင်ထဲလာတိုင်း မည်သည့်အခါမျှ လူသူဟူ၍မတွေ့ခဲ့ရပေ။

ယုတ်စွအဆုံး သစ်ခုတ်သမားတစ်ဦးတစ်လေပင် မတွေ့ခဲ့ရချေ။ ယခုမူ စုတ်သပ်ညည်းတွားသံကြားလိုက်ရသည်။

ထိုအခါတွင် ချန်းနီမှာ ခြေလှမ်းများရပ်တန့်သွားလေသည်။ ကြက်သီးမွေးညင်းများပင် ထသွားသည်။

ချန်းနီသည် အသံကြားရာချုံပုတ်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။ မဝံ့မရဲချဉ်းကပ်သွား၏။

ထိုစဉ် ချုံပုတ်သည် အနည်းငယ်လှုပ်ရှားသွားသည်။

"အား- ကျွတ်- ကျွတ်-"

လူတစ်ယောက်၏ညည်းသံပင်ဖြစ်တော့သည်။ သူမသည် မန်ချူးစစ်သားများနှင့် သရဲတစ္ဆေကိုသာကြောက်သည်။ သာမန်လူကို မကြောက်ပေ။

အသံကြားသောချုံပုတ်အနီးသို့ ဇွဲမာန်တင်းကာ တိုးကပ်

သွား၏။ ချုံပုတ်ကိုဆွဲဖယ်လိုက်ရာ ချန်းနီမှာ လိပ်ပြာလွင့်မတတ်လ
ဖျပ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုချုံပုတ်အတွင်းတွင် သွေးအလိ
လိမ်းဖြင့် လူတစ်ယောက်လဲနေသောကြောင့်ပေတည်း။

ချန်းနီနောက်ဆုတ်သွားသည်။

သို့သော် လဲကျနေသူ၏ညည်းညူသံက သူ့အား ဘာမျှဒု
မပေးနိုင်ကြောင်း အချက်ပေးသလိုရှိနေသဖြင့် ရဲ့ဝံ့စိတ်ဝင်လာပြီး ထို
ကပ်သွားသည်။

သူမသည် ဒဏ်ရာနှင့်လူကို အကဲခတ်လိုက်သည်။ လူငယ်
တစ်ယောက်ပင်။

ဝတ်စုံဖြူသည် သွေးများကြောင့်အနီရောင်ဝတ်စုံဖြစ်နေလေ
ပြီ။ ဒဏ်ရာရထားသောလူငယ်သည် သူ့အနီးသို့ တစ်စုံတစ်ယောက်
ချဉ်းကပ်လာပြီကိုသိရှိသဖြင့် ထထိုင်ရန်ကြိုးစားလိုက်သည်။

ရန်သူလော မိတ်ဆွေလော သိနိုင်ရန်စူးစမ်းသည်။

"ဘယ်သူလဲ"

လူငယ်၏မေးသံက အားမပါချေ။

သို့သော် ပီပီသသတော့ရှိသည်။

ချန်းနီ နောက်ဆုတ်သွားသည်။

လူငယ်က ထပ်မံစူးစမ်းပြန်သည်။

"အခု ကျုပ်နားကပ်လာတာ ဘယ်သူလဲ"

ဒဏ်ရာရထားသော ထိုလူငယ်သည် အများသိကြပြီးသည့်
မောက်ချမ်းပင်တည်း။



သူသည် မြေကြွက်သိုင်းသမား၊ ယမ်းမီးသိုင်းသမား၊ ကြေး
ပုံသိုင်းသမားတို့လက်မှ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း သူ့ဒဏ်
ရာများကိုမူ မကုသနိုင်ခဲ့ချေ။

အလဲလဲအပြိုပြိုဖြင့် ပြေလွှားလာရာမှ နောက်ဆုံး မဟန်နိုင်
တော့ဘဲ ဤတောတန်းထဲလဲကျခဲ့ရခြင်းဖြစ်သည်။ သူ ရှေ့ဆက်မပြေး
နိုင်တော့ချေ။

ထို့ကြောင့် ရန်သူများက သူ့ကို ရုတ်တရက်မတွေ့စေရန်
ချုံပုတ်ထဲဝင်ခိုနေခဲ့ခြင်းဖြစ်သည်။

ဤချုံပုတ်ထဲရောက်နေသည်မှာ နှစ်ရက်ခန့်ရှိနေပေပြီ။

အစာငတ်၊ ရေငတ်ဒဏ်ရာရသဖြင့် သူ့မှာလွန်စွာအားနည်း
ခဲ့ရပေသည်။

သူ တရွတ်ဆွဲသွားရန်ကြိုးစားသော်လည်း မရခဲ့ချေ။

ထို့ကြောင့် သေရမည့်အချိန်ကိုငံ့လင့်ခဲ့ရာမှ မမျှော်လင့်ဘဲ
လူသံကြားလိုက်ရခြင်းဖြစ်သည်။

"ကျွန်မ- ကျွန်မပါ၊ ရှင်ဘယ်သူလဲ"

ချန်းနီက သနားကြင်နာစွာမေးလိုက်၏။ ချန်းနီ၏ကရုဏာ
သံကြောင့်လည်းကောင်း၊ မိန်းကလေးတစ်ယောက်ဖြစ်နေကြောင်း
သေချာသွား၍လည်းကောင်း မောက်ချမ်း စိတ်သက်သာရာရသွား၏။

လောလောဆယ်ဆယ် မသေနိုင်သေးဟုတွေးလိုက်မိသည်။

"မင်း- မင်း တစ်ယောက်တည်းလား"

"ဟုတ်- ဟုတ်ကဲ့- ကျွန်မ တစ်ယောက်တည်းပါ"

"လောလောဆယ်တော့ ဒီသစ်တောအတွင်းက ရွာမှာနေပါ

တယ်၊ ကျွန်မကစစ်ပြေးဒုက္ခသည်ပါ၊ **မန်ချူးတွေသတ်လို့ ကျွန်မ မိဘ** တွေသေခဲ့ရပါတယ်"

"မင်း ဘယ်ကလဲ"

မောက်ချမ်း ပို၍စိတ်အေးသွားသည်။ ဤမိန်းကလေးသည် သူ့အတွက် မည်သည့်နည်းနှင့်မျှ ရန်သူ မဖြစ်နိုင်တော့ပေ။

"မင်း- မင်းရဲ့နာမည်ဘယ်သူလဲ"

"ကျွန်မနာမည် ချန်းနီပါ"

မောက်ချမ်းက တုန်ယင်စွာပြော၏။

"ငါ့ကိုစိတ်မဆိုးပါနဲ့၊ အကြောင်းရှိလို့မေးနေရတာပါ"

ချန်းနီသည် သူ့မိဘများကိုသတိရလာသဖြင့် မျက်ရည်လဲ့ လဲ့ဖြင့်ပြောသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်မအတွက် ဘာမှနစ်နာမှုမရှိပါဘူး၊ ရှင် မေးချင်တာကိုသာမေးပါ"

"မင်းရဲ့မိဘတွေအတွက် ငါ စိတ်မကောင်းပါဘူး၊ ငါဟာ မန်ချူးတွေကိုမုန်းတဲ့လူပါ"

ချန်းနီ မျက်ရည်ကျလုလုဖြစ်သွား၏။ အဟောင်းများ အသစ် ဖြစ်တိုင်း သူမ ရင်နာရပါသည်။

"ကျွန်မမိဘတွေသေတာ **ဂုဏ်ယူဖို့ကောင်းပါတယ်၊** သူတို့ကို ခုခံရင်း သေကြရတာပါ"

"ငါလဲ မန်ချူးကိုခုခံတွန်းလှန်ခဲ့တဲ့လူပါ၊ **အခြေအနေအရ** ရှောင်တိမ်းနေရတဲ့လူပါ၊ မင်း မိဘတွေရဲ့ဂုဏ်ယူစရာအဖြစ်အပျက် ကို ငါသိခွင့်မရှိဘူးလား"



ချန်းနီသည် တူးဖော်ယူလာသည့် ဆေးမြစ်ဟုခေါ်သော သစ် ဥတစ်မျိုးကို မောက်ချမ်းအားလှမ်းပေးလိုက်သည်။

"ဒါ စားလိုက်ပါ၊ ရှင့်ဒဏ်ရာ နည်းနည်းတော့သက်သာမှာပါ၊ သစ်မြစ်ဥဟာ ဆေးဖက်ဝင်တယ်၊ အာဟာရလဲပြည့်ဝတယ်"

"ကျေးဇူးတင်ပါတယ်"

မောက်ချမ်းက တုန်ယင်ချည့်နဲ့စွာလှမ်းယူပြီးစား၏။ စားပြီး ခဏအတွင်းမှာပင် မောက်ချမ်းတစ်ကိုယ်လုံး တရှိန်းရှိန်းဖြစ်လာ၏။ အားအင်သစ်များဝင်လာသလို ခံစားလိုက်ရသည်။

အမှန်တကယ်စွမ်းသော ဆေးပါပေ။

**"သက်သာရဲ့လား"**

**"သက်သာပါတယ်၊** မင်းပေးတဲ့ဆေးမြစ်ဥဟာ အတော်ကို စွမ်းပါတယ်၊ **ကဲ- မင်းမိဘတွေ**ရဲ့တိုက်ပွဲအကြောင်းပြောပြမလား"

"**ကောင်းပါပြီ၊** ကျွန်မပြောပြပါမယ်"

✿

**'စီလိုရွာ'**

ရွာကြီးတစ်ရွာဖြစ်သည်။

လူဦးရေ အတော်များသည်။

စီလိုရွာတွင် သိုင်းသမားအတော်များများရှိသော်လည်း ထို သိုင်းသမားများသည် သိုင်းလောကထဲ ကျင်လည်ကြသူများ မဟုတ် ကြပေ။

လယ်ယာကိုင်းကျွန်းအလုပ် မိနိုးဖလာအလုပ်များကိုသာ

လုပ်ကိုင်ကြရင်း သိုင်းပညာကို ဝါသနာအရ လေ့ကျင့်တတ်မြောက်ထားကြခြင်းသာ ဖြစ်သည်။

ယခင်က စီလိုရွာသည် အလွန်အေးချမ်းသည်။ သို့သော် မန်ချူးများ တရုတ်ပြည်ကိုကျူးကျော်တိုက်ခိုက်လာသော အချိန်တွင် မအေးချမ်းတော့ပေ။

မျိုးချစ်တရုတ်အတော်များများသည် စီလိုရွာတွင် ခိုအောင်းလာကြ၏။

ဤသို့ဖြင့် စီလိုရွာသည် မြောက်ပိုင်းမျိုးချစ်အင်အားစုများ အတော်ကလေးစုစည်းမိသော ကျေးရွာကြီးဖြစ်လာသည်။

စီလိုရွာ၏သတင်းသည် မန်ချူးနယ်ချဲ့များနားထဲသို့ ရောက်သွားသောအခါ မန်ချူးစစ်ဗိုလ်တာလူကူ ဦးဆောင်သော မန်ချူးစစ်တပ်သည် စီလိုကျေးရွာကိုလာရောက်ဝိုင်းဝန်းတော့သည်။

မျိုးချစ်များစုစည်းထားသော ကျေးရွာသည် မန်ချူးတို့ကို လုံးဝအညံ့မခံပါချေ။

ချန်းနီ၏ဖခင်သည် စီလိုရွာ၏ခေါင်းဆောင်တစ်ဦးဖြစ်သည်။

သူသည် ညအခါတွင် စီလိုရွာသား သိုင်းသမားသုံးဆယ်ကို ဦးဆောင်ကာ မန်ချူးစစ်သားများအား လျှပ်တစ်ပြက်ဝင်တိုက်သည်။

မန်ချူးစစ်သားတစ်ရာခန့်သေဆုံးပြီး စီလိုရွာမှသူရဲကောင်း သုံးဆယ်အနက် ဆယ့်နှစ်ယောက်ကျဆုံးသည်။ ကျန်ဆယ့်ရှစ်ယောက်သည် ရွာခံတပ်အတွင်းသို့ပြန်ဝင်နိုင်ခဲ့သည်။

ကျားဘုရင်က သားသမင်ဖြစ်သွားရသည့်အရေးအခင်း အတွက် မန်ချူးစစ်ဗိုလ်တာလူကူမှာ ဆွေ့ဆွေ့ခုန်ဒေါပွနေသည်။



ရွာသူရွာသားများသည် ပျော်ရွှင်၍မဆုံးပေ။

သို့သော် တာလူကူ၏ကြုံးမာန်ဖွဲ့မှုကတော့ စီလိုရွာကိုရစ်ပတ်ထုံးဖွဲ့သွားခဲ့ရလေပြီ။

နောက်တစ်နေ့ညတွင် ရွာထိပ်ကင်းမှအချက်ပေးသံပေါ်လာ၏။ ထိုအခါ ရွာထဲရှိယောကျာ်းတိုင်း လက်နက်ဆွဲကိုင်ကာ ကိုယ့်အဖွဲ့နှင့်ကိုယ် အသင့်ပြင်ကြလေ၏။

မန်ချူးတို့သည် စီလိုကျေးရွာအတွင်းသို့မြားမိုးရွာကာ မြင်းတပ်ဖြင့် အလုံးအရင်းဝင်တိုက်တော့သည်။

မန်ချူးတို့တိုက်ခိုက်ပုံမှာ ကျေးရွာတစ်ရွာကို တိုက်ခိုက်သည့်ပုံမျိုး မဟုတ်ပေ။

တပ်သားရာထောင်ရှိသည့်ရဲတိုက်ကြီးကို ဝင်တိုက်သည့်ပုံမျိုး ဖြစ်သည်။

ရွာသားများသည် ကြောက်ရွံ့ခြင်းမရှိပါ။

မြားမိုးရွာနေသည့်အချိန်အတွင်းမှာပင် မန်ချူးမြင်းစစ်သည်တို့ကို ရှပ်ရှပ်ချွံချွံခုခံကြ၏။

အမြော်အမြင်ကြီးသော ချန်းနီ၏ဖခင်နှင့် သူရဲကောင်း ဆယ့်ရှစ်ယောက်သည် ရွာအနောက်ဘက်စည်းရိုးကိုဖောက်လျက် နောက်ပိုင်းမှဝန်းရံထားသော မန်ချူးတို့ကိုအသေခံတိုက်သည်။

အကြောင်းမှာ ရွာထဲမှမိန်းမများနှင့်ကလေးများ ထွက်ပေါက်ရစေရန်ပင်ဖြစ်သည်။

ချန်းနီသည် သူမ၏ဖခင်နှင့် ယှဉ်တွဲတိုက်ခိုက်လိုသည်။

သို့သော် ဖခင်ကလက်မခံပါ။

"သမီး- သမီးပြေးတော့၊ သမီးတို့လွတ်မှ-"

"အင့်-"

ချန်းနီ၏ဖခင်သည် စကားကို ဆုံးအောင် မပြောနိုင်တော့ပါ။ မန်ချူးစစ်သားတစ်ယောက်၏ဓားချက်ဖြင့် တစ်ချက်တည်း **အသက်**ထွက်သွားခဲ့ရသည်။

ချန်းနီတို့လည်း ဖခင်၏စကားကိုနားထောင်**ကာ တစွတ်ထိုး**ထွက်ပြေးခဲ့ကြရာ ကံအားလျော်စွာ စီလိုရွာသူလေးဆယ်**ခန့် အသက်**ဘေးမှကင်းလွတ်ခွင့်ရခဲ့သည်။

သူရဲကောင်း ရွာသားဆယ့်ရှစ်ယောက်သည် စီလိုရွာသူ လေးဆယ်ခန့် အသက်ချမ်းသာခွင့်ရရေးအတွက် သူတို့အသက်ကို ပေးလှူသွားခဲ့ကြပေသည်။

✿



စကားအဆုံးတွင် ချန်းနီ၏မျက်ဝန်းမှ **မျက်ရည်များ**တသွင်သွင်စီးကျလာလေတော့၏။ မောက်ချမ်းသည် ချန်း**နီ၏ဖြစ်စဉ်**ကို အကြောင်းမဲ့ မေးခြင်းမဟုတ်ပါချေ။

သူ့တွင်အကြံအစည်ရှိ၍ ဖြစ်ပါသည်။ ချန်းနီသည် မန်ချူးများကို တကယ်မုန်းသူဟုတ်မဟုတ် သေချာစွာသိလို၍ မေးခြင်းဖြစ်ပါသည်။

"မိန်းကလေး-"

"ရှင်"

"ငါ့ကို တစ်ခုလောက်ကူညီပါလားဟင်"

"ဟင်- ဘာလဲ၊ ရှင့်ကို ရွာထဲခေါ်သွားဖို့လား၊ ဒါတော့ မပူပါနဲ့ရှင်၊ လူတစ်ယောက်ရဲ့အသက်ကို ကယ်ကောင်းတာပဲဥစ္စာ"

"မဟုတ်ပါဘူး၊ ငါလိုချင်တဲ့အကူအညီကတစ်မျိုးပါ"

"ဘာလဲ၊ ပြောပါ၊ ကျွန်မ ကူညီနိုင်တာ**ဆိုရင်** ကူညီဖို့ဝန်မလေးပါဘူး"

မောက်ချမ်းတဲ့ဆိုင်းသွားသည်။ အတန်**ကြာမှ** ယတိပြတ်ဆုံးဖြတ်ချက်ချသောလေသံဖြင့် ပြောသည်။

"ငါ့- ငါ့ကိုယ်စား စာတစ်စောင်ပို့ပေးပါလား**ဟင်**"

ချန်းနီ အံ့ဩသွားသည်။ သေလုမြောပါးဒဏ်**ရာရနေသူက** သူ့အသက်အတွက် အကူအညီ မတောင်းဘဲ စာတစ်စောင်ပို့ပေး**ရန်** အကူအညီတောင်းနေသည်။

အမှန်တကယ် အံ့ဩစရာပင်မဟုတ်ပါလား။

ချန်းနီက-

"ဘယ်သူ့ဆီ ပို့ပေးရမှာလဲဟင်"

"အား- ကျွတ်- ကျွတ်- မိန်းကလေး မင်းဆီမှာ ဟိုဆေးမြစ်ရှိသေးသလား၊ ရှိရင် နည်းနည်းလောက်ပေးပါလားဟင်"

ချန်းနီသည် ကျန်နေသည့်ဆေးမြစ်ဥသုံးဥကို ပေးလိုက်၏။

မောက်ချမ်းက ဆေးမြစ်တစ်ခုကိုစားပစ်လိုက်သည်။

မောက်ချမ်း တအားတိုးလာသလို ခံစားလာရပြန်သည်။

"အမတ်ကြီးတစ်ယောက်ဆီ ပို့ပေးရမှာပါ"

"ကျွန်မ ရှင့်ကိုရွာထဲခေါ်ပြီး ဒဏ်ရာကုပေးပါမယ်၊ ဒဏ်ရာပျောက်တော့ ရှင့်ဘာသာ သွားပို့လိုက်ပေါ့"

"ဟင့်အင်း- ငါ့မသေရင်ကံကောင်းပဲ၊ အတွင်းဒဏ်ရာကော အပြင်ဒဏ်ရာပါရထားတာ၊ ငါ့ကို ဆေးကုနေရင် အချိန်တွေ အများကြီးကုန်သွားလိမ့်မယ်၊ ဒါကြောင့်မို့ မင်းကို အကူအညီတောင်းရတာပါ၊ မန်ချူးတွေကိုမုန်းတဲ့လူမဟုတ်ရင် အခုလို အကူအညီတောင်းမှာမဟုတ်ပါဘူး"

ချန်းနီ နှုတ်ခမ်းကလေးကိုကိုက်လိုက်၏။ ကူညီမည်ဟု ဆုံးဖြတ်လိုက်သည်။

"အမတ်ကြီးက ဘယ်သူလဲ"

"အမတ်ကြီး စုဘူးဝှက်ပါ"

"သူကဘယ်မှာနေလို့လဲ၊ သူ့ကိုတွေ့ဖို့လွယ်ပါ့မလား"

"သူက ရန်ချျိုမြို့မှာနေတယ်၊ တွေ့ဖို့လဲ သိပ်ခက်မယ် မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက မျိုးချစ်အမတ်ကြီးတစ်ဦးဖြစ်လို့ပါပဲ၊ သတင်းအရပြောရတာပေါ့လေ"



"ရန်ချျိုက ဒီကနေ အတော်ဝေးသလား"

"ဝေးတယ်- ဆယ်ရက်ခရီးလောက်ကို သွားရလိမ့်မယ်၊ ဒါကြောင့် မင်းကိုအကူအညီတောင်းရတာပေါ့"

"အဝေးကြီးပဲနော်"

"ဝေးတယ်၊ ငါ့ဒဏ်ရာပျောက်အောင်စောင့်နေရင် တစ်လလောက်ကြာသွားလိမ့်မယ်"

ချန်းနီ ခေါင်းကုတ်သွားသည်။

"ကျွန်မ မပို့ချင်တော့ဘူး"

မောက်ချမ်း အထိတ်တလန့်ဖြစ်သွား၏။

"ဘာဖြစ်လို့လဲညီမလေးရယ်"

"ခရီးကဝေးတယ်၊ ကျွန်မသွားဖို့အခက်အခဲရှိတယ်"

မောက်ချမ်းက တောင်းပန်သောအကြည့်ဖြင့်ကြည့်သည်။

"မလုပ်ပါနဲ့ ညီမလေးရယ်၊ ငါ့မတတ်သာလွန်းလို့ အကူအညီတောင်းရတာပါ၊ တော်ရုံတန်ရုံလူဆီမှာလဲ ဒီအကူအညီမတောင်းရဲပါဘူး၊ ညီမလေးကိုယုံရလို့ ဒီအကူအညီတောင်းရတာပါ"

ချန်းနီငိုင်သွားသည်။

မောက်ချမ်းက တောင်းတောင်းပန်ပန်ပြောသည်။

"ညီမလေး၊ ငါတို့သိရသလောက်၊ ကြားရသလောက်ဆိုပါတော့လေ၊ အမတ်ကြီးစုဘူးဝှက်ဟာ သိပ်ပြီးသစ္စာတရားရှိတယ်လို့ပြောပါတယ်၊ ဟန်တရုတ်တွေ မျိုးချစ်တရုတ်တွေဆိုရင်သိပ်ပြီး အကူအညီပေးတယ်လို့လဲသိရပါတယ်၊ တကယ်လို့ ညီမလေးသာ ဒီစာကိုတာဝန်ယူပို့ပေးရင် ညီမလေးဘဝလုံခြုံရေးကို အမတ်ကြီးစုဘူးဝှက်

ကတာဝန်ယူပေးမှာပါ"

"ရှင်- အမတ်ကြီးက ကျွန်မဘဝလုံခြုံရေးကို တာဝန်ယူမယ် ဟုတ်လား"

မောက်ချမ်းက ယုံကြည်စွာပြောလေသည်။

"သေချာပါတယ် သူတာဝန်ယူမှာပါ"

ချန်းနီ တစ်ချက်စဉ်းစားလိုက်သည်။

အမတ်ကြီးထံ၌နေရလျှင် သူမသည် ယခု ရွာမှာထက် မန်ချူ ခုခံရေးကို ပို၍လုပ်ဆောင်နိုင်မည်ဟုတွေးသည်။

**"ကောင်းပြီ- ကျွန်မသွားပို့ပေးမယ်"**

**မောက်ချမ်းသည်** သူ့အိတ်ထဲမှစာကို ဆွဲထုတ်လိုက်သည်၊ **စာသည်ပင်** သွေးနီရဲရဲများစွန်းထင်းနေသည်။

ချန်းနီက စာပို့ပေးမည်ဟုကတိပြုလိုက်သဖြင့် မောက်ချမ်း စိတ်လှုပ်ရှားကာ ရုတ်တရက် သွေးများထိုးအန်သည်။ ချန်းနီ စိတ်မ ကောင်းဖြစ်သွားသည်။

ချန်းနီက မောက်ချမ်းအားပြုစုရန်ဟန်ပြင်လိုက်သည်။

မောက်ချမ်းကတားသည်။ လက်ထဲမှစာကိုသာ ပေးသည်၊

"နေ- နေပါစေ၊ ငါ- ငါနေနိုင်ပါတယ်ညီမလေး၊ ဒီစာကိုသာ တခြားလူတွေလက်ထဲမရောက်အောင် စောင့်ရှောက်ပါ"

ချန်းနီကစာကိုယူကာ အတွင်းအင်္ကျီအိတ်ထဲသို့ ထိုးသွင်း သိမ်းဆည်းလိုက်သည်။

**"စိတ်ချပါ၊** ကျွန်မ ဒီစာကို ရှင့်ကိုယ်စားပေးပေးပါမယ်"

**"နေဦး"**



"ဘာပြောစရာ ရှိသေးလို့လဲ"

"ဒီ- ဒီစာကို အမတ်ကြီးလက်ထဲကို ချက်ချင်းထည့်မပေးနဲ့ ဦးနော်"

"ဘာ- ဘာဖြစ်လို့လဲ"

"အမတ်ကြီးစုဘူးဝှက်ဟာ ငါတို့ကြားထားသလိုတကယ်တမ်း မျိုးချစ်စိတ်ရှိတဲ့အမတ်ကြီးဟုတ်မဟုတ် သေသေချာချာ စုံစမ်းကြည့် ပါဦး၊ ဟုတ်မှ **ဒီစာကိုပေးပါ"**

**"ဟုတ်ကဲ့- ပြောတဲ့အတိုင်း** ကျွန်မလုပ်ပါ့မယ်၊ တကယ်လို့ ဒီအမတ်ကြီးဟာ **မျိုးချစ်ပုဂ္ဂိုလ်ဖြစ်မနေရင်ကော"**

"ဒီစာကိုမီးရှို့လိုက်ပါ၊ တစ်စွန်းတစ်စတောင် ကျန်မနေရစ်ပါ စေနဲ့"

မောက်ချမ်းမှာ ပြောရင်းအသံတိမ်ဝင်သွားသည်၊

ချန်းနီက မောက်ချမ်းအတွက်စိုးရိမ်လာသဖြင့်-

**"အစ်ကို ရှင့်ကို ကျွန်မပေးထားတဲ့** ဆေးမြစ်ဥထပ်စားလိုက် ပါလား"

**မောက်ချမ်းကကြေကွဲစွာပြုံးပြီး** ခေါင်းခါယမ်းလိုက်သည်။

"မရတော့ဘူးညီမလေး၊ မင်းပေးတဲ့ဆေးမြစ်ဥ သိပ်စွမ်းလို့ သာ အခုလောက်ထိ စကားပြောနိုင်တာပါ၊ ထပ်စားလို့ ဘာမှမထူး ခြားတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ညီမလေးတာဝန်ယူလိုက်တဲ့အတွက် ငါအများကြီး အသေဖြောင့်ပါတယ်"

"အို- နိမိတ်မရှိ နမာမရှိ"

မောက်ချမ်းပြောနေသည့်**စကားသံမှာ** အဆင်ချောချောမ

ဟုတ်ပေ။ တစ်လုံးချင်း တုန်ယင်စွာပြောနေခြင်းသာဖြစ်သည်။

မီးစာကုန် ဆီခန်းသည့်အခြေအနေသို့ ရောက်ရှိနေသည်မှာ သေချာနေလေပြီ။

"ကျွန်မ- ကျွန်မ အစ်ကို့ကိုရှာထဲသယ်သွားပါ့မယ်၊ အစ်ကို မသေစေရပါဘူး"

"ကျေး- ကျေးဇူးတင်ပါတယ်၊ ငါ- ငါ မ- မနေရတော့ပါဘူး ဗိုလ်- ဗိုလ်မှူးကြီး. . ."

ယခုပင် ကောင်းတော့မလိုလိုနှင့် သူမအား စကားများစွာ ပြောနေခဲ့ရာမှ ရုတ်တရက်ချက်ချင်းသေဆုံးသွားသည့် မျိုးချစ်သူရဲ ကောင်းကိုကြည့်ကာ ချန်းနီသည် ကြုကြုပါအောင်ငိုမိတော့သည်၊

သူမသည် မောက်ချမ်းပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ လုပ်ဆောင်မည်ဟုဆုံးဖြတ်လိုက်လေသည်။

သူမသည် သူ့ရဲကောင်းမောက်ချမ်းကို ခွေးသေဝက်သေကဲ့သို့ ပစ်မထားရက်ပါ။

မောက်ချမ်းစားဖြင့်ပင် တွင်းတူးပြီး မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်သည်။

မျိုးချစ်အခန်းဆက်တာဝန်ကို သူမ ထမ်းဆောင်နေပြီဖြစ်ကြောင်း သူမ ဂယနဏာမသိပါ။ မောက်ချမ်းကိုကြင်နာသောစိတ်ဖြင့် သူမသည် ရန်ချုံမြို့သို့သွားရန်ဦးတည်လိုက်လေသည်။

✿

## ဘုရင်၏ အဆုံးအဖြတ်

တရုတ်ပြည်မြောက်ပိုင်းကိုလက်လွှတ်ခဲ့ပြီးနောက် တောင်ပိုင်းတရုတ်ပြည်တွင် ဘုရင်တစ်ပါး စိုးစံနေခဲ့ပြီဟုပေါ်ပြခဲ့လေပြီ။

ထိုဘုရင်ကား တကယ်တမ်း ထီးနန်းဆက်ခံရမည့်ဘုရင် မဟုတ်ပေ။ နတ်ရွာစံဘုရင်ကြီး၏ဆွေမျိုးတော် မင်းညီမင်းသားများထဲမှ ဘုရင်ဖြစ်လာသူသာဖြစ်သည်။

ပြည်ပအရေးအခင်းဖြစ်ပေါ်ရာမှ ပြည်တွင်းမှူးမတ်ကြီးများ၏မသမာမှု၊ နန်းတွင်းဩဇာအာဏာကြီးစိုးလိုမှုကြောင့် ဤသို့ ဘုရင်သစ်တစ်ပါးပေါ်ထွန်းလာရခြင်းဖြစ်ပေသည်။

ဘုရင်သစ်၏အမည်မှာ ဟုဝမ်းဖြစ်ပြီး သူသည် တောင်ပိုင်းတရုတ်ပြည်ကို စိုးမိုးအုပ်ချုပ်သောမင်းဖြစ်ပေသည်။

ဘုရင်ဟုဝမ်းအား နန်းတင်ပေးခဲ့ရာ၌ အဓိကကျသော အမတ်ကြီးမှာ ကျန်းဝင်းဖြစ်သည်။

ဟုဝမ်းဘုရင်ဖြစ်လာချိန်မှစ၍ ကျန်းဝင်းအမတ်ကြီးသည်

နန်းတွင်း၌ သွေလက်သွေခြေဖြစ်လာတော့သည်။

ဘုရင့်ထက်ပင် သူ့ဩဇာအာဏာ ကြီးမားသလိုလိုဖြစ်လာလေသည်။

အဘယ်မှာလျှင် ဩဇာအာဏာကမကြီးထွားဘဲရှိပါအံ့နည်း။ ဘုရင်ဟုဝမ်းသည် အသေးအဖွဲကိစ္စကလေးကိုပင် အမတ်ကြီးကျန်းဝင်းနှင့် တိုင်ပင်ဆွေးနွေး၏။

ကြီးမားသောကိစ္စရပ်များ၌မူ ပြောစရာမရှိတော့ပေ။

ထို့ကြောင့် နန်းတွင်း၌ ပိုင်းကြည့်ခံရသောအုပ်စုက တရုတ်ပြည်တောင်ပိုင်းသည် ဘုရင်နှစ်ယောက်၏စိုးမိုးအုပ်ချုပ်မှုကို ခံနေရသည်ဟု တီးတိုးပြောကြခြင်းဖြစ်ပေသည်။

အချို့က နှစ်ကိုယ့်တစ်စိတ်ဘုရင်ဟုပြောသည်။

အချို့က ရုပ်ပြဘုရင်နှင့် ကန့်လန့်ကာနောက်ကွယ်မှဘုရင်ဟူ၍ နှစ်ယောက်ရှိသည်ဟုပြောသည်။ မည်သူ မည်သို့ပြောပြော ဘုရင်ဟုဝမ်းနှင့် အမတ်ကြီးကျန်းဝင်းတို့က လုံးဝဂရုမစိုက်ချေ။

သူတို့ဂရုစိုက်သည်မှာ အာဏာပင်ဖြစ်သည်။ တောင်ပိုင်းဦးသျှောင်နန်းတွင်း၌ မှူးမတ်များစည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် တောင်ပိုင်းပြည်နယ်အသီးသီးရှိအမတ်ကြီးများလည်း ညီညွတ်မှု မရှိကြချေ။

မြောက်ပိုင်းနှင့်ထိစပ်နေသောအပိုင်းများရှိ မှူးမတ်များ အမတ်ကြီးများ စစ်မှူးကြီးများသည် တရုတ်ဘုရင်၏ဩဇာအာဏာအောက်၌ ရှိသေလေးစားသည်ဟု အမည်အားဖြင့်သာခံယူကြပြီး တကယ်လက်တွေ့တွင်မူ မန်ချူးအလိုတော်ရိများဖြစ်နေကြ၏။



တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ကြိုးစားနေကြပါသည်ဆိုသော်လည်း ကိုယ့်အစုကလေးများဖြင့်သာ ကြိုးစားခြင်းဖြစ်၍ ထိရောက်မှုမရှိဘဲဖြစ်နေသည်။

ထိုအခြေအနေမျိုး၌ တောင်ပိုင်းတရုတ်နန်းတော်တွင်ညီလာခံတစ်ခု ကျင်းပလျက်ရှိနေပေသည်။

ဘုရင်ဟုဝမ်းကြွချီလာချိန်၌ မှူးမတ်များနှင့်သေနာပတိများစုံညီစွာတက်ရောက်လာကြပြီး ဖြစ်ပေသည်။

ဘုရင်ဟုဝမ်းသည် ပထမဦးဆုံးအမတ်ကြီးကျန်းဝင်းကို ကြည့်လိုက်သည်။ ဤသည်မှာ ဘုရင်ဟုဝမ်း လုပ်လေ့လုပ်ထရှိသော အမူပေတည်း။

လျှောက်တင်စရာရှိကလျှောက်တင်ဟု အခွင့်ပြုသည့် အမှတ်အသားလည်းဖြစ်ပေသည်။ အမတ်ကြီးကျန်းဝင်းက ဘုရင်ဟုဝမ်းအား မသိမသာအချက်ပြပြီး-

"အရှင်မင်းမြတ် ဒီကနေ့ညီလာခံမှာ အမတ်ကြီးကျန်းဝင်းက အထူးလျှောက်တင်စရာ ရှိနေကြောင်း ကြိုတင်ပြောပြထားပါတယ်ဖုရား"

ဘုရင်က ခေါင်းညိတ်ခွင့်ပြုသည်။

ထိုအခါ အမတ်ကြီးကျန်းဝင်းထလာပြီး လျှောက်တင် သည်။

"မှန်လှပါ၊ ကျွန်တော်မျိုး လျှောက်တင်စရာကိစ္စတစ်ခုရှိပါတယ်ဖုရား"

"လျှောက်တင်ပါအမတ်ကြီး"

"မှန်လှပါ၊ ယခုညီလာခံအမီ မန်ချူးဧကရာဇ်၏သံတမန်များ

ဆိုက်ရောက်လျက်ရှိကြောင်းပါဘုရား"

ဘုရင်ဟုဝမ်းက အံ့သြဟန်မပြပေ။

အဘယ်မှာလျှင် အံ့သြဟန်ပြမည်နည်း။ အမတ်ကြီး ကျန်းဝင်းက ကြိုတင်သတင်းပို့ထားခဲ့သဖြင့် ကြိုတင်သိရှိပြီးပြီမဟုတ်ပါလော။ ဘုရင်က ပုခုံးနှစ်ဖက်ကိုတွန့်လိုက်သည်။

"သူတို့မှာ ဘာလျှောက်တင်စရာများရှိနေသလဲ၊ ရှေ့တော်သွင်းလိုက်စမ်းပါ၊ ဒါမှမဟုတ် သူတို့ဘာကြောင့်လာကြတယ်ဆိုတာ အမတ်ကြီးကပဲလျှောက်တင်စမ်းပါ"

အမတ်ကြီးက-

"မန်ချူးဧကရာဇ်ရဲ့နိုင်ငံတော်နဲ့ တရုတ်နိုင်ငံတော် စစ်မက်မဖြစ်ရေး၊ ငြိမ်းချမ်းစွာနေထိုင်ရေးအတွက် ဆွေးနွေးဖို့ရောက်လာခြင်းဖြစ်ပါသတဲ့ဘုရား"

ထိုစကားကြောင့် ဘုရင်ဟုဝမ်း အမျက်တော်ရှသွားလေ၏။

"တယ်- နိုင်းလိုက်လေ၊ သူတို့က ကျုပ်ရဲ့တိုင်းပြည်တစ်ဝက်ကိုသိမ်းပြီးမှ ကျုပ်တို့နဲ့စစ်မက်မဖြစ်ဘဲနေချင်သတဲ့လား၊ တော်တော်လဲ တရားမျှတတဲ့မန်ချူးတွေပါလား"

ဘုရင်ဟုဝမ်းသည် နန်းရင်ပြင်တစ်ခုလုံး ခြုံကြည့်ပြီးမေးမြန်းလိုက်သည်။

"ကဲ- အမတ်ကြီးတွေရဲ့သဘောထားက ဘယ်လိုရှိကြသလဲ လျှောက်တင်ကြဦး"

ထိုအချိန်ကျမှ အမတ်ကြီးကျန်းဝင်းက ထလာတော့သည်၊

"အရှင်မင်းမြတ် ကျွန်တော်မျိုးတို့ရဲ့တောင်ပိုင်းအခြေအနေကို အမှန်အတိုင်းသုံးသပ်တော်မူပါ၊ မြောက်ပိုင်းကို မန်ချူးတွေ သိမ်းပိုက်သည့်တိုင်အောင် ကျွန်တော်မျိုးတို့ရဲ့တောင်ပိုင်းဟာ စည်းလုံးညီညွတ်မှုမရှိသေးပါဘူး၊ မြောက်ပိုင်းကိုစည်းလုံးအောင်လုပ်ဖို့ စစ်အင်အားကောင်းအောင်လုပ်ဖို့လိုပါတယ်၊ ဒါမှသာ မြောက်ပိုင်းကို ပြန်လုပ်ကိုက်ခိုက်ယူနိုင်မှာ ဖြစ်ပါတယ်"

ဘုရင်ဟုဝမ်းမှာ ပထမ၌ဒေါသထွက်နေသော်လည်း အမတ်ကြီးကျန်းဝင်းတင်လျှောက်သည့်အခါတွင်မူ စိတ်ထားပြောင်းလဲသွားလေသည်။

ဘုရင်ဟုဝမ်းက ခေါင်းတဆတ်ဆတ်ညိတ်သည်။

ထိုအခိုက်အတန့်မှာပင် အမတ်ကြီးစုဘူးဝှက် ထရန်ဟန်ပြင်သည်။ အမတ်ကြီးကျန်းဝင်းက သူဆက်ပြောရန်ရှိသေးသည်ဟု အချက်ပြနေသဖြင့် အမတ်ကြီးစုဘူးဝှက်ပြန်ထိုင်ရလေသည်။

အမတ်ကြီးကျန်းဝင်းက ဆက်ပြောသည်။

"ကျွန်တော်မျိုး အဓိကတင်လျှောက်လိုတဲ့အချက်ကတော့ မန်ချူးများက စစ်ပြေငြိမ်းဖို့လိုလိုလားလားဖေ့စပ်ချိန်မှာကျွန်တော်မျိုးတို့ကလက်ခံဖို့လိုကြောင်းပါပဲ၊ အရှင်မင်းမြတ်စဉ်းစားတော်မူပါ"

ဘုရင်ဟုဝမ်းသည် သူ့ဦးခေါင်းဖြင့် စဉ်းစားဆုံးဖြတ်နိုင်သူမဟုတ်ပေ။ အရာရာတွင် အမတ်ကြီးကျန်းဝင်းကိုတိုင်ပင်ပြီး အမတ်ကြီး၏ဆုံးဖြတ်ချက်ကိုသာ လိုက်နာအမိန့်ချသူဖြစ်တော့သည်။

အမတ်ကြီးကျန်းဝင်းမှာလည်း တစ်ကိုယ်ကောင်းသမားသာဖြစ်သည်။ တိုင်းပြည်အတွက် ကြည့်ရှုသူမဟုတ်ပေ။ သူ စည်းစိမ်နှင့်နေနေရလျှင်ပြီးရော သူ့အာဏာထက်မြက်နေလျှင်ပြီးရောဟု သဘော

ထားရှိသူဖြစ်၏။ မန်ချူးတို့နှင့် စစ်ဖက်ပြိုင်ရန် ပြင်ဆင်လျှင် တပ်မှူးကြီးများကို နေရာပေးရမည်။

အမတ်ကြီးစုဘူးဝှက်ကဲ့သို့သော မန်ချူးကိုအပြင်းအထန် ဆန့်ကျင်သောအမတ်ကြီးများကို နေရာပေးရမည်ဖြစ်သဖြင့် မန်ချူးတို့နှင့်စစ်ဖက်ပြိုင်လိုခြင်းမရှိပေ။

ပိုနေမြဲကျားနေမြဲနေခြင်းက သူ့အတွက်ထည်ဝါခြင်းရှိသဖြင့် မန်ချူးတို့နှင့်စစ်ပြေငြိမ်းရန် အကျိုးအကြောင်း ရှာကြံတင်လျှောက်ခြင်းဖြစ်ပေသည်။

ဘုရင်ဟုဝမ်းသည် ချက်ချင်းလိုလိုပင် လက်တစ်ဖက်မြှောက်လိုက်သည်။ အမိန့်ချတော့မည်ဆိုသည့်သဘောပေတည်း။

ထိုအခါ အမတ်ကြီးစုဘူးဝှက်မှာ ကပျာကယာထလာရလေတော့သည်။

"အရှင်မင်းမြတ် ခဏသည်းခံတော်မူပါ၊ ကျွန်တော်မျိုးတင်လျှောက်စရာရှိပါသေးတယ်"

ဘုရင်ဟုဝမ်းက စိတ်ပျက်သောအမူအရာဖြင့် အမတ်ကြီးကျန်းဝင်းအား လှမ်းကြည့်လိုက်သည်။

အမတ်ကြီးကျန်းဝင်းက မသိမသာခေါင်းညိတ်ပြသည်။

ထိုအခါ ဘုရင်ကခွင့်ပြုသည်။

"ကဲ- အမတ်ကြီး ဘာများတင်လျှောက်ချင်လို့လဲ"

စုဘူးဝှက်က တည်ကြည်သောလေသံဖြင့်-

"ကျွန်တော်မျိုးရဲ့စဉ်းစားတွေးတောချက်ဟာ အမတ်ကြီးကျန်းဝင်းရဲ့စဉ်းစားတွေးတောချက်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်၊



မန်ချူးဘုရင်ကကမ်းလှမ်းလာတဲ့ ကမ်းလှမ်းချက်ကို လက်သင့်မခံယ်ချသင့်ကြောင်း တင်လျှောက်ပါရစေဘုရား"

ဘုရင်ဟုဝမ်းက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲအမတ်ကြီးရဲ့"

"ဒါဟာ မာန်ချူးတွေရဲ့ပရိယာယ်ပဲဖြစ်ပါတယ်"

"ဘာ- မန်ချူးတွေရဲ့ပရိယာယ်ဟုတ်လား"

"မှန်ပါတယ်၊ မန်ချူးတွေရဲ့ပရိယာယ်ပဲဖြစ်ပါတယ်"

"ကျုပ်တော့ သဘောမပေါက်ဘူး၊ အကျယ်ရှင်းပြပါလား"

စုဘူးဝှက်က လေးနက်စွာလျှောက်တင်လေတော့သည်။

"မှန်လှပါ၊ မန်ချူးတွေဟာ တရုတ်ပြည်မြောက်ပိုင်းတစ်ဝက်ကိုရရုံနဲ့ ကျေနပ်နေတာမဟုတ်ဘူးဆိုတာ ဟန်တရုတ်လူမျိုးတိုင်း သိကြပါတယ်၊ ကျွန်တော်မျိုးတို့ရဲ့ထောက်လှမ်းချက်အရ မန်ချူးသူလျှိုတွေဟာ တောင်ပိုင်းတရုတ်ပြည်ထဲမှာ ခြေချင်းလိမ်နေပါတယ်"

"အင်း- ဒါတော့ ကျုပ်လဲသိတယ်"

"သူတို့ရဲ့သူလျှိုတွေ ဘာဖြစ်လို့ခြေချင်းလိမ်နေရတာလဲ၊ ဒါရှင်းပါတယ်၊ တရုတ်ပြည်တောင်ပိုင်းကို ဆက်လက်သိမ်းပိုက်ဖို့ သတင်းအချက်အလက်တွေ စုဆောင်းနေကြတာပါ၊ ဒီတော့ ကျွန်တော်မျိုးတို့ကလဲ သတင်းအချက်အလက်စုဆောင်းရမယ်၊ မြောက်ပိုင်းကို ပြန်ရဖို့ စစ်အင်အားစုဆောင်းရမယ်. . .

တကယ်လို့- ကျွန်တော်မျိုးတို့ စစ်ပြေငြိမ်းလိုက်ရင် တောင်ပိုင်းတစ်ခုလုံး သွေးအေးသွားပါလိမ့်မယ်၊ စစ်ပြင်ဆင်မှုမရှိတဲ့ အင်အားချည့်နဲ့နေတဲ့တောင်ပိုင်းတစ်ခွင်လုံးကို မန်ချူးတွေက အေးအေးဆေး

ဆေးသိမ်းပိုက်သွားပါလိမ့်မယ်"

စုဘူးဝှက်က စကားကိုခေတ္တရပ်နားလိုက်သည်။

"အခု မန်ချူးတွေက စစ်ပြေငြိမ်းဖို့လာကမ်းလှမ်းကြပါတယ်၊ ဒါဟာ ကောင်းသောလာခြင်းမဟုတ်ပါဘူး၊ သူတို့ နားချိန်ယူခြင်းသာဖြစ်ပါတယ်၊ အနားယူပြီးတာနဲ့ တောင်ပိုင်းကိုတိုက်ခိုက်တော့မှာ သေချာပါတယ်"

ထိုစဉ် အမတ်ကြီးကျန်းဝင်းထလာ၏။

"ဒါမဖြစ်နိုင်ပါဘူး၊ မန်ချူးတွေဟာ နိုင်ငံရဲ့တစ်ဝက်ကို ရရှိထားတာမို့ သူတို့ကျေနပ်နှစ်သိမ့်နေကြမှာပါ၊ ကျွန်တော်မျိုးတို့ရဲ့နိုင်ငံဟာ စစ်ကြောင့် အတော်ကလေးပင်ပန်းနေပါပြီ၊ တိုင်းသူပြည်သားတွေ ခေတ္တခဏအနားယူဖို့ ပြေငြိမ်းတာကိုလက်ခံသင့်ပါတယ်ဘုရား"

ကျန်းဝင်းသည် သူ့ဘက်တော်သားအမတ်ကြီးများကို တစ်ချက်လှမ်းကြည့်ပြီး ထိုင်ချလိုက်သည်။

ထိုအခါ ကျန်းဝင်း၏ဘက်တော်သားအမတ်ကြီးများက မန်ချူး၏ကမ်းလှမ်းချက်များကို လက်ခံသင့်ကြောင်း တစ်ဦးပြီးတစ်ဦး ထောက်ခံလျှောက်တင်ကြလေတော့သည်။

စာရင်းချုပ်လိုက်သောအခါ မန်ချူးတို့၏ ကမ်းလှမ်းချက်ကို လက်ခံလိုသည့်အမတ်ကြီးများက ခြောက်ယောက်တိတိရှိနေပြီး လက်မခံလိုသည့်ဘက်တွင် စုဘူးဝှက်အမတ်ကြီးတစ်ယောက်တည်းသာရှိနေကြောင်း တွေ့ရတော့သည်။

အမတ်ကြီးစုဘူးဝှက်နှင့် သဘောတူညီသည့်အမတ်ကြီး အချို့ရှိသော်လည်း သူတို့သည် တရားဝင်အားဖြင့် အမတ်ကြီးကျန်းဝင်း



နှင့် ဆန့်ကျင်ဘက်မှရှိနေကြောင်း မပေါ်ပြလိုကြပေ။

ထို့ကြောင့် အမတ်ကြီးစုဘူးဝှက်မှာ ထောက်ခံသူမရှိဘဲ ဖြစ်သွားခဲ့ရသည်။

ထိုစဉ် နန်းရင်ပြင်သို့ အလွန်တရာလှပသောမင်းသမီးကလေးတစ်ပါး ဝင်လာသည်။ ထိုမင်းသမီးကလေးမှာ နတ်ရှာစ်ကရာဇ်ကြီး၏ ဒုတိယမိဖုရားမှဖွါးမြင်သူ မင်းသမီးကလေးဖြစ်ပြီး မိုးနဂါးတောင်၌ခိုအောင်းနေသူဘုရင့်သားတော်နှင့် ဖအေတူ မအေကွဲ ညီမတော် တော်စပ်သူဖြစ်သည်။

ယခုနန်းတက်နေသည့်ဘုရင်ဟုဝမ်းနှင့် ဆွေမျိုးတော်စပ်သူဖြစ်ရာ သူမသည် မင်းသမီးအဆောင်အယောင်နှင့်တကွ တခမ်းတနားစိုးစံခွင့်ရနေပေသည်။

မင်းသမီးလေး၏နာမည်မှာ စွေ့ရမ်းဖြစ်ပြီး သူမသည်လည်း မန်ချူးများကို နာကြည်းသူဖြစ်သည်။

မင်းသမီးလေးက သူမ၏အစ်ကိုတော်အား မေးမြန်းရာ အခြေအတင်ဖြစ်နေသည့်အခြေအနေကို နားလည်သဘောပေါက်သွားလေတော့သည်။

မင်းသမီးလေး၏မျက်နှာ၌ ဒေါသရောင်လွှမ်းသွားသည်။

"ဘာဖြစ်လို့ ဒီမန်ချူးတွေနဲ့ စစ်ပြေငြိမ်းရမှာလဲ၊ သူတို့က သခင်မတို့ရဲ့တိုင်းပြည်ကိုလာသိမ်းတာပဲ၊ တစ်ခုတော့ရှိတယ်၊ သူတို့အားလုံး မြောက်ပိုင်းကပြန်ထွက်သွားရင်တော့စစ်ပြေငြိမ်းမယ်၊ ဒါမှလဲ သဘာဝကျတယ်"

ကျန်းဝင်းက ရုတ်တရက်ထရပ်လာသည်။ ပျော့ပျောင်း

ညင်သာသောလေသံဖြင့် မင်းသမီးလေးအား ရှင်းပြလိုက်သည်။

"သမီးတော်လေး- အခုအချိန်မှာ မန်ချူးတွေရဲ့ အင်အားဟာ တကယ်ကြီးမားနေပါတယ်၊ တောင်ပိုင်းက ဟန်တရုတ်တွေ အနေနဲ့လဲ စစ်ပန်းနေတဲ့အတွက် စိတ်ချလက်ချ အားပြည့်ဖို့လိုအပ်နေပါတယ်-

ကိုယ့်တိုင်းပြည်ကိုဖွဲ့ယူသိမ်းထားတယ်ဆိုပြီး မခံချင်စိတ်နဲ့ ပြန်တိုက်ရင် ကိုယ်ပဲနစ်နာစရာရှိပါတယ်၊ သမီးတော်ကလေး ခုအချိန်မျိုးမှာ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတာလို အင်မတန်ချင့်ချိန်ဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်"

မင်းသမီးလေးနွေ့ရမ်းက အမတ်ကြီးကျန်းဝင်းကို ဒေါသရောင်တောက်သောမျက်လုံးများဖြင့် ကြည့်သည်။

"အခုကြည့်စမ်း သခင်မတို့တောင်ဘက်ခြမ်းမှာ ဘာအားဖြည့်မှုတွေတွေလုပ်နေသလဲ၊ အားလုံး စည်းစိမ်ခံနေကြတာပဲမဟုတ်လား၊ စစ်ပြေငြိမ်းပြီးရင် ပိုပြီးတောင်စည်းစိမ်ခံကြဦးမယ်"

အမတ်ကြီးကျန်းဝင်းက သူပြော၍မရနိုင်တော့ဟူသော သဘောဖြင့် ဘုရင်ဟုဝမ်းကိုလှမ်းကြည့်လိုက်သည်။

ဘုရင်ဟုဝမ်းက ပြတ်သားသောလေသံဖြင့်-

"ညီမတော်- ဒီကိစ္စမှာ ညီမတော် ဝင်စွက်ဖက်ဖို့ ဘာမှအကြောင်းမရှိဘူး၊ အစ်ကိုတော်ရဲ့တာဝန်ပဲဖြစ်တယ်၊ ကဲ- အားလုံး နားထောင် ကျူပ်အမိန့်ချမယ်"

နန်းရင်ပြင်တစ်ခုလုံး ငြိမ်သက်သွားလေသည်။

နွေ့ရမ်းမင်းသမီးကလေးမှာ အသားများတဆတ်ဆတ်တုန်ယင်နေလေသည်။



ဤနန်းရင်ပြင်ထဲ၌ အမတ်ကြီးကျန်းဝင်းတွင်ကျယ်နေသည့် နှေးမဆွကပင် သူမ ရိပ်မိခဲ့ပြီးဖြစ်၏။

သူမ၏အစ်ကိုတော်မှာလည်း အမတ်ကြီးကျန်းဝင်း၏ကြိုးဆွဲရုပ်သေးရုပ်ဖြစ်နေသည်ကို သူမ သိရှိသည်။

ထိုအခြေအနေကိုပြောင်းလဲပစ်ရန် သူမကြိုးစားသော်လည်း အမတ်ကြီးကျန်းဝင်း၏အုပ်စုက တစ်နန်းတော်လုံးကို စိုးမိုးချုပ်ကိုင်ထားသဖြင့် သူမလည်းလက်လျှော့ခဲ့ရသည်။

ယခုလည်း သူမလက်လျှော့ရပြန်လေပြီ။

ဘုရင့်အမိန့်အာဏာကို မည်သူလွန်ဆန်ပါတော့နည်း။

သူမ၏အစ်ကိုတော် မည်သို့အမိန့်ချမည်ကို သူမ ကြိုတင်သိရှိပြီးလေပြီ။

ရင်ပြင်တစ်ခုလုံးသည် ဘုရင့်အမိန့်ချမည့်အသံကိုနားစွင့်နေကြသည်။

"အမတ်ကြီးများရဲ့ အချေအတင်ဆွေးနွေးချက်များကို ကျူပ်ကြားနာပြီးပြီ၊ ပညာရှိအမတ်ကြီးတော်တော်များများကလဲ မန်ချူးတွေရဲ့စစ်ပြေငြိမ်းဖို့ကမ်းလှမ်းချက်ကို လက်ခံလိုကြတဲ့အတွက် မန်ချူးတွေနဲ့စစ်ပြေငြိမ်းဖို့ ကျူပ်အမိန့်ချလိုက်တယ်၊ အမတ်ကြီးကျန်းဝင်းက မန်ချူးသံတမန်များကို ကောင်းကောင်းမွန်မွန်ပြုစုပြီး ဌာနေပြန်စေဖို့ ဆောင်ရွက်ပေးစေ"

ဘုရင်ဟုဝမ်း၏ နောက်ဆုံးပိတ်အမိန့်သည် အမတ်ကြီးကျန်းဝင်းနှင့် သူ့ဘက်တော်သားများ၏မျက်နှာကို ဝင်းထိန်သွားစေသော်လည်း -

မင်းသမီးကလေးနှင့်အမတ်ကြီးစုဘုးဝှက်တို့ကိုမူ စိတ်ဓာတ်ကျသွားစေခဲ့ပေသည်။

မင်းသမီးကလေး၏မျက်နှာ၌ ဒေါသများလွှမ်းနေသော်လည်း အမတ်ကြီးစုဘုးဝှက်ကား မျက်နှာအောက်ချလျက်ရှိနေလေတော့သည်။

❖

## လူသတ်မည့်အကြံအစည်

ညီလာခံပြီးဆုံးသွားခဲ့လေပြီ။

ဘုရင်ဟုဝမ်းက ရှေ့ဦးစွာညီလာခံမှထွက်ခွါသည်။

ထို့နောက် မှူးမတ်ကြီးများနှင့်မင်းသမီးကလေး ထွက်ခွါသွားကြသည်။ အမတ်ကြီးကျန်းဝင်းသည် သူ၏အိမ်တော်သို့ တန်း၍ပြန်သည်။

ယခု ညီလာခံ၌ သူ့အဆိုအောင်မြင်ခဲ့သဖြင့် သူဝမ်းမြောက်မနေပါ။ မာန်တက်မနေပါ။

သူ မခံချိမခံသာဖြစ်နေပါသည်။ ဒေါသထွက်နေပါသည်။

အဘယ့်ကြောင့် ဤသို့ဖြစ်နေပါသနည်း။

အကြောင်းမှာ ညီလာခံ၌ အမတ်ကြီးစုဘုးဝှက်က သူ့အား အတိအလင်းဆန့်ကျင်ခဲ့သောကြောင့်ပေတည်း။

ဤအကြောင်းကို တွေးတိုင်း သူဒေါသထွက်နေမိသည်။

ဘုရင်က သူ့ဘက်၌ရှိ၍သာတော်ပေတော့သည်။

အကယ်၍ ဘုရင်သာသူ့ဘက်၌မရှိလျှင် ဤကိစ္စမှာ အတော်ကလေး အချေအတင်ဆွေးနွေးရမည့်ကိစ္စ ဖြစ်သွားပေလိမ့်မည်။

သူ့ကိုယ်သူဒေါသဖြစ်မိသည်။ စုဘုရားဝှက်သည် အမြဲတမ်း သူ့အား ဆန့်ကျင်ခဲ့သည်။ ယခုကိစ္စ၌လည်း သူ့ကိုဆန့်ကျင်နိုင်သည်ဟု ကြိုတင်တွက်ချက်ထားဖို့ မကောင်းပါသလော။

နန်းတွင်း၌ သူ့အင်အားကောင်း၍လည်းကောင်း၊ ဘုရင်ဟုဝမ်းက သူ့ဘက်ကရှိနေ၍လည်းကောင်း၊ မန်ချူးတို့နှင့်စစ်ပြေငြိမ်းမှုအောင်မြင်ခဲ့ခြင်းဖြစ်ပေသည်။

ကျန်းဝင်းသည် တွေးရင်းတွေးရင်း အမတ်ကြီး စုဘုရားဝှက်အပေါ် မကျေမနပ်ဖြစ်လာလေသည်။ ဤကောင်ကြီးသည် တစ်နေ့နေ့၌ သူ့နောက်ကျောကိုဓားနှင့်ထိုးမည့်သူဟု သိမြင်သဘောပေါက်လာလေတော့သည်။

"စုဘုရားဝှက်ဟာ ငါ့ကိုအမြဲတမ်းဆန့်ကျင်ခဲ့တဲ့လူဖြစ်တယ်၊ အခုညီလာခံမှာ သူ့အဆိုရှုံးသွားတဲ့အတွက် ငါ့ကိုပိုပြီးမကျေနပ်ဖြစ်မှာသေချာတယ်၊ သူ့ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး"

သူသည် စုဘုရားဝှက်ကို ဒီအတိုင်းလွှတ်မထားတော့ဟု ဆုံးဖြတ်လိုက်သည်။

သူသည် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ပြီး စဉ်းစားနေသည်။ အတန်ကြာမှ မောင်းကလေးကိုထုလိုက်သည်။

မောင်းသံအဆုံး၌ လူငယ်တစ်ယောက်အလျင်အမြန်ရောက်ရှိလာလေသည်။ လူငယ်သည် ပိန်ပါးသော်လည်း သွက်လက်လျင်မြန်လေသည်။



မျက်နှာမူကား ရွှံရှာဖွယ်ရာရှိသည်။ အလွန်တရာကောက်ကျစ်မည့်ရုပ်မျိုးဖြစ်သည်။ မျက်လုံးများကား မြွေမျက်လုံးများဖြစ်လေသည်။

ယမ်းစွေ့-

ယမ်းစွေ့ဆိုသူမှာ ထိုပိန်ပိန်ပါးပါးကောက်ကျစ်သူ၏အမည်ဖြစ်သည်။ ယမ်းစွေ့သည် အမတ်ကြီးကျန်းဝင်းကို ဂါရဝပြုလေသည်။

သူသည် အမတ်ကြီး၏ဂေဟာမှ အလုပ်သမားတစ်ယောက်မဟုတ်ပါ။ အစေခံတစ်ယောက် မဟုတ်ပါ။ အမတ်ကြီးကျန်းဝင်း၏ အကြံပေးအရာရှိသာဖြစ်ပါသည်။

အမတ်ကြီးက လက်ဖြင့်အချက်ပြသဖြင့် ယမ်းစွေ့သည် ချထားသည့်ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်လေသည်။

"သခင်ကြီး ကျွန်တော် ယမ်းစွေ့ရောက်လာပြီ"

အမတ်ကြီးမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေဆဲ. . .

ထို့ကြောင့် ယမ်းစွေ့က ညင်သာစွာမေးမြန်းလေသည်။

အဆိပ်သီးအချို့သည် ချိုမွှေးသောရနံ့များရှိကြသည်မဟုတ်ပါလား။

"သခင်ကြီး ဘာများအခက်အခဲ ကြုံတွေ့နေပါသလဲခင်ဗျာ"

အမတ်ကြီးကျန်းဝင်းက ယမ်းစွေ့အားကျေနပ်စွာကြည့်လိုက်သည်။ ငါ့တပည့်သည် ငါ့ ပုံသဏ္ဌာန်ကိုကြည့်၍ အကဲခတ်နိုင်ပေစွဟု နှိုးကျူးသည့် အကြည့်ဖြင့် ကြည့်ခြင်းဖြစ်ပေသည်။

"ပြဿနာတော့ မဟုတ်ပါဘူးကွာ"

ယမ်းစွေ့က ပြုံးလိုက်သည်။

"သခင်ကြီးက ပြဿနာမဟုတ်ဘူးဆိုရင် ဘာမှပြဿနာ မ **ဖြစ်နိုင်ပါ**ဘူး၊ သခင်ကြီး စိတ်အနှောင့်အယှက် ကိစ္စကလေးတွေရှိနေ ရင် **သခင်ကြီး**ကိုယ်စား ကျွန်တော်ကပဲ ကြားထဲကဖြေရှင်းလိုက်ပါ ရစေ"

"အေး- မင်းရှင်းနိုင်မယ်ထင်လို့ ခေါ်လိုက်တာပါပဲ"

"သခင်ကြီး လူတစ်ယောက်ယောက်အတွက်များ စိတ်အ နှောင့်အယှက်ဖြစ်နေသလား"

"လူတစ်ယောက် - "

အမတ်ကြီးကျန်းဝင်းက ပွဲတင်ထပ်ရေရွတ်လိုက်လေသည်။

"မင်း တော်ပါပေတယ်၊ ငါလူတစ်ယောက်ကြောင့် အတော် ပဲ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်"

"ဘယ်သူများလဲ သခင်ကြီး - "

"စုဘူးဝှက်"

အမတ်ကြီးကျန်းဝင်းက ပွဲတင်ထပ်ရေရွတ်လိုက်လေသည်။

"အမတ်ကြီးစုဘူးဝှက်ပဲပေါ့ ဟုတ်လား၊ ရန်ချုံမြို့ကအမတ် ကြီးစုဘူးဝှက်ပဲ မဟုတ်လား"

"ဟုတ်ပါ့ကွာ၊ အဲဒီစုဘူးဝှက်ပါပဲ၊ အင်မတန်ကိုစိတ်အနှောင့် အယှက်ဖြစ်အောင်လုပ်နိုင်တဲ့လူပါပဲ၊ သူဟာ **နန်းတွင်း**မှာ ငါ့ကို အမြဲ တမ်းဆန့်ကျင်တယ်၊ ငါဟာ နန်းတွင်းမှာ အုပ်စုဖွဲ့ထားနိုင်လို့သာ ကျင်း ထဲကျပ်ထဲမှာ သူ့ကိုကျော်လွှားနိုင်တာ၊ နောင်လဲ သူဟာ ငါ့ကို ဒုက္ခပေး ဦးမှာပဲ၊ အဲဒီတော့ ငါဘာလုပ်သင့်သလဲ"

ယမ်းဇွေ့က ခပ်အေးအေးပြောလိုက်သည်။



"သိပ်လွယ်တဲ့အလုပ်ပါပဲ သခင်ကြီးခင်ဗျာ"

"ဟေ- သိပ်လွယ်တယ်ဟုတ်လား"

"လွယ်ပါတယ်- သိပ်လွယ်ပါတယ်"

"ပြောစမ်းပါဦးကွာ"

ယမ်းဇွေ့က ရယ်မောလိုက်သည်။

"သူ့ကိုအနားယူခိုင်းလိုက်ရင် ပြီးတာပဲမဟုတ်လားခင်ဗျာ"

"ဟေ - "

အမတ်ကြီးကျန်းဝင်း ဟေခနဲဖြစ်သွားသည်။

"သူက ငါလိုအမတ်ကြီးတစ်ပါးပဲကွ၊ သူ့အနားယူဖို့ ငါက အမိန့်မပေးနိုင်ဘူး၊ ဘုရင်ကသာ ပေးနိုင်တယ်၊ ဘုရင်က ငါပေးတဲ့ အကြံဉာဏ်မှန်သမျှကို လက်ခံတယ်ဆိုပေမယ့် ဒီကိစ္စ အကြံပေးလို့ ကတော့ လက်ခံမှာမဟုတ်ဘူး"

ယမ်းဇွေ့က ခေါင်းခါယမ်းလိုက်သည်။

"**အဲဒီလိုမဟုတ်ပါဘူးသခင်ကြီးရဲ့၊** သူ့ခန္ဓာကိုယ်ထဲမှာ **အသက်မရှိတော့**ရင် သူ့ကို ဘယ်ဘုရင်ကမှ အမိန့်ပေးဖို့မလိုတော့ ပါဘူး"

အမတ်ကြီးကျန်းဝင်းသည် စားပွဲခုံကို အားရပါးရပုတ်လိုက် လေသည်။ ယမ်းဇွေ့၏စကားကို လွန်စွာ သဘောကျကျေနပ်သွား လေသည်။

"ငါဟာ ဘုရင်ရဲ့အတိုင်ပင်ခံအမတ်ကြီးပါ၊ ဒါပေမယ့် ဒီဘွဲ့ နဲ့တောင် ငါ မထိုက်တန်ချင်တော့ဘူး၊ မင်းပြောတာကို ငါမရိပ်မိဘူး၊ တည့်တည့်ပြောမှပဲ နားလည်တော့တယ်"

အမတ်ကြီးကျန်းဝင်းနှင့် အကြံပေးအရာရှိယမ်းစွေ့တို့သည် ဖြိုင်တူပင် တဟားဟားအော်ဟစ်ရယ်မောမိကြလေတော့သည်။

"ဟား - ဟား - ဟား - ဟား"

အတန်ကြာရယ်မောပြီးမှ အမတ်ကြီးကပြောလိုက်သည်။

"မင်းပေးတဲ့အကြံဉာဏ်ကို မင်းပဲ အကောင်အထည်ဖော်သင့်တယ်၊ မင်း ဘယ်လိုသဘောရသလဲ"

"သခင်ကြီးရဲ့စိတ် အနှောင့်အယှက်ကင်းဝေးသွားအောင် ကျွန်တော်ပျော်ပျော်ကြီး တာဝန်ယူပါတယ်ခင်ဗျာ"

"မင်းဟာ တကယ်ပဲ **အားကိုးလောက်တဲ့သူပါပဲကွာ"**

ယမ်းစွေ့သည် **အမတ်ကြီးကျန်းဝင်းအား** ဦးညွတ်ဂါရဝပြုပြီး ထွက်ခွါသွားလေတော့သည်။

အမတ်ကြီးကျန်းဝင်းသည် သူ၏လက်ဝါးနှစ်ဖက်ကိုပွတ်သပ်ရင်း ယမ်းစွေ့၏ကျောပြင်ကို လိုက်ကြည့်နေမိသည်။

သူ လွန်စွာအားရကျေနပ်နေလေသည်။

စုဘူးဝှက်တစ်ယောက် နောင်တွင် သူ့အားမည်သို့မျှအတိုက်အခံလုပ်နိုင်တော့ မည်မဟုတ်ဟု တွေးပြီး လွန်စွာပျော်မြူးနေမိသည်၊

တစ်ကောင်တည်းပြေးသောမြင်းကဲ့သို့ အန္တရာယ်ဟူသည် သူ့အတွက် မည်သည့်အခါမျှဖြစ်ပေါ်နိုင်တော့မည်မဟုတ်ချေ။

✿



ယမ်းစွေ့သည် အမတ်ကြီးကျန်းဝင်း၏အိမ်တော်မှ ထွက်ခွါလာသည်။ **ကြီးမားသောယပ်တောင်ကြီးကို** တဖျပ်ဖျပ်ခတ်လျက် **မြည်းညင်းစွာလျှောက်**လာသော သူ့အမူအရာသည် လူကုံထံတစ်**ယောက်ကဲ့သို့** ဟန်ပါလှလေသည်။

သို့သော် သူ့မျက်လုံးများကား ကောက်ကျစ်လွန်းလှသဖြင့် စိတ်ထားအားဖြင့် အလွန်အောက်တန်းကျကြောင်း သိရှိနိုင်လေသည်။

လူနေချိုကြား၊ စိတ်နေဘုံဖျားဟူသောစကားမှာ အခြေအနေကျပ်တည်းဆင်းရဲသည့်ဘဝထဲ၌နေသော်လည်း ကာယကံ၊ ဝစီကံ၊ မနောကံတို့၏အပြုအမူ၌ အထက်တန်းကျကျ မြင့်မြင့်မြတ်မြတ် ပြုမူပြောဆိုတွေးတောတတ်သူတို့အား ရည်ညွှန်းသုံးစွဲအပ်သည်။

သူသည် အမတ်ကြီးကျန်းဝင်း၏အကြံပေးအရာရှိဆိုသော်လည်း အမတ်ကြီးအား အထက်စီးမှ အကြံပေး ဉာဏ်ပေးမှုနိုင်သူမဟုတ်ပေ။

အမတ်ကြီးအား ခယဝပ်တွား၍ အကြံပေးရသူဖြစ်လေ၏။ ထို့ကြောင့် အမတ်ကြီးကအရှင်သခင်၊ သူက ကျေးကျွန်သဘောမျိုး ဆက်ရောက်လျက်ရှိသည်။

သို့သော် ယခုကဲ့သို့ အိမ်တော်မှထွက်ခွါလာသည်နှင့် ယမ်းစွေ့သည် သူ့ကိုယ်သူ အမတ်ချုပ်ကြီးတစ်ပါးကဲ့သို့ အထင်မှားလျက် အဝင်မှာ တာဝတိံသာသို့ရောက်နေပေတော့သည်။

ထိုအခြေအနေမျိုးကြောင့် ယမ်းစွေ့ကဲ့သို့သောလူမျိုးအား တစ်ခါတစ်ရံ၌ လူနေချိုကြား၊ စိတ်နေဘုံဖျားဟုရည်ညွှန်းသုံးစွဲအပ်ပေသည်။

ယမ်းငွေ့သည် မြို့စွန်ဆင်ခြေဖုံးအရပ်ဆီသို့ ထွက်လာလေသည်။ လမ်းလျှောက်ရင်း သူလုပ်ရမည့်အခြေအနေများကို တွက်ချက်လာသည်။

သူ့စိတ်ကူး၊ သူ့အကြံကို သူ့ဘာသာ သဘောကျလာသဖြင့် တစ်ဦးတည်း အသံထွက်အောင်ပင်ရယ်မောလိုက်လေသည်။

"ဟား- ဟား- ဟား- ဟား"

သူ့ခြေလှမ်းများ ပို၍ပို၍သွက်လက်လာလေသည်။

မကြာမီ သူသည် မြို့စွန်ဆင်ခြေဖုံးသို့ဆိုက်ရောက်သွားလေတော့သတည်း။

သူရောက်ရှိနေသည့်ဆင်ခြေဖုံးရပ်ကွက်ကလေးမှာ ဆင်းရဲသားများနေထိုင်သည့် ရပ်ကွက်ဖြစ်သည်။

အရက်ဆိုင်၊ လောင်းကစားအိမ်၊ ပြည့်တန်ဆာဝေဟာများနှင့်ပြည့်နှက်နေသော ရပ်ကွက်ဖြစ်သဖြင့် ရှုပ်ထွေးပွေလီနေလေသည်။

ယမ်းငွေ့နှာခေါင်းရှုံ့သည်။

ရွံမည်သာရွံ့သည်။

သူသည် ဤလိုရပ်ကွက်မျိုးထဲ၌ ကြီးပြင်းလာရသူဖြစ်သည်။ ယခုအချိန်၌ ဤရပ်ကွက်မျိုးမှတင်းလွတ်ကာ အမတ်ကြီးကျွန်းဝင်း၏အိမ်၌ ဟန်ဟန်ပန်ပန်နေထိုင်ခဲ့ပြီဖြစ်၍ သူ၏ဘဝဟောင်းကို မေ့ကာ နှာခေါင်းရှုံ့နေခြင်းဖြစ်ပေတော့သည်။

ဤမျှရှုပ်ထွေးပြီး ဤမျှအောက်တန်းကျသော ရပ်ကွက်ကလေးသို့ ယမ်းငွေ့တစ်ယောက် အဘယ်ကြောင့်ခနီးပေါက်လာရပါသနည်း။



စေ့စေ့တွေး ရေးရေးပေါ်ဆိုသကဲ့သို့ စဉ်းစားကြည့်နိုင်ပေသည်။

ဤလိုရပ်ကွက်မျိုးတိုင်း၌ ဒုစရိုက်သားတို့ရှိသည်။ ကျက်စားတတ်သည်။ ယမ်းငွေ့သည် အမတ်ကြီးစုဘူးဖွက်အား သတ်ဖြတ်ပေးနိုင်သည့်လူ မရှိမဟုတ်ပေ။

သို့သော် သူ မသုံးလိုပေ။ အမတ်ကြီးကျွန်းဝင်း၏အိမ်တော်နှင့်ပတ်သက်သည့် ခြေရာလက်ရာများ မပါရှိစေလိုပေ။

ထို့ကြောင့် ကြေးစားအငှါးလိုက် လူသတ်သမားကို လာရှာခြင်းဖြစ်ပေတော့သည်။

"ငါးမျှားချိတ်"

စားသောက်ဆိုင်တစ်ဆိုင်၏အမည် ဖြစ်သည်။

အလွန်တရာ လှပစွာပေးထားကြသည့်နာမည်များထဲမှ ထူးခြားသော နာမည်တစ်ခုဖြစ်သည်။

နာမည်ကိုက ငါးမျှားချိတ်တဲ့။ ကြောက်မက်ဖွယ်လန့်ဖွယ်ကောင်းလှသည်။

သို့သော် စားသောက်သူများတတော့ စည်ကားသည်။ အထွန်းများပြားသည်။ လူစည်ကားသည်ကိုကြည့်၍ ဤဆိုင် အစားအသောက်ကောင်းသည်ဟုထင်လျှင်တော့ ထင်သူ၏ အထင်မှားမှုသာဖြစ်ပေလိမ့်မည်။

ဤဆိုင်လူများခြင်း၏အကြောင်းရင်းမှာ လောင်းကစားဝိုင်းများရှိနေသောကြောင့် သာဖြစ်သည်။

ဤဆိုင်၌ အရက်နှင့်စားသောက်ရေဟင်းလျာများ မှာယူ

ရရှိနိုင်သော်လည်း ဟင်းလျာများမှာ အညံ့စားများသာဖြစ်သည်။

ပြီးလွယ်စီးလွယ်ချက်ပြုတ်ထားသည့် ဟင်းလျာများသာ ဖြစ်သည်။ သို့သော် သာမန်လူတို့ မခန့်မှန်းနိုင်သည့် အချက်တစ်ချက်မှာ ဤငါးမျှားချိတ်စားသောက်ဆိုင်အတွင်း၌ ငွေသိန်းပေါင်းရာချီရှိနေသည့်အချက်ပင်တည်း။

ငွေကြေးအနည်းငယ်မျှရှိနေလျှင် ဤဆိုင်ထဲသို့ မည်သူမဆို လာရောက်လောင်းကစားနိုင်ပေသည်။

ဆိုကြောင့် ဤဆိုင်ထဲသို့ ငွေကြေးအနည်းငယ်ရှိသူရော၊ အများကြီးရှိသူရော ဝင်လာမစဲ တသဲသဲဖြစ်နေကြခြင်းဖြစ်လေသည်။

ယမ်းစွေ့သည် ငါးမျှားချိတ်စားသောက်ဆိုင်ထဲသို့ဝင်လာ၏။

"ဟာ- ဆရာပါလား ကြွပါ- ကြွပါ- ဘာသုံးဆောင်မလဲ"

စားပွဲထိုးလူငယ်ကလေးကို ဆိုင်ရှင်ကတွန်းထုတ်လိုက်ပြီး ယမ်းစွေ့အား ဖျှော်ဖျှော်ကြိုဆိုလိုက်လေသည်။

ယမ်းစွေ့သည် ဆိုင်ရှင်ကိုလုံးဝဂရုမစိုက်ပေ။ ထိုင်လည်း မထိုင်ပေ။ **ယပ်တောင်ကြီးကို တဖျပ်ဖျပ်ခတ်ကာ** အတွင်းသို့ဝင်သွားလေတော့သည်။

**ဆိုင်ရှင်ကလည်း မြူးတူးမှာတာဖြင့်** သူ့နောက်မှ လျှောက်လိုက်လာသည်။ **ဆိုင်ရှင်သည်** ယမ်းစွေ့၏စွမ်းရည်ကိုသိရှိပြီးသူဖြစ်၍ ဤမျှအလေးဂရုပြုနေခြင်းဖြစ်သည်။

"ဆရာ- ဘယ်သူ့ကိုရှာတာလဲခင်ဗျာ၊ ကျွန်တော် ရှာပေးပါ့မယ်"

ဆိုင်ရှင်သည် ခုံတစ်လုံးကို ဝင်တိုက်မိရင်းမှ ယမ်းစွေ့အား



လှမ်းပြောလိုက်သည်။ ယမ်းစွေ့ကား ဆိုင်ရှင်အား တစ်လုံးတစ်ပါဒမျှ စကားမပြောဘဲ မျက်လုံးများကိုသာ အလုပ်ပေးနေလေသည်။

သူရှာဖွေနေသူမှာ စာကလေးဖြစ်သည်။ စာကလေးသည် ကြွေအန် လောင်းကစားဝိုင်းတစ်ခု၌ စိတ်ပါလက်ပါ လောင်းကစားနေသည်။

နဖူး၌ ချွေးများသီးနေသည်။ ထိုစာကလေးမှာ အသက်သုံးဆယ်ခန့်ရှိနေလေပြီ။ နာမည်က စာကလေးဖြစ်သော်လည်း လူက စာကလေးနှင့်လုံးဝမတူပါ။

တုတ်တုတ်ခိုင်ခိုင်နှင့် ယောကျ်ားပီသသူဖြစ်သည်။ ၎င်စာကလေးများကဲ့သို့ တကျစ်ကျစ်အော်မြည်တတ်သူမဟုတ်ပါ။

အလကားနေရင်း စကားများသူဟုတ်ပါ။ ဤသို့ဖြစ်ပါလျက် သူ့အား အဘယ့်ကြောင့် စာကလေးဟုခေါ် ဆိုရသနည်း။

ဤသူသည် သူနှင့်တွေ့ဆုံသည့်မည်သူ့ထံမှမဆို စာကလေးများတကျစ်ကျစ်အော်သကဲ့သို့ အသံထွက်လာအောင် လုပ်နိုင်စွမ်းရှိသဖြင့် သူ့အား စာကလေးဟု အမည်သညာပေးထားကြခြင်းဖြစ်ပါသည်။

ယမ်းစွေ့၏မျက်လုံးများ စာကလေးထံ၌စူးစိုက်နေသည်ကို မြင်သောအခါ ဆိုင်ရှင်သည် ကောင်းစွာသဘောပေါက်သွားလေသည်။

ယမ်းစွေ့အား ပဋိသန္ဓာရစကား မပြောဆိုတော့ဘဲ အသာကလေးနောက်သို့ လျှိုထွက်သွားလေတော့သည်။

အရေးကြီးသောကိစ္စတစ်ခုအတွက် စာကလေးကို လာရှာ

ခြင်းဖြစ်ကြောင်း သူနားလည်လိုက်လေပြီ။

ယမ်းစွေ့က စာကလေး၏ပခုံးကို သူ၏ယပ်တောင်ရှည်ကြီးဖြင့် အသာအယာပုတ်လိုက်သည်။ စာကလေးသည် သူ့ရှေ့မှငွေများကို ရေတွက်နေရင်းမှ နောက်သို့လှည့်ကြည့်လိုက်သည်။

"ဟာ- ဆရာပါလား"

"စာကလေး- ငါတို့ နည်းနည်းလောက်စကားပြောကြမယ်"

"ရပါတယ်- ရပါတယ်- ဟော့ ငါခဏထွက်မယ်၊ ဝင်ချင်တဲ့လူဝင်ကြ၊ ငါစကားပြောပြီးမှပြန်ဝင်မယ်"

စာကလေးသည် စကားရှုပ်၊ လက်ရှုပ်ဖြစ်နေသည့်လူများကြားထဲမှ သူ့ငွေများကိုစုသိမ်းပြီး ထွက်လာသည်။

ယမ်းစွေ့က အပြင်ခန်း လူမရှိသည့်စားပွဲလွတ်တစ်လုံးသို့ ခေါ်ဆောင်သွားသည်။

"မင်း ဘာသောက်မလဲ"

"ဆရာ ဘာသောက်မလဲ"

"ငါက အရေးမကြီးပါဘူး၊ မင်းသောက်ချင်တာမှာလိုက်ပါ"

စာကလေးသည် စားပွဲထိုးလူငယ်အား လှမ်းပြောလိုက်သည်။

"အရက်တစ်အိုးနဲ့ ဘာဟင်းဖြစ်ဖြစ် ဟင်းတစ်ခွက်ယူခဲ့ပါ"

စားပွဲထိုးလူငယ်ကလေးက လျှင်မြန်သည်။ မကြာမီ စားပွဲပေါ်သို့ အရက်အိုး၊ ခွက်များ၊ ဟင်းလျာများရောက်ရှိလာသည်။

စာကလေးက ခွက်နှစ်ခွက်ထဲသို့လောင်းထည့်ရင်း တစ်ခွက်ကို ယမ်းစွေ့အား ပေးသည်။



"ဆရာ ဘာကိစ္စရှိလို့လဲ"

"ငါ လူတစ်ယောက်ကိုလိုချင်တယ်"

"ဘယ်လိုလူမျိုး"

"ကြေးစား အငှါးလိုက်လူသတ်သမားပေါ့"

"ကျွန်တော်လဲလုပ်နိုင်တာပဲ"

"မင်းနဲ့မဖြစ်ဘူး၊ မင်းက လူသိများတယ်၊ ခြေရာလက်ရာကျန်မယ့်အလုပ်မျိုးကို ငါ မလိုချင်ဘူး၊ တခြား တစ်ယောက်လောက်ပေါ့၊ မင်း မရှာနိုင်ဘူးလား"

စာကလေးစဉ်းစားနေသည်။ သူ့လက်ထဲမှအရက်ကိုပင် မော့မသောက်နိုင်ဘဲ စဉ်းစားနေသည်။

အတန်ကြာမှ-

"ငွေတော့တော်တော်ကုန်မယ်"

"ငွေကအရေးမကြီးပါဘူး"

"များတယ်နော်၊ တော်ကြာမှ ဆရာစိတ်အနှောင့်အယှက်ဖြစ်မှာစိုးတယ်"

"မင်း ငါ့အကြောင်းသိသားပဲ၊ ငွေအကြောင်း ထပ်မပြောပါနဲ့"

"ငွေငါးထောင်လောက်ကုန်မယ်"

"ကိစ္စမရှိပါဘူး၊ ခြောက်ထောင်ပေးမယ်"

"ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

"အေး- ငါဒါပဲလိုချင်တယ်၊ အလုပ်ဖြစ်ဖို့အဓိကပဲ"

စာကလေးက ယမ်းစွေ့၏နားအနီးသို့ကပ်ကာ တီးတိုးပြော

လိုက်သည်။ **နာမည်တစ်ခု**ဖြစ်ပါသည်။

**ယမ်းစွေ့က** ခေါင်းညိတ်ပြီး ငွေအချို့ကိုထုတ်ပေးသည်။

**စရန်ငွေသဘောမျိုး** ထုတ်ပေးခြင်းဖြစ်သည်။

"ကဲ- **ခုအချိန်ကစပြီး** ငါ့ကိစ္စကိုဆောင်ရွက်ပေတော့၊ လောင်းကစားတဲ့ကိစ္စကို ခဏနားထားလိုက်ဦး"

"စိတ်ချပါဆရာ၊ ကျွန်တော့်အကြောင်းလဲဆရာသိ**သားပဲ**"

ယမ်းစွေ့သည် စိတ်လက်ပေါ့ပါးစွာဖြင့် အမတ်**ကြီးကျန်းဝင်း၏**အိမ်တော်သို့ ပြန်သွားသည်။

သူသည် အမတ်ကြီးစုဘူးဝှက်ကိုသတ်ဖြတ်ရန် ကြေးစားအငှါးလိုက်လူသတ်သမားတစ်ဦးကို ငှါးရမ်းခဲ့ပြီးပြီမဟုတ်ပါလော။

သူသည် အမတ်ကြီးကျန်းဝင်းထံ ငွေတစ်သောင်းကုန်ကျခဲ့ကြောင်းအစီအရင်ခံရန် စိတ်ထဲမှအစီအစဉ်ရေးဆွဲလာလေသည်။

ယမ်းစွေ့ဟူသည့်လူလည်မှာ အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားသည့် တစ်ကိုယ်ကောင်းသမားသာဖြစ်ပါလေသည်။

✿

## လုပ်ကြံခံရခြင်း

ညဆိုသည်မှာ လမင်းနှင့်ကြယ်ရောင်မလင်းလျှင် အလွန်တရာ မှောင်သည့်အချိန်အခါဖြစ်သည်။

အမှောင်သည် အလင်း၏ဆန့်ကျင်ဘက်ဖြစ်သည်။

ဒုစရိုက်သမားများသည် အလင်း၌မလှုပ်ရှားရဲသလောက် အမှောင်ထဲ၌ လွန်စွာပျော်မြူးလှုပ်ရှားရဲကြလေသည်။

အမှောင်သည် ဒုစရိုက်မှုကိုအားပေးသည်။

သုစရိုက်သမားများသည် **ညအမှောင်**၌မလှုပ်ရှားကြချေ။

ထိုသို့သောအ**ကာလညအချိန်မျိုး**၌ အနက်ရောင်ကိုယ်ကျပ်အကျီကိုဝတ်ဆင်ထားသူ**တစ်ယောက်**သည် ရန်**ချုံမြို့ကြီး**မားကျယ်ဝန်းသောခြံအနီးသို့ ချဉ်း**ကပ်လာလေ**တော့သည်။

ထိုသူ၏လှုပ်ရှားမှု**သည်** လွန်စွာလျင်မြန်သည်။

သူ့လှုပ်ရှားမှုကြောင့် မည်သည့်အသံမျှမထွက်ပေ။

ကြောင်တစ်ကောင်အလား ညင်သာလှသည်။

ဤလူသည် ဤသို့ တိတ်ဆိတ်လှုပ်ရှားရသောလုပ်ငန်းမျိုး၌ လွန်စွာကျွမ်းကျင်သူဖြစ်ကြောင်း ညင်သာမှုအရသိရှိနိုင်သည်။

ထိုလူ၏ကိုယ်ကျပ်အကျႌအနက်ရောင်က အမှောင်ထုနှင့် တစ်သားတည်းဖြစ်သွားစေသည်။

ထိုသူသည် စုဘူးဝှက်၏အိမ်တော်အနီးသို့ရောက်သောအခါ ခြံအနီး၌ ရပ်တန့်လိုက်လေသည်။

အမှောင်ထုကိုအကာအကွယ်ယူကာ ပတ်ဝန်းကျင်ကို လေ့လာသည်။ အမတ်ကြီး စုဘူးဝှက်ကိုလုပ်ကြံမည်ဆိုလျှင် ခြံအတွင်း သို့ဝင်ရမည်။

အမတ်ကြီး ရှိနေမည့်အခန်းကို ရှာဖွေရမည်။

စာကြည့်ခန်း၌ရှိလျှင် စာကြည့်ခန်း၌သတ်ရမည်။

အိပ်ခန်းရှိလျှင် အိပ်ခန်း၌သတ်ရမည်။

သို့သော် ထိုလူသည် ခြံထဲသို့လုံးဝမဝင်ချေ။

ခြံစည်းရိုးအနီး၌ကပ်ရပ်ကာ အပြင်လမ်းမသို့ စောင့်ကြည့် နေသည်။

ထိုလူသည် တကယ်ကြေးစားပီသလှသည်။

သူသည် အမတ်ကြီးစုဘူးဝှက်၏ အိမ်တော်အခြေအနေ အစေခံများ၏လှုပ်ရှားမှု၊ ကိုယ်ရံတော်များ၏လှုပ်ရှားမှု၊ အမတ်ကြီး၏ အလေ့အထကို ကောင်းစွာလေ့လာထားပုံရသည်။

အိမ်တော်ထဲ၌ အမတ်ကြီးရှိမနေချေ။

အမတ်ကြီးအပြင်သို့ ထွက်နေသည်။

ကိုယ်ရံတော်လေးယောက်ပါသွားကြောင်းကိုပါ ထိုလူက သိလာထား၏။



ထိုလူသည် မည်သူနည်း။

ရှင်းပါသည်။ ယမ်းဇွေ့က စာကလေးထံမှတစ်ဆင့် ငှါးရမ်း ထားသည့် အငှါးလိုက်ကြေးစားလူသတ်သမားပင်ဖြစ်တော့၏။

ထိုသူသည် နောက်ကျောမှဓားကို စမ်းသပ်လိုက်သည်။

အေးစက်သောဓားရိုးသည် သူ့သွေးများကို ပူနွေးစေသည်။

သူ့ကို အင်အားတိုးစေသည်။ ရဲရင့်စေသည်။ လမ်းမကြီးကို ထိုလူလှမ်းကြည့်သည်။ တိတ်ဆိတ် ငြိမ်သက်သောလမ်းမပေါ်၌ လူ သွားလူလာ လုံးဝမရှိချေ။

ထို့ကြောင့် သူ့အနေဖြင့် ထူးထူးခြားခြားဆောင်ရွက်ရန် မရှိ ဟုယူဆဟန်ဖြင့် ခြံစည်းရိုးနံဘေးမှောင်ရိပ်ထဲ၌ ဝင်ထိုင်လိုက်သည်။

သူထိုင်၍ဖင်မနွေးမီပင် လမ်းမပေါ်မှ တဖျပ်ဖျပ်ဖိနပ်သံများ ကို ကြားလာရလေသည်။

လူတစ်ယောက်တည်း၏ ဖိနပ်သံမဟုတ်။ လူတစ်စု၏ဖိနပ် သံဖြစ်သဖြင့် အမတ်ကြီးစုဘူးဝှက်နှင့် သူ့ကိုယ်ရံတော်များပြန်လာပြီ ဖြစ်ကြောင်း ဗေဒင်မေးစရာမလိုတော့ပေ။

ကြေးစားသမားသည် ဖြည်းညင်းစွာရပ်လိုက်သည်။ နောက် ကျော၌သိုင်းလွယ်ထားသည့်ဓားကို အသာအယာဆွဲထုတ်လိုက်၏။

အမတ်ကြီးစုဘူးဝှက်နှင့်ကိုယ်ရံတော်များထံသို့ သူ ပြေးမ သွားပါ။

သူ့အနီးရောက်လာချိန်အထိ စောင့်ကြိုနေသည်။

နီးကပ်လာသောအခါ အမှောင်ထဲ၌ လူရိပ်ငါးရိပ်ကို တွေ့

လိုက်ရသည်။ အမတ်ကြီးစုဘုးဝှက်သည် သတိရှိဟန်တူသည်။

ကိုယ်ရံတော်လေးယောက်၏အလယ်မှ လိုက်ပါလာသည်။

ထိုတစ်ချက်တည်းကပင် သူ့အသက်ကို လူသတ်သမားတို့အနေဖြင့် လွယ်ကူစွာလုပ်ကြံနိုင်စေခြင်းမရှိတော့ပေ။

**အသက်ဥာဏ်စောင့်**ဆိုသည့်စကားကို အမတ်ကြီးလိုက်နာ**ဟန်တူပေသည်။**

**မကြာမီ** အမတ်ကြီးတို့လူစုသည် ကြေးစားအနီးသို့ရောက်**ရှိလာသည်။ ကြေးစား**သည် အမှောင်ရိပ်ထဲမှဖျတ်ခနဲခုန်ထွက်ပြီး တိုက်ခိုက်လေသည်။ ထိုသူ၏တိုက်ခိုက်မှုသည် လျှင်မြန်သည်။

သေသပ်၏။

သာမန်အားဖြင့်ဆိုလျှင် လျှပ်တစ်ပြက်အချိန်အတွင်း၌ကိုယ်ရံတော်နှစ်ယောက်ခန့်သေသွားနိုင်၏။ သို့သော် တကယ်တမ်းအားဖြင့် ကိုယ်ရံတော်တစ်ယောက်မျှ မသေကြချေ။

ရှေ့ဆုံးမှ ကိုယ်ရံတော်နှစ်ယောက်သည် အမှောင်ကြီးစိုးနေသဖြင့် ဓားများထုတ်ကာ သတိဝီရိယဖြင့်စောင့်ရှောက်လာခဲ့ကြသည်။

ထို့ကြောင့် ကြေးစားခုန်ဝင်တိုက်ခိုက်သည့်အခါတွင် အငိုက်မိခြင်းမရှိတော့ဘဲ အဆင်သင့်ခုခံနိုင်ကြခြင်းဖြစ်ပေသည်။

"ဘယ်ကကောင်လဲကွ၊ သေချင်ပြီနဲ့တူတယ်"

ကိုယ်ရံတော်တစ်ယောက်က အော်ဟစ်ကြိမ်းမောင်းလိုက်သည်။ ကြေးစားက ပါးစပ်ဖြင့်မပြောချေ။ အလုပ်ဖြင့်သာပြသည်။

ကိုယ်ရံတော်နှစ်ယောက် အသေအလဲခုခံရသည်အထိ သူ့တိုက်စွမ်းအားကို တိုးမြှင့်လေတော့သည်။



**နောက်မှပါသော**ကိုယ်ရံတော်နှစ်ဦးသည် အမတ်ကြီးစုဘုးဝှက်ကို ဝဲယာညှပ်လျက်စောင့်ရှောက်ထားကြသည်။ နောက်ထပ် ရန်သစ္စူရှုပြုမည့်သူမပေါ်ဟု မဆိုနိုင်ချေ။

ထိုအချက်ကြောင့် အမတ်ကြီးကို ဝဲယာညှပ် စောင့်ရှောက်လိုက်ကြခြင်းဖြစ်သည်။

အမတ်ကြီးသည် ပထမ၌ ထိတ်ခနဲ ဖြစ်သွားသော်လည်းနောက်ပိုင်းတွင် စိတ်တည်ငြိမ်သွားသည်။

သူ့ကိုလုပ်ကြံမည့်သူ တစ်ယောက်တည်းမှန်းသိသောအခါတွင် ပို၍တည်ငြိမ်သွားသည်။

သူ့ကိုယ်ရံတော်နှစ်ဦး အသေအလဲအတိုက်အခိုက်ခံနေရသည်ကိုတွေ့သောအခါ သူ့အနီးမှကိုယ်ရံတော်တစ်ဦးအား အမိန့်ပေးလိုက်သည်။

"လင်းစင် ဟိုနှစ်ယောက်ကိုသွားကူချေ၊ ငါ့အနားမှာ စီကွန်းရှိရင် လုံလောက်ပြီ"

လင်းစင်အမည်ရှိကိုယ်ရံတော်သည် အမတ်ကြီးကို ဂါရဝပြုပြီး ရှေ့သို့ခုန်ထွက်သွားလေသည်။ ထိုကိုယ်ရံတော်က အလူးအလဲခုခံနေရသော မိမိ၏ဘက်တော်သားနှစ်ဦးဘက်မှ ကူညီတိုက်ခိုက်သည်။

အနက်ရောင်ကိုယ်ကျပ် ဝတ်ဆင်ထားသည့် ကြေးစားဓားသမားမှာ ကြေးစားပီသသည်။ လွန်စွာလျင်မြန်ဖျတ်လတ်သည်။ ဓားရေး၌ကျွမ်းကျင်သည်။

ဓားကွက်တိုင်းကြောက်စရာကောင်းပြီး ကိုယ်ရံတော်များ၏အသက်ကို ခြွေလုလုဖြစ်နေတော့သည်။

ကိုယ်ရံတော်များမှာ ညံ့သူမဟုတ်ချေ။ သို့သော် ကြေးစားဓားသမား၏ဓားပညာကို မမီချေ။ သုံးယောက်နှင့်တစ်ယောက် ဖြစ်နေ၍သာ ကိုယ်ရံတော်များခံသာနေခြင်းဖြစ်ပေသည်။

တစ်ယောက်ချင်းသာဆိုလျှင် မိနစ်ပိုင်းအတွင်းမှာပင် ကိုယ်ရံတော်တစ်ယောက်ချင်း သေဆုံးသွားနိုင်သည်။

ကြေးစားဓားသမားသည် အခြေအနေကို အကဲခတ်လိုက်သည်။ အမတ်ကြီးစုဘူးဝှက်ထံ ထိုးထွက်တိုက်ခိုက်ရန်ဖြစ်နိုင် မဖြစ်နိုင်စဉ်းစား၏။

ယခုပုံအတိုင်းဆိုလျှင် ကိုယ်ရံတော်လေးယောက်စလုံးကို သုတ်သင်ပြီးမှသာ အမတ်ကြီးကိုလုပ်ကြံနိုင်မည်ဖြစ်ကြောင်းရိပ်မိ၏။

ပထမအကြိမ် သွေးတိုးစမ်းသည့်အနေဖြင့် ကိုယ်ရံတော် သုံးဦးအား ခပ်ကြမ်းကြမ်းထိုးနှက်တိုက်ခိုက်ပြီး အမတ်ကြီးစုဘူးဝှက်အနီးသို့ ရိပ်ခနဲထိုးထွက်လိုက်သည်။

"ခြွမ်း-"

အမတ်ကြီးအနီး၌ကပ်၍စောင့်ရှောက်နေသော ကိုယ်ရံတော်က အမတ်ကြီးရှေ့၌ကြံ့ကြံ့ခံရပ်ကာ ကြေးစားဓားသမား၏ဓားကို ရိုက်ထုတ်လိုက်သည်။

ထိုအချိန်မှာပင် ကိုယ်ရံတော်သုံးယောက်က သူ့နောက်ကျောနှင့်ဘေးများဆီသို့ လျှပ်တစ်ပြက်ထိုးသွင်းလာပြန်သဖြင့် ကြေးစားဓားသမားမှာမတတ်သာတော့ဘဲ အမတ်ကြီးစုဘူးဝှက်အနီးမှ ခုန်ထွက်သွားရပြန်တော့သည်။

အမတ်ကြီးစုဘူးဝှက်သည် သူ့ကိုယ်ရံတော်များ၏ အစွမ်းသတ္တိကို မျက်မြင်ကိုယ်တွေ့မြင်လိုက်ရသဖြင့် လွန်စွာကြည်နူးသွား၏။



ကိုယ်ရံတော်လေးယောက် မသေသမျှ သူမသေနိုင်ကြောင်း သိလိုက်သည်။

ကိုယ်ရံတော်လေးယောက်စလုံး မသေမချင်း သူ့အသက်ကို ကာကွယ်ကြမည်ဖြစ်ကြောင်း သူသိရှိထားခဲ့လေပြီ။ ကြေးစားဓားသမားသည် ဓားစက်ဝိုင်းဖြင့် ကိုယ်ရံတော်သုံးယောက်ကိုတိုက်ခိုက်လေ၏။

"ရွှပ်"

ဓားသမား၏ဓားချက်တစ်ချက်သည် ကိုယ်ရံတော်တစ်ဦး၏ လက်ဝဲလက်ကို ရှပ်ထိသွားသည်။ သွေးများရဲခနဲဖြစ်သွားလေသည်။

ကိုယ်ရံတော်သည် သွေးဒဏ်ရာကို လုံးဝဂရုမစိုက်ချေ။

အံကြိတ်ပြီး ခုခံတိုက်ခိုက်သည်။

ကျန်နှစ်ယောက်မှာ ထိတ်ခနဲဖြစ်သွားကြသည်။ သူတို့ထဲမှ တစ်ယောက်ယောက်၏တိုက်အား လျော့သွားခြင်းသည် သူတို့၏ သေဘေးကို ဖိတ်ခေါ်သည်ဖြစ်ရုံမျှမက အမတ်ကြီးစုဘူးဝှက်၏အသက်အန္တရာယ်ကိုလည်း ထိခိုက်နိုင်ကြောင်းရိပ်မိလိုက်ကြသည်။

ထို့ကြောင့် မာန်သွင်းအော်ဟစ်ကာ တစ်ရှိန်ထိုး ထိုးတက်တိုက်ခိုက်ကြလေတော့သည်။

ဓားဒဏ်ရာထိသွားသူအား အပြီးသတ်သုတ်သင်ရန် ကြေးစားဓားသမားကြံစည်လိုက်သော်လည်း ကျန်ကိုယ်ရံတော်နှစ်ယောက်၏ဓားချက်များက သူ့ထံသို့ ပြင်းထန်စွာတိုးဝင်လာသဖြင့် ရှေ့မှလူကို မသုတ်သင်နိုင်တော့ဘဲ နောက်လှည့်ခုခံရလေတော့သည်။

တိုက်ပွဲမှာ အကြိတ်အနယ်ဟုဆိုသော်လည်း ကိုယ်ရံတော်

သုံးယောက်မှာ ကြေးစားစားသမားအား သုတ်သင်ရန်ထက် ကိုယ့်ကိုယ်ကို မထိအောင် ကာကွယ်နေကြရသဖြင့် ကြေးစားစားသမားက အထက်စီးမှတိုက်ခိုက်နေကြောင်း သိနိုင်ပေသည်။

ဤသို့ဖြင့် တိုက်ကွက်ပေါင်း ငါးဆယ်ခန့် ရောက်ရှိလာလေသည်။

ကျန်ကိုယ်ရံတော်နှစ်ယောက်သည်လည်း ဒဏ်ရာအသီးသီး ရရှိသွားကြသဖြင့် ကိုယ်ရံတော်သုံးယောက်စလုံး ဒဏ်ရာကိုယ်စီနှင့် ဖြစ်ကုန်သည်။

အမတ်ကြီးစုဘူးဝှက်သည် ဓားသိုင်းပညာတတ်သူမဟုတ်သော်လည်း တိုက်ပွဲအခြေအနေကို မှန်ကန်စွာသုံးသပ်နိုင်သည်။

"စီကွန်း- မင်းသွားပြီးကူလိုက်စမ်း၊ နို့မို့ရင် အရေးနိမ့်သွားလိမ့်မယ်"

စီကွန်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"သ- သခင်ကြီးခင်ဗျာ၊ သခင်ကြီးနားမှာ ကျွန်တော်မရှိလို့ မဖြစ်ပါဘူးခင်ဗျာ၊ ရန်သူဖောက်ထွက်ပြီးတိုက်ခိုက်လာရင် သခင်ကြီး အကာအကွယ်မဲ့ဖြစ်သွားပါလိမ့်မယ်ခင်ဗျာ"

အမတ်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"ငါ့အတွက်အရေးမကြီးပါဘူး မင်းသာ သွားကူလိုက်စမ်းပါ၊ ဒီပုံအတိုင်းဆက်သွားရင် ဟိုသုံးယောက်သေသွားမယ်၊ ဒီဘက် တူးလာမယ်၊ မင်းတစ်ယောက်တည်း သူ့ကိုခုခံနိုင်မယ်ထင်သလား၊ အခုအချိန် သူ့ကိုဖိတိုက်ထားတာဟာ အကောင်းဆုံးခုခံစစ်ပဲ၊ မင်းသွားကူလိုက်"



အမတ်ကြီး၏ပြတ်သားသည့်အမိန့်ပေးသံကြောင့် စီကွန်းမှာ မနေသာတော့ဘဲ ခုန်ထွက်သွားရလေတော့သည်။

စီကွန်း၏ကူညီတိုက်ခိုက်မှုကြောင့် ကျန်ကိုယ်ရံတော်များ အသက်ရှူချောင်သွားလေသည်။

တိုက်ပွဲအခြေအနေကိုလည်း ပြန်လည်ထိန်းသိမ်းလာနိုင်ကြသည်။

ကြေးစားစားသမား တောက်ခေါက်လိုက်သည်။

သူသည် လေးယောက်တစ်ယောက် တိုက်ခိုက်လာရသဖြင့် ပွဲသက်ရှည်အောင်လုပ်ခြင်းသည် ကိုယ့်သေတွင်းကိုယ်တူးခြင်း ဖြစ်ကြောင်း သိရှိပေသည်။

ပွဲသက်ရှည်ကြာလျှင် အမောဖောက်လာနိုင်သည်မဟုတ်ပါလား။

**ထို့ကြောင့် ဇာကြိတ်လိုက်ပြီး သူ၏**တိုက်အားကို မြှင့်လိုက်လေသည်။

**ကိုယ်ရံတော်**လေးယောက်အား တရကြမ်း တိုက်ခိုက်ပြန်**တော့သည်၊ ဤသို့ဖြင့်** တဖြည်းဖြည်းသိုင်းကွက်တစ်ရာခန့် ရောက်**ရှိသွားတော့သည်၊**

**ကြေးစားစား**သမားက တရကြမ်း အပြင်းအထန်တိုက်ခိုက်သဖြင့် ကိုယ်ရံတော်နှစ်ယောက် လဲကျသွားလေတော့သည်။

ကျန်နှစ်ယောက်မှာလည်း သူတို့အသက်အတွက် အပြင်းအထန် ခုခံနေကြတော့သည်။

အမတ်ကြီးစုဘူးဝှက်သည် သူ့အတွက်အန္တရာယ်ရှိလာပြီ

ဖြစ်ကြောင်းနားလည်လိုက်သည်။

သူ့ကိုယ်ရံတော်များအတွက် အန္တရာယ်ရှိလာပြီဖြစ်ကြောင်း နားလည်လိုက်သည်။

သူ့ကိုယ်ရံတော်များအတွက် သူ့အတွက်မည်သို့ပြင်ဆင်ရမည်ကို အပြင်းအထန်စဉ်းစားနေရတော့သည်။

အမတ်ကြီးသည် သေဘေးနှင့်ကြုံတွေ့နေရသော်လည်း လွန်စွာအေးဆေးတည်ငြိမ်သည်။

သူ့အနေဖြင့် မှားသွားသည့်အချက်မှာ အိမ်တော်မှအစောင့်စစ်သားများနှင့် သူ့အိမ်စေများကို ယမန်နေ့က အနားပေးလိုက်မိခြင်းဖြစ်သည်။

ထို့ကြောင့် မိမိအိမ်တော်အနီးရှိနေသည့်တိုင် အိမ်တော်မှလူများကို အကူအညီမခေါ်နိုင်ခြင်းဖြစ်နေခဲ့ရပေသည်။

ကြေးစားဓားသမားသည် သူ့အားခုခံနေသည့် ကိုယ်ရံတော်တစ်ယောက်အား ခြေထောက်ဖြင့်ကန်ထုတ်လိုက်ရာ ထိုကိုယ်ရံတော်မှာ လွင့်စဉ်ထွက်သွားလေသည်။

ကျန်ကိုယ်ရံတော်တစ်ယောက်သည် သူ့အတွက် အခြေအနေမလှပြီကိုသိရှိသော်လည်း အမတ်ကြီးစုဘူးဝှက်အတွက် အသက်ကိုအသေခံကာ အတင်းဝင်တိုက်သည်။

"သေချင်တဲ့ကောင် သေကွာ"

ကြေးစားဓားသမားက ကြိမ်းမောင်းရင်း ဒိုခနဲ ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

ကိုယ်ရံတော်ခမြာ ရင်ဝသို့ ဓားဦးမဝင်အောင် အသေအလ



ရှောင်တိမ်းလိုက်ရသဖြင့် ခြေချော်သွားသည်။

ကြေးစားဓားသမားသည် ထိုကိုယ်ရံတော်ကို ဂရုမစိုက်တော့ချေ။ စဉ်းစားတွေဝေနေဟန်ရှိသော အမတ်ကြီးစုဘူးဝှက်ထံသို့ လှစ်ခနဲ ခုန်ဝင်သွားတော့သည်။

အမတ်ကြီးသည် သူ့အတွက်အချိန်နှောင်းသွားပြီကို သိရှိလိုက်သည်။

တိုင်းပြည်အတွက် သူ့ဦးနှောက်ကို အသုံးမချနိုင်တော့ပြီကို တွေးလိုက်မိသဖြင့် စိတ်ထိခိုက်သွားသည်။

အမတ်ကြီးသည် မျက်စိမှိတ်ပြီး သေခြင်းကိုစောင့်ကြိုလိုက်လေသည်။

"ခြွမ်း"

"သွားစမ်း"

ဓားဦးသည် သူ့ရင်ထဲသို့နစ်မြုပ်သွားပြီဟုထင်မှတ်ချိန်မှာပင် ဓားဓားချင်းရိုက်ခတ်သံနှင့် အော်ငေါက်သံကြားလိုက်ရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

"ဟင်- "

အမတ်ကြီးအံ့ဩသွားသည်။

မျက်နှာကိုပဝါအုပ်ထားသော လူတစ်ယောက်က ကြေးစားဓားသမားအား ရိုက်ထုတ်လိုက်ကြောင်း တွေ့လိုက်ရသောကြောင့်ပေတည်။

မျက်နှာကိုပဝါအုပ်ထားသဖြင့် ထိုသူကို အမတ်ကြီးစုဘူးဝှက် မသိမြင်နိုင်ပါ။

"ခြွမ်း- ခြွမ်း- ခြွမ်း"

လူစိမ်း၏ဓားချက်များမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပြင်းထန်သဖြင့် ကြေးစားဓားသမားမှာ နောက်သို့ သုံးလေးလှမ်းမျှဆုတ်ပေးလိုက်ရသည်။

သူ့အကြံအောင်မြင်လုနီးနီးမှ ပျက်စီးသွားရသဖြင့် ကြေးစားဓားသမားမှာ မရှုနိုင် မရှိက်နိုင်ဖြစ်သွားရသည်။

ဒေါသလည်း ထွက်လာသည်။

"မင်း- ဘယ်သူလဲ၊ ဘာကြောင့် ငါ့အလုပ်ကိုဝင်ရှုပ်တာလဲ"

မျက်နှာကိုပဝါအုပ်ထားသည့်လူစိမ်းက ရယ်သည်။

"မင်းကများ ငါ့ကိုပြန်မေးနေရသေးသလား၊ မင်းဘယ်သူလဲဆိုတာပြောစမ်း"

ကြေးစားဓားသမား လွန်စွာဒေါသထွက်သွားသည်။

"မင်းကိုကြောက်မယ်လို့ ထင်နေသလား၊ မင်းကို အရင်သတ်လိုက်ဦးမယ်၊ ပြီးမှ ငါ့အလုပ်ကိုငါဆက်လုပ်မယ်"

ဓားသမားနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အသေအကြေတိုက်ခိုက်ကြပြန်လေတော့သည်။

သို့ရာတွင် အခြေအနေချင်းအတူညီပေ။

ကြေးစားဓားသမားမှာ ကိုယ်ရံတော်လေးယောက်နှင့် တိုက်ခိုက်ခဲ့သဖြင့် လက်ပန်းကျနေပြီ။ အားအင်အပြည့်အဝမရှိတော့ချေ။ လန်းဆန်းတက်ကြွခြင်းမရှိတော့ပေ။

သူ့၌ ဒေါသသာရှိတော့သည်။

သေရေးရှင်ရေးတိုက်ပွဲများ၌ ဒေါသသည် ကိုယ့်အသက်ကို



ဖျက်ပေးသောအရာသာဖြစ်သည်။ အကျိုးကား မပြုပေ။

ကြေးစားဓားသမားသည် လူစိမ်း၏နဖူးအောက်ဆီမှ ရင်ဝအထိ ဓားချက်တစ်ချက်ဆွဲချလိုက်သည်။ ရိုးစင်းသောဓားချက်ဖြစ်၍ လူစိမ်းက ပြုံးလိုက်သည်။

သို့သော် ရင်ဝမရောက်မီ ဓားချက်ပြောင်းလဲသွားပြီး လည်ပင်းတစ်ပိုက်ကို ဖြတ်ခနဲလှီးချလိုက်သည်။

လူစိမ်း မပြုံးနိုင်တော့ချေ။

နောက်သို့ တစ်လှမ်းဆုတ်ကာ ကြေးစား၏ဓားကို ရိုက်ထုတ်ပစ်လိုက်သည်။

ကြေးစားဓားသမား မည့်ကြောင်း လူစိမ်း သိရှိသွားလေပြီ။ ထို့ကြောင့် သူကလည်း ကြေးစားဓားသမား၏ရင်ဝဆီသို့ ထိုးသွင်းလိုက်ပြန်သည်။

ဓားသည်လည်း တည့်တည့်မတ်မတ်ဝင်လာသည်။ ထိုဓားချက်ကိုကြည့်ပြီး ကြေးစားဓားသမားက ပြုံးမြန်သည်။

ရိုးစင်းလွန်းသော ဓားချက်အဖြစ် အထင်သေးသေးဖြင့် ပြုံးခြင်းဖြစ်သည်။

သို့သော် ဓားချက်သည် လျှပ်တစ်ပြက်အတွင်းကွေ့ကောက်လမ်းကြောင်းပြောင်းသွားပြီး ကြေးစားဓားသမား၏လက်ကောက်ဝတ်ကို ပိုင်းချလိုက်သည်။

ကြေးစားဓားသမားမှာ အော်သံလိုမှုထွက်လိုက်ရသည်။

လက်ကောက်ဝတ် ပြတ်ကျတော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားတော့သည်။

"ဟား- ဟား- ဟား- ဘယ့်နှယ်လဲ အတော်ကြောက်သွားပြီလား"

လူစိမ်းသည် သိုင်းပညာရှင်ပီသ၏။ ကြေးစားဓားသမားကို အနိုင့်အထက် မတိုက်ပေ။

ထရပ်လာသည်အထိ စောင့်နေသည်။

"ထပါ- မြန်မြန်ထပါ"

လူစိမ်း၏စကားက ကြေးစားဓားသမား၏ဒေါသကို ဆွပေးလိုက်သလိုဖြစ်သွားသည်။

ကြေးစားဓားသမား ခုန်ထလိုက်လေသည်။

"ကောင်းပြီ- မင်းကိုရိုးရိုးမသတ်ဘူး၊ အရေပြားကိုလွှာပြီးသတ်မယ်"

ကြေးစားဓားသမားကကြိမ်းမောင်း၏။ လူစိမ်းကရယ်ပြီးပြောသည်။

"မင်းသာ အဲဒီလိုဖြစ်မသွားပါစေနဲ့"

ဒုတိယအကြိမ် ပြင်းထန်သောတိုက်ပွဲ စပြန်လေတော့၏။

❀

## ကယ်တင်သူ ရောက်လာခြင်း

ကြေးစားဓားသမားသည် ဒေါသ၏ပံ့ပိုးမှုကြောင့် လူစိမ်းအား

အားနှင့်မာန်နှင့် တိုက်ခိုက်လာနိုင်သည်။ သူ မည်မျှတိုက်ခိုက်နိုင်မည်

နည်း။ လူစိမ်းသည် သူ့ထက်လန်းဆန်းတက်ကြွနေသည်။

ဓားပညာတွင်လည်း သူတင်ကိုယ်တင်ရှိနေကြသည်။

မည်သည့်နည်းနှင့်မျှ လူစိမ်းကိုကြေးစားဓားသမားမယှဉ်နိုင်

ပေ။ တိုက်ပွဲသည် ပညာရည်ပြည့်ဝရုံမျှမက လက်ရည်ချင်းလည်း ညီ

သဖြင့် အတော်ကြည့်ကောင်းသောတိုက်ပွဲဖြစ်နေလေသည်။

အမတ်ကြီးစုဘူးဒှက်၏ကိုယ်ရံတော်လေးဦးမှာ အသက်မ

သေကြပေ။ သို့သော် ဒဏ်ရာပြင်းထန်စွာရရှိထားသဖြင့် လူစိမ်းအား

ကူညီတိုက်ခိုက်ခြင်း မပြုနိုင်တော့ချေ။

အချို့ကလဲနေသည့်အနေအထားဖြင့်၊ အချို့ကထိုင်နေသည့်

အနေအထားဖြင့်ပင် တိုက်ပွဲကိုကြည့်နေကြလေသည်။

အမတ်ကြီးစုဘူးဒှက်သည် သူ့ကိုယ်ရံတော်များ၏ဒဏ်ရာ

ဓာတ်ချက်များကိုကြည့်ရှုခြင်းဖြင့် **ကူညီရန်စိတ်ကူးမိသော်လည်း** တိုက်ပွဲမှာလွန်စွာစိတ်ဝင်စားဖွယ်ကောင်းနေသဖြင့် သူတပည့်များကို မကူညီနိုင်ဘဲရှိနေရသည်။

သူတို့၏ခြေနင်းခြေကွက်များသည်လည်းကောင်း၊ ဓားချက်များလှန်ပက်ထိုးသွင်းချက်တို့သည်လည်းကောင်း လွန်စွာအပြောင်းအလဲများ၏။ ထို့ကြောင့် သာမန်လူများအနေဖြင့် ကြည့်မမီနိုင်ကြပေ။ သူတို့၏ဓားသိုင်းပညာပါမှုကို သိုင်းပညာမတတ်ကျွမ်းသည့် အမတ်ကြီးစုဘူးဖုက်အနေဖြင့် မသိမြင်နိုင်သော်လည်း ကိုယ်ရံတော်လေးဦးကမူ ကောင်းစွာကြည့်မြင်နိုင်ကြသည်။

မည်သို့ပင်ဖြစ်စေ မျက်နှာကိုပဝါပတ်ထားသည့်လူစိမ်း နိုင်မှသာ သူတို့နှင့်တကွ အမတ်ကြီးစုဘူးဖုက်တို့ **အသက်ချမ်းသာရ**မည်ကို ကိုယ်ရံတော်လေးဦး သိရှိကြသည်။

ထို့ကြောင့်- လူစိမ်းနိုင်ပါစေဟုသာ အသီးသီးကျိတ်၍ ဆုတောင်းနေမိကြတော့သည်။

**လူစိမ်းသည် ကြေးစားဓားသမား၏ဓားကွက်များကို** အကဲခတ်သည်။ **ဓားကွက်များမှာရောထွေးနေသဖြင့်** သိုင်းဂိုဏ်းတစ်ခုခုမှအကျဉ်းခံရသော **သိုင်းသမားတစ်ဦးမဟုတ်နိုင်ကြောင်းတွေးမိ၏။**

သို့ပင်လျက် **ထိုလူ၏**ဓားကွက်များ အဘယ့်ကြောင့် ကောင်းနေရပါသနည်း။ ကြေးစားဓားသမားပီပီ ဓားကွက်ကောင်းများကို အတုမြင် အတတ်သင်ထားခြင်းသာဖြစ်ပေလိမ့်မည်။

သူတို့ မြေပြင်၌လှုပ်ရှားသွက်လက်စွာလည်းတိုက်ခိုက်ကြသည်။ ခုန်ပျံလှုပ်ရှား၍လည်းတိုက်ခိုက်ကြသည်။



ဓားရှည်များဖြင့် ကိုယ်စီတိုက်ခိုက်နေသည့်တိုင် အလစ်တွင်ကြောက်မက်ဖွယ်ရာ ခြေဖျားကန်ချက်များကို တန်ထုတ်တိုက်ခိုက်ကြသည်။ ဤသို့ဖြင့် တိုက်ကွက်ပေါင်း**တစ်ရာခန့်အထိ** ရောက်ရှိလာသည်။

အမတ်ကြီးစုဘူးဖုက်သာ **ထိုတိုက်ပွဲ၌**စိတ်ဝင်စားလွန်းနေခြင်းမရှိပါလျှင် သူ့အသက်**အန္တရာယ်သည်** ယခုအချိန်၌ ကောင်းစွာလွတ်မြောက်နေခဲ့လေပြီ။ သူ့**အိမ်တော်အတွင်းသို့** ပြန်ဝင်ပြေးနိုင်၏။

ကျန်ရှိနေသောအလုပ်သမားများ **အစေခံများ**ကို စုစည်းကာလွယ်နိုင်သည်။ ယခုမူ အမတ်ကြီးသည် တိုက်ပွဲကိုသာငေးမောကြည့်ရှုနေမိတော့သည်။

သို့သော် အမတ်ကြီး၏စိတ်ထဲ၌ သူ့အားလာရောက်ကူညီသည့်လူစိမ်း အနိုင်ရမည်ကိုအလိုလိုသိနေ၏။ ထို့ကြောင့်လည်း စိတ်အေးလက်အေးကြည့်နေခြင်းလည်း ဖြစ်ပေသည်။

**တိုက်ကွက်**ကြာလာသည်နှင့်အမျှ ကြေးစားဓားသမား၏**တိုက်ကွက်များသည်** အားပျော့လာသည်။ အမောဖောက်လာသည်။ **လက်ရည်**တူတိုက်ခိုက်နေရာမှ ခံစစ်သို့တဖြည်းဖြည်းရောက်ရှိလာ**နေသည်။ ထိုအခါကျမှ** ကြေးစားဓားသမားသည် လူစိမ်းကိုကြောက်ရွံ့ရကောင်းမှန်းသိလာသည်။

စောစောကမူ အမှန်ကိုအမှန်မမြင်ဖြစ်ခဲ့ပေသည်။

ယခုအမှန်သိမြင်လာချိန်တွင်မူ သူ့အဖို့ အချိန်နှောင်းသလိုဖြစ်နေတော့သည်။ မောပန်းလွန်းသဖြင့် လက်ပန်းကျလာသည်။ သူ့အသက်ခြေရန်ထက် ကိုယ့်အသက်မကြေစေရန် ဂရုစိုက်

နေရတော့သည်။ ဩော်- ခေါ်သမားတို့၏ဘဝကား သစ်ငုတ်မြင့်တဲ့ မြက်မြင့်တဲ့ မှန်ကင်းတစ်လှည့်ထင်းတစ်လှည့်ဘဝပါတကား။

ကြေးစားခေါ်သမားသည် လူစိမ်းနှင့် နောက်ထပ်အကွက် မည်မျှယှဉ်နိုင်မည်ကို ခန့်မှန်းကြည့်၏။ လူစိမ်း၏တိုက်ခိုက်ပုံကိုကြည့်ပြီး သူထွက်ပြေးလျှင်တော့ လွတ်မြောက်နိုင်သည်ဟုတွေးလာမိသည်။

သူကား ကြေးစားခေါ်သမားသာဖြစ်သည်။

အမတ်ကြီးစုဘုးဝှက်ကို ယခုမှ မလုပ်ကြံနိုင်လျှင် နောင်တစ်ချိန်ချိန်လုပ်ကြံနိုင်မည်သာဖြစ်သည်။ နောင်တစ်ကြိမ်လုပ်ကြံနိုင်ရန် သူ၌ အသက်နှင့်ကိုယ် မြဲနေရန်သာ အရေးကြီးသည်ဟုတွေးမိသည်။

လူစိမ်းသည် သူနှင့်အငြိုးရှိသူမဟုတ်ပေ။ ကြုံကြိုက်ရင်း အမတ်ကြီးစုဘုးဝှက်ကိုဝင်ကယ်သူသာ ဖြစ်ဟန်ရှိသည်။

ထိုအချက်က သူ့အတွက် အားတက်စရာဖြစ်သည်။ အငြိုးရှိသူဆိုပါက ယခုလို မျက်နှာကိုပဝါနှင့်ပတ်ထားမည်မဟုတ်ချေ။

သူမည်သူမည်ဝါဖြစ်ကြောင်း၊ မည်သူမည်ဝါ၏အဆက်အနွယ်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာမည်သာဖြစ်သည်။

"ကဲ- ငါ့အတွက် လွတ်လမ်းရှာရတော့မယ်"

ကြေးစားခေါ်သမားသည် သူ့သေကိုယ်သေတိုက်ကွက်တစ်ကွက်ကိုထုတ်၏။ အကယ်၍ လူစိမ်းမရှောင်လျှင် လူစိမ်းလည်း သေမည်။ သူလည်းသေမည်။ နှစ်ဦးစလုံးသေမည်။

အသာစီးမှရနေသောလူစိမ်းသည် မည်သည့်နည်းနှင့်မျှ အသေခံမည်မဟုတ်ဟု တွက်သည်။ ထို့ကြောင့် အသေခံတိုက်ကွက်ကို ထုတ်သုံးလိုက်ခြင်းဖြစ်ပေသည်။



"ရှိုး- "

ခေါ်သွားသည် လေထုထဲအော်မြည်ပြီး လူစိမ်းရင်ဝသို့တိုးဝင်သွားသည်။ လူစိမ်းသည် အထိတ်တလန့်ဖြစ်သွားသည်။ ခန္ဓာကိုယ်ကို ယိမ်းရုံသာယိမ်းပေးလိုက်ပါက မသေနိုင်ချေ။ သို့သော်- ဒဏ်ရာရနိုင်သည်။ ထို့ကြောင့် လုံးဝလွတ်ကင်းသွားအောင် နောက်သို့ ခုန်ရှောင်လိုက်ရတော့သည်။

ကြေးစားခေါ်သမားက လူစိမ်းနှင့်အတော်အတန်ကင်းကွာသွားသည်နှင့် တစ်ချိုးတည်းလှည့်ပြေးလေတော့သည်။ အမှောင်ထုကြီးစိုးနေသဖြင့် သူပြေးရန်လည်း အခွင့်သာနေလေသည်။

အနက်ရောင်ကိုယ်ကျပ်ကိုဝတ်ဆင်ထားသဖြင့် ထိုလူသည် တိုက်အတန်ဝေးသည်နှင့် မှောင်ထဲ၌ပျောက်သွားတော့သည်။

လူစိမ်းသည် ကြေးစားခေါ်သမားနောက်သို့ပြေးလိုက်ရန် ဟန်ပြင်လိုက်သေးသည်။ သို့သော် တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ပြေးမလိုက်တော့ပေ။ သူသည် ချက်ချင်းလှည့်လာပြီး ကိုယ်ရံတော်လေးယောက်တို့၏ဒဏ်ရာများကို ကြည့်ရှုစစ်ဆေးသည်။ အမတ်ကြီး စုဘုးဝှက် သူ့အနီးလာရပ်သောအခါ လူစိမ်းက အမတ်ကြီးအား ဦးညွှတ်ဂါရဝပြုသည်။ အမတ်ကြီးက ပြန်လည်ဂါရဝပြုပြီး-

"ကျုပ်က မောင်ရင့်ကိုဂါရဝပြုရမှာပါ။ မောင်ရင်က ကျုပ်အသက်ကိုလာကယ်တဲ့လူမဟုတ်လား"

"ဟင့်အင်း- ကျွန်တော့်ကို အထူးဂါရဝပြုဖို့မလိုပါဘူးခင်ဗျာ၊ ကျွန်တော်ကကြွေးဟောင်းဆပ်တဲ့လူပါ"

အမတ်ကြီးသည် လူစိမ်း၏စကားကိုကြားဖူးသလိုလိုထင်မိ

လေသည်။ မည်သူမည်ဝါဖြစ်သည်ကိုတော့ မမှန်းဆတတ်ပေ။

"မောင်ရင်ဘယ်သူလဲ၊ မောင်ရင့်နာမည်ကို သိပါရစေလား"

လူစိမ်းက မျက်နှာ၌ပတ်ထားသည့်ပဝါကို ဖြုတ်ချလိုက်၏၊ မှောင်သည်ဟုဆိုသော်လည်း အားလုံးလိုလိုအမှောင်၌ မြင်သားကျနေသဖြင့် ထင်ထင်ရှားရှားမဟုတ်သော်လည်း မည်သူမည်ဝါမှန်းတော့ သိနိုင်ကြသည်။

"ဩော်- မောင်ရင်ကိုး"

လူစိမ်းကား လျှံယင်းချျဖြစ်နေလေသည်။

"ဒီလောက်မှောင်တဲ့အချိန်မှာ ပဝါပတ်လာဖို့မလိုပါဘူး၊ မောင်ရင်ရုပ်ဖျက်လာတာ အကြောင်းရှိလို့လား"

လျှံယင်းချျက ရိုကျိုးစွာဖြေကြားလိုက်သည်။

"ဆိုပါတော့ခင်ဗျာ၊ ကျွန်တော့်ကို တစ်ချို့လူတွေမသိမြင်စေလိုပါဘူး၊ အထူးသဖြင့် ကျွန်တော့်ချစ်သူကိုဖမ်းသွားတဲ့လူရဲ့နောက်လိုက်တွေ မသိစေလိုပါဘူး၊ ဒါမှ ခြေရာခံရတာလွယ်မယ်မဟုတ်လား"

"အခု ခြေရာကောခံမိရဲ့လား၊ သဲလွန်စကောရပြီလား"

"ခြေရာမခံမိသေးပါဘူးခင်ဗျာ"

လျှံယင်းချျက ဝမ်းနည်းကြေကွဲစွာပြောလိုက်သည်။

အမတ်ကြီး စိတ်မကောင်းဖြစ်သွားသည်။

"အင်း- ခက်တာပဲ၊ အခင်းဖြစ်တုန်းက မန်ချူးတစ်ယောက်ယောက်ကိုပြန်ဖမ်းနိုင်မှ သဲလွန်စရမယ့်သဘော ဖြစ်နေတာကိုး"

"ဟုတ်ပါတယ်၊ တစ်ခုတော့ရှိပါတယ်၊ ဝေဝေဟာ အိမ်ထဲကုပ်နေတတ်တဲ့မိန်းကလေးမျိုးတော့ မဟုတ်ပါဘူး၊ သူ အကျဉ်းခံနေရ



သလားမသိဘူး"

"မောင်ရင် ဒီမြို့ကိုရောက်လာတာ မောင်ရင့်ချစ်သူကိုရှာဖို့ မဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် မောင်ရင်ဘာလာလုပ်တာလဲ"

"ကျွန်တော် အမတ်ကြီးဆီကိုလာတာပါခင်ဗျာ"

"နေ့လည်နေ့ခင်းလာရောပေါ့ကွာ၊ ငါတော့ အတော်ကလေး အံ့ဩနေပြီဟေ့"

"အံ့ဩစရာမရှိပါဘူးခင်ဗျာ၊ နတ်ကောင်းနတ်မြတ်တွေက စေ့ဆော်တယ်လို့ပဲထင်မှတ်ရပါတယ်၊ ကျွန်တော်လဲ လာချင်စိတ်ရှိတာနဲ့ထွက်လာခဲ့တာပါပဲ၊ အခုလိုထွက်လာလို့လဲ အမတ်ကြီးရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တာပဲမဟုတ်ပါလားခင်ဗျာ"

အမတ်ကြီးမှာ ခေါင်းတညိတ်ညိတ်ဖြစ်နေလေတော့သည်။

"ကဲ- ဆိုပါဦးကွာ၊ ငါ့ဆီလာတဲ့အကြောင်းရင်းကို ငါပြောသလို ငါ့လက်အောက်မှာအမှုထမ်းတော့မလို့လား"

လျှံယင်းချျက ခေါင်းတစ်ချက်ယမ်းသည်၊ ပြီးမှ ဒဏ်ရာရသည့်ကိုယ်ရံတော်များကိုကြည့်ပြီး-

"ပြောပြရတာပေါ့ခင်ဗျာ၊ ဒါပေမယ့် အမတ်ကြီးရဲ့ကိုယ်ရံတော်တွေ ဒဏ်ရာအတော်ရထားကြပါတယ်၊ တော်ကြာ သွေးထွက်လွန်ပြီး သေကုန်ရင်မကောင်းပါဘူး"

"ဟာ- ဟုတ်သားပဲ"

အမတ်ကြီးနှင့်လျှံယင်းချျတို့သည် အမြင်းအထန်ဒဏ်ရာရ

ထားသူနှစ်ယောက်ကိုတွဲထုတ်ကြသည်။ ကျွန်ုပ်ကိုယ်ရံတော်နှစ်ယောက်မှာ ဒဏ်ရာများရထားသည့်တိုင် အားခဲလမ်းလျှောက်ကြသည်။

အမတ်ကြီး၏ခြံဝင်းမှာကပ်နေသဖြင့် မကြာမီပင် အားလုံး အိမ်တော်တွင်းသို့ရောက်ရှိသွားကြလေသည်။

အိမ်တော်ထဲ၌ကျန်ရှိနေသေးသည့်အစေခံများသည် အရေးပေါ် အလုပ်များသွားကြတော့သည်။ ဒဏ်ရာရသူများအား ဆေးထည့် ပတ်တီးစည်းပေးခြင်း စသည်တို့ဖြင့် အလုပ်များသွားကြသည်။

ထိုသူအားလုံးအနားယူကြရန် ခုံအသီးသီး၌ထိုင်မိချိန်တွင် နံနက်မိုးလင်းလုနီးနီး ဖြစ်နေပေတော့သည်။

အမတ်ကြီးက-

"မောင်ရင်လဲ အတော်ပင်ပန်းနေပြီ။ ကျုပ်လဲ အတော်ပင်ပန်းနေပြီ၊ ဒါပေမယ့် ကျုပ်ကတော့ အိပ်ချင်စိတ်မပေါ်သေးဘူး၊ စောစောက အတွေ့အကြုံဟာ ကျုပ်အဖို့အတွေ့အကြုံသစ်ဆိုတော့ စိတ်လှုပ်ရှားပြီး မအိပ်ချင်တာလဲဖြစ်ချင်ဖြစ်နေမှာပေါ့လေ"

"ကျွန်တော်လဲ မအိပ်ချင်သေးပါဘူးခင်ဗျာ၊ နောင်ဆိုရင် ကိုယ်ရံတော်လေးယောက်တည်းနဲ့အပြင်ထွက်တာ မလုံခြုံတော့ဘူးဆိုတာ အမတ်ကြီးသိမှာပေါ့ခင်ဗျာ"

အမတ်ကြီးက ခွက်ထိုးခွက်လန်ရယ်သည်။

"ဟား- ဟား- ဟား- ဘယ်လုံခြုံတော့မလဲ၊ ကျုပ်က ကျုပ်မြို့ထဲမို့လို့ ကိုယ်ရံတော်လေးယောက်နဲ့ထွက်တာကွယ့်၊ ခုတော့ ကိုယ့်မြို့ ကိုယ့်ဒေသပေမယ့်လဲ မလုံခြုံတော့ဘူးဆိုတာသိတော့ အနည်းဆုံး ကိုယ်ရံတော်နှစ်ဆယ်လောက်မပါဘဲ ဘယ်ထွက်ဝံ့ပါတော့မလဲကွယ်"



"စောစောက အမတ်ကြီးကိုလုပ်ကြံတဲ့လူ ဘယ်သူဆိုတာ သိလိုက်ပါသလားခင်ဗျာ"

"မသိပါဘူးကွယ်"

"ရန်ငြိုးရန်စကြောင့် ဖြစ်မယ်ထင်ပါတယ်"

"ကျုပ်ကိုသတ်ချင်လောက်အောင် မုန်းတဲ့လူတော့ ကျုပ်တို့အမျိုးသားတွေထဲမှာရှိမယ်မထင်ဘူး၊ မန်ချူးတွေထဲကတော့ ရှိချင်ရှိမှာပေါ့လေ"

"မန်ချူးအလိုတော်ရိတွေထဲက လုပ်ကြံချင်တဲ့လူ ရှိချင်ရှိမှာပေါ့"

အမတ်ကြီးသည် ထိုအကြောင်းများကို ဆက်မပြောလိုတော့ဟန်ဖြင့် စကားစဖြတ်ကာ လျှံယင်းချုံအကြောင်းမေးမြန်းသည်။

လျှံယင်းချုံက သူ့လည်ပင်းမှဆွဲပြားကိုပြသရင်း-

"အမတ်ကြီးခင်ဗျာ ဒီဆွဲပြားလေးကိုအမတ်ကြီး သိရှိပါသလားခင်ဗျာ"

အမတ်ကြီးက ပြုံးသည်။

"ဩော်- မင်းအဖေဆီ မင်းပြန်ရောက်ခဲ့ပြီနဲ့တူတယ်"

လျှံယင်းချုံက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် မန်ချူးတွေလက်ထဲက လွတ်မြောက်ခဲ့ပုံကိုပြောပြတော့ အမတ်ကြီးအကြောင်းပါလာတာပေါ့ခင်ဗျာ၊ အမတ်ကြီး စုဘူဝှက်ဆိုတဲ့နာမည်လဲကြားရော အဖေဟာ ထခုန်မတတ်ဖြစ်သွားတာပဲ၊ 'တိုက်ဆိုင်ပလေ'ဆိုတဲ့စကားနဲ့ တအံ့တဩရေရွတ်ပါတယ်-

နောက်တော့မှ ကျွန်တော့်လည်ပင်းကဆွဲပြားဟာ အမတ်

ကြီးက မွေးနေ့လက်ဆောင်ပေးတဲ့အကြောင်းရှင်းပြတယ်၊ အမတ်ကြီးနဲ့ကျွန်တော့်အဖေဟာ ကင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်ကြောင်း အဲဒီတော့မှ ကျွန်တော်လဲသိခွင့်ရတာပါခင်ဗျာ"

အမတ်ကြီးက ပြုံး၍ပြောသည်။

"မင်းအဖေနဲ့ငါဟာ အင်မတန်ခင်မင်တဲ့မိတ်ဆွေတွေပါ၊ သူဟာ ဟန်ဆောင်မှုကင်းတယ်၊ နန်းတွင်းမှာ ဆင်ဆင်ခြင်ခြင်နေထိုင်ရတဲ့ဘဝမျိုးကိုမုန်းတယ်၊ ဒါကြောင့် သူ့ဘာသာ အေးအေးဆေးဆေး သွားနေတာပဲ"

"ကျွန်တော့်အဖေက အမတ်ကြီးဆီမှာ အမှုထမ်းဖို့ စေလွှတ်လိုက်တာပါ၊ ကျွန်တော့်ချစ်သူ ဝေဝေကိုရှာချင်ရင် အဲဒီမှာ အမှုထမ်းပြီးရှာတာက ပိုပြီးအရာရောက်မယ်လို့ပြောပါတယ်"

အမတ်ကြီးက အားရပါးရခေါင်းညိတ်လိုက်သည်။

"အတောင်းဆုံးပေါ့မောင်ရင်ရယ်၊ မောင်ရင်အနေနဲ့ ကျုပ်အိမ်တော်မှာ ဘာရာထူးယူမလဲ၊ ကြိုက်တဲ့ရာထူးယူပါ၊ မောင့်ချစ်သူရှာတဲ့ကိစ္စမှာလဲ ကျုပ်ကအကူအညီပေးဦးမှာပါပဲ"

လှျံယင်းချုံ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း- ကျွန်တော် ဘာရာထူးမှမယူချင်ပါဘူး၊ အမတ်ကြီးဆောင်ရွက်နိုင်းတဲ့ အလုပ်မှန်သမျှ ကျွန်တော်ဆောင်ရွက်ပေးမှာပါ၊ နောက်ပြီး ဖေဖေတို့ကပြောလိုက်ပါသေးတယ်၊ မန်ချူးတွေကို တွန်းလှန်ဖို့ဆိုရင် အမတ်ကြီးစုဘူးဝှက်အနားမှာနေတာ အကောင်းဆုံးပါပဲတဲ့ ....

ကျွန်တော်တို့မိသားစုဟာ ပြောက်ပိုင်းကမန်ချူးတွေကို ဘယ်



လိုတိုက်ထုတ်ရမလဲဆိုတာ အမြဲတမ်းတွေးနေတောနေတဲ့ မိသားစုဖြစ်ပါတယ်ခင်ဗျာ"

အမတ်ကြီးက ခေါင်းညိတ်လိုက်သည်။

"မင်းမှာ ဒီလိုစိတ်မျိုးရှိတဲ့အတွက် ငါတကယ်ပဲဝမ်းသာပါသယ်၊ မင်း ငါ့အိမ်မှာကြိုက်သလိုနေပါ၊ ငါ့ကိုယ်ရံတော်တွေကိုလဲ ဒိုင်းပညာတိုးတက်အောင် မင်းသင်ကြားပေးပါ၊ အားလပ်တဲ့အချိန်တွေမှာတော့ မင်းရဲ့ချစ်သူကိုလိုက်ရှာပါ"

အမတ်ကြီးသည် အိမ်စေတစ်ယောက်ကို အချက်ပြခေါ်လိုက်ပြီး-

"ကဲ- သူလဲပင်ပန်းလာပြီ သူနေရမယ့်အခန်းကို လိုက်ပြလိုက်ပါ၊ သူ့အတွက် ဘာမှမချို့ငဲ့စေပါနဲ့"

လှျံယင်းချုံသည် ထိုင်ရာမှထ၍ အမတ်ကြီးအား ဂါရဝပြုလိုက်သည်။ ပြီးသည်နှင့် အိမ်စေနောက်သို့လိုက်သွားလေတော့သည်။

✿

## မန်ချူးတို့၏ကောက်ကျစ်မှု

တရုတ်ပြည်မြောက်ပိုင်း ....

မန်ချူးဧကရာဇ်၏နန်းတော် ....

မန်ချူးဘုရင်သည် သူ၏သေနာပတိများကိုဆင့်ခေါ်လျက် အရေးကြီးသော ညီလာခံတစ်ခုကို ကျင်းပလျက်ရှိသည်။

ထိုညီလာခံ၏အဓိကအချက်ကား မြောက်ပိုင်းနှင့်တောင်ပိုင်းသဘောတူညီထားသည့် စစ်ပြေငြိမ်းရေးသဘောတူညီချက်ကို ဖောက်ဖျက်လျက် တောင်ပိုင်းနယ်မြေများကို နယ်ချဲ့သိမ်းပိုက်ရန်ပင် ဖြစ်တော့သည်။

မန်ချူးဘုရင်က-

"ကဲ- ခုအချိန်မှာ စစ်မှူးစစ်ကဲတို့က ပိုပြီးအရေးကြီးတယ် တောင်ပိုင်းနဲ့သဘောတူညီထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး ကျန်ခွဲယန်ရဲ့သဘောထားကို လျှောက်တင်ပါ"

ဗိုလ်ချုပ်ကြီးကျန်ခွဲယန်က ပြားပြားဝပ်အရိုအသေပေးကာ



"အရှင်မင်းမြတ်- ကျွန်တော်မျိုးတို့ တောင်ဘက်ကတရုတ်ဘုရင်နဲ့စစ်ပြေငြိမ်းဖို့ သံတမန်စေလွှတ်ခဲ့တာမှန်ပါတယ်၊ အခုအချိန်မှာ အဲဒီပြေငြိမ်းမှုကိုဖောက်ဖျက်ဖို့မသင့်ဘူးလို့ အရှင်မင်းမြတ်က ယူဆကောင်း ယူဆပါလိမ့်မယ် ....

တကယ်တော့ ဒီသံတမန်ဆက်ဆံမှုဟာ တစ်ဦးနဲ့တစ်ဦး ရှေ့ပိုင်းမှာ ပျားရည်နဲ့ပက်ပြီး နောက်ကျောကိုဓားနဲ့ထိုးကြတဲ့ ဆက်ဆံမှုမျိုးပါပဲ"

ညီလာခံရင်ပြင်တစ်ခုလုံး ဟယ်ခနဲဖြစ်သွားကြသည်။

အမတ်တစ်ဦးက ဘုရင်အား အလျှင်အမြန်အရိုအသေပေးပြီး စကားပြောရန်ဟန်ပြင်သည်။

မန်ချူးဘုရင်က လက်ကာပြပြီးတားလိုက်သည်။

"အမတ်ကြီး ခဏနေလိုက်ပါ၊ ဗိုလ်ချုပ်ကြီးလျှောက်တင်စရာရှိတာလျှောက်တင်ပါစေ၊ သူလျှောက်တင်လို့ပြီးမှ အမတ်ကြီးလျှောက်တင်စရာရှိတာကို လျှောက်တင်ပါ"

ဘုရင်၏တစ်ချက်လွှတ်အမိန့်ကြောင့် အမတ်ကြီးငြိမ်သွားသည်။ စစ်ဗိုလ်ချုပ်ကြီးက-

"အရှင်- ကျွန်တော်မျိုးကတော့ သာယာညွတ်ပျောင်းတဲ့စကားမျိုးနဲ့ သွယ်ဝိုက်ပြီးမလျှောက်ထားတတ်ပါဘူး၊ သံတမန်တွေစေလွှတ်လိုက်တဲ့ ကျွန်တော်မျိုးတို့ရဲ့သဘောထားကိုပဲကြည့်ပါ၊ မန်ချူးနိုင်ငံကနေ တရုတ်ပြည်တစ်ဝက်လောက်အထိ မနားတမ်း တိုက်ခိုက်လာခဲ့တဲ့အတွက် ကျွန်တော်မျိုးတို့ရဲ့တပ်သားတွေ အနားရစေဖို့ နောက်တစ်ကြိမ် တောင်စစ်လက်နက်ပစ္စည်းနဲ့ ရိက္ခာတွေစုဆောင်းဖို့ နောက်တစ်ကြိမ် တောင်

ပိုင်းကိုဆက်သိမ်းဖို့ ဒီရည်ရွယ်ချက်နဲ့ စစ်ပြေငြိမ်းဖို့စေလွှတ်လိုက်တာ မဟုတ်လား"

ညီလာခံရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ စစ်ဗိုလ်ချုပ်ကြီး၏စကားများက သွေးထွက်အောင်မှန်နေသည်မဟုတ်ပါလော။

သံတမန်များကို စေလွှတ်လိုက်သည့်ရည်ရွယ်ချက်မှာ ထိုရည်ရွယ်ချက်ပင်။ နောက်တစ်ကြိမ် စစ်ထိုးရန် အားယူဖို့ ပြေငြိမ်းနိုင်းခြင်းပင်။

"အခု ကျွန်တော်မျိုးတို့ရဲ့အင်အားဟာ တောင်ပိုင်းကတရုတ်ဘုရင်ရဲ့အင်အားထက် ပိုပြီးကြီးမားပါတယ်၊ ကျွန်တော်မျိုးတို့ရဲ့တပ်တွေ ပင်ပန်းနေတာမှန်တယ်၊ ဒါပေမယ့် သူတို့ စိတ်ဓာတ်တက်နေကြတယ်၊ အောင်ပွဲက သူတို့ကို စိတ်ဓာတ်တက်စေခဲ့ခြင်းဖြစ်ပါတယ် ....

ကျွန်တော်မျိုးတို့ကလဲ တတ်နိုင်သမျှ ရာထူးတိုးတက်ပေးခြင်း၊ ဆုလာဘ်ပေးခြင်းများ ပြုလုပ်ခဲ့ပါတယ်"

စစ်ဗိုလ်ချုပ်ကြီးသည် သူ့စကားများက ညီလာခံတစ်ခုလုံးကို ဖမ်းစားထားနိုင်ကြောင်းသိသဖြင့် ဆက်ပြောသည်။

"တရုတ်ဘုရင်ရဲ့တပ်တွေကတော့ ကျွန်တော်မျိုးတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်၊ တရုတ်တပ်တွေဟာ ဆက်တိုက်ရှုံးနေပါတယ်၊ အားမရှိဖြစ်နေပါတယ် ....

ကျွန်တော်မျိုးတို့ရရှိထားတဲ့သတင်းအရ အပျော်ကြူးပြီးစည်းစိမ်ခံစားစံစားလိုတဲ့မှူးမတ်ကြီးတွေက တရုတ်နန်းတော်မှာ ကြီးစိုးနေကြောင်းပါ"

မန်ချူးဘုရင်သည် စစ်ဗိုလ်ချုပ်ကြီး၏လျှောက်ထားချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

စစ်ဗိုလ်ချုပ်ကြီးက ဆက်ပြောနေသည်။

"စည်းစိမ်ခံချင်တဲ့တစ်ကိုယ်ကောင်းမှူးမတ်ကြီးတွေ အာဏာရှင်အနားမှာဝိုင်းပတ်နေတဲ့အတွက် တိုင်းပြည်ကို တကယ်ကယ်တင်ချင်တဲ့အမတ်ကြီးတွေ နောက်တန်းကိုရောက်သွားပါတယ် ....

နောက်တန်းရောက်နေတဲ့အမတ်တွေက စစ်အင်အားစုဆောင်းစေချင်တယ်၊ လက်နက်ရိက္ခာတွေ စုဆောင်းစေချင်တယ်၊ စစ်ဘက်ကို အလုံးအရင်းထောက်ပံ့ပြီး တောင်ဘက်နဲ့မြောက်ဘက် နယ်စပ်တစ်လျှောက် ကင်းတွေချထားစေချင်တယ်၊ ဒါတွေတစ်ခုမှဖြစ်မလာပါဘူး၊ အဲဒီတော့ တောင်ပိုင်းက တရုတ်စစ်တပ်တွေဟာ အင်အား လျော့သထက်လျော့ပြီး စိတ်ဓာတ်တက်ကြွမှုလဲ လုံးဝမရှိတော့ပါဘူး"

မန်ချူးဘုရင်က-

"ကျုပ်သဘောပေါက်ပြီ၊ စစ်ဗိုလ်ချုပ်ကြီးရဲ့သဘောက အင်အားချည့်နဲ့နေတဲ့တရုတ်ပြည်တောင်ပိုင်းကို တိုက်ခိုက်ဖို့ ကျုပ်တို့ အင်အား ဆက်မွေးဖို့မလိုတော့ဘူး၊ အခုဆက်တိုက်တာနဲ့ အောင်မြင်နိုင်တယ်ဆိုတဲ့သဘောပဲပေါ့"

စစ်ဗိုလ်ချုပ်ကြီးက ဂါရဝပြုလိုက်သည်။

"ကျွန်တော်မျိုးပြောချင်တာ ဒီသဘောပါပဲ၊ တောင်ပိုင်းကို အခုတိုက်၊ အခုနိုင်နိုင်ပါတယ်"

"ကဲ .... စောစောက လျှောက်တင်ချင်တဲ့အမတ်ကြီးက

ဘာများ လျှောက်တင်ချင်သလဲ"

ဘုရင်ကခွင့်ပေးလိုက်သဖြင့် အမတ်ကြီးက ပြားပြားဝပ် ဂါရဝပြုပြီး လျှောက်တင်တော့သည်။

"အရှင် သံတမန်ဆက်ဆံရေးဆိုတာဟာ စောစောက စစ်ဗိုလ်ချုပ်ကြီးပြောသလို အချိုသတ်တဲ့သဘောဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခုငြိမ်းချမ်းရေးသဘောတူ၊ အခုစစ်တိုက်ဆိုတဲ့အပြုအမူမျိုးကတော့ မလုပ်အပ်ပါဘူး .....

အိမ်နီးချင်းနိုင်ငံတွေရဲ့ကဲ့ရဲ့စရာဖြစ်နိုင်ပါတယ်၊ ဒါကြောင့်မို့ စစ်တိုက်မယ်ဆိုရင်လဲ ထိုက်သင့်သလောက် အချိန်ယူပြင်ဆင်ပြီးမှ သူတို့ဘက်က မကြာခဏကျူးကျော်နေပါတယ်လို့စွပ်စွဲပြီးမှ တိုက်တာ ကောင်းပါတယ်"

ထိုအမတ်ကြီး၏စကားများကလည်း အထိုက်အလျောက်မှန်ကန်နေသဖြင့် နန်းရင်ပြင်၌ တီးတိုးတီးတိုးဖြင့် ဆွေးနွေးစရာဖြစ်ကုန်တော့သည်။ မန်ချူးဘုရင်မှာလည်း ပထမ၌ စစ်ဗိုလ်ချုပ်ကြီး၏ လျှောက်ထားချက်ကို လွန်စွာသဘောကျသည်။ ချက်ချင်းပင် စစ်ထွက်ရန် အမိန့်ပေးမည်ဟုကြံစည်မိသည်။

ယခုအမတ်ကြီး၏လျှောက်ထားချက်ကို ကြားရပြန်သောအခါ မန်ချူးဘုရင်အဖို့ အပြန်အလှန်စဉ်းစားတွေးတောစရာများဖြစ်ပေါ်လာတော့သည်။

စစ်ဗိုလ်ချုပ်ကြီးပြောသလို တောင်ပိုင်းတရုတ်ဘုရင် နန်းတော်၌ တစ်ကိုယ်ကောင်းဆန်သောအမတ်ကြီးများကြီးစိုးပြီး စစ်အင်အားမစုစည်းဘဲ ရှိနေခြင်းကား အကြောင်းမဟုတ်ချေ။



တိုင်းပြည်ကိုတကယ်ချစ်သည့် မျိုးချစ်အမတ်များ နန်းတော်ကို ကြီးစိုးသွားပါက မန်ချူးများအနေဖြင့် တရုတ်ပြည်တောင်ပိုင်းကို တိုက်ခိုက်ရာ၌ ခက်ခဲသွားလိမ့်မည်ဟု မန်ချူးဘုရင်တွေးတောနေမိသည်။ မန်ချူးဘုရင် ချီတုံချတုံဖြစ်နေခိုက်မှာပင် ဘုရင်၏အကြံပေးအမတ်ချုပ်ကြီးက ဘုရင့်အနီးသို့တိုးကပ်လာသည်။

"အရှင် ...."

မန်ချူးဘုရင်သည် အမတ်ကြီး၏အသံကြားမှ လှည့်ကြည့်မိသည်။

"ဘာလျှောက်တင်စရာရှိသလဲ အမတ်ကြီး"

"အရှင် ကျွန်တော်မျိုးတို့ရဲ့သစ္စာကိုခံယူထားတဲ့ တရုတ် အမတ်ကြီးတစ်ယောက်ရှိနေပါတယ်၊ တရုတ်ပြည်တောင်ပိုင်းကို တိုက်သင့် မတိုက်သင့် အရှင်စဉ်းစားနေတဲ့အချက်ကို အဲဒီ အမတ်ကြီးက အများကြီးကူညီနိုင်ပါလိမ့်မယ်၊ သူဟာ ဟန်တရုတ်ဖြစ်တဲ့အတွက် ဟန်တရုတ်တွေရဲ့နန်းတော်အကြောင်းကို ကျွန်တော်မျိုးတို့ထက်ပိုပြီး သိနိုင်ပါတယ်အရှင်"

မန်ချူးဘုရင်သည် အတိုင်ပင်ခံအမတ်ကြီး၏စကားကြောင့် မျက်နှာဝင်းလက်သွားသည်။

ချက်ချင်းပင် တရုတ်အမတ်ကြီးကို ညီလာခံထဲသွင်းလာရန် အမိန့်ပေးလိုက်သည်။

တရုတ်အမတ်ကြီးကား တရုတ်လူမျိုးများအတွက် သစ္စာဖောက် အသားထဲက လောက်ကောင်ပင်ဖြစ်သည်။ သူ့တစ်ကိုယ်ရေကြီးပွါးရေးအတွက်ကား လွန်စွာအခွင့်အရေးကောင်းနေသည်။

သူကောင်းစားရေးအတွက် တရုတ်လူမျိုးများ၏ဦးခေါင်းကို သူတကနင်းပေတော့မည်။

တရုတ်အမတ်ကြီးသည် ညီလာခံရင်ပြင်ထဲ ဝင်လာသည်။ မန်ချူးတို့၏ထုံးစံကိုလိုက်၍ မန်ချူးဘုရင်ကို ဂါရဝပြုဦးညွှတ်၏။

မန်ချူးဘုရင်က-

"အမတ်ကြီး- ကျုပ်တို့ဟာ လတ်တလောတော့ တရုတ်ဘုရင်နဲ့ စစ်ပြေငြိမ်းထားတယ်၊ ရည်ရွယ်ချက်တော့ ရှိတာပေ့ါလေ၊ ဒါပေမယ့် အခု ကျုပ်တို့သဘောထားပြောင်းလာပြီ၊ စစ်ပြေငြိမ်းမှုကိုဖျက်ပြီး တရုတ်တောင်ပိုင်းကို တိုက်သင့်မတိုက်သင့် စဉ်းစားနေတယ်၊ အမတ်ကြီးအနေနဲ့ ဘယ်လိုများအကြံပေးချင်သလဲ"

သစ္စာဖောက်တရုတ်အမတ်ကြီးကား တကယ့်သစ္စာဖောက် ပီသပါပေ၏။

"အခုပဲ တရုတ်တောင်ပိုင်းကို တိုက်ခိုက်သိမ်းပိုက်သင့်ပါတယ်အရှင်"

"အကြောင်းပြချက်ရှိရမှာပေါ့၊ အကြောင်းပြချက်ကို ကျုပ်ကြားချင်တယ်အမတ်ကြီး"

"တရုတ်နန်းတော်ဟာ ညီညွတ်မှုမရှိဘဲ ဖြစ်နေပါတယ်၊ ကျွန်တော်မျိုးသိရသလောက်ကတော့ တရုတ်တွေဟာ ကိုယ်ရောင်ဖျောက်နေတဲ့ တရုတ်ဧကရာဇ်ရဲ့ သားတော်ကလေးကို ဖော်ထုတ်နေကြပါတယ်၊ သားတော်ကလေးရှာတွေ့တာနဲ့ တရုတ်တောင်ပိုင်းဟာ ညီညွတ်သွားတော့မှာ သွားပါလိမ့်မယ်၊ ပိုင်းပြယ်ခံနေရတဲ့ တရုတ်မျိုးချစ်အမတ်ကြီးတွေဟာ နန်းတော်ထဲမှာ စုစည်းသွားပါလိမ့်မယ်၊ တရုတ်ပြည်



တောင်ပိုင်း တကယ်စည်းလုံးသွားရင် အရှင့်အဖို့ လွယ်လွယ်နဲ့တိုက်ခိုက်သိမ်းပိုက်နိုင်တော့မှာ မဟုတ်ပါဘူး"

မန်ချူးဘုရင်က စဉ်းစဉ်းစားစားပြောသည်။

"ကျုပ်စိုးရိမ်တာကလဲဒါပဲ၊ ကျုပ်တို့ အားမွေးနေတဲ့အချိန်မှာ တရုတ်တွေ စစ်အင်အားတိုးပြီး စည်းလုံးညီညွတ်သွားမှာကို စိုးရိမ်တာပဲ၊ တရုတ်စစ်တပ်တွေ ကြံ့ခိုင်တောင့်တင်းလာအောင်လုပ်ချင်တဲ့ လူတွေကတော့ နန်းတော်အပြင်ကိုရောက်နေကြပါတယ်"

မန်ချူးဘုရင်က-

"ဒါပေမယ့် အမြင်အရတော့ တရုတ်တွေရဲ့စစ်အင်အားဟာ နိုင်မာနေသလိုရှိနေတယ်"

သစ္စာဖောက်တရုတ်အမတ်ကြီးက-

"ဒါကအမြင်ပါအရှင်၊ ခြစားထားတဲ့သစ်ပင်ကြီးနဲ့ တူနေပါတယ်၊ အမြင်မှာတော့ အကိုင်းအခက်အလက်နဲ့ ဝေဆာနေတာပါပဲ၊ ဒါပေမယ့် အထဲမှာတော့ အခေါင်းကြီးဖြစ်နေပါပြီ၊ လက်နဲ့ထိရုံနဲ့လဲပြိုသွားနိုင်ပါတယ်"

မန်ချူးဘုရင်သည် စိတ်ထဲ၌အတော်သက်သာရာရသွား၏။

စစ်ဗိုလ်ကြီးအား လှမ်းကြည့်ပြီးမေးလိုက်သည်။

"စစ်ဗိုလ်ချုပ်ကြီး- ကျုပ်စိတ်ထင်တော့ မောင်မင်းဟာ နယ်စပ်မှာ ကျုပ်တို့တပ်တွေကိုစုစည်းထားပြီးပြီလို့ထင်တယ် ဟုတ်ရဲ့လား"

စစ်ဗိုလ်ချုပ်ကြီးသည် ပြုံး၍လျှောက်တင်သည်။

"အရှင်ရဲ့ဘုန်းတော်ကြောင့် ကျွန်တော်မျိုးတို့ရဲ့တပ်တွေဟာ နယ်စပ်မှာ တစ်ဘက်ရန်သူ မရိပ်မိစေဖို့ လယ်သမားများအသွင်နဲ့

စုစည်းပြီးဖြစ်နေပါတယ်၊ အရှင့်အမိန့်ရတာနဲ့ တောင်ပိုင်းကို တစ်ဟုန်ထိုးချီတက်နိုင်မှာဖြစ်ပါတယ်"

မန်ချူးဘုရင်သည် လွန်စွာကျေနပ်အားရသွားသည်။

"တိတ်ကြ- ကျုပ်အမိန့်ချမယ်"

မန်ချူးဘုရင်၏ခြဇာတိက္ကမရှိလှသောအသံသည် ညီလာခံရင်ပြင်တစ်ခုလုံးကို လွှမ်းခြုံသွားသည်။ ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

"တောင်ပိုင်းကို ချီတက်ဖို့ကိစ္စနဲ့ပတ်သက်ပြီး စစ်ဗိုလ်ချုပ်ကြီးနဲ့အမတ်ကြီးများရဲ့ အကြံပေးတင်ပြချက်ကို ကျုပ်နားထောင်ပြီးပြီ မန်ချူးနိုင်ငံတော်စည်းလုံးညီညွတ်ရေးအတွက် တရုတ်တောင်ပိုင်းကို နက်ဖြန်ကစပြီးစစ်ချီတက်ဖို့ ကျုပ်အမိန့်ပေးလိုက်တယ်"

မန်ချူးတို့၏ကလိန်ကကျစ် စော်ကားတိုက်ခိုက်မှုကြီးကား စတင်ပေတော့မည်။

တစ်ဘက်တောင်ပိုင်းတရုတ်ပြည်ကား ဝါးအစည်းပြေသကဲ့သို့ရှိနေဆဲ ....

❖

## ဒိုင်မောကျနေသော တရုတ်နန်းတော်

မန်ချူးစစ်တပ်များသည် ငြိမ်းချမ်းစွာနေထိုင်ရေး ကမ်းလှမ်းချက်ကိုဖောက်ဖျက်ကာ တရုတ်ပြည်တောင်ပိုင်းကို ဆက်လက်ကျူးကျော်ကြလေတော့သည်။

မြောက်ပိုင်းနှင့်တောင်ပိုင်းထိစပ်နေသည့်ဒေသများကို တစ်ဟုန်ထိုး သိမ်းပိုက်တော့သည်။ တရုတ်စစ်တပ်များကား လုံးဝ အငိုက်မိသွားကြလေသည်။ အချို့တပ်များမှာ တပ်လုံးပြုတ် အသုတ်သင်ခံလိုက်ရသည်။

အချို့တပ်များမှာ ခွေးပြေးဝက်ပြေး ဆုတ်ခွါပြေးကြသည်။ တရုတ်နယ်စပ်ဒေသ၊ တောင်မြောက်ပိုင်းခြားထားသည့်ဒေသများမှ ပြည်သူပြည်သားတို့မှာ များစွာအသက်ဆုံးရှုံးကြရသည်။

များစွာသောတရုတ်တို့၏ပြည်နယ်မြို့တော်များသည် မန်ချူးတို့၏လက်တွင်းသို့ ကျရောက်ကုန်သည်။ မန်ချူးတို့သည် ကြိုတင်ပြင်ဆင်ပြီး တိုက်ခိုက်ကြခြင်းဖြစ်သည်။

သောင်းချီသောတပ်မကြီးများ၏ တိုက်ခိုက်မှုအောက်တွင် တရုတ်တို့၏ကျေးလက်၊ မြို့ရွာများ ထောင်းလမောင်းကြေကုန်သည်၊

တရုတ်ဘုရင်နန်းစိုက်သည့်မြို့မှာ တောင်ပိုင်းအစွန်းကျသဖြင့် ရုတ်တရက်အားဖြင့် မန်ချူးတို့၏သိမ်းပိုက်မှုကိုခံရနိုင်ဖွယ်မရှိချေ၊

စစ်ကြောင်းနှင့် ဝေးသောသဘောရှိသဖြင့် တရုတ်ဘုရင်၏ နန်းတော်မှာ ပျော်ပွဲရွှင်ပွဲတူရိယာသံများဖြင့်လွှမ်းခြုံနေလေတော့၏၊

နန်းတော်သို့အရေးတကြီးရောက်လာသူကား ကိုယ်ရံတော်လေးယောက်ခြံရံလာသည့်အမတ်ကြီးစုဘူးဝှက်ပင်တည်း။ အမတ်ကြီးသည် ရန်ချုံမြို့မှခရီးပြင်းနှင်လာရခြင်းဖြစ်သည်။

စံနန်းတော်အဝင်ဝ၌ထိုင်စောင့်နေစဉ် စံနန်းတော်ထဲမှထွက်လာသူမှာ ဘုရင်ဟုဝမ်းမဟုတ်ဘဲ အမတ်ကြီးကျန်းဝင်းဖြစ်နေသဖြင့် အမတ်ကြီးစုဘူးဝှက်မှာ စိတ်ထဲ၌ အတော်ကြီးကသိကအောက်ဖြစ်သွားရသည်။ အမတ်ကြီးကျန်းဝင်းက-

"အမတ်ကြီးစုဘူးဝှက်- ဘာအကြောင်းများရှိလို့ ရေကြီးသုတ်ပျာရောက်ရှိလာရတာလဲ"

"သိပ်အရေးကြီးတယ်၊ အရေးကြီးလွန်းလို့ ကျုပ်ရောက်လာတာပါ၊ ဘုရင်မင်းမြတ်နဲ့တွေ့ပါရစေ"

အမတ်ကြီးကျန်းဝင်းက ခေါင်းကုတ်ဟန်ပြုသည်။

"ခက်တာပဲ၊ ဘုရင်မင်းမြတ်က ဘယ်သူမှသူ့ဆီမဝင်ရဘူးလို့ အမိန့်ထုတ်ထားတယ်၊ ဒီတော့ ခင်ဗျားကိုရှေ့တော်သွင်းဖို့ သိပ်ခက်နေတယ်"

"မဟုတ်သေးဘူးဗျာ၊ ဒီမှာအမတ်ကြီး၊ ကျုပ်တွေ့ချင်တာက



ကျုပ်ကိုယ်ရေးကိုယ်တာ ကိစ္စမဟုတ်ပါဘူး၊ တိုင်းရေးပြည်ရေးကိစ္စပါ၊ ဘုရင်မင်းမြတ်ကို ခင်ဗျားကိုယ်တိုင် အကျိုးအကြောင်းလျှောက်ထားပြီးရင် ကျုပ်ကို ဝင်ခွင့်ပြုမှာသေချာပါတယ်"

အမတ်ကြီးစုဘူးဝှက်က ခပ်ယဲ့ယဲ့လေသံဖြင့် တောင်းပန်မေတ္တာရပ်ခံသည်။ စုဘူးဝှက်က ခပ်လေးလေး အမတ်ကြီးကျန်းဝင်းက ဘဝင်မြင့်လေလေဖြစ်သွားတော့သည်။

ထို့ကြောင့် သူ့လေသံသည် ပို၍မာကျောလာသည်။ အမတ်ကြီးစုဘူးဝှက်နှင့် သူ၏ရာထူးအဆင့်အတန်းမှာ တန်းတူပင်ဖြစ်သော်လည်း အမတ်ကြီးစုဘူးဝှက်အား လက်အောက်ငယ်သားတစ်ဦးအားဆက်ဆံသည့်နှယ် ဆက်ဆံလာသည်။

"ခုတော့ ဘုရင်နဲ့တွေ့ခွင့်မပြုနိုင်ဘူး၊ ဘုရင်ကိုယ်တော်တိုင်အမိန့်ချထားတဲ့ကိစ္စကို ကျုပ်က ဘယ်ဖျက်ပစ်လို့ဖြစ်မလဲ၊ တစ်ခုရှိတယ်၊ သန်ဘက်ခါမှာညီလာခံရှိတယ်၊ ခင်ဗျားတင်လျှောက်စရာရှိရင် အဲဒီနေ့ကျမှတင်လျှောက်ပေတော့"

အမတ်ကြီးစုဘူးဝှက်မှာ သွေးဆုတ်ဖြူရော်သွားသည်။

"မဟုတ်သေးပါဘူး၊ ဒီကိစ္စက ညီလာခံကျင်းပတဲ့နေ့အထိ စောင့်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး၊ သိပ်အရေးကြီးပါတယ်၊ ဒါကြောင့်မို့ပါ"

"တိုင်းပြည်အတွက် သိပ်အရေးကြီးတဲ့ကိစ္စဆိုရင် ကျုပ်တို့က အလျင်သိရမှာပဲ၊ ဘယ့်နှယ်ခင်ဗျားက အလျင်သိနေရတာလဲ၊ ကဲ- ဆိုစမ်းပါဦးဗျာ၊ ဘာအရေးကြီးတဲ့ကိစ္စလဲ"

အမတ်ကြီးစုဘူးဝှက်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ကောင်းပြီ- တကယ်အရေးကြီးတဲ့ကိစ္စမှန်းသိရင် ဘုရင်

အတွေ့ခံဖို့ ခင်ဗျားပြောပေးမလား"

အမတ်ကြီးကျန်းဝင်းက ခေတ္တစဉ်းစားပြီးခေါင်းညိတ်၏။

"ကောင်းပြီ- ခင်ဗျားပြောပါ။ တိုင်းပြည်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျုပ်ဆုံးဖြတ်မယ်၊ ကိုင်း- ပြောပေတော့"

"အင်း- ခင်ဗျားတို့ ဒီလောက်အေးအေးဆေးဆေးနေပုံထောက်ရင် ကျုပ်ပြောမယ့်သတင်းကို ခင်ဗျားတို့ မသိတာသေချာပြီ"

အမတ်ကြီးကျန်းဝင်း၏မျက်နှာ ဒေါသအရိပ်အယောင်များပေါ်ထွက်လာသည်။

"ခင်ဗျားလာတာ အရေးကြီးတဲ့သတင်းပြောဖို့လား၊ ဒါမှမဟုတ် ကျုပ်ကိုစော်ကားဖို့လား၊ ဒီစကား ဘုရင်မင်းမြတ်ကြားရင် ခင်ဗျားကို ဒေါသမာန်ရှမှာသေချာတယ်"

အမတ်ကြီးစုဘူးဝှက်က စိတ်လျှော့သည့်လေသံဖြင့် ပြောလိုက်သည်။

"မန်ချူးတွေ ကျုပ်တို့တောင်ပိုင်းတရုတ်ပြည်ကို ဝင်တိုက်နေပြီ၊ သူတို့နယ်စပ်နဲ့ထိသမျှမြို့ရွာတွေ မန်ချူးလက်အောက်ရောက်ကုန်ပြီ၊ အဲဒီသတင်းကို ခင်ဗျားတို့သိကြရဲ့လား"

"ဟား- ဟား- ဟား"

အမတ်ကြီးကျန်းဝင်းက အားရပါးရ ခွက်ထိုးခွက်လန်ရယ်မောလိုက်လေသည်။

အမတ်ကြီးစုဘူးဝှက်က အမတ်ကြီးကျန်းဝင်းကို ဒေါသရောင်တောက်သောမျက်လုံးများဖြင့် ကြည့်နေလိုက်သည်။



ဤသတင်းသည် ရယ်စရာသတင်းမှမဟုတ်ပေဘဲ။

"ကျုပ်ပြောတဲ့စကားထဲမှာ ဘာရယ်စရာပါလို့လဲ"

"ဟား- ဟား- ဟား ခင်ဗျားမူးနေသလား၊ သူတို့စစ်ပြေငြိမ်းဖို့လာကမ်းလှမ်းတာ တစ်လမပြည့်သေးဘူးဗျ၊ ဒီတမ်းလှမ်းချက်ကို အရှူးတွေမှချိုးဖောက်မှာ၊ ဟား- ဟား- ဟား"

အမတ်ကြီးစုဘူးဝှက် လွန်စွာစိတ်ပျက်သွားလေသည်။ တရုတ်နန်းတော်သည် အဖို့မအဆုံးတိုင်ပျက်စီးနေလေပြီ။

တိုင်းပြည်အတွက် အရေးကြီးသောသတင်းကိုပင် သူတို့ မရှိကြသေး။ အမတ်ကြီးသည် ပုံလဲမတတ်စိတ်ပျက်သွားလေသည်။

အမတ်ကြီးကျန်းဝင်းက ရယ်ရင်းဆက်ပြောလိုက်သည်။

"ကျုပ်တို့နဲ့စစ်ပြေငြိမ်းဖို့ သူတို့သဘောတူပြီးပြီ၊ ဒါကို ခင်ဗျားလဲသိပါတယ်၊ အလကားလာပြီး အချိန်ဖြုန်းမနေစမ်းပါနဲ့ဗျာ"

စုဘူးဝှက် ဒေါသထွက်သွားလေသည်။

"ကျုပ် ညာပြောတယ်ထင်လို့လား"

"မညာဘူးဆိုလဲ ကျုပ်မယုံဘူးဗျ"

"ခင်ဗျားမယုံချင်နေ၊ ကျုပ်ဘုရင့်ကိုတွေ့ပြီးလျှောက်တင်မယ်"

"ခင်ဗျားအသက်မခံရရင် ကံကောင်းပဲ၊ ဘုရင်စိတ်ဆိုးနေတယ်ဗျ၊ ဒါကြောင့် ခင်ဗျားကိုအဝင်မခံတာပေါ့"

"ဘာကြောင့် ဘုရင်ကစိတ်ဆိုးနေရတာလဲ"

"မောင်းမတစ်ရာရွေးတာ မပြည့်လို့လေ"

အမတ်ကြီးစုဘူးဝှက်မှာ ဟင်ခနဲဖြစ်သွားသည်။

"ကဲ- ကောင်းကြသေးရဲ့လား"

ထိုစကားသည် အမတ်ကြီးစုဘူးဝှက်၏နှုတ်မှ ထွက်လာခြင်း မဟုတ်ပါ။ စိတ်ထဲမှပြောလိုက်ခြင်းသာဖြစ်ပါသည်။

တိုင်းပြည်သေရေးရှင်ရေး အခက်အခဲကြုံနေချိန်၌ တရုတ်နန်းတော်တွင် ဓောင်းမဖွေပွဲကျင်းပနေသည်။

ဘုရင်အား အမတ်ကြီးအချို့နှင့် မင်းမှုထမ်းအချို့က အပျော်အပါးအတွက်မြှောက်ထိုးပင့်ကော်လုပ်နေကြသည်။ ဘုရင် အပျော်ကြူးချိန်၌ သူတို့ပါရောယောင်သွေးသောက်အပျော်ကြူးနေကြသည်။ တိုင်းပြည်အန္တရာယ်ကာကွယ်ရန် ခေါင်းထဲထည့်မစဉ်းစားရုံမျှမက သတင်းများ နန်းတော်သို့ရောက်မလာနိုင်အောင်ပင် တားဆီးပိတ်ပင်ထားကြသည်။ တကယ့်မျိုးချစ်များပေတကားဟု အမတ်ကြီးစုဘူးဝှက်၏ရင်ထဲမှ ရေရွတ်နေမိသည်။

အမတ်ကြီးစုဘူးဝှက်သည် တွေးရင်းတွေးရင်း ရင်နာလာသည်။ မျက်ရည်များဝိုင်းလာသည်။ တိုင်းပြည်ကို သူ ကယ်တင်နိုင်ခွင့် မရှိတော့ပြီလော- ကျန်းဝင်းက-

"ကဲ- ခင်ဗျားလျှောက်ချင်သေးရင် ညီလာခံကျမှပဲလျှောက်တင်ပေတော့၊ ကျုပ်သွားတော့မယ်"

အမတ်ကြီးစုဘူးဝှက်သည် မျက်ရည်မကျအောင် ထိန်းလိုက်သည်။ အံကြိတ်လိုက်သည်။

"ခင်ဗျားလို ဘုရင်ကိုကပ်ဖြောင်ပြီး မင်းလိုလိုက် မင်းကြိုက်ဆောင်နေတဲ့လူတွေ များနေလို့ ကျုပ်တို့တရုတ်တိုင်းပြည်ကြီး ရေတိမ်နစ်နေရတာ"



"မြန်း- မြန်း- "

အမတ်ကြီးစုဘူးဝှက်သည် ဒေါသဖြစ်ဖြစ်နှင့် စကားဆုံးသည်နှင့် အမတ်ကြီးကျန်းဝင်း၏ပါးကို ဘယ်ပြန်ညာပြန်ရိုက်ကာ လှည့်ထွက်လာလေတော့သည်။

အမတ်ကြီးကျန်းဝင်းမှာ ဤသို့အရိုက်ခံရလိမ့်မည်ဟု လုံးဝထင်မှတ်မထားသဖြင့် မင်တက်ငေးကြောင်ပြီး သူ့ပါးကိုသူ စမ်းရင်းကျန်ရစ်ခဲ့တော့သည်။

ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွါသွားသော အမတ်ကြီးစုဘူးဝှက်အား ကိုယ်ရံတော်လေးယောက်က အထူးကြပ်မတ်ကာ လိုက်ပါသွားကြတော့သည်။

❖

အမတ်ကြီးစုဘူးဝှက်သည် ရန်ချုံမြို့၌ သူ၏အိမ်တော်ဝင်းအတွင်းသို့ဝင်လာသည်။ သူ လွန်စွာစိတ်ထိခိုက်နေသည်။ နေပြည်တော်မှ ရန်ချုံအထိ မြင်းစီးပြီးပြန်လာကြရာတွင် အမတ်ကြီးသည် စကားတစ်ခွန်းမျှမပြောခဲ့ချေ။

အတွေးပေါင်းစုံဖြင့်သာနစ်မွန်းနေခဲ့သည်။ သူ့အိမ်တော်သို့ရောက်သည်ကိုပင် သတိမထားမိခဲ့ချေ။ မြင်းကို ရှေ့ဆက်နှင်မည်ပြုနေရာ ကိုယ်ရံတော်တစ်ဦးကသတိပေးမှ မြင်းဇက်ကိုသတ်နိုင်သည်။

အမတ်ကြီးသည် သူ့မြင်းကို ကိုယ်ရံတော်များ၏လက်ထဲသို့ ထည့်ခဲ့ပြီး အိမ်တော်ဝင်းအတွင်းသို့ခေါင်းငိုက်စိုက်ချပြီးဝင်လာမိ

လေသည်။ ထိုစဉ် အိမ်တော်ခြံဝင်းအပြင်မှ မိန်းကလေးတစ်ဦး၏ အော်သံဟစ်သံ တစာစာသံကို အမတ်ကြီးနှင့်တကွ ကိုယ်ရံတော်များပါ ကြားလိုက်ကြရသည်။

"ကယ်တော်မူကြပါ- ကျွန်မကိုကယ်ကြပါ"

စိတ်ရှုပ်ထွေးနောက်ကျိစွာဖြင့် အိမ်တော်ခြံဝင်းအတွင်း ဝင်သွားသောအမတ်ကြီးသည် တန့်ခနဲရပ်သွားသည်။ ချာခနဲလှည့်ကြည့်ပြီး ကိုယ်ရံတော်တစ်ဦးအား အမိန့်ပေးလိုက်သည်။

"စီကွန်းသွားစမ်း၊ ဘာဖြစ်တာလဲ သွားစုံစမ်းစမ်း"

ကိုယ်ရံတော်စီကွန်းသည် အမတ်ကြီးကို ဂါရဝပြုလိုက်ပြီး ခြံဝင်းအပြင်သို့ ပြေးထွက်သွားသည်။ မကြာမီ ပြန်ရောက်လာ၏။

"သခင်ကြီး နန်းတွင်းတပ်သားတွေ မိန်းကလေးတစ်ယောက်ကို လိုက်ဖမ်းနေတာပါ"

"ဟေ. . ."

အမတ်ကြီးသည် သုတ်သီးသုတ်ပျာဖြင့် ခြံဝင်းအပြင်သို့ပြန်ထွက်လေတော့၏။ ကိုယ်ရံတော်လေးယောက်လည်း ဓားရိုးပေါ် လက်များတင်ကာ အမီလိုက်ကြတော့သည်။

နန်းတွင်းတပ်သားဆယ်ယောက်ခန့်သည် မိန်းကလေးတစ်ဦးအား တရွတ်ဆွဲဖမ်းခေါ်နေကြောင်း တွေ့လိုက်ရသည်။

"ဟေ့- ရပ်ကြစမ်း"

နန်းတွင်းတပ်သားများသည် အမတ်ကြီးစုဘူးဝှက်၏ ရာထူးအဆင့်ကိုကောင်းစွာသိရှိကြသဖြင့် လန့်သွားကြ၏။ ကောင်းစွာ အရိုအသေပေးပြီး မိန်းကလေးကိုပါ အမတ်ကြီးရှေ့သို့ဆွဲခေါ်လာကြ၏။



"မင်းတို့ ဘာလုပ်ကြတာလဲ"

နန်းတွင်းတပ်သားများ၏ခေါင်းဆောင်တပ်မှူးက အမတ်ကြီးအား ဦးညွှတ်ဂါရဝပြုပြီးဖြေလိုက်သည်။

"အမတ်ကြီးခင်ဗျာ- ကျွန်တော်တို့ ဒီမိန်းကလေးကို အကြောင်းမဲ့ဖမ်းတာမဟုတ်ပါဘူး၊ သူ့ကို ဒုက္ခပေးမှာလဲမဟုတ်ပါဘူး၊ အမတ်ကြီးကျန်းဝင်းရဲ့အမိန့်အရ ဖမ်းတာပါ၊ အမိန့်ရတာလဲ မကြာသေးပါဘူး"

"ဟေ- အမတ်ကြီးကျန်းဝင်းက ဘာဖြစ်လို့ဖမ်းခိုင်းရတာလဲ"

"ဟို- ဟို နန်းတွင်းမှာ မောင်းမတစ်ရာမွှေကောက်တာ မပြည့်သေးလို့ပါ၊ သူကလေးက လှပကြော့ရှင်းတဲ့မိန်းကလေးဆိုတော့"

"တော်ပြီ- ငါနားလည်ပြီ၊ ဒီမိန်းကလေးကိုလွှတ်လိုက်"

တပ်မှူးမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့်-

"ကျွန်- ကျွန်တော်မျိုးတို့ ဒုက္ခတွေ့- တွေ့-"

အမတ်ကြီးက ဆက်ပြောသည်။

"မောင်မင်းတို့ ဒုက္ခမတွေ့ပါဘူး၊ ဒီအကြောင်းကို ငါကထုတ်မပြောပါဘူး၊ မောင်မင်းရဲ့တပ်သားတွေလဲနှုတ်လုံကြပေါ့၊ မောင်မင်းတို့ကိုငွေတစ်ထောင်ပေးလိုက်မယ်၊ ခွဲဝေယူကြပေါ့ဟုတ်လား"

ပျားလည်းစွဲ သာရှဉ့်လည်း လျှောက်သာသောအစီအစဉ်ဖြစ်၍ တပ်မှူးနှင့်နန်းတွင်းတပ်သားများ သဘောကျသွားသည်။

"အမတ်ကြီးရဲ့အမိန့်အတိုင်းပါပဲ၊ ကျွန်တော်မျိုးတို့ ဒီမိန်းကလေးကိုလွှတ်လိုက်ပါပြီ"

"ကောင်းပါလေရဲ့ကွယ်၊ ဒီမှာ ငါတစ်ခုပြောမယ်၊ ဒီလို မိန်း

ကလေးမျိုးတွေကို ခုလိုလိုက်ဖမ်းဖို့မလိုပါဘူးကွယ်၊ နေပြည်တော်မှာပဲ မောင်းမဘဝရောက်ချင်တဲ့ မိန်းကလေးတွေအများကြီးရှိပါတယ် အဲဒီမှာ မောင်မင်းတို့သွားရှာကြပါ"

အမတ်ကြီးသည် သူ့အတွင်းအိတ်ထဲမှ ငွေထုပ်တစ်ထုပ်ကိုယူပြီး တပ်မှူးထံသို့ပစ်ပေးလိုက်၏။

တပ်မှူးနှင့်နန်းတွင်းတပ်သားများသည် အမတ်ကြီးကိုဂါရဝပြုကာ ထွက်ခွါသွားကြလေတော့သည်။

နန်းတွင်းတပ်သားများသည် များသောအားဖြင့် အမတ်ကြီးကျွန်းဝင်း၏ဩဇာသက်ရောက်မှု ခံယူရသောသူများဖြစ်ကြသည်၊

သို့သော် ထိုအထဲမှ အချို့သောတပ်သားနှင့် တပ်မှူးများသည် အမတ်ကြီးစုဘူးဝှက်၏ပညာအရည်အချင်းနှင့် မျိုးချစ်စိတ်ဓာတ်ကို ကြည်ညိုကြသည်။

ယခု အမတ်ကြီးနှင့်တွေ့သောတပ်မှူးနှင့် တပ်သားများမှာ ထိုအစုထဲမှစစ်သားများဖြစ်၍ အမတ်ကြီးစုဘူးဝှက်၏ဖျန်ဖြေမှု အောင်မြင်သွားခြင်းဖြစ်သည်။

အမတ်ကြီး၏ဖျန်ဖြေမှုကို လက်ခံပြီးပြန်သွားသော တပ်သားများက အချင်းချင်းဝေဖန်သွားကြလေသည်။

"အမတ်ကြီးစုဘူးဝှက်ဟာ သိပ်ပြီးသနားကြင်နာတတ်တယ် ဒီမိန်းကလေးကို သူသက်သက်ဝင်ကယ်လိုက်တာကွ"

အခြားတပ်သားတစ်ဦးကလည်း ထောက်ခံသည်။

"သိပ်သေချာတာပေါ့၊ အမတ်ကြီးကျွန်းဝင်းနဲ့များ တွေ့ပါစေကွာ၊ ဒီအကြောင်းသာ အမတ်ကြီးကျွန်းဝင်းသိသွားရင် ဘုရင်မင်းမြတ်နဲ့အမတ်ကြီးစုဘူးဝှက် မသင့်တင့်အောင် မြှောက်ထိုးပင့်ကော် လုပ်ဦးမှာကွ"

"မင်း ဒီအကြောင်းနှုတ်လုံနော်"

"အို- စိတ်ချပါ၊ ငါက အမတ်ကြီးကို ကြည်ညိုတဲ့လူပါကွ"

ရှေ့မှသွားနေသော တပ်မှူးသည် သူ့တပ်သားများပြောလာသည့်စကားကိုကြားလိုက်ရသဖြင့် လက်ထဲမှငွေထုပ်ကို မြှောက်ပြရင်း လှမ်းပြောလေသည်။

"အေး- မင်းတို့ မကြည်ညိုလို့ပြောချင်တဲ့ပါးစပ်ရှိရင်လဲ ငါ့ကိုကြိုပြောထားကွ၊ အဲဒီပါးစပ်ကို ဒီငွေထုပ်ထဲကငွေနဲ့ ငါပိတ်ပေးပါ့မယ်ကွာ၊ ဟား- ဟား- ဟား"

တပ်သားများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြလေသည်၊ ငွေသည် လူသားတို့၏ သည်းခြေကြိုက်အစာပင်မဟုတ်ပါ လား။

✿

## လျှို့ဝှက်စာ၏ခရီးစဉ်

အမတ်ကြီးစုဘူးဝှက်သည် နန်းတွင်းတပ်သားများ၏အဖမ်းဆီးမှလွတ်မြောက်လာသော မိန်းကလေးအား အိမ်တော်တွင်းသို့ ခေါ်လာသည်။ အိမ်စေမှူးအားခေါ်ကာ မိန်းကလေးအတွက် အစားအသောက်များပြင်ဆင်ပေးရန် အမိန့်ပေးလိုက်သည်။ မိန်းကလေးသည် ရုပ်ရည်ချောမောရုံမျှမက ရဲရင့်ဟန်လည်းရှိ၏။

သို့သော် ကျေးတောသူတစ်ဦးဖြစ်၍ နန်းတွင်းအရာရှိကြီးများနှင့်ဆက်ဆံရာ၌ မည်သို့ရိုသေစွာဆက်ဆံရမည်ကိုမူ နားမလည်ဘဲရှိသည်။ လျှံယင်းချျှသည် အမတ်ကြီးက မိန်းကလေးတစ်ဦးအား ခေါ်ဆောင်လာသည်ကိုတွေ့သောအခါ လွန်စွာအံ့ဩသွားသည်။

ခေါ်လာသည့် မိန်းကလေးမှာလည်း ညစ်ပတ်ပေရေနေသည်။ တောပန်းကလေးတစ်ပွင့်ဖြစ်ကြောင်း မြင်ရုံနှင့်သိသာနိုင်ပေသည်။

"ဟား. . ဟား. . ဟား လျှံယင်းချျှ၊ မင်းအံ့ဩနေသလားအဖြစ်က ဒီလိုကွယ့်"

အမတ်ကြီးစုဘူးဝှက်က နန်းတွင်းတပ်သားများနှင့်ဖြစ်ပွါး



ခဲ့ကြသည့်ပြဿနာကို ရှင်းပြလိုက်သည်။ ထိုပြဿနာကလေးသည် နန်းတော်၌ အမတ်ကြီးကျန်းဝင်းနှင့်ဖြစ်ပွါးခဲ့သည့် မကျေမလည်ဖြစ်မှုကို အခိုက်အတန့်မေ့ပျောက်သက်သာရာရစေသည်။

လျှံယင်းချျှမှာ နန်းတွင်းက စစ်ရေးသတင်းကို ယခုအထိ မရရှိသေးကြောင်း မသိရှိသေးပေ။

ထိုစဉ် အစားအသောက်များပြင်ဆင်ပြီး အစေခံမှူးကသတင်းပို့လာသဖြင့် အမတ်ကြီးက မိန်းကလေးကိုခေါ်ယူကျွေးမွေးသည်။ မိန်းကလေးသည် အတော်ကလေးဗိုက်ဆာနေပုံရ၍ စားသည့်တိုင် နန်းကြာထမင်းနပ်မမှန်ခဲ့ကြောင်း အမူအရာက သရုပ်ပြလျက်ရှိ၏။ စားသောက်ပြီးချိန်တွင် အမတ်ကြီးက ဧည့်ခန်းသို့ခေါ်လိုက်သည်။

"မိန်းကလေး အတော်ဆာလောင်နေတယ်ထင်ပါ့ကွယ်"

"သိပ်ဆာပါတယ်ရှင်၊ ကျွန်မ ခရီးထွက်လာတာက အဝေးကြီးကိုး"

"ဘယ်ရွာမှာ နေတာလဲ"

"အရင်ကတော့ ဒီလိုရွာမှာပါ၊ ဒီလိုရွာ အဖျက်အဆီးခံရတော့ တောင်ပိုင်းကိုပြေးလာခဲ့ပါတယ်"

"ဪ- အဝေးကြီးပဲကိုး"

"ကျွန်မကို ခုလိုကျွေးမွေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်"

"မင်းရဲ့ခရီးပန်းတိုင်က ဘာလဲ၊ မင်းဘယ်အထိသွားမလဲလို့ မေးချင်တာပါ"

"ရန်ချမ်းမြို့ပါ"

"ဒါရန်ချမ်းပဲလေ၊ ဘယ်သူနဲ့တွေ့ရအောင်လာတာလဲ"

"အမတ်ကြီးစုဘူးဝှက်ဆိုတဲ့လူနဲ့ပဲ"

အမတ်ကြီး၏မျက်ခုံးများ မြင့်တက်သွားလေသည်။

"ငါ စုဘူးဝှက်ပဲလေ"

မိန်းကလေးက ခိုးခိုးခစ်ခစ်ရယ်လိုက်လေသည်။

"ကျွန်မ ကြိုသိထားတာပဲ၊ ကျွန်မက အမတ်ကြီးစုဘူးဝှက်နဲ့တွေ့ချင်တယ်ပြောရင် တွေ့တဲ့လူက ငါစုဘူးဝှက်လို့ပြောကြမှာပဲ"

"ဟော- မိန်းကလေးရဲ့စကားက အဆန်းပါလားကွယ်၊ စုဘူးဝှက်မဟုတ်ဘဲနဲ့ ဘယ်သူက ငါစုဘူးဝှက်လို့ပြောမလဲကွယ်"

"ပြောကိုပြောရမယ်၊ ကိစ္စက အရေးကြီးနေတာကိုး"

"ဘာကိစ္စလဲကွယ်"

"ဟင်း- ဟင်း- ဟင်း- အမတ်ကြီးစုဘူးဝှက်မှန်း သေသေချာချာမသိရဘဲနဲ့ ကျွန်မက ဘယ်ပြောလို့ဖြစ်မလဲရှင့်"

"ထားပါတော့၊ မင်းနာမည်ကဘယ်သူလဲ"

"ချန်းနီပါ"

"ဟောဒီပုဂ္ဂိုလ်ကြီးဟာ အမတ်ကြီးစုဘူးဝှက် အစစ်အမှန်ပါပဲကွယ့်"

"ခစ်- ခစ်- ခစ် လာပြန်ပြီတစ်ယောက်၊ ရှင်တို့က အတိုင်အဖောက်သိပ်ညီကြတာကိုး၊ ကျွန်မကို ကယ်တင်ကျွေးမွေးတဲ့ကျေးဇူးကိုထောက်ပြီး ရှင်တို့ကိုအပြစ်မတင်ပါဘူးရှင်"

အမတ်ကြီးသည် မိန်းကလေးကိုကြည့်ပြီး အစဉ်းစားရခက်



နေသည်။ ဤကျေးတောသူမိန်းကလေးသည် အဘယ်ကိစ္စကြောင့် စုဘူးဝှက်ကို တွေ့လိုရသနည်း။

အကြောင်းတစ်ခုခုရှိကောင်းလည်း ရှိနေနိုင်သည်၊ အသွင်အပြင်ရိုးသားလွန်းသဖြင့် မိမိနှင့်သက်ဆိုင်ရန်အကြောင်းမရှိဟု တစ်ထစ်ချဆုံးဖြတ်ရန်လည်း မလွယ်ကြောင်းအမတ်ကြီးသိသည်။

ထို့ကြောင့် မြွေမသေ တုတ်မကျိုး အစီအစဉ်တစ်ခုကို ချက်ချင်းပင် စီစဉ်လိုက်သည်။

"ကဲ- ကဲ ကျုပ်စုဘူးဝှက်ဆိုတာကို မယုံဘူးဘဲထားပါတော့၊ မိန်းကလေးအနေနဲ့ ရန်ချမ်းမြို့မှာတည်းဖို့ ခိုဖို့ အသိအကျွမ်းရှိသလား"

"လုံးဝမရှိပါဘူး"

"ဒီလိုလုပ် ဒီအိမ်မှာ မိန်းကလေးတည်းခိုနိုင်တယ်၊ ပြီးမှ ကျုပ်စုဘူးဝှက်ဟုတ်မဟုတ် စုံစမ်းပေါ့၊ မကောင်းဘူးလား"

ချန်းနီသည် အလွန်တရာသဘောကောင်းသည့်ပုဂ္ဂိုလ်ကြီးကို လွန်စွာကျေးဇူးတင်သွားသည်။

"ဟုတ်- ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ဆောင်ရွက်ရမယ့်ကိစ္စက အရေးကြီးလို့ အခုလိုစိတ်စနေရတာပါရှင်"

"ဒါပေါ့ကွယ်၊ ဘယ်အလုပ်မဆို သေချာမှကောင်းပါတယ်"

အမတ်ကြီးသည် အစေခံမှူးကိုခေါ်၍ မိန်းကလေးအား နေရာချထားပေးရန် အမိန့်ပေးလိုက်လေသည်။

❖

နောက်တစ်နေ့နံနက်. . .

နေရောင်ခြည်လွှမ်းခြုံလာသည်နှင့် ရန်ချုံမြို့သည် လူသွားလူလာဈေးသွားဈေးလာများဖြင့် စည်ကားစပြုလာလေသည်။ လူသူထူထပ်သောဈေးအနီး၌ ယောင်လည်လည် လမ်းလျှောက်နေသော မိန်းကလေးတစ်ဦးကိုတွေ့ရသည်။

ထိုမိန်းကလေးကား ချန်းနီပေတည်း။ ချန်းနီသည် အမတ်ကြီးစုဘူးဝှက်ကိုရှာဖွေရန်နှင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးဟုတ်မဟုတ် စုံစမ်းရန် လူသူထူထပ်ရာသို့ထွက်ခွါလာခြင်း ဖြစ်ပေတော့သည်။

သူမ ထွက်ခွါလာပြီးမကြာမီမှာပင် သူမ တည်းခိုနေသည့် ကြီးမားသောအိမ်တော်ကြီးသည် အမတ်ကြီးစုဘူးဝှက်၏အိမ်တော်ဖြစ်ကြောင်းသိရှိလိုက်ရပြီး သူမ တွေ့ဆုံရသည့်ပုဂ္ဂိုလ်ကြီးမှာလည်း အမတ်ကြီးစုဘူးဝှက်ပင်အမှန်ဖြစ်ကြောင်း သိရှိလိုက်ရပေသည်။

သူမသည် လမ်းဘေးဈေးသည်တစ်ဦးထံသို့ ဝင်သည်။ ဈေးသည်အမျိုးသမီးဘေး၌ ကျုံ့ကျုံ့ကလေးဝင်ထိုင်လိုက်သည်။

"အစ်မ- အစ်မ"

ဈေးသည်က နပျိုလှပသော်လည်း ညစ်ပတ်ပေရေနေသော မိန်းကလေးချန်းနီကို အထင်သေးသောအကြည့်ဖြင့်ကြည့်လိုက်သည်။

"ဘာလဲ"

"အမတ်ကြီးစုဘူးဝှက်ဆိုတာကို သိသလားဟင်"

ဈေးသည်မိန်းကလေးက မေးသည်။

"ဒီမြို့မှာ အမတ်ကြီးစုဘူးဝှက်ကို ကလေးလေးကတောင် သိတယ်"



"အဲ- အဲဒီအမတ်ကြီးဟာ မန်ချူးတွေကိုသဘောကျတဲ့ သူလားဟင်"

"ဘာပြောတယ်"

ဈေးသည်မိန်းကလေး၏အော်သံသည် အတော်ကလေး ကျယ်လောင်သွားသည်။

"ညည်း ဘာပြောလိုက်တာလဲ"

"အို- အို ကျွန်မပြောတဲ့သဘောကတစ်မျိုးပါရှင်၊ အမတ်ကြီးဟာ မျိုးချစ်ပုဂ္ဂိုလ် ဟုတ်မဟုတ်"

"ညည်း စကားပြောတာကြည့်ပြောပါ၊ အမတ်ကြီးလောက် အမျိုးချစ်တဲ့လူ ဒီလောကမှာမရှိဘူး၊ ဒီမြို့မှာ မရှိဘူး၊ သူ့ခမျာ မြောက်ပိုင်းတစ်ပိုင်းလုံး မန်ချူးတွေလက်အောက်ရောက်နေရလို့ စားမဝင် အိပ်မပျော်ဖြစ်နေရရှာတာ၊ ညည်းမို့လို့ အမတ်ကြီးကို မန်ချူးဘက်တော်သားလားလို့ မေးရက်တယ်"

ချန်းနီမှာ ဈေးသည်မဘေး၌ဆက်မနေရဲတော့ပေ၊ ထိုမိန်းမက ဒေါနှင့်မောနှင့်ပြောနေသဖြင့် ဈေးသွားဈေးလာများက စပ်စပ်စုစုဝိုင်းအုံလာကြလေပြီ၊ ထို့ကြောင့် ဈေးသည်မကို တောင်းပန်စကားဆိုကာ ချန်းနီထပြေးလာရလေတော့သည်။

သူမသည် လူထူထပ်သည့် ထိုဈေးကိုကျော်လွန်ပြီး လျှောက်လာသည်။ သည်ဈေး၌ သည်လောက်ပဲစုံစမ်းသင့်သည်ဟု သူမ ထင်သည်။ ထိုဈေးအလွန် တစ်မိုင်ခန့်တွင် ပန်းဈေးတစ်ဈေးရှိ၏၊ ထိုဈေးတွင်လည်း အမတ်ကြီးစုဘူးဝှက်အကြောင်း မေးမြန်းစုံစမ်းမြန် ခဲ့လေသည်။

သူမ စုံစမ်းမိသမျှလူများသည် သူမအား တက်တက်လန် အောင် ရန်တွေ့ကြခြင်းဖြင့်သာ အဆုံးသတ်သည်။ အမတ်ကြီး စုဘုဝှက်လောက် တိုင်းပြည်ချစ်သည့်လူ မရှိကြောင်း လူတိုင်းက ပြော ကြသည်။ ထိုသို့ပြောရာတွင် မည်ကာမတ္တမဟုတ်။

လွန်စွာစိတ်ပါဝင်စားစွာ ပြောကြားကြသည်။ ရန်ချုံမြို့သား မြို့သူတိုင်းလိုလို အမတ်ကြီးအား လွန်စွာကြည်ညိုကြပုံရသည်။

ချန်းနီသည် မြို့တစ်ပတ်ကုန်လုနီးနီးဖြစ်သွားသည်။ ထိုစဉ် သူတောင်းစားမတစ်ဦးကိုတွေ့ရသဖြင့် ကြေးပြားတစ်ပြားထည့်ကာ ဝင်ရောက်တီးခေါက်လိုက်လေသည်။

ဤသူတောင်းစားမကား ချန်းနီ နောက်ဆုံးစုံစမ်းသည့်သူ ပေတည်း။

"ရှင့်ကို ကျွန်မတစ်ခုမေးချင်တယ်"

မည်သူကမျှလူရာမသွင်းကြသဖြင့် တောင်းစားနေသည့် သူ တောင်းစားမသည် ချန်းနီက လေးလေးစားစားလာမေးသောအခါ လွန်စွာ အားရကျေနပ်သွားလေသည်။

"မေးပါ- မေးပါ အစ်မလေးဘာသိချင်လို့လဲ၊ ဒီရန်ချုံမြို့မှာ အစ်ကျတာကအစ ကျွန်မသိပါတယ်"

"သိပ်ကောင်းတယ် ကျွန်မသိချင်တာက အမတ်ကြီးစုဘု ဝှက်အကြောင်းပဲ"

"ရှင်- ဒီသူတော်စင်ကြီးအကြောင်းကို ရှင်ဘာသိချင်သလဲ မေးပါ- မေးပါ၊ ဒီသူတော်စင်ကြီးရဲ့ကရုဏာတရားတွေကို ဒီရန်ချုံမြို့ သားတွေထဲက မခံစားဖူးတဲ့လူ မရှိသလောက်ဘဲ"



"ဟင်- ရှင့်ကျတော့လဲ တောင်းစားနေရပါလား"

"ဒါကတော့ အခြေအနေအရကိုး၊ အမတ်ကြီးထွက်လာတိုင်း သူ့ကိုယ်ရံတော်တွေက လမ်းရှင်းလေ့ရှိတယ်၊ အမတ်ကြီးကလဲ အမြဲ ဟမ်းတားတယ်၊ ဒါကြောင့် ကျွန်မကို အမတ်ကြီး မကြာခဏတွေ့ လေ့ရှိတယ်၊ တွေ့တိုင်းလဲ ငွေအတော်များများ စွန့်ကြဲလေ့ရှိတယ်"

"အဲဒီအမတ်ကြီးဟာ မျိုးချစ်စိတ်ကောရှိရဲ့လား"

"ရှင်- ဘာပြောတယ်"

သူတောင်းစားမ၏အသံက ကျယ်လောင်သွားသည်။ သူ တောင်းစားမနှင့် ရန်ဖြစ်နေသလားဟုသော လမ်းသွားလမ်းလာများ ၏အကြည့်ကြောင့် ချန်းနီမှာ ရှက်သွေးဖြန်းသွားလေသည်။

ထိုစဉ် လျှံယင်းချုံထံသို့ သတင်းတစ်ခုရောက်လာသည်။ အ မျိုးသမီးငယ်တစ်ယောက်သည် အမတ်ကြီးစုဘုဝှက်၏မကောင်း သ တင်းကို လိုက်လံပြောကြားလျက်ရှိပြီး မန်ချူးအလိုတော်ရိတစ်ယောက် ဖြစ်သည်ဟု သတင်းလွှင့်နေကြောင်း သတင်းပေးလေသည်။

လျှံယင်းချုံသည် ထိုသတင်းနှင့်ဆက်စပ်ပြီး ချန်းနီဖြစ်နိုင် သည်ဟု မတွေးမိခဲ့ပေ။ သူသည် အမတ်ကြီးထံမှ မန်ချူးများဝင်တိုက် သည့်သတင်းကိုကြားသိလိုက်ရသဖြင့် လွန်စွာစိတ်ဆိုးနေခိုက် ထိုသ တင်းကိုရလိုက်သဖြင့် အကြီးအကျယ်ဒေါသထွက်သွားတော့သည်။

အိမ်တော်မြင်းဇောင်းမှ မြင်းတစ်စီးကိုဆွဲထုတ်ကာ ရန်ချုံ မြို့ကို ပတ်လေတော့သည်။ အမတ်ကြီးအား မဟုတ်မတရား အပုပ်ချ နေသူအား ကောင်းကောင်းကြီးဆုံးမမည်ဟုသော ဆုံးဖြတ်ချက်နှင့် အိမ်တော် မှထွက်လာခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပုံမှာ သူတောင်းစားမက ချန်းနီအား အော်ဟစ်ပြီး ကြေးပြားဖြင့်ပြန်လည်ပစ်ပေါက်နေစဉ်မှာပင် လျှံယင်းချုံနှင့်သူ၏မြင်းသည် ထိုအနီးသို့ရောက်ရှိလာလေသည်။

"ရှင့်ကြေးပြား ရှင်ပြန်ယူသွား၊ ကျွန်မကို ငွေတစ်ထောင် ပေးတောင် ရှင့်ပိုက်ဆံကိုမယူဘူးရှင့်၊ ဘယ့်နှယ်တော်- အမတ်ကြီး စုဘူးဝှက်ကို မျိုးချစ်ပုဂ္ဂိုလ်ဟုတ်ရဲ့လား၊ မဟုတ်ဘူးလားလို့ ရှင်မို့မေးရက်တယ်၊ ရှင် ဒီမြို့သူမဟုတ်တာတော့သေချာနေပြီ"

ချန်းနီသည် အမတ်ကြီးစုဘူးဝှက်ကို ယုံကြည်စိတ်ချရသူ ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။ သူမလှည့်ထွက်လာသောအခါ လျှံယင်းချုံနှင့် ပက်ပင်းတိုးလေတော့သည်။

လျှံယင်းချုံသည် တရားခံကို လက်ပူးလက်ကြပ်ဖမ်းမိလိုက်သဖြင့် မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ကြည့်နေမိလေသည်။

"မင်းတော်တော်ဆိုးတဲ့မိန်းကလေးပဲ၊ အမတ်ကြီးစုဘူးဝှက် အကြောင်း မကောင်းသတင်းလွှင့်နေတယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ လက်စသတ်တော့ မင်းဖြစ်နေတာကိုး"

ချန်းနီမှာ လျှံယင်းချုံ၏ ကြမ်းကြမ်းတမ်းတမ်းဖမ်းချုပ်ခြင်းကို ခံလိုက်ရလေသည်။

"ကျွန်- ကျွန်- ကျွန်မ- "

"ဘာ ကျွန်မလဲ၊ မင်းဟာ အတော်တလေး ကျေးဇူးမသိတတ်တဲ့မိန်းကလေးပဲ"

ထိုစဉ် သူတောင်းစားမကလည်း စိတ်ဆိုးမာန်ဆိုးဖြင့် ဝင်တိုင်တေသည်။



"ဟုတ်တယ်- ဒီမိန်းကလေးပဲ၊ အမတ်ကြီးမကောင်းကြောင်း လျှောက်ပြောနေတာ"

သူတောင်းစားမက သူ့တောင်ဝှေးဖြင့် ရိုက်မည်တကဲကဲလုပ်နေသဖြင့် လျှံယင်းချုံသည် ချန်းနီကို မြင်းပေါ်ဆွဲတင်ခေါ်လာခဲ့ရလေသည်။

"အမတ်ကြီးစုဘူးဝှက် ဟုတ်မဟုတ်စုံစမ်းရင် ပြီးရောပေါ့၊ မင်းက ဘာဖြစ်လို့ အမတ်ကြီး မကောင်းကြောင်းသတင်းလွှင့်နေရတာလဲ"

"ကျွန်- ကျွန်မ သတင်းလွှင့်တာမဟုတ်ပါဘူး၊ အမတ်ကြီး မျိုးချစ်စိတ် ရှိမရှိစုံစမ်းမိတာပါ"

လျှံယင်းချုံ နှာခေါင်းရှုံ့သွားလေသည်။ အမတ်ကြီးမျိုးချစ်စိတ်ရှိမရှိဆိုသည့်ကိစ္စသည် ဤမိန်းကလေးနှင့် မည်သို့ပတ်သက်လေသနည်း။ မည်သို့မျှမပတ်သက်နိုင်ဟုတွေးပြီး ငေါက်ငမ်းလိုက်လေတော့သည်။

"အဲဒီကိစ္စ မင်းနဲ့ဘာဆိုင်သလဲ၊ တကယ်ဆိုရင် မင်းကို ကယ်တင်ခဲ့တဲ့ကျေးဇူးရှင် ၊ ကျွေးမွေးခဲ့တဲ့ကျေးဇူးရှင်၊ ဒါနဲ့ပဲ ကျေးဇူးတရားကို နားလည်သင့်ပြီ"

"ကျွန်- ကျွန်မ အခုတော့နားလည်သွားပါပြီ"

"ဘာ- တစ်မြို့လုံး ထောင်းလမောင်းကြေအောင် လျှောက်ပြောပြီးမှ သတ်မှတ်ရသလား၊ တယ်- ငါလုပ်လိုက်ရ"

လျှံယင်းချုံသည် လွန်စွာစိတ်ဆိုးနေသည်၊ သို့သော် လက်လွန်ခြေလွန်မဖြစ်အောင်ထိန်းသိမ်းပြီး ချန်းနီကို အမတ်ကြီး၏အိမ်

ဝေတာသို့ ဖမ်းခေါ် လာခဲ့သည်။ စည့်ခန်းထဲ၌ထိုင်နေသောအမတ်ကြီးသည် လျှံယင်းချိုက ချန်းနီအားဖမ်းဆီးခေါ် ဆောင်လာသည်ကို မြင်သောအခါ အကြီးအကျယ်အံ့အားသင့်သွားလေသည်။

"လျှံယင်းချို မင်း ဘယ့်နှယ်လုပ်တာလဲ"

အမတ်ကြီး၏အသံက ခက်ထန်နေသည်။

အမတ်ကြီးသည် အားနွဲ့သူများ၊ ကလေးများနှင့်မရှိဆင်းရဲသားများကို လွန်စွာကရုဏာသက်သူဖြစ်၏။ လျှံယင်းချိုက ချန်းနီကို လွှတ်ပေးလိုက်ပြီး အမတ်ကြီးကိုဂါရဝပြုလိုက်သည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါအမတ်ကြီး၊ အမတ်ကြီးရဲ့မကောင်းသတင်းလွှင့်နေလို့ ကျွန်တော်သူ့ကိုဖမ်းလာတာပါ"

"ဩော်- "

အမတ်ကြီးသည် ချန်းနီအား ခုံတစ်လုံးတွင်ထိုင်ခိုင်းရင်း-

"ဖြစ်ရလေကွယ်၊ ကျုပ်အပေါ် မိန်းကလေးအနေနဲ့ ဘာများမကျေနပ်စရာရှိနေလို့လဲကွယ်"

လျှံယင်းချိုသည် ခပ်လှမ်းလှမ်းရှိခုံတစ်လုံး၌သွားရောက်ထိုင်လိုက်သည်။ အမတ်ကြီး၏အမေးစကား စလာလေသည်။ ချန်းနီခေါင်းငုံ့နေလိုက်သည်။ ဤအမတ်ကြီးသည် သူမအား နန်းတွင်းတပ်သားများလက်မှကယ်တင်ပေးခဲ့သူဖြစ်ပြီး စံတော်အိမ်၌လည်း တည်းခိုခွင့်ပေးခဲ့သူဖြစ်သည်။ အမတ်ကြီး၏ကျေးဇူးတရား ကရုဏာတရားတို့ကို တိုက်တိုက်ဆိုင်ဆိုင်သိရှိခဲ့ရလေသည်။

တစ်မြို့လုံးကိုပတ်၍စုံစမ်းရာတွင်လည်း အမတ်ကြီးမှာ မကြည်ညိုသူ မရှိကြောင်း အံ့သြဖွယ်ရာတွေ့ရှိရပြန်လေသည်။



သူမ၌ မည်သည့်ရည်ရွယ်ချက်ရှိကြောင်း လျှံယင်းချိုနှင့်အမတ်ကြီးတို့မသိရှိရသဖြင့် သူမအပေါ် အထင်လွဲနိုင်ကြောင်း သူမသိနေသည်။ အတန်ကြာသောအခါ ချန်းနီခေါင်းမော့လာသည်။

"ကျွန်- ကျွန်မဟာ တာဝန်နဲ့ လာရတဲ့သူပါ၊ ကျွန်မပေးခဲ့တဲ့ကတိစကားကို ကျွန်မကျေပွန်အောင် ဆောင်ရွက်ရပါ့မယ် ဒါကြောင့်မို့ အမတ်ကြီးဟာ သစ္စာဖောက်တစ်ယောက်ဟုတ်မဟုတ် မျိုးချစ်ပုဂ္ဂိုလ်ဟုတ်မဟုတ် ကျွန်မ စုံစမ်းရတာပါရှင်၊ ကျွန်မကိုခွင့်လွှတ်ပါရှင်"

အမတ်ကြီးစုဘူးဝှက်နှင့် လျှံယင်းချိုတို့၏မျက်နှာ၌ စိတ်ဝင်စားသည့်အရိပ်အယောင်များ ယှက်သန်းလာလေသည်။

"ကဲ- မင်းစုံစမ်းကြည့်တော့ ဘာများသိရသလဲကွယ်"

အမတ်ကြီးက ညင်သာပျော့ပျောင်းစွာမေးလိုက်လေ၏။

ချန်းနီက သူမ လူမည်မျှကိုစုံစမ်းခဲ့ကြောင်း၊ လူတိုင်း လူတိုင်းက ထပ်တူထပ်မျှပြောခဲ့ကြောင်း ထို့ကြောင့် အမတ်ကြီးအပေါ် တွင်လုံးဝယုံကြည်စိတ်ချပြီဖြစ်ကြောင်းတို့ကို ရှင်းပြလေသည်။

"ဟား- ဟား- ဟား- မင်း ဒီတစ်မြို့တည်းမှာစုံစမ်းလို့ တော်တာပေါ့ကွယ်၊ နေပြည်တော်မှာသွားစုံစမ်းရင်တော့ မင်းစုံစမ်းတဲ့ သတင်းနဲ့ပဲ ငါ့အဖမ်းခံရမှာသေချာတယ်"

အမတ်ကြီး၏စကားကို ချန်းနီနားမလည်ပေ။ အမတ်ကြီးက သူ့ကိုဒုက္ခပေးကြောင်းရည်ရွယ်သူမြင်ဘက် အမတ်ကြီးကျန်းဝင်းတ သူ့ကိုဒုက္ခပေးကြောင်းရှင်းပြောခြင်းသာဖြစ်သည်။

"ကဲ- ငါဟာ စိတ်ချရတဲ့လူဖြစ်ပါပြီတဲ့၊ မင်းတင့်ကို ဘာသတင်းပေးမှာတုံး၊ မင်းလုပ်နေပုံအရတော့ သတင်းဟာ အတော်က

လေးအရေးကြီးတယ်လို့ ထင်ရတာပဲ"

"သိပ်အရေးကြီးတာပေါ့ရှင်၊ ဒီသတင်းယူလာတဲ့လူဟာ သူ့အသက်နဲ့လဲပြီး ဒီသတင်းကို ကျွန်မလက်ထဲထည့်ခဲ့တာပါ"

ချန်းနီသည် သူမနှင့်မောက်ချမ်းတွေ့ခဲ့ပုံ၊ မောက်ချမ်း ဒဏ်ရာအကြီးအကျယ်ရနေပုံ၊ သူမထံမှ ကတ်တောင်းပုံတို့ကို အပြည့်အစုံ ရှင်းပြသည်။ ထိုအခါ အမတ်ကြီးစုဘူးဝှက်နှင့်လျှံယင်းချုံတို့သည် ချန်းနီအား ပေါ့ပေါ့ဆဆသဘောမထားဝံ့ကြတော့ပေ။ လျှံယင်းချုံက မိန်းကလေးအား ဦးညွှတ်ဂါရဝပြုရင်းတောင်းပန်သည်။

"ညီမလေး ငါဒီအကြောင်းတွေမသိလို့ ညီမလေးကို နိုင်းနိုင်းစိုင်းစိုင်းဆက်ဆံမိတာ ခွင့်လွှတ်ပါ"

ချန်းနီမျက်ရည်ဝဲလာသည်။ သူမကို နားလည်သွားခြင်း အတွက် လွန်စွာကျေနပ်သွားသည်။

"ကိစ္စမရှိပါဘူးရှင်၊ တစ်ယောက်နဲ့တစ်ယောက် အကြောင်း မသိလို့ဖြစ်ကြရတာပဲရှင်၊ ကျွန်မ စုံစမ်းတာကလဲ တစ်မြို့လုံးဖုတ်အော် သောင်းနင်းဖြစ်သွားတာကိုး"

အမတ်ကြီးစုဘူးဝှက်က တည်ကြည်သောလေသံဖြင့်-

"ကဲ- မိန်းကလေး ပေးစရာရှိတဲ့စာကိုပေးနိုင်ပြီလား"

ချန်းနီက သူမ၏အတွင်းအိတ်ထဲမှ သွေးနီများစွန်းနေသော စာကလေးကိုထုတ်ယူပြီး အမတ်ကြီးအားရိုသေစွာကမ်းပေးလိုက်၏။

"ဒီစာပါပဲရှင်၊ ဒီစာယူလာတဲ့လူကတော့ သေသွားရှာပြီ၊ သူဟာ တကယ့်သူရဲကောင်းပါပဲ၊ ကျွန်မ သူ့ကို ကောင်းကောင်းမြေမြှုပ် သင်္ဂြိုဟ်ခဲ့ပါတယ်"



"မိန်းကလေး တာဝန်ကျေပွန်ပါတယ်"

အမတ်ကြီးသည် စာကိုဖွင့်ဖောက်ဖတ်လိုက်သည်။

အမတ်ကြီးစုဘူးဝှက်ခင်ဗျား-

ကျွန်ုပ်သည် ဘုရင့်သားတော်ကို စောင့်ရှောက်နေရသူ ဖြစ်ပါတယ်။ ဧကရာဇ်ကြီးနတ်ရွာမစံမီက အမတ်ကြီးနှင့် သုံးလေးကြိမ်မျှ တွေ့ဆုံခဲ့ဖူးပါသော်လည်း အမတ်ကြီးနှင့် စကားလက်ဆုံကျခွင့် မရခဲ့ပါ ခင်ဗျား၊ သို့ရာတွင် အမတ်ကြီး၏ ဧကရာဇ်မင်းကြီးအပေါ် သစ္စာရှိမှု၊ ဘုရင့်သားတော်အပေါ် သစ္စာရှိမှုနှင့် တိုင်းပြည်အပေါ် သစ္စာရှိမှု သတင်းများကိုကား ကျွန်ုပ် နားမဆုံအောင် ကြားသိပြီးဖြစ်ပါသည်။

ကျွန်ုပ်ကြားသိထားသောသတင်းများအရ တောင်ပိုင်းတရုတ်ပြည်ကို ဘုရင်ဟုဝမ်းက ကောင်းစွာမစည်းရုံးနိုင်ဘဲ ဝါးအစည်းပြေနေ သလိုဖြစ်ပျက်နေသည့် သတင်းများပင်ဖြစ်ပါသည်။

တောင်ပိုင်းတရုတ်ပြည်အား ဦးဆောင်စည်းရုံးရန်အတွက် ဘုရင့်သားတော်ကလေးကို ပို့လိုပါသော်လည်း အထောက်အခံအင်အားမရှိပါက မစည်းရုံးနိုင်မီ သားတော်ကလေး၏အသက်အန္တရာယ် ပင် ထိပါးနိုင်သဖြင့် စောစောပိုင်းက မစေလွှတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အကယ်၍ အမတ်ကြီးကသာ ဘုရင့်သားတော်ကလေးအား တာဝန်ယူစောင့်ရှောက်နိုင်ပါက တောင်ပိုင်းစည်းရုံးရေးသည် တစ်ဟုန်ထိုး တိုးတက်လာမည်ဖြစ်ပါသည်။

မန်ချူးများအား ခွတ်ခွတ်ချွံချွံတွန်းလှန်နိုင်မည်ဖြစ်ပါသည်။ အမတ်ကြီးသဘောတူသည်ဆိုက စိတ်ချယုံကြည်ရသောသူရဲကောင်း

တစ်ဦးကိုစေလွှတ်၍ ဘုရင့်သားတော်ကလေးအား လာရောက်ခေါ်ယူပါရန် ကျွန်ုပ်ကပန်ကြားပါသည်။

ကျွန်ုပ်တို့စခန်းချနေသည့် မိုးနဂါးတောင်လျှို့ဂှက်စခန်းသည် အလွန်လုံခြုံပါသဖြင့် အမတ်ကြီးတို့အား ကျွန်ုပ်အထူးယုံကြည်စိတ်ချရသည့်သူရဲကောင်းမောက်ချမ်းက လမ်းပြပေးပါလိမ့်မယ်။

ဗိုလ်မှူးကြီးကြူး
မိုးနဂါးတောင်စခန်း

စာသည် အတော်ကလေးပြည့်စုံ၏။

အမတ်ကြီးစုဘူးဂှက်၏လက်များသည် တဆတ်ဆတ်တုန်လာ၏။ ဘုရင်ဟုဝမ်းနှင့်အမတ်ကြီးကျန်းဝင်းတို့ကို အားမကိုးရသည့်အချိန်၌ ဗိုလ်မှူးကြီးကြူးနှင့် ဘုရင့်သားတော်ကလေးတို့ကိုပင် အားကိုးရပေတော့မည်။

❁

## မိုးနဂါးတောင်သို့ ကြိုးစားဆောင်ရို့

မင်းသမီးကလေးသည် သူမ၏အစ်ကိုတော်ဖြစ်သူ သက်ရှိထင်ရှားရှိနေကြောင်းသိရသဖြင့် လွန်စွာအားတက်သွားသည်။

"အမတ်ကြီးဆီကကြားရတဲ့သတင်းမို့သာ သခင်မ ယုံတာပါ၊ ဒီပြင်လူဆီကဆို လုံးဝမယုံဘူး"

အမတ်ကြီးက သွေးများစွန်းပေနေသည့်စာကိုပါထုတ်ပြလိုက်သည်။

"စာထဲမှာပါတဲ့အတိုင်း အစ်ကိုတော်ကိုသွားခေါ်မှ ကျွန်မတို့လူမျိုးတွေ ထီးနန်းမပျောက်မှာ၊ အခု အမတ်ကြီးသိတဲ့အတိုင်းပဲ၊ မန်ချူးတွေဝင်တိုက်နေတာကို သဘောလောက်ပဲ တားဆီးကြတယ်၊ နောက်ပိုင်းမှာ စစ်အင်အားစုစည်းထားတာလဲမရှိတော့ ဒီတပ်တွေဟာ မန်ချူးတွေကို ဘယ်လောက်အထိတားဆီးထားနိုင်မှာလဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့လဲ သမီးတော်လေးနဲ့တိုင်ပင်တာပါပဲ၊ တစ်ခုခက်နေတာက ဘုရင့်သားတော်ကလေးကိုသွားခေါ်ကြ

တဲ့အခါမှာ ယုံကြည်စိတ်ချရတဲ့လူတွေ ထည့်လွှတ်ရပါမယ်၊ နောက်ပြီး ဒီလူတွေကို ဗိုလ် မှူးကြီးနဲ့ ဘုရင့်သားတော်လေးကလဲ ယုံကြည်ရပါဦးမယ်"

"အဲဒီတော့...."

"ကျုပ်ကိုယ်တိုင်သွားဖို့ဆိုတာလဲ မဖြစ်နိုင်ပါဘူး၊ မိုးနဂါးတောင်ဟာ တောင်ပိုင်းနဲ့နီးကပ်တယ်ဆိုပေမယ့် မန်ချူးတွေသိမ်းထားတဲ့နယ်ထဲ ရောက်နေတယ်လေ"

"အစ်ကိုတော်က ဘာဖြစ်လို့များ မန်ချူးနယ်ထဲသွားခိုနေရပါလိမ့်နော်"

ခွေ့ရမ်းမင်းသမီးလေးက ညည်းညည်းညူညူပြောလေ၏။

အမတ်ကြီးက-

"အကြောင်းရှိပါတယ်သမီးတော်လေး၊ မိုးနဂါးတောင်ဟာ သစ်တောထူတယ်၊ ကျောက်တောင်လျှိုမြောင်တွေထူထပ်တယ်၊ ရှစ်ခေါဘဏ်တပ်ကြီးနဲ့ပိုင်းရှာတာတောင် ဘုရင့်သားတော်ကို လွယ်လွယ်နဲ့တွေ့နိုင်မယ့်နေရာမျိုးမဟုတ်ပါဘူး၊ အဲဒီမှာနေရတာက တောင်ပိုင်းဘုရင့်နန်းတော်ထဲမှာနေတာထက် ပိုပြီးစိတ်ချရပါတယ်"

"ဩော်- ဒါကြောင့်ကိုး"

မင်းသမီးလေးက အတန်ကြာစဉ်းစားသည်။

ပြီးမှ ရုတ်တရက်ပြောသည်။

"အမတ်ကြီး မိုးနဂါးတောင်ခရီးကို ကျွန်မကိုယ်တိုင် ဦးဆောင်ပြီးသွားမယ်"

အမတ်ကြီးစုဘူးဝှက်မှာ ခေါင်းကိုသွက်သွက်ခါယမ်းလိုက်



လေသည်။

"မဖြစ်နိုင်ပါဘူး၊ သမီးတော်ကလေးက အမြဲတမ်းနန်းနယ်နယ်နေခဲ့ရတဲ့သူပဲ၊ ဒီခရီးကသိပ်ကြမ်းတယ်၊ သမီးတော်ကလေး အဲဒီခရီးကိုသွားရင် ငါးကို ကုန်းပေါ် တင်လမ်းလျှောက်ခိုင်းတာနဲ့ တူနေပါလိမ့်မယ်"

သမီးတော်ကလေးက အံကြိတ်၍ပြောလိုက်သည်။

"ကျွန်မ မသွားရင် ဘယ်သူသွားမလဲ၊ အမတ်ကြီးသွားဖို့ ဆိုတာလဲမလွယ်ဘူး၊ ရန်ချုံမြို့မှာအမတ်ကြီးမရှိရင်မဖြစ်ဘူးလေ၊ ဒါကတိုင်းပြည်ကိစ္စဆိုတော့ ကျွန်မကြိုးစားရမှာပေါ့"

အမတ်ကြီးစုဘူးဝှက် ပါးစပ်ပိတ်သွားသည်။

သမီးတော်ကလေး၏ပြောစကားက မှန်သည်။ ဗိုလ်မှူးကြီးကြူးသည် တော်ရုံတန်ရုံကိုယ်စားလှယ်များကို အတွေ့ခံလိမ့်မည်မဟုတ်ချေ။

အမတ်ကြီးစုဘူးဝှက်အတွက် အခက်အခဲတွေ့ရခြင်းမှာ သူ့ရဲ့ကောင်းမောက်ချမ်း သေဆုံးသွားရခြင်းဖြစ်သည်။

သူ့ရဲကောင်းမောက်ချမ်းသာ အသက်ထင်ရှားရှိလျှင် လှုံ့ယင်းချိုကို ခေါင်းဆောင်တင်ပေးလျှင်ဖြစ်သည်။ သူ့ရဲကောင်းမောက်ချမ်းထောက်ခံသည်နှင့် ဗိုလ်မှူးကြီးကြူးက ယုံကြည်စွာလက်ခံမည်ဖြစ်ပေသည်။

အမတ်ကြီးစုဘူးဝှက်မှာ သေချာစွာစဉ်းစားရတော့သည်။

ထိုစဉ်သမီးတော်ကလေးက-

"အမတ်ကြီးစိတ်မပူရအောင် ကျွန်မ အထူးယုံကြည်စိတ်ချ

မေမယ့်သူ့ရဲ့ကောင်းတဲ့သားတစ်ယောက်ကတော့ ထည့်ပေးဖို့ လိုပါလိမ့်မယ်"

အမတ်ကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါကတော့ ကျွန်ုပ်ငဲ့စားပြီးသားပါ၊ သမီးတော်ကလေး လိုက်မယ်ဆိုကတည်းက တကယ်ဖို့ အသေခံခုခံမယ့် သူ့ရဲ့ကောင်းတွေ ထည့်လိုက်မယ်ဆိုတာ ကျွန်ုပ်ငဲ့စားမိပြီးသားပါ၊ အနည်းဆုံးတော့ သူ့ရဲ့ကောင်းနှစ်ယောက်လောက်ထည့်လိုက်ရမယ်"

သမီးတော်လေးက-

"ခုနစ်ယောက်လောက်ပဲကောင်းပါတယ်၊ ရန်သူနယ်မြေထဲမှာ အုပ်ကြီးသင်းကြီးနဲ့ သွားဖို့မသင့်ပါဘူး၊ ခုနစ်ယောက်လောက်ကတော့ ခြေရာဖျောက်ဖို့မခဲယဉ်းဘူး၊ ရုပ်ဖျက်ဖို့လဲမခဲယဉ်းဘူး"

အမတ်ကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခုနစ်ယောက်ပဲကောင်းမယ်၊ လူနည်းတော့ သိုသိုသိပ်သိပ်ရှိတာပေါ့"

အမတ်ကြီးသည် ထိုစကားကိုပြောလိုက်သော်လည်း ရင်ထဲ၌မူ ထိခိုက်ဝမ်းနည်းနေသည်။

ကြည့်ပါ၊ တိုင်းပြည်တိုင်းတစ်ပါးလက်အောက် ကျွန်ဖြစ်ရကိန်းဆိုက်နေခိုက် တကယ်တမ်းအားကိုးရမည့်သူမှာ အားနွဲ့လှသော မင်းသမီးကလေးတစ်ပါးဖြစ်နေသည်။

ထို့အပြင် စာလာဗိုသည့် ချန်းနီကိုကြည့်ပါ။

ထိုမိန်းကလေးသည် သူနှင့် မည်သို့မျှသိရှိခြင်းမရှိသော သူ့ရဲ့ ကောင်းမောက်ချမ်းထံမှစာကို လက်လွှဲယူလာပြီး အလွန်တစ်ရာ ဝေးကွာလှသည့်ရန်ချုံ မြို့သို့ အရောက်လာခဲ့သည်။



သူမ၏တာဝန်ကျေပွန်စေရန် တိတိကျကျဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်တာဝန်ကိုထမ်းဆောင်ခဲ့ပေသည်။

များစွာသောယောက်ျားသားတို့သည် သူတို့ချမ်းသာကြီးပွားရေး မိသားစုများချမ်းသာကြီးပွားရေးကိုသာ မလျှော့တမ်း ရှုထဲ့သဖြင့် ဆောင်ရွက်နေကြသည်။

အမတ်ကြီးသည် ချန်းနီကိုလည်းအိုးကျူးခဲ့သည်။

ယခု မင်းသမီးကိုလည်း ချီးကျူးရပြန်ပေပြီ။

"သူ့ရဲ့ကောင်းခုနစ်ယောက်ကို ဘယ်ကရှာမလဲ၊ သူတို့ဟာ သတ္တိကောင်းရမယ့်အပြင် သစ္စာရှိဖို့ နှုတ်လုံဖို့လဲလိုတယ်နော်"

"ကိစ္စမရှိပါဘူး၊ ဒါက ရှာလို့ရပါတယ်"

"အမတ်ကြီးဆီမှာ အသင့်ရှိနေလို့လားဟင်"

"မရှိသေးပါဘူး၊ ကျုပ်မှာ ယုံကြည်စိတ်ချရတဲ့သိုင်းသမားတွေ အတော်များများရှိနေပါတယ်၊ သူတို့ဆီကတစ်ဆင့် ယုံကြည် စိတ်ချရတဲ့သိုင်းသမားတွေ ထပ်ရနိုင်ပါသေးတယ်၊ သူတို့ကို တစ်နေရာမှာစုပြီး လူရွေးမယ်၊ စောစောက မင်းသမီးလေးအကြံပေးသလို ခုနစ်ယောက်ပဲရွေးမယ်"

✿

အမတ်ကြီးစုဘူးဝှက်သည် မိုးနဂါးတောင်သို့ သံမီးတော်က လေးသွားရာ၌ ဘေးရန်ကင်းရှင်းစေရန် အစောင့်အရှောက်အဖြစ် သူရဲကောင်းခုနစ်ယောက်ရွေးချယ်ရန် လျှို့ဝှက်စီစဉ်ရလေတော့သည်။

ရန်ချုံမြို့သည် အမတ်ကြီးစုဘူးဝှက်၏ဩဇာအာဏာလွှမ်းခြုံသောမြို့ဖြစ်သည်။ ချုန်းနီစုံစမ်းသည့်အဖြစ်ကိုကြည့်ပါက အမတ်ကြီး၏ဩဇာ မည်မျှလွှမ်းမိုးသည်ကို သိရှိနိုင်ပေသည်။

ထို့ကြောင့် သူရဲကောင်းရွေးချယ်ပွဲကို လျှို့ဝှက်စွာကျင်းပမည့်ကိစ္စမှာ ခက်ခဲလှသည်မဟုတ်ချေ။

အမတ်ကြီးသည် မြို့စွန်ရှိ အလွန်ကြီးမားကျယ်ဝန်းသော ခြံကြီးတစ်ခု၌ စင်မြင့်တစ်ခုဆောက်လုပ်သည်။ သိုင်းပညာယှဉ်ပြိုင်ရမည့်စင်မြင့်ပေတည်း။

ထိုစင်မြင့်၌ သူရဲကောင်းရွေးပွဲကျင်းပမည်ဖြစ်သည်။ သူရဲကောင်းရွေးပွဲကို ကြီးကြပ်စီစဉ်ရသူမှာ လျှံယင်းချုံဖြစ်သည်။

အမတ်ကြီးအနေဖြင့် အစစအရာရာ လိုက်လံမဆောင်ရွက်နိုင်ချေ။ သူရဲကောင်းရွေးချယ်ပွဲ စည်းကမ်းချက်များကို အမတ်ကြီးစုဘူးဝှက်နှင့် လျှံယင်းချုံတို့ တိုင်ပင်ရေးဆွဲကြသည်။

အဓိကတားမြစ်ချက်နှစ်ခုမှာ လက်နက်ပုန်းအသုံးပြုခွင့် မရှိခြင်းနှင့် တစ်ဦးနှင့်တစ်ဦး အသေမသတ်ရခြင်းတို့ပင်ဖြစ်သည်။

သူရဲကောင်းရွေးချယ်ပွဲအတွက် အမတ်ကြီးစုဘူးဝှက်တို့နှင့် ပတ်သက်ဆက်စပ်သည့် သိုင်းသမားနှစ်ဆယ်ခန့်လာရောက်ယှဉ်ပြိုင်ကြသည်။

သိုင်းသမားနှစ်ဆယ်ဆိုသည့်အရေအတွက်မှာ မနည်းပါ။



ထိုအထဲမှ လူခုနစ်ယောက်ကိုရွေးနိုင်ကြလိမ့်မည်ဟု အမတ်ကြီးစုဘူးဝှက်နှင့် လျှံယင်းချုံတို့ ယုံကြည်ကြသည်။

သူရဲကောင်းရွေးပွဲသို့ ရွှေရမ်းမင်းသမီးကလေးလည်း လာရောက်ကြည့်ရှုသည်။

ထိုခြံဝင်းကျယ်ကြီးအတွင်းသို့ မည်သည့်လူစိမ်းမျှ မဝင်နိုင်အောင် အမတ်ကြီး၏လူများကို အထပ်ထပ်ချစောင့်ကြပ်စေခဲ့သည်။

အမတ်ကြီးစုဘူးဝှက်က လျှံယင်းချုံအား လှမ်းကြည့်ပြီးမေးလိုက်သည်။

"လျှံယင်းချုံ အဆင်သင့်ဖြစ်ရင် စင်ပေါ်တက်ပါစေတော့၊ အချိန်ကုန်သိပ်မခံနဲ့"

"ဟုတ်ကဲ့ အဆင်သင့်ပါပဲ"

လျှံယင်းချုံက လက်မြှောက်အချက်ပြလိုက်သည့်အခါ လျှံယင်းချုံကသတ်မှတ်ပေးထားသည့် သိုင်းသမားနှစ်ယောက်သည် စင်မြင့်ပေါ်သို့ ခုန်တက်လာကြ၏။

သူတို့သည် တစ်ဦးနှင့်တစ်ဦး ဦးညွှတ်ဂါရဝပြုကြပြီး အပြန်အလှန်တိုက်ခိုက်ကြလေတော့သည်။

လက်ရည်ညီသဖြင့် ကြည့်ကောင်းသည် သည်းထိတ်ရင်ဖိုဖြစ်ရသည်။ လက်ညီသဖြင့် တစ်ဦးကိုတစ်ဦး၏ ဒဏ်ရာအကြီးအကျယ်ရအောင်လည်း မလုပ်နိုင်ချေ။

အမတ်ကြီးစုဘူးဝှက်ကမူ ထိုနှစ်ယောက်ကို သဘောကျသည်။ တစ်ကြိမ်တည်း ဆန်ခါတင်ရွေးချယ်လိုက်ချင်သည်။

ထိုအခါ လျှံယင်းချုံကဖျောင်းဖျရသည်။

"အမတ်ကြီးခင်ဗျာ၊ နောင်ပြိုင်မယ့်လူတွေရဲ့ လက်ရည်တွေကို မတွေ့ရသေးပါဘူးခင်ဗျာ၊ ဒါကြောင့် ပဏာမပဲရွေးချယ်ထားစေချင်ပါတယ်၊ ပဏာမရွေးချယ်ခံရတဲ့လူတွေကို ဒုတိယအကြိမ် ဆန်ခါတင်ရွေးချယ်လိုက်ရင် စိတ်ကြိုက်သူရဲကောင်းတွေ ရရှိနိုင်ပါတယ်ခင်ဗျာ"

ထိုနှစ်ယောက်ကို လျှံယင်းချုံ သိပ်သဘောမကျပါ။

လျှံယင်းချုံကိုယ်တိုင် ထိပ်သီးသိုင်းသမားမဟုတ်သော်လည်း ထိုနှစ်ယောက်စလုံး သူ့ကို မနိုင်နိုင်ကြောင်း သူ့လက်ရည်ကိုပင် မမီကြောင်း သိနေသဖြင့် လျှံယင်းချုံက ထိုနှစ်ယောက်ကို သဘောမကျခြင်းဖြစ်ပါသည်။

သူ့သဘောအရဆိုလျှင် ထိုနှစ်ယောက်စလုံး ပဏာမအဆင့်တွင်ပင် မပါဝင်နိုင်ပါ။

အမတ်ကြီး၏ဆန္ဒကိုလိုက်လျောပြီး ပဏာမအဆင့်သို့ ထည့်သွင်းလိုက်ခြင်းဖြစ်ပါသည်။

ဤသို့သိုင်းပြိုင်ပွဲကျင်းပပြီး သူရဲကောင်းရွေးရာ၌ ဒေါင်ဒေါင်မြည်သိုင်းသမားများ မပါဝင်နိုင်ကြောင်း လျှံယင်းချုံသိသည်။

နေလစားနှင့်ပတ်သက်ပြီး ထိပ်သီးသိုင်းသမားအတော် များများ မိုးနဂါးတောင်သို့သွားနေကြသဖြင့် ထိုထိပ်သီးသိုင်းသမားများသည် ဤပြိုင်ပွဲသို့ မလာရောက်နိုင်ကြပါ။

ထိုအချက်ကို အမတ်ကြီးစုဘူးဝှက်နှင့် ဧွေ့ရမ်းမင်းသမီးတို့ မသိကြချေ။ လျှံယင်းချုံက တမင်လျှို့ဝှက်ထားခြင်းမဟုတ်ပါ။ ပြောပြ၍လည်း အကြောင်းမထူးသဖြင့် မပြောပြခြင်းသာဖြစ်ပါသည်။



ဆက်လက်၍ယှဉ်ပြိုင်ရာ ပဏာမရွေးပွဲ၌ လူဆယ်ယောက်ရရှိသည်။

ထိုဆယ်ယောက်ကိုယှဉ်ပြိုင်စေရာ ငါးဦးနိုင်သည်။

ရှုံးသူငါးဦးထဲမှနှစ်ဦးကိုရှာဖွေမယူနိုင်ကြသဖြင့် သူရဲကောင်းခုနစ်ဦးရွေးပွဲ၌ သူရဲကောင်းငါးဦးသာရရှိပြီး ပြိုင်ပွဲမှာ တစ်ပိုင်းတန်းလန်းဖြစ်နေတော့သည်။

ထိုစဉ် ခြံဝင်းကိုစောင့်ကြပ်နေသည့် ကိုယ်ရံတော်များက လူငယ်တစ်ဦးကို ခေါ်ဆောင်လာကြလေသည်။

အမတ်ကြီးစုဘူးဝှက်က မေးသည်။

"ဟေ့- ဘာဖြစ်လာပြန်သလဲ"

ကိုယ်ရံတော်က အမတ်ကြီးကိုဂါရဝပြုလိုက်ပြီး-

"သခင်ကြီးခင်ဗျာ၊ ဒီလူငယ်က သူရဲကောင်းပြိုင်ပွဲကိုဝင်မယ်ဆိုပြီး ခွင့်အတင်းဝင်မယ်လုပ်နေပါတယ်၊ ကျွန်တော်မျိုးတို့က သွေးထွက်သံယိုမဖြစ်စေချင်လို့ သခင်ကြီးဆီ ခေါ်လာခဲ့ခြင်းဖြစ်ပါတယ်"

အမတ်ကြီးက ခေါင်းညိတ်လိုက်သည်။

"အေး- တော်တယ်၊ မင်းတို့မှာ စဉ်းစားဉာဏ်ရှိတယ်၊ သူ့ကိုထားခဲ့ပါ၊ မင်းတို့ ကိုယ့်တာဝန်လုံအောင်သာ စောင့်ကြ"

ကိုယ်ရံတော်များ ပြန်သွားကြတော့သည်။ သူတို့အတွက် တာဝန်ချထားသည့်နေရာ၌ တာဝန်ကျေအောင် စောင့်ကြပေတော့မည်။

အမတ်ကြီးက အရှုံးငါးယောက်ထဲမှတစ်ယောက်ကို ရွေးထုတ်ပြီး ထိုလူငယ်နှင့်တိုက်ခိုက်စေသည်။

သိုင်းကွက်ငါးဆယ်အတွင်းမှာပင် လူငယ်ကအနိုင်ရရှိသွားလေသည်။

"ဟား- ဟား- ဟား တစ်ယောက်ဆိုတစ်ယောက် တော်လှပါကလား၊ ငါ့ကိုယ်ရံတော်တွေကိုတောင် ဆုချရမလိုဖြစ်နေပြီ၊ သူတို့ခေါ်လာကြပေလို့ပဲ"

လျှံယင်းချုံက ချက်ချင်းကန့်ကွက်သည်။

"အမတ်ကြီးခင်ဗျာ- သူ့ကို သူရဲကောင်းအဖြစ် ချွေးလို့မဖြစ်နိုင်ပါဘူးခင်ဗျာ"

အမတ်ကြီးမှာ အကြီးအကျယ်အံ့အားသင့်သွားသည်။

"ဟေ- ဘာဖြစ်လို့လဲ"

"သူက ယောကျ်ားမှမဟုတ်တဲ့၊ မိန်းကလေးဖြစ်နေတာကိုး"

အမတ်ကြီးက မယုံကြည်ချေ။ ခါးသီးစွာရယ်မောသည်။

"ဟာ- မဖြစ်နိုင်တာ၊ သူ့တိုက်ခိုက်ပုံက သိပ်လျှင်မြန်တာပဲ၊ ယောကျ်ားတွေမှသာ ဒီလိုလှုပ်ရှားနိုင်မှာ"

"ဒါကတော့ သူ့သိုင်းပညာကကောင်းနေလို့ပါ၊ သူ မိန်းကလေးပါ၊ ယောကျ်ားလေးလိုဟန်ဆောင်ပြီး လာပြိုင်တာပါ"

အမတ်ကြီးစုဘူးဝှက်၏မျက်နှာ၌ လုံးဝ ဇဝေဇဝါဖြစ်သွားခြင်းမရှိပါ။

လျှံယင်းချုံ၏စကားကို အမတ်ကြီး လုံးဝမယုံသေးချေ။ ထိုအချက်ကို လျှံယင်းချုံသိသည်။

"ကြည့်- သူမိန်းကလေးလားလား၊ ယောကျ်ားလေးလား ဆိုတာ ကျွန်တော်ဖေါ်ထုတ်ပြမယ်"



လျှံယင်းချုံသည် စကားဆုံးသည်နှင့် စင်မြင့်ပေါ်သို့ ခုန်တက်သွားသည်။

စင်မြင့်ပေါ်၌ရပ်နေသောလူငယ်အား မပြောမဆို တိုက်ခိုက်လိုက်လေတော့သည်။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ"

အသံက ယောကျ်ားသံလိုလို မိန်းမသံလိုလိုဖြစ်နေသည်။ ပီသကွဲပြားခြင်းမရှိပေ။

ထိုလူငယ်သည် လျှံယင်းချုံ၏တိုက်ကွက်ကို လျှပ်တစ်ပြက်ရှောင်ထွက်သွားပြီး ပြန်လှန်တိုက်ခိုက်သည်။

လျှံယင်းချုံသည် ထိုလူငယ်အား သာမန်မျှယှဉ်ပြိုင်သဖြင့် ထိုလူငယ်နှင့်သူသည် လက်ရည်တူသလိုဖြစ်နေသည်။

အများအမြင်တွင် ကြည့်ကောင်းနေသည်။

ဤသို့ဖြင့် သိုင်းကွက်ငါးဆယ်ကျော်လာသည်။

အမတ်ကြီးစုဘူးဝှက်က အောင်နိုင်သူ၏အပြုံးမျိုးဖြင့် ပြုံးလေသည်။

လျှံယင်းချုံ သက်သေမပြနိုင်တော့ဟု ထင်မှတ်သွားခြင်းဖြစ်ပေသည်။

သိုင်းကွက်ခုနစ်ဆယ်ကျော်သည့်အခါတွင် လျှံယင်းချုံသည် သူ၏အကောင်းဆုံးသိုင်းကွက်များကို ထုတ်သုံးတော့သည်။

ထိုအခါ စုဘူးဝှက်အထင်ကြီးထားသောလူငယ်သည် ခံစစ်သက်သက်ဖြစ်သွားတော့သည်။

လျှံယင်းချုံနှင့် လက်ရည်တူ မဟုတ်တော့ဘဲ အပြေးအလွှား

ရှောင်တိမ်းနေရတော့သည်။

ထိုအခါ လျှံယင်းချိုက ကြောင်ကကြွက်ကို ကစားသကဲ့သို့ ကစားလေတော့သည်။

သိုင်းကွက်တစ်ရာခန့်အရောက်တွင် လူငယ်ဆောင်းထားသည့်ဦးထုပ်ကိုလှမ်းဆွဲလိုက်ရာ -

ထိုဦးထုပ်သည် လျှံယင်းချို၏လက်တွင်းသို့ ပါရှိသွားလေတော့သည်။

ကျစ်ဆံမြီးကျစ်ထားသောဆံပင်သည် ဖြုတ်ခနဲကျလာသဖြင့် မိန်းကလေးတစ်ဦးဖြစ်ကြောင်း လွယ်လွယ်ကလေးပေါ်လွင်သွားလေတော့သည်။

လျှံယင်းချိုသည် ဆက်မတိုက်ဘဲရပ်လိုက်သည်။

မိန်းကလေး၏ဦးထုပ်ကို ပစ်ပေးလိုက်ပြီး စင်မြင့်အောက်သို့ ခုန်ဆင်းသွားတော့သည်။

လျှံယင်းချိုက. . .

"အမတ်ကြီးခင်ဗျာ၊ ကျွန်တော်ပြောတာ လက်ခံပါပြီလား ခင်ဗျာ၊ သူဟာ မိန်းကလေးပါ"

အမတ်ကြီး ဘာမျှမပြောနိုင်တော့ပေ။

ပါးစပ်အဟောင်းသားဖြင့် အံ့ဩနေသည်။

ထိုစဉ် ဇွေ့ရမ်းမင်းသမီးကလေးကဝင်ပြောလာသည်။

"အခု အမတ်ကြီးနဲ့ ရှင်နဲ့ ပြဿနာဖြစ်နေကြတာက သူဟာ မိန်းကလေးဖြစ်နေတဲ့အတွက်လား"

လျှံယင်းချိုကခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်၊ ကျွန်တော်တို့သွားမယ့်ခရီးက အန္တရာယ် အလွန်များပါတယ်၊ ယောကျ်ားသိုင်းသမားတွေတောင် ကိုယ့်အသက်ကိုယ် အစိုးမရပါဘူး၊ မိန်းကလေးဆိုတော့- "

လျှံယင်းချို၏စကားမဆုံးမီ မင်းသမီးကလေးက ဖြတ်၍ပြောလေသည်။

"ဘာဖြစ်သလဲ၊ ကျားပဲဖြစ်ဖြစ်၊ မပဲဖြစ်ဖြစ် သိုင်းပညာကောင်းဖို့အဓိကပဲ၊ စောစောက သူနဲ့ပြိုင်ပြီး သူ့ကိုရှုံးသွားတဲ့လူဟာ ယောကျ်ားပဲမဟုတ်လား၊ သူဟာ ရွေးပြီးတဲ့ယောကျ်ားငါးယောက်လို ခေါင်ခေါင်မြည် အသက်စွန့်နိုင်မယ့်မိန်းကလေးပါ။ သူ့ကိုရွေးလို့ ရှင်တို့မမှားနိုင်ပါဘူး၊ အခု ကျွန်မတို့ ရွေးလို့ရထားတာ ငါးယောက်ပဲ ရှိပါသေးတယ်၊ သူ့ကိုရွေးပြီးတာတောင် တစ်ယောက်လိုနေဦးမယ်"

လျှံယင်းချို ပါးစပ်ပိတ်သွားသည်။

ဤပြိုင်ပွဲ၌ တကယ်အရေးပါသူများမှာ အမတ်ကြီးစုဘူးဝှက်နှင့်ဇွေ့ရမ်းမင်းသမီးကလေးတို့သာဖြစ်သည်။

သူက သာမန်အရပ်သားမျှသာဖြစ်သည်။

"သူ့ကိုပဲရွေးလိုက်ပါ"

အမတ်ကြီးစုဘူးဝှက်က ညင်သာစွာအမိန့်ပေးလိုက်သည်။

အမတ်ကြီးစုဘူးဝှက်လိုလူမျိုးကို -

ဘုရင်လို အာဏာရှိသူများမှလွဲ၍ အခြားသူများ လွှမ်းမိုး၍မရနိုင်ပါ။

ယခု မိန်းကလေးကိုရွေးချယ်ရန်အမိန့်ပေးခြင်းမှာ မင်းသမီးကလေးကအမိန့်ပေး၍ ရွေးချယ်ခြင်းမဟုတ်ပါ။

သူကိုယ်တိုင်က ထိုမိန်းကလေး၏သိုင်းပညာကို သဘောကျသောကြောင့်ဖြစ်ပါသည်။

မင်းသမီးကလေးမှာ သူ့ရဲကောင်းတစ်ယောက်လိုနေသည့်အတွက် မျက်နှာမကောင်းဘဲဖြစ်နေသည်။

"နောက်ဆုံး မတတ်သာရင်တော့ ခြောက်ယောက်နဲ့ပဲသွားကြတာပေါ့"

မင်းသမီးလေးက ပြောလိုက်သည်။

လျှံယင်းချုံက-

"ကိစ္စမရှိပါဘူး။ တစ်ယောက်လိုရင် ကျွန်တော် အစားဝင်မှာပေါ့၊ ဒီတော့ ခုနစ်ယောက်ပြည့်သွားတာပေါ့"

အမတ်ကြီးစုဘူးဝှက်က ခေါင်းခါသည်။

"မဖြစ်ဘူး။ တစ်ယောက်ကိုထပ်ရွေးရဦးမယ်၊ လျှံယင်းချုံက မင်းသမီးလေးရဲ့မြင်းထိန်းအဖြစ် လိုက်ရမယ်"

လျှံယင်းချုံခမျာ ထိုစကားကြောင့် ပထမဦးဆုံးအကြိမ် အောင့်သက်သက်ခံစားလိုက်ရလေသည်။

သူ့ကို သူ့ရဲကောင်းအဖြစ်မသတ်မှတ်ဟု ဆိုလိုရာရောက်မနေပါသလော။

သူသည် ထိပ်သီးသိုင်းသမားတစ်ယောက် မဟုတ်သော်လည်း အခု သူ့ရဲကောင်းဟုရွေးချယ်ထားသူ ခြောက်ယောက်ထက် သိုင်းပညာသာသည်မဟုတ်ပါလော။

အမတ်ကြီးနှင့် မင်းသမီးကလေးတို့ တိုင်ပင်ကြပြီးနောက် ပဏာမသူ့ရဲကောင်းများထဲမှ စိတ်ဓာတ်အကောင်းဆုံးဖြစ်သည့် သူ့ရဲကောင်းများထဲမှ သူ့ရဲကောင်းအဖြစ်ရွေးချယ်လိုက်ကြလေသည်။

ထိုအခါ သူ့ရဲကောင်းခုနစ်ယောက်နှင့်မြင်းထိန်းတစ်ယောက်တို့ကို ရွေးချယ်ပြီးဖြစ်သွားလေတော့သည်။



✿

လျှံယင်းချုံသည် တိုင်းပြည်အတွက် သွေးသက် စွန့်လွှတ်ရန် ဝိုင်းဖြတ်ထားသူဖြစ်ပါသည်။

သို့သော် ယမန်နေ့က အမတ်ကြီးက သူ့အားမြင်းထိန်းအဖြစ် သတ်မှတ်ခြင်းကိုမူ စိတ်ထဲ၌တနုံ့နုံ့ဖြစ်နေသည်။ ထိုခံစားချက်သည် လျှံယင်းချုံအား အတော်စိတ်ထိခိုက်စေသည်။

လျှံယင်းချုံသည် ခြံဝင်းထောင့်တစ်နေရာ၌ တွေဝေငေးမောပြီးထိုင်နေသည်။ ယမန်နေ့မှအဖြစ်အပျက်များကို ပြန်လှန်တွေးတောနေခြင်းဖြစ်သည်။

ထိုစဉ် မိန်းကလေးတစ်ဦး သူ့နောက်သို့ရောက်ရှိလာလေ၏။

သူမကား ချန်းနီပင်ဖြစ်တော့သည်။

ချန်းနီနှင့်လျှံယင်းချုံတို့သည် လွန်စွာရင်းနှီးသွားကြလေပြီ။

လျှို့ဝှက်စာကို ခက်ခဲပင်ပန်းစွာယူဆောင်ပေးလာသည့် အချက်တစ်ခုတည်းကပင် ချန်းနီကို မည်သည့်မျိုးချစ်ပုဂ္ဂိုလ်မဆို ချစ်ခင်ခင်မင်နိုင်ပေသည်။

"အမယ်လေးရှာလိုက်ရတာရှင်- အစ်ကိုက ဒီမှာဘာထိုင်လုပ်နေတာလဲ"

လှျံယင်းချုံ မချိုပြုံး ပြုံးပြီးလှည့်ကြည့်သည်။

"ဩော်- ဟိုနေ့ကပြိုင်ပွဲနဲ့ ခရီးထွက်မယ့်အစီအစဉ်ကို စဉ်းစားနေတာပါ"

"အစ်ကိုမညာပါနဲ့၊ ဘဘကြီးက အစ်ကို့ကို မြင်းထိန်းအဖြစ် ခန့်လိုက်တာကို စိတ်ထိခိုက်နေတာမဟုတ်လား"

"မဟုတ်ပါဘူးညီမလေးရယ်"

လှျံယင်းချုံက လိမ်ညာလိုက်သည်။

ချန်းနီက လေးနက်သောအသံဖြင့် ဆက်ပြောလေသည်။

"ပထမတော့ ညီမလဲစိတ်ထဲထိခိုက်သွားပါတယ်၊ ကျွန်မ အမြင်အရတော့ အစ်ကို့သိုင်းပညာက ဟိုလူတွေထက်ကောင်းနေတာပဲ၊ နောက်တော့ ညီမ စိတ်မထိခိုက်တော့ပါဘူး၊ ဘဘကြီးရဲ့အဓိက ရည်ရွယ်ချက်ကို ညီမကတွေးလိုက်မိတာကိုး"

လှျံယင်းချုံ စိတ်ဝင်စားသွားသည်။

ချန်းနီပြောသည့် အမတ်ကြီးစုဘူးဝှက်၏ အဓိကရည်ရွယ်ချက်ကို ယခုတိုင် သူ မတွေးနိုင်ဘဲရှိခဲ့သည်မဟုတ်ပါလော။

လှျံယင်းချုံ မမေးပါ။

ငြိမ်၍သာနားထောင်နေပါသည်။ ချန်းနီက စကားကို ဆက်ပြောလိုက်သည်။

"ဒီလိုဖြစ်မယ်အစ်ကိုရဲ့- သူရဲကောင်းခုနစ်ယောက် အဓိက ထမ်းဆောင်ရမယ့်တာဝန်က မင်းသမီးလေးကို ဘေးမသီ ရန်မခစေဘဲ စောင့်ရှောက်ဖို့ပါပဲ၊ ဒါမှ မိုးနဂါးတောင်က ဘုရင့်သားတော်ဆီက ဝိုလ်မှူးကြီးကြူက ယုံကြည်လက်ခံနိုင်မှာပေါ့ ....



အဲ- တကယ်တမ်းမင်းသမီးလေးနားမှာရှိနေမယ့်လူကတော့ မြင်းထိန်းပဲ၊ မြင်းထိန်းကပဲ မင်းသမီးလေးကို အနီးကပ်စောင့်ရှောက်ရမှာပါ၊ သူရဲကောင်းခုနစ်ယောက်ထဲက တစ်ယောက်ယောက်ကို တာဝန်ချပေးရင်ရတာပေါ့၊ ဒါပေမယ့် အမတ်ကြီးဟာ အဲဒီတာဝန် မပေးဘူး၊ အစ်ကို့ကိုပဲ တာဝန်ပေးတယ်၊ ဒါကြောင့် မြင်းထိန်းဟာ မင်းသမီးလေးရဲ့သက်တော်စောင့်ပါပဲအစ်ကို"

လှျံယင်းချုံသည် ချန်းနီရှင်းပြမှ ဟင်းလင်းပွင့်သဘောပေါက်သွားတော့သည်။

ဟာခနဲဖြစ်သွားသည်။

အမတ်ကြီးစုဘူးဝှက်၏ပရိယာယ်ကို နားလည်သိမြင်သဘောပေါက်သွား၏။

ထို့ကြောင့် သူ့နဖူး သူရိုက်မိတော့သည်။

"ဖြစ်ရလေ- ငါဟာညီမလေးလောက်တောင် မစဉ်းစားတတ်ပါလား၊ ညီမလေး တကယ်တော်တာပဲ"

လှျံယင်းချုံက ချန်းနီအား လှိုက်လှဲစွာချီးကျူးလိုက်သည်။

လှျံယင်းချုံသည် သူ့လည်ပင်းမှဆွဲကြိုးပြားကလေးကို ဖြုတ်ယူပြီး ချန်းနီအားပေးသည်။

"ရော့- ညီမလေး၊ ဒါဟာငါ့လက်ဆောင်ပါ၊ ညီမလေးဟာ တိုင်းပြည်တာဝန်ကိုလဲ ထမ်းဆောင်တယ်၊ ငါမသိမမြင်ခဲ့တဲ့အချက်ကိုလဲရှင်းပြနိုင်တယ်၊ ရော့ပါ- ငါ့လက်ဆောင်ကိုလက်ခံပါ"

ချန်းနီက ရှက်အမ်းအမ်းဖြစ်သွားသည်။

"မယူပါဘူးအစ်ကိုရာ၊ ကျွန်မဟာ တောသူတစ်ယောက်ပါ၊

ဘာမှသိတာမဟုတ်ပါဘူး"

"မရှည်နဲ့၊ ငါကငါ့ညီမလေးလိုချစ်ခင်လို့ပေးတာ- ယူ"

လှျံယင်းချိုက အစ်ကိုကြီးတစ်ယောက်နှယ် ငေါက်ငမ်းပြောပါမှ ချန်းနီသည် တုန်ယင်သောလက်ကလေးဖြင့် ဆွဲကြိုးပြားကလေးကိုလက်ခံလိုက်သည်။

"အစ်ကို့လက်ဆောင်ကို ညီမလေး အမြဲတမ်းဝတ်ထားပါမယ် အစ်ကို"

ချန်းနီက တုန်ယင်လှိုက်လှဲစွာပြောလိုက်လေသတည်း။

*စာစဉ်(၁)ပြီး၏။*

*စာစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်*